


7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၃)၊ အမှတ်(၁၅)  ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်  ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် ။ ဗုဒ္ဓဟူး ။ (ဇွန် ၁၈ ။ ၂၀၁၄)

TRI
LIVES BRILLIANTLY



ရန်ကုန်မြို့ ဗဟန်းမြို့နယ်အတွင်း လူသွားလမ်းအလယ်ရှိ ပျက်စီးယိုယွင်းနေသော မြောင်းပေါက်တစ်ခုကို ဇွန်၁၆ရက်က မိုးရွာပြီးနောက် တွေ့ရစဉ်  ဓာတ်ပုံ−ဂျေမောင်မောင်(အမရပူရ)

# တာဝန်ယူမှုမဲ့နေသည့် လမ်းမပေါ်မှ အန္တရာယ်

**ငြိမ်းချမ်း**

ရန်ကုန်မြို့ မြို့နယ်တိုင်းရှိလမ်းဘေးရေမြောင်းအချို့တွင် အဖုံးများမရှိတတ်။ အဖုံးရှိသော်လည်း ပေါက်သည့်နေရာပေါက်၊ နေရာမကျသည့်နေရာကမကျ။ ရေမြောင်းများသည် လေးပေဝန်းကျင်ကျယ်ဝန်းပြီးအနက်မှာ ငါးပေ၊ ခြောက်ပေအထိရှိကာ အချိန်မရွေးပြုတ်ကျသွားနိုင်သည့်အနေအထားဖြစ်သည်။ ၂၀၁၃ ခုနှစ် မိုးတွင်းကာလ၌ လမ်းဘေးမြောင်းထဲသို့ပြုတ်ကျသေဆုံးသူ ခြောက်ဦးထိရှိခဲ့သည်။ ထိုခြောက်ဦးအနက် ကလေးငါးဦးပါဝင်ခဲ့သည်။

စာမျက်နှာ ၃ ››

## အင်းစိန်ထောင်တော်လှန်ရေး

**အေးသူစံ**

"အရင်အစိုးရလက်ထက်တုန်းက ထောင်ကလိုတာထက်ပိုနာမည်ပျက်ရတာ ထောက်လှမ်းရေးတချို့က ထောင်ဝန်ထမ်းဝတ်စုံဝတ်ပြီး ဝင်ရိုက်နှက်ကြတာပါ။ ထောင်အာဏာပိုင် ဆိုတာကလည်း ထောက်လှမ်းရေးလုပ်တာကို ဘာမှ မတတ်နိုင်ဘူး။ ဒီတိုင်းကြည့်နေခဲ့ရတာ။ စာဥသီချင်းဖွင့်ပြီး ရိုက်ခဲ့တာဆို စာဥစစ်ဆင်ရေးဆိုပြီး နာမည်အရမ်းကြီးခဲ့တယ်"

စာမျက်နှာ ၁၃ ››

## မြေယာမှုဝါဒနေးနေး ဆောက်သည့်သူကမြန်မြန်

ပြည်သိမ်း၊ မိုးညို

စာမျက်နှာ ၁၄ ››

## "ပီအာရ်ကို ပြည်ခိုင်ဖြိုးက ကျင့်သုံးချင်နေတဲ့ အခါကျတော့ သူတို့က အများစုဖြစ်နေတဲ့အတွက် နိုင်သွားမှာပဲ"

ဦးရဲထွန်းနှင့် တွေ့ဆုံခြင်း

စာမျက်နှာ ၂၀ ››



# ပြည်သူအတွက်ဆို အမြဲငြင်းနေမှာလား လွှတ်တော်

**အောင်သူရ၊ ငြိမ်းချမ်း**

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပြည်ပရောက် မြန်မာလုပ်သားများ ကာကွယ်ပေးရေးနှင့် ဆိုင်သောဥပဒေတစ်ခုပြဋ္ဌာန်းပေးရန် လွှတ်တော်၌ ဆွေးနွေးခဲ့ရာ မအောင်မြင်ခဲ့ပေ။

ယင်းအဆို အပါအဝင် လွှတ်တော်က ပြည်သူနှင့် မည်မျှကင်းကွာနေသည်ကို ညွှန်းဆိုပြနေသော ဥပမာများရှိနေပါသေးသည်။ ထို့ကြောင့်လည်း သက်တမ်း သုံးနှစ်ကျော်နေပြီဖြစ်သော လွှတ်တော်အနေဖြင့် အများပြည်သူနှင့်ဆိုင်သော ကိစ္စများတွင် ငြင်းပယ်နေတော့မှာလားဟု မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

စာမျက်နှာ ၈ ››

## ပီအာရ်က ပြည်ခိုင်ဖြိုးရဲ့ တစ်ခုတည်းသော ထွက်ပေါက်လား

**ရန်မျိုးနိုင်၊ အိဖြူလွင်**

လက်ရှိ ရွေးကောက်ပွဲစနစ်ဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) သည် အပြတ်အသတ်အနိုင်ရမည်မှာ သေချာနေသောကြောင့် ၂၀၁၅ မတိုင်မီ ရွေးကောက်ပွဲစနစ်ပြောင်းလဲခြင်းသည် ပြည်ခိုင်ဖြိုးပြင်ဆင်ထားသည့် နိုင်ငံရေးအရ ညစ်လုံးတစ်ခုဖြစ်နိုင်သည်။

အချပ်ပို A4 ››





MAKE it POSSIBLE
HUAWEI
Redefining Excellence
"Fashion is more than just elegance and beauty. Every creation should push new boundaries."
HUAWEI Ascend P7
Excellence With Edge
Redefining Craftsmanship
- ၆.၅ mm သာရှိသော ကျစ်လစ်ပါးလွှာပြီး သယ်ဆောင်ရလွယ်ကူသော ဖုန်း၏ကိုယ်ထည်
- ချောမွေ့သော အထိအတွေ့ကို ခံစားပေးနိုင်မည့် ၇ လွှာရှိ ဖန်သားမျက်နှာပြင်နှင့် သတ္တုကိုယ်ထည်
Redefining Camera Experience
- စွမ်းဆောင်ရည်အမြင့်ဆုံး 8MP ကို အသုံးပြုထားသော ရှေ့ camera
- အလင်းရောင်နည်းသော နေရာတွင် အကောင်းဆုံးသော ဓာတ်ပုံကိုပေးစွမ်းနိုင်မည့် 13MP ရှိ နောက် camera
Redefining Connectivity
- 2500 mAH ရှိ battery နှင့် power saving mode ကို အသုံးပြုထားသောကြောင့် battery သက်တမ်းကြာရှည်ခံနိုင်ခြင်း
- dual antenna ကို အသုံးပြုထား၍ လိုင်းဆွဲအားအထူးကောင်းမွန်ခြင်း
consumer.huawei.com
Catch up with us on facebook
facebook.com/HuaweiDeviceMyanmar




Dumex Back To School Promotion
Dumex
From Mid MAY to JUNE
Brain
Immunity
5 POWER NUTRI
Bone
Vitality
Digestion
Buy (4)
Buy (2)
Dumex Dugro 1-3
Dumex Dugro 3-6
650g

# တာဝန်ယူမှုမဲ့နေသည့် လမ်းမပေါ်မှ အန္တရာယ်



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ငြိမ်းချမ်း**

ရန်ကုန်မြို့ သမိုင်းလမ်းဆုံ လူသွားစင်္ကြံတွင် အသက် (၂၀)အရွယ် လူငယ်တစ်ဦး တုန်တုန်ချည့်ချည့်၊ စမ်းတဝါးဝါးနှင့် လမ်းလျှောက်လျက်ရှိသည်။ မိုးသည်းထန်စွာ ရွာထားသဖြင့် ဒူးလောက်နီးနီး ရှိနေသော ရေထဲတွင် လျှောက်နေခြင်းဖြစ်သည်။

ဇွန်လ ပထမပတ်အတွင်း ရန်ကုန်မြို့တွင် မိုးသည်းထန်စွာ ရက်ဆက် ရွာသွန်းခဲ့သည်။ ထို့ကြောင့် ထုံးစံအတိုင်း မြို့နေရာအနှံ့ ရေလျှံမှုများ ဖြစ်ခဲ့သည်။ ထိုသို့ ရေလျှံနေချိန်သည် ရန်ကုန်မြို့တွင်း သွားလာနေသူများအတွက်မူ အချိန်မရွေး ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု ထိခိုက်ပျက်စီးစေနိုင်သကဲ့သို့ အသက်သေဆုံးသည်အထိလည်း ဖြစ်နိုင်သည်။

“အောက်မှာ ဘာရှိလဲ မမြင်ရဘူး။ မြောင်းကလည်း အဖုံးမရှိဘူးလေ” ဟု ဇွန်လ ၁၃ ရက်က မိုးသည်းထန်စွာရွာသွန်း၍ ရေပင်လယ်ဖြစ်နေသော ရန်ကုန်မြို့ သမိုင်းလမ်းဆုံတွင် လမ်းလျှောက်နေသူ အသက်(၂၀)အရွယ် ကိုမင်းသီဟက ပြောသည်။

ရန်ကုန်မြို့ မြို့နယ်တိုင်းရှိ လမ်းဘေးရေမြောင်းအချို့တွင် အဖုံးများ မရှိတတ်။ အဖုံးရှိသော်လည်း ပေါက်သည့်နေရာ ပေါက်၊ နေရာမကျသည့် နေရာကမကျ။ ရေမြောင်းများသည် လေးပေဝန်းကျင်ကျယ်ဝန်းပြီး အနက်မှာ ငါးပေ၊ ခြောက်ပေအထိရှိကာ အချိန်မရွေးပြုတ်ကျသွားနိုင်သည့်အနေအထားဖြစ်သည်။ ၂၀၁၃ ခုနှစ် မိုးတွင်းကာလ၌ လမ်းဘေးမြောင်းထဲသို့ ပြုတ်ကျသေဆုံးသူ ခြောက်ဦးထိရှိခဲ့သည်။ ထိုခြောက်ဦးအနက် ကလေးငါးဦး ပါဝင်ခဲ့သည်။

“ရေမြောင်းဖုံးတွေ လိုအပ်တဲ့ နေရာတွေကို တင်ပြပြီး လုပ်ဆောင်ရမှာကို စည်ပင်က မသိဘူး။ ခရီးသွားပြည်သူတွေ စိုးရိမ်နေတာလည်း မသိဘူး။ အထက်ကိုတင်ပြပါ။ ငွေတောင်းပြီးတော့ အောက်ခြေဆင်းပြီး ထိထိရောက်ရောက် လုပ်ဆောင်ပါလို့ စည်ပင်ကို ပြောချင်တယ်” ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဒေါ်ညိုညိုသင်းက ပြောသည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၇ လအတွင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းပေါ်ရှိ ရေမြောင်းထဲသို့ (၁၀) နှစ်အရွယ် မိန်းကလေး တစ်ဦး ပြုတ်ကျသေဆုံးခဲ့ပြီး စက်တင်ဘာလအတွင်း၌ ဒဂုံမြို့သစ် အရှေ့ပိုင်း (၆) ရပ်ကွက် ကျန်စစ်သားလမ်းဘေးရှိ ရေမြောင်းအတွင်း တစ်နှစ်ကျော်အရွယ် ကလေးငယ်တစ်ဦး ပြုတ်ကျသေဆုံးခဲ့သည်။ အောက်တိုဘာလတွင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် အမှတ်(၄) လမ်းဘေးရေမြောင်းအတွင်းအမျိုးသားတစ်ဦးပြုတ်ကျသေဆုံးခဲ့သည်။ ၂၀၁၃ ခုနှစ်၌ပင် မရမ်းကုန်း (သမိုင်း) မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းနေစဉ် လမ်းလျှောက်နေသူ ကလေးငယ်နှစ်ဦး လမ်းဘေးရေမြောင်း

စာမျက်နှာ A2 ››




i-MAX လူကြီးဝတ်၊ ကလေးဝတ် အင်္ကျီ၊ ဘောင်းဘီမျိုးစုံ၊ အနွေးထည်၊ မိုးကာ၊ ဦးထုပ်နှင့် ကျောပိုးအိတ်၊ ဘေးလွယ်အိတ်များကို အမြို့မြို့အနယ်နယ်ရှိ Super Market နှင့် စတိုး ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

# လေးစားတန်ဖိုးထားရပါသောဝယ်ယူသူများနှင့် လူနာများခင်ဗျား ...

လူကြီးမင်းတို့၏ ရောဂါသက်သာပျောက်ကင်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Switzerland နိုင်ငံ Roche Co., Ltdမှထုတ်လုပ်ပြီး DKSH Co., Ltd မှ တရားဝင်တင်သွင်းဖြန့်ချိသော အရည်အသွေးစစ်မှန်ပြီး ယုံကြည်စိတ်ချရသည့် ဆေးဝါးများနှင့် တရားမဝင်ဖြန့်ချိပြီး အရည်အသွေးမစစ်မှန်သည့် ဆေးဝါးများကို အလွယ်တကူ ခွဲခြားနိုင်ရန် အောက်ပါအချက်များကို အထူးသတိပြုစစ်ဆေးဝယ်ယူကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

## စစ်ဆေးကြည့်ရှုရန်အချက်များ

(၁) Roche Hologram ( Roche ရောင်ပြန်တံဆိပ်ပြား )

(၂) Myanmar Registration Number (မြန်မာဆေးဝါးမှတ်ပုံတင်အမှတ်)

(၃) DKSH မှ တိုက်ရိုက်ဝယ်ယူပါက တရားဝင် DKSH INVOICE ၊ ကုမ္ပဏီလိပ်စာ နှင့် ဖုန်းနံပါတ်

## Roche ရောင်ပြန်တံဆိပ်ပြား

ကုမ္ပဏီထုတ်ဆေး ( ရောင်ပြန်တံဆိပ်ပြား )




တရားမဝင်တင်သွင်းလာသောဆေးအတု ( ရောင်ပြန်တံဆိပ်ပြားမပါ )




ဆေးကဒ်အစစ်အမှန်




တရားမဝင်တင်သွင်းလာသော ဆေးကဒ်အတု





## Myanmar Registration Number


ကုမ္ပဏီထုတ်ဆေး ( မြန်မာဆေးဝါးမှတ်ပုံတင်အမှတ်ပါသည် )



တရားမဝင်တင်သွင်းလာသောဆေးအတု ( မြန်မာဆေးဝါးမှတ်ပုံတင်အမှတ်မပါ )




## DKSH INVOICE ၊ ကုမ္ပဏီလိပ်စာနှင့်ဖုန်းနံပါတ်



INVOICE

DKSH

**DIETHELM & CO., LTD.**

No.13, Thitsar Road, Yankin Township, Yangon.

Commercial Tax Registration No. Ka Tha / 1569

Print Date At: 1/16/2014 1:56:04 PM

*YP14016004693*

Life
7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# ထိုင်းဗိုလ်ချုပ်ကြီးများ စေတနာနှင့် မြန်မာပြည်မှ ကမ္ဘာ့ဖလားပရိသတ်

**ထွန်းခိုင်**

မိုင်ပေါင်းများစွာ ရှည်လျားလှသည့် ဘရာဇီးနိုင်ငံ၏ ကမ်းခြေအနီး တည်ဆောက်ထားသော ဆော်ပေါ်လိုမြို့တွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ဘရာဇီးနိုင်ငံသားများ အလုပ်များလျက်ရှိသည်။

လေးနှစ်တစ်ကြိမ် ကျင်းပသည့် ကမ္ဘာ့အကြီးကျယ်ဆုံး ဘောလုံးပြိုင်ပွဲ၏ ဖွင့်ပွဲကို ကမ္ဘာတစ်ဝန်းမှ ရုပ်သံကြည့်ရှုသူ တစ်ဘီလီယံခန့်နှင့်အတူ မြန်မာနိုင်ငံမှ ဘောလုံးဝါသနာအိုးများလည်း အခမဲ့ ရုပ်သံလိုင်းမှတစ်ဆင့် ကြည့်ရှုခွင့်ရခဲ့သည်။

ပရိသတ်ခြောက်သောင်းကျော်ရှေ့တွင် အိမ်ရှင်ဘရာဇီးအသင်းက ခရိုအေးရှားအသင်းကို အနိုင်ရခဲ့ပြီးနောက် ပရိသတ်ကို လက်ပြနှုတ်ဆက်ခဲ့သည်။ ဆော်ပေါ်လိုမှ မိုင်ပေါင်းတစ်သောင်းနီးပါး ကွာဝေးသည့် မြန်မာနိုင်ငံမှ ဘောလုံးဝါသနာအိုး အများစုကတော့ နောက်ထပ် ၁၅ ရက် (ဒါမှမဟုတ်) ၁၈ ရက်ကြာမှသာ ယခုကဲ့သို့ မြင်ကွင်းမျိုး နောက်တစ်ကြိမ် ထပ်မံမြင်တွေ့ရနိုင်မည်ဖြစ်သည်။


*စားသောက်ဆိုင်တစ်ခုတွင် ကမ္ဘာ့ဖလားပွဲ ကြည့်နေသူများ*
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

အကြောင်းမှာ မြန်မာနိုင်ငံအတွင်း အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်သည့် နိုင်ငံပိုင်ရုပ်သံလိုင်းများက ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ် များကျမှသာ ပြန်လည်ထုတ်လွှင့်မည် ဖြစ်သောကြောင့် ဖြစ်သည်။

သို့သော်လည်း ပြည်သူများ စိတ်ပျော်ရွှင်စေရန် စီစဉ်ပေးသည့် ဗိုလ်ချုပ်ကြီးများ၏ စေတနာကြောင့် မြန်မာဘောလုံး ဝါသနာအိုးများ စျေးသက်သက်သာသာဖြင့် ကမ္ဘာ့ဖလားကြည့်ရှုခွင့် ပြန်လည်ရရှိခဲ့ပြန်သည်။ ပြည်သူတွေကို ပျော်ရွှင်စေလိုသည့် ဗိုလ်ချုပ်ကြီးများသည် မြန်မာနိုင်ငံကို ရာစုထက်ဝက်လောက်အုပ်ချုပ်ခဲ့သည့် ဗိုလ်ချုပ်ကြီးများတော့ မဟုတ်ပေ။

**စာမျက်နှာ (၅)မှ**



7DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် သွေးလိုအပ်ချက်၏ ၈၀ ရာခိုင်နှုန်းဖြည့်ဆည်းပေးနိုင်



*စုပေါင်းသွေးလှူဒါန်းပွဲတစ်ခုတွင် သွေးလှူနေသူတစ်ဦး*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ရဲနောင်**

**ရန်ကုန်၊ ဇွန်-၁၄**

ပြည်သူလူထု ပူးပေါင်းပါဝင်မှုကြောင့် ဆေးရုံများ၏ သွေးလိုအပ်ချက်ပမာဏ ၈၀ ရာခိုင်နှုန်း ကျော်အားဖြည့်ဆည်းပေးနိုင်ခဲ့သည်ဟု ရန်ကုန်အမျိုးသားသွေးဌာနထံမှ သတင်းရရှိသည်။

၂၀၁၂ ခုနှစ်တွင် သွေးလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မှုမှာ ၃၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်၌ ၈၃ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအလိုက် သွေးလှူဒါန်းမှုကြောင့်ဖြစ်သည်ဟု သိရသည်။

"ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုက ဆရာမတို့တာဝန်ရှိတဲ့သူဘက်က မလုပ်နိုင်တာတောင်မှ သူတို့ဘက်က ပါဝင်မှုက တော်တော်လေးသိသာလာတာ''ဟု အမျိုးသားသွေးဌာနမှ ပါမောက္ခ ဒေါက်တာသီတာအောင်ကပြောသည်။

ထို့အပြင်အမျိုးသားသွေးလှူဌာနသို့ လာရောက်လှူဒါန်းသူ သွေးအလှူရှင် ၇၆၀၀ ရှိခဲ့ပြီး ၁၅၀၀ ကျော်မှာ လှူဒါန်းခွင့်မရခဲ့ကြောင်း အမျိုးသမီးများတွင် သွေးအားနည်းခြင်းနှင့် အသက် ၃၀ အထက်အမျိုးသားများတွင် သွေးပေါင်ချိန်မြင့်ခြင်းတို့မှာ သွေး လှူဒါန်း၍ မရသည့်အဓိကအကြောင်းအရာများဖြစ်ကြောင်း နိုင်ငံတကာသွေးသွင်းကုသမှုလုပ်ငန်းဆိုင်ရာကွန်ဖရင့်တွင် တင်ပြခဲ့သော အချက်များကို ဒေါက်တာသီတာအောင်က နိုင်ငံပိုင်မီဒီယာများအား ပြောကြားထားသည်။

သွေးလှူဒါန်းလိုသူများအနေဖြင့် ကျန်းမာရေးကောင်းမွန်ခြင်း၊ သွေးမှတစ်ဆင့် ကူးစက်တတ်သော ရောဂါပိုးများ ကင်းစင်ခြင်းစသည့်အချက်များဖြင့် ပြည့်စုံရမည်ဖြစ်သည်။

ယခုနှစ် ဇွန်လ ၁၄ ရက်တွင် ကျရောက်သော ကမ္ဘာ့သွေးလှူရှင်နေ့အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် "သန့်စင်တဲ့သွေးလှူဒါန်းပေး မိခင်တို့အသက်ကယ်တင်ရေး"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသည်။

ကမ္ဘာပေါ်တွင် မိခင်ပေါင်း ၈၀၀ ခန့်မှာ မီးဖွားစဉ်တွင် သွေးများစွာ ဆုံးရှုံးမှုများကြောင့် နေ့စဉ်သေဆုံးလျက်ရှိသည်ဟု WHO က စာရင်းထုတ်ပြန်ထားသည်။








## ကြက်ဥကုလားပဲနှပ်

ဒီဟင်းချက်ဖို့အတွက် ကုလားပဲ ၁၅ ကျပ်သား၊ ကြက်ဥတစ်လုံး၊ ပျဉ်းတော်သိမ်ရွက် အနည်းငယ်၊ နာနတ်ပွင့် သုံးပွင့်ပဲ လိုပါတယ်။

ပထမဆုံး ကုလားပဲကို နူးအိအောင် မီးအေးအေးနဲ့ မိနစ် ၂၀ လောက်ပြုတ်ပါ။ ပဲပြုတ်တဲ့အခါ ထောပတ်ကို ထမင်းစားဇွန်း နှစ်ဇွန်း၊ နာနတ်ပွင့် သုံးပွင့်၊ ဂျင်းတတ်ကို အပြားလေးများ လှီးပြီး ထည့်ပါမယ်။

ပဲနူးပြီးမှ ဆား၊ ဟင်းခတ်မှုန့် ထည့်ပါမယ်။ ပဲပြုတ်အိုးထဲ ရေခမ်းမှ ကြက်ဥကို နာနာမွှေပြီး အသာထည့်မွှေပါ။

ကြက်သွန်နီကို ပျဉ်းတော်သိမ်ရွက်ပါ ထည့်ပြီး ကြွပ်နေအောင် ဆီသတ်ပြီး ပဲနှပ်အိုးထဲကို ဆီချက်ကို လောင်းထည့်ပြီး အိုးလှုပ်ပေးပါ။ ကြက်သွန်နဲ့ ပျဉ်းတော်သိမ်ကိုတော့ ပန်းကန်ထဲမှာ ပြင်ပြီးမှ အပေါ်က ဖြူးပေးလိုက်ရုံပါပဲ။



စာမျက်နှာ (၅)မှ

# ထိုင်းဗိုလ်ချုပ်ကြီးများ စေတနာနှင့် မြန်မာပြည်မှ ကမ္ဘာ့ဖလားပရိသတ်

အိမ်နီးချင်းထိုင်းနိုင်ငံမှ အာဏာသိမ်းခေါင်းဆောင် စစ်ဗိုလ်ချုပ်ကြီးများကို ကြံဖန်ကျေးဇူးတင်ရခြင်းဖြစ်သည်။

ကမ္ဘာ့ဖလား ထုတ်လွှင့်ခွင့်ကို လက်ဝါးကြီးအုပ် သိမ်းပိုက်ထားခြင်းကို ထိုင်းနိုင်ငံမှ အာဏာသိမ်းစစ်ဗိုလ်ချုပ်ကြီးများက ဖယ်ရှားလိုက်ပြီး အခမဲ့ ရုပ်သံလိုင်းများတွင်ပါ ထုတ်လွှင့်ရန် အမိန့်ထုတ်ခဲ့သည်။ ထိုအစီအစဉ်ကြောင့် ဈေးပေါပေါဖြင့် ဝယ်ယူရရှိနိုင်သည့် ထိုင်းနိုင်ငံသုံး ရုပ်သံစလောင်းများကို ထိုင်းပြည်သူများသာမက မြန်မာပြည်သူများပါ ကမ္ဘာ့ဖလားပွဲအမီ ဝယ်ယူအားပေးလာကြသည်။

အခြားတိုင်းပြည်မှ ဂြိုဟ်တုစလောင်းများကို တပ်ဆင်အသုံးပြုပါက နှစ်ရှည်ထောင်ဒဏ် ကျခံရနိုင်ကြောင်း မြန်မာနိုင်ငံတွင် ဥပဒေ ပြဋ္ဌာန်းထားသော်လည်း မြန်မာပြည်သူများ သတိမပြုနိုင်။ တရားမဝင်ပစ္စည်းအဖြစ် သတ်မှတ်ထားသည့် ထိုင်းနိုင်ငံတွင် အသုံးပြုသည့် ဂြိုဟ်တုစလောင်းဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ကြည့်ရှုပါက တစ်ပွဲလျှင် ပျမ်းမျှ ၅၄၆ ကျပ်မှ ၆၂၅ ကျပ်သာ ကျသင့်မည်ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ မြန်မာနိုင်ငံတွင် တရားဝင်ပြသခွင့်ရရှိထားသော Sky Net ရုပ်သံလိုင်းကို တပ်ဆင်ပြီး ကမ္ဘာ့ဖလား ကြည့်ရှုမည်ဆိုပါက ဈေးနှုန်းသုံးဆခန့် ပိုမိုကုန်ကျမည်ဖြစ်ကာ တစ်ပွဲလျှင် ပျမ်းမျှ ၁၅၆၂ ကျပ်ခန့် ပေးချေရမည် ဖြစ်သည်။

“ကမ္ဘာ့ဖလားပွဲတွေ ကြည့်လို့ရတဲ့ ထိုင်းက လိမ္မော်ရောင် IPM စလောင်းတွေ ရောင်းအားထိုးတက်လာတယ်” ဟု အမည်မဖော်လိုသည့် IPM စလောင်းတပ်ဆင်ရေးလုပ်ငန်းတစ်ခုမှ တာဝန်ခံက ပြောသည်။

ကျပ်သုံးသောင်းခွဲမှ လေးသောင်းဝန်းကျင် ကျသင့်မည့် ထိုင်းနိုင်ငံမှ လိမ္မော်ရောင် IPM စလောင်းများနှင့် ကျပ်တစ်သိန်းဝန်းကျင်ကျသင့်မည့် မြန်မာနိုင်ငံမှ Sky Net ရုပ်သံစလောင်းများ၏ ဈေးနှုန်းကို မတတ်နိုင်သူများကတော့ ညလုံးပေါက် ဖွင့်သည့် ကမ္ဘာ့ဖလားပွဲ ပြသသည့် လက်ဖက်ရည်ဆိုင်များကိုသာ အားကိုးရသည်။

“ပွဲပိုကောင်းရင် လူဝင်များတယ်။ ညဘက်ဆိုင်ဖွင့်ရင် ရောင်းအားပိုကောင်းတာပေါ့” ဟု ရန်ကုန်မြေနီကုန်းတွင် ဖွင့်လှစ်ထားသည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ မန်နေဂျာ ဦးကျော်ကြီးက ပြောသည်။

ကမ္ဘာ့ဖလားကျင်းပသည့် ဘရာဇီး စံတော်ချိန်နှင့် ကိုးနာရီခွဲခန့် ကွာခြားသည့်အတွက် ဘောလုံးပွဲကျင်းပသည့် အချိန်အများစုက မြန်မာနိုင်ငံတွင် သန်းခေါင်ယံနှင့် မနက်ဝေလီဝေလင်း အချိန်များတွင်ဖြစ်သည်။ အမျိုးသား ပရိသတ်များအတွက် အခက်အခဲသိပ်မရှိလှသော်လည်း အမျိုးသမီးများအတွက်တော့ ညဥ့်နက်သန်းခေါင်အချိန်တွင် လက်ဖက်ရည်ဆိုင်များသို့ သွားရောက်ကြည့်ရှုရန် အဆင်မပြေလှပေ။

အမျိုးသမီးများ သာမက နောက်တစ်ရက်တွင် လုပ်ငန်းခွင်ဝင်မည့် အလုပ်သမားများ၊ ရုံးဝန်ထမ်းများလည်း လက်ဖက်ရည်ဆိုင်တွင် ထကြည့်ရမည်ဖြစ်သောကြောင့် အဆင်မပြေမှုများ ရှိနေခဲ့သည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

“တအားဝါသနာကြီးတဲ့သူတွေကတော့ အလုပ်အပျက်ခံပြီး လက်ဖက်ရည်ဆိုင်တွေထွက်ကြည့်ကြတာပေါ့။ နောက်နေ့ကျ အလုပ်ပျက်လို့ ရက်မှန်ကြေးတွေ၊ လုပ်ခတွေ ဖြတ်ခံရတာတွေလည်း ရှိတယ်” ဟု လှိုင်သာယာမြို့နယ်မှ စက်ရုံအလုပ်သမားများ၏ အခြေအနေကို စံကောင်း ပီနန်အိတ်စက်ရုံအလုပ်သမား သမဂ္ဂအဖွဲ့အစည်း (၁) မှ ဥက္ကဋ္ဌ ဦးရဲထွန်းတောက်က ပြောသည်။

မည်သို့ပင် အဆင်မပြေမှုများ ရှိခဲ့သော်လည်း ဘောလုံး ဝါသနာရှင်များကတော့ အခက်အခဲများကြားမှ လေးနှစ်တစ်ကြိမ် ကျင်းပသည့် ကမ္ဘာ့ဖလားကို ရသည့်နေရာမှ မလွတ်တမ်းအားပေးလျက်ရှိသည်။

ဂြိုဟ်တုစလောင်းလည်း မတတ်နိုင်၊ လက်ဖက်ရည်ဆိုင်များလည်း မသွားနိုင်သည့် ပရိသတ်ကတော့ အစိုးရရုပ်သံလိုင်းများမှ ထုတ်လွှင့်မည့် ပြိုင်ပွဲအနည်းငယ်ကိုသာ ကြည့်ရှုခွင့်ရမည်ဖြစ်သည်။ အစိုးရရုပ်သံကလည်း ပြိုင်ပွဲအားလုံး၏ ၁၂ ရာခိုင်နှုန်းခန့်ဖြစ်သော ပြိုင်ပွဲရှစ်ပွဲသာ ထုတ်လွှင့်မည်ဖြစ်သည်။

အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သော မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ပရိသတ်များအတွက်ကတော့ ကမ္ဘာ့ဖလားနှင့်ပတ်သက်လျှင် ပြောင်းပြန်ဖြစ်သည်။

ယခင် စစ်အစိုးရလက်အောက်တွင် ရောက်ရှိနေသည့်အချိန်၌ မြန်မာနိုင်ငံသည် ကမ္ဘာ့ဖလားပြိုင်ပွဲများကို အစိုးရရုပ်သံများမှတစ်ဆင့် လွတ်လွတ်လပ်လပ်ပြသခဲ့သော်လည်း ဒီမိုကရေစီအစိုးရလက်ထက်တွင်တော့ အကန့်အသတ်များဖြင့်သာ ကြည့်ရှုရတော့သည်။

အိမ်နီးချင်း ထိုင်းနိုင်ငံကတော့ မြန်မာနိုင်ငံနှင့် ပြောင်းပြန်ဖြစ်သည်။ မြန်မာနိုင်ငံက စစ်အုပ်ချုပ်ရေး အဆုံးသတ်သွားပြီး သုံးနှစ်ကျော်အကြာတွင် ထိုင်းနိုင်ငံက စစ်အုပ်ချုပ်ရေး စတင်ခဲ့သည်။ ယခင်က အခပေး ရုပ်သံလိုင်းများမှသာ ထုတ်လွှင့်သည့် ကမ္ဘာ့ဖလားပွဲစဉ်များကို ထိုင်းစစ်ဗိုလ်ချုပ်များက ဝါဒဖြန့်ချိရေး လက်နက်အဖြစ် အသုံးပြုပြီး အခမဲ့ပြသခဲ့သည်။ ထိုင်းဗိုလ်ချုပ်ကြီးများ၏ စေတနာက မြန်မာဘောလုံးပရိသတ်အချို့ကိုပါ ရိုက်ခတ်ခဲ့သည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.15 ▪ JUNE 18 , 2014

အောင်သူရ၊ ငြိမ်းချမ်း

# ပြည်သူအတွက်ဆို အမြဲငြင်းနေမှာလား လွှတ်တော်

“ဒီဥပဒေ မလိုအပ်ဘူးလို့ ထင်နေရင်တော့ တော်တော်လေး လွဲနေပြီ” ထိုင်းနိုင်ငံရောက် မြန်မာတိုင်းရင်းသားအရေးဆောင်ရွက်နေသူမွန်တိုင်းရင်းသားကိုစိန်ဌေးက လွှတ်တော်၏ ဆုံးဖြတ်ချက်တစ်ခုအပေါ် ညည်းတွားပြောဆိုလိုက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပြည်ပရောက် မြန်မာလုပ်သားများ ကာကွယ်ပေးရေးနှင့် ဆိုင်သောဥပဒေတစ်ခုပြဋ္ဌာန်းပေးရန် လွှတ်တော်၌ ဆွေးနွေးခဲ့ရာ မအောင်မြင်ခဲ့ပေ။

နိုင်ငံဖြတ်ကျော်သွားရောက်လုပ်ကိုင်နေသော အိမ်ဖော်၊ အိမ်အကူများအပါအဝင် မြန်မာနိုင်ငံသား အလုပ်သမားများအတွက် ဘဝလုံခြုံမှုကို အကာအကွယ်ပေးနိုင်သော နိုင်ငံခြားရောက်မြန်မာအလုပ်သမားများဆိုင်ရာအထူးဥပဒေတစ်ရပ်အလျင်အမြန် ပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းသောအဆိုကို ပြည်သူ့လွှတ်တော်အမတ် ဦးသိန်းညွန့်က ဇွန်လ ၉ ရက်လွှတ်တော်အစည်းအဝေးတွင် တင်ပြခဲ့သည်။

ထိုအဆိုနှင့်ပတ်သက်၍ ၃၀၀ ကျော်ရှိသော လွှတ်တော် အမတ်များထဲမှ ငါးဦးသာ ထောက်ခံခဲ့သဖြင့် ဦးသိန်းညွန့်အဆိုမှာ ရှုံးနိမ့်သွားခဲ့သည်။

“ဒီဥပဒေပြဋ္ဌာန်းဖို့ကို ဘာလို့လက်မခံရတာလဲဆိုတာ နားမလည်ဘူး။ တိုင်းပြည်ကို ဝင်ငွေရှာပေးတဲ့အထဲမှာ ဒီအလုပ်သမားတွေလည်း ပါပါတယ်”ဟု မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအား ကူညီပေးနေသည့် ကိုမျိုးညွန့်ကပြောသည်။

အဆိုငြင်းပယ်သည့်ရက်ပိုင်းအတွင်းမှာပင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သားများအား အာဏာသိမ်းထိုင်းစစ်တပ်က စစ်ဆင်ရေးတစ်ခုပြုလုပ်၍ဖမ်းဆီးလျက်ရှိသည်။ ယခင်ကလည်း ပြည်ပရောက် မြန်မာလုပ်သားများမှာ သက်ဆိုင်ရာ နိုင်ငံများတွင် အလုပ်ရှင်များ၊ ပွဲစားများနှင့် အာဏာပိုင်များ၏ ပုံစံမျိုးစုံဖြင့် နှိပ်စက်မှုများကို သတင်းအဖြစ် မကြာခဏ ကြားနေရသည်။

ယင်းအဆို အပါအဝင် လွှတ်တော်က ပြည်သူနှင့် မည်မျှကင်းကွာနေသည်ကို ညွှန်းဆိုပြနေသော ဥပမာများရှိနေပါသေးသည်။ ထို့ကြောင့်လည်း သက်တမ်း သုံး နှစ်ကျော်နေပြီဖြစ်သော လွှတ်တော်အနေဖြင့် အများပြည်သူနှင့် ဆိုင်သောကိစ္စများတွင် ငြင်းပယ်နေတော့မှာလားဟု မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

“လွှတ်တော်ကိုယ်စားလှယ်အဖြစ်က ရုပ်သိမ်းခွင့်နည်းဥပဒေတွေပြဋ္ဌာန်းဖို့အချိန်ဆွဲတာ၊ မီတာခတိုးကောက်တာကို သဘောတူတာ။ အို . . .စုံနေတာပဲ ဆရာရေ။ ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုတာ ဆိုင်းဘုတ်ထဲမှာပါပဲ” ဟု ကိုဘုန်းကျော်(ဩစတြေးလျ) က မှတ်ချက်ပြုသည်။

အထင်ရှားဆုံး သာဓကအဖြစ် ဆက်သွယ်ရေးလိုင်စင်ကိစ္စ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အခွန်နှင့် ဆိုင်သော ဥပဒေ၊ မီတာခတိုးကောက်သည့်အဆို၊ ကလေးသူငယ်များအား အဓမ္မပြုကျင့်သူများကို ပြစ်ဒဏ်ပြင်ဆင်ချမှတ်ရေးဆိုင်ရာအဆို၊ အမျိုးသမီးကာကွယ်ရေးနှင့် ပတ်သက်၍ ဥပဒေများနှင့် ဆိုင်သောအဆိုများစသည်တို့ ငြင်းပယ်ခံရခြင်း၊ ကြန့်ကြာနေခြင်းတို့ကြောင့်ဖြစ်သည်။

လွှတ်တော်တွင် တင်သွင်းသည့်အဆိုများတွင် အစိုးရအားတိုက်တွန်းကြောင်း အဆိုများသည် များသောအားဖြင့် မအောင်သည်က များသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်စားလှယ်တစ်ဦး၏ တိုက်တွန်းကြောင်း အဆိုတစ်ခုအား အစိုးရဘက်မှ သက်ဆိုင်သူက လာရောက်ဖြေကြားရာတွင် ၎င်းတို့ လုပ်ဆောင်နေသည့် မည်သည့်အလုပ်နှင့် ကိုက်ညီနေသည်ဟု ပြန်လည်ဖြေကြားခြင်းများရှိသည့်အတွက် အဆိုအားမှတ်တမ်းအဖြစ်သာ သိမ်းဆည်းထားလိုက်သည်က များသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းကပြောသည်။

ယခုရက်ပိုင်းအတွင်း အမျိုးသားလွှတ်တော်တွင် အတည်ပြုလိုက်သည့် အချိုးကျကိုယ်စားပြုစနစ်အဆိုသည် သက်ဆိုင်သူများကိုယ်တိုင်လုပ်လိုသည့် အဆိုဖြစ်သည့်အတွက် မြန်မြန်ဆန်ဆန်အတည်ပြုလိုက်ခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

ပြည်ပရောက် မြန်မာလုပ်သားကာကွယ်ပေးရေးမှာ အများနှင့် ဆိုင်သော ဥပဒေတစ်ခုဖြစ်သည်။ အလုပ်သမားအဖွဲ့အစည်းများ၏ ကောက်ခံထားသော စစ်တမ်းများအရ မြန်မာနိုင်ငံသားခြောက်သန်း (၁၀ ရာခိုင်နှုန်း)မှာ ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည်ဟု ဆိုသည်။ ထိုင်းနိုင်ငံတွင် သုံးသန်းခန့်ရှိပြီး မလေးရှား၊ စင်ကာပူနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင်လည်း သိန်းဂဏန်းစီရှိကြသည်။

အလုပ် လုပ်ကိုင်နေသူခြောက်သန်းနှင့် ဆက်စပ်နေသူများမှာ အနည်းဆုံး သန်း ၂၀ ခန့်ရှိ သည်ဟု ခန့်မှန်းထားကြသည်။ ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်မှ ပြုလုပ်ထားသော သုတေသနစစ်တမ်းအရ ထိုင်း နိုင်ငံတွင် အလုပ်လုပ်ကိုင်သော မြန်မာလုပ်သားတစ်ဦးအနေဖြင့် တစ်လလျှင် မြန်မာကျပ်ငွေ တစ်သိန်းခန့် ပြန်ပို့နေသည်ဟု ဖော်ပြထားသည်။

ထို့အပြင် မလေးရှားနိုင်ငံမှ ရောက် မြန်မာလုပ်သားများ အားလုံးမှာ တစ်လလျှင် အမေရိကန်ဒေါ်လာ တစ်သန်းခန့် မြန်မာနိုင်ငံသို့ လစဉ်ပြန်ပို့ပေးနေကြောင်း မလေးရှားရောက် မြန်မာလုပ်သားများက ခန့်မှန်းကြသည်။

ထို့ကြောင့်ပြည်တွင်းဝယ်လိုအားမှာ ပြည်ပနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သားများ၏ ပြန်ပို့ငွေနှင့် အများကြီးဆက်စပ်နေသည်ဟုစီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

ထိုကဲ့သို့ တိုင်းပြည်၏ စီးပွားရေးကိုများစွာ အထောက်အကူဖြစ်နေသော မြန်မာလုပ်သားများအကျိုးကာကွယ်ရေးနှင့်ဆိုင်သော ဥပဒေ ပြဋ္ဌာန်းပေးရေးနှင့်ပတ်သက်၍ ငြင်းပယ်ခံရခြင်းကြောင့် အလုပ်သမားအရေးဆောင်ရွက်နေသူများက မကျေမနပ်ဖြစ်ခဲ့ကြသည်။

“ငါးယောက်ပဲ ထောက်ခံမဲရတယ်ဆိုတာကိုကြည့်ရင် ပြည်သူလူထုနဲ့ ဝေးကွာနေတယ်ဆိုတာ သိရတယ်”ဟု ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများအခွင့်အရေးကာကွယ်ပေးနေသော ရွှေ့ပြောင်းလုပ်သားများကွန်ရက်မှ ကိုစိန်ဌေးကပြောသည်။

ဦးသိန်းညွန့်တင်သွင်းခဲ့သော ဥပဒေနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြည်သူ့လွှတ်တော်အမတ်ဦးမင်းသူက“လက်တွေ့မဆန်တဲ့ ဥပဒေဖြစ်နေတဲ့အတွက် မထောက်ခံခဲ့တာ”ဟု ဆိုသည်။

ရည်ရွယ်ချက်အားဖြင့် ကောင်းသော်လည်း အကောင်အထည်ဖော်သည့်အပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများ၏ တည်ဆဲဥပဒေများနှင့် များစွာ ဆက်စပ်လုပ်ကိုင်ရမည်ဖြစ်၍ လက်တွေ့မဆန်ခြင်းဖြစ်သည်ဟုဦးမင်းသူကဆိုသည်။

ထို့အပြင်အချို့သော ပါတီခေါင်းဆောင်များက ဦးသိန်းညွန့်တင်သွင်းသော အဆိုများအား ပုဂ္ဂိုလ်ရေးအမြင်မကြည်လင်မှုများကြောင့် ထောက်ခံခြင်းမပြုလုပ်ရန် မှာကြားထားမှုများရှိသည်ဟု ကြားသိရကြောင်း တိုင်းရင်းသားလွှတ်တော်အမတ်တစ်ဦးကပြောသည်။

လွှတ်တော်သို့ တင်သွင်းလာသော အဆိုများ၊ ဥပဒေကြမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းတို့ ပြုလုပ်ရာတွင် သက်ဆိုင်ရာပါတီအကြီးအကဲများနှင့် ကော်မတီပေါ်တွင်များစွာသက်ဆိုင်ကြောင်း လွှတ်တော်အမတ်အချို့က သုံးသည်။

“စီးပွားရေးလုပ်ငန်းရှင်ကြီးများရဲ့ ကော်မတီကလာတဲ့ ဥပဒေကြမ်းဆိုမျက်စိမှိတ်ပြီး ထောက်ခံလိုက်တာများတယ်”ဟု တိုင်းရင်းသားလွှတ်တော်အမတ်တစ်ဦးကပြောသည်။

ထို့အပြင် အဆိုများနှင့် ပတ်သက်၍ထောက်ခံဆွေးနွေးရာတွင် မဲခွဲအသုံးပြုသည့်စနစ်နှင့်လည်း များစွာ ဆိုင်ကြောင်း သတင်းရရှိသည်။

“အဆိုတစ်ခုအောင်၊မအောင်ဆိုတာ ပါတီခေါင်းဆောင်တွေနဲ့ အများကြီးဆိုင်တယ်။ သူတို့က ရှေ့က မတ်တတ်ရပ်လိုက်တာနဲ့ ကျန်တဲ့ သူတို့အဖွဲ့တွေက လိုက်ပြီး မတ်တတ်ရပ်တာပဲ”ဟု ဦးရဲထွန်းက လွှတ်တော်တွင်းအတွေ့အကြုံကို ရှင်းပြသည်။

လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ၌ လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်မဲပေးခြင်းနှင့် လျှို့ဝှက်မဲပေးခြင်းဟူ၍ နှစ်မျိုးရှိပြီး လွှတ်တော်ဥက္ကဋ္ဌက မိမိကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်သည်။

ထိုစနစ်နှစ်ခုတွင် ပါတီငယ်များမှ တင်သွင်းလာသော အဆိုများနှင့် ပတ်သက်၍ မတ်တတ်ရပ်မဲပေးသည့် စနစ်ကျင့်သုံးပါက မအောင်မြင်သည်ကများကြောင်း လွှတ်တော်အမတ်အချို့က ဆိုသည်။

သို့သော်လွှတ်တော်အမတ်များ၏ အကျိုးစီးပွားနှင့် ဆိုင်သော အဆိုများ၊ ဥပဒေများတွင်မူ လွှတ်တော်က အတည်ပြုပေးမှုမြန်ဆန်ကြသည်။

“ပြည်သူအကျိုးပြု ဆက်သွယ်ရေးဥပဒေကျတော့ ခြောက်လနဲ့ မလောက်လို့ လတိုးပြီး ဆွေးနွေးတယ်။ ပြည်သူကို အကျိုးမပြုတဲ့ ပီအာရ်တို့ ပုဒ်မ ၁၈ တို့ကျတော့ နှစ်ရက်ပဲကြာတယ်။ App–rove ဖြစ်ရော” ဟုအင်ဂျင်နီယာဖြစ်သူကို မျိုးထက်ကပြောသည်။

ပြည်ပရောက် မြန်မာလုပ်သားများ ကာကွယ်ပေးရေးနှင့် ပတ်သက်၍မူ အချို့သော လွှတ်တော်အမတ်များက ထောက်ခံချင်သော်လည်း ပါတီခေါင်းဆောင်များက ထောက်ခံမှုမရှိခြင်းနှင့် အဆိုရှင်က ကြိုတင်အသိမပေးခြင်းတို့ကြောင့်ဟု ထောက်ခံလိုပေမယ့် မထောက်ခံခဲ့ရသော လွှတ်တော်အမတ်တစ်ဦးကပြောသည်။

ထိုကဲ့သို့သော အဖြစ်အပျက်များစွာရှိခဲ့ကြောင်းဆက်သွယ်ရေးဥပဒေတွင် ၎င်းအနေဖြင့် ထောက်ခံချင်သော်လည်း ပါတီအကြီးအကဲများက မထောက်ခံသဖြင့် ကန့်ကွက်ခဲ့ရကြောင်းအထက်ပါလွှတ်တော်အမတ်က ဆိုသည်။

လွှတ်တော်သက်တမ်း သုံးနှစ်နှင့် နှစ်လကျော်ကာလအတွင်း ဥပဒေပေါင်း ၉၈ ခု ပြဋ္ဌာန်းနိုင်ခဲ့ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်းတွင် ဥပဒေပေါင်း ၅၄ ခု ဆွေးနွေးဖြစ်သည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အကြမ်းအားဖြင့်ဥပဒေ ၂၀၀ ခန့်ကို ပြင်ဆင်ပြဋ္ဌာန်းအတည်ပြုပေးရန်ရှိပြီးထိုဥပဒေများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာမတိုင်မီ ဆောင်ရွက်မှသာ အဆင်ပြေမည်ဟု ရန်ကုန်လွှတ်တော်ရုံးခွဲ၌ မေ ၂၂ ရက်က လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ်ပြောကြားထားသည်။

ထို့ကြောင့် ကျန်ရှိနေသော ဥပဒေများ အတည်ပြုပြဋ္ဌာန်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိကိုယ်ကျိုးထက် အများအကျိုးကိုကြည့်ရန် လိုသည်။ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့်လည်း အဆိုများ၊ ဥပဒေကြမ်းများနှင့် ပတ်သက်၍ မဲခွဲရာတွင် မည်သူမှမသိနိုင်သည့်လျှို့ဝှက်မဲပေးစနစ် ကျင့်သုံးပေးရန် လွှတ်တော်အမတ်အချို့က တောင်းဆိုကြသည်။

ပြီးခဲ့သည့် သုံးလတာကာလအတွင်း လွှတ်တော်အမတ်များ၏ ဆောင်ရွက်ချက်မှာ အများပြည်သူဆန္ဒနှင့် ကင်းကွာလျက်ရှိသည်။ ထို့ကြောင့်လည်း လက်ရှိလွှတ်တော်အမတ်များ၏ အနေအထားနှင့်ပတ်သက်၍မူ ကိုစိန်ဌေးက ယခုလိုမှတ်ချက်ပြုသည်။

“လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အနေအထားက စိတ်ပျက်စရာကောင်းတဲ့ အနေအထားပဲ”။



ထိုင်းနိုင်ငံတွင် ဖမ်းဆီးခံထားရသော မြန်မာရွှေ့ပြောင်းလုပ်သားများနှင့်ကလေးငယ်များ

ဓာတ်ပုံ – မန်းမျိုးမြင့်

# Health

7DAY NEWS JOURNAL

Vol.13, No.15 • JUNE 18 , 2014







## မိုးရာသီအတွင်း ဂရုပြုရမည့်ရောဂါများ

**ရဲနောင်**

**ရန်ကုန်၊ ဇွန်-၁၄**

မိုးကာလအတွင်း ရေကြီးရေလျှံမှုနှင့် ရေမသန့်ရှင်းမှုတို့ကြောင့်ဝမ်းပျက်ဝမ်းလျှောနှင့် ခြင်မှတစ်ဆင့်ကူးစက်ရောဂါများ(ဥပမာသွေးလွန်တုပ်ကွေး)နှင့် ရာသီအကူးအပြောင်းကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ အများဆုံးဖြစ်ပွားတတ်သည်ဟု ဆရာဝန်များကဆိုသည်။

“မိုးရာသီမှာ ဒီရောဂါတွေလူတိုင်းဖြစ်နိုင်တယ်ဆိုပေမယ့် ကလေးတွေအတွက်ကတော့ အသေအပျောက်များစေတဲ့ရောဂါတွေပါ”ဟု ရန်ကုန်ကလေးဆေးရုံကြီးမှ ဆရာဝန်တစ်ဦးကမှတ်ချက်ပြုသည်။

မိုးရွာသည့်အခါ မြေပြင်ရှိအညစ်အကြေးများသည် လူအများသုံးစွဲသည့်အရေအရင်းအမြစ်များထဲသို့ ဝင်ရောက်ပြီးဝမ်းပျက်ဝမ်းလျှောဖြစ်ပွားလေ့ရှိသည်။ ထို့အပြင် ရေကြီးရေလျှံမှုများကအဆိုပါအခြေအနေကို ပိုမိုဆိုးရွားစေသော အကြောင်းရင်းတစ်ရပ်အဖြစ် တွန်းအားပေးလျက်ရှိသည်။

“မိုးရွာပြီဆိုတာနဲ့ ရပ်ကွက်ထဲမှာ ရေကြီးရေလျှံဖြစ်ပြီပဲ။ ရေတွေကလည်းညစ်ပတ်ပြီး ခြင်တွေကလည်းပေါမှပေါ”ဟု လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ ကော်မတီဝင်ဦးသိန်းဝင်းကပြောသည်။

မြန်မာနိုင်ငံတွင် ရေမသန့်ရှင်းမှုကြောင့် တစ်နှစ်လျှင်ကလေးငယ် ငါးသောင်းခြောက်ထောင်ကျော် သေဆုံးလျက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စာရင်းပြုစုထားသည်။

ထို့အပြင် ငါးနှစ်အောက်ကလေးသေဆုံးမှုတွင် အအေးမိဖျားနာခြင်း၊ အဆုတ်ရောင်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများသည် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်ဟု သိရသည်။

“အခုရက်ပိုင်း မိုးလေးနည်းနည်းရွာတာနဲ့ ဖျားနာတဲ့ကလေးငယ်ပိုများလာတယ်”ဟု ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်မှ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာလင်းထက်ကပြောသည်။



*ရန်ကုန်တွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းနေစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်မြို့၌ မိုးမကျမီရေစီးရေလာကောင်းမွန်ရေးကို မြို့တော်စည်ပင်သာယာရေးကော်မတီက လုပ်ဆောင်ခဲ့သော်လည်း အမှန်တကယ်မိုးရွာသွန်းသောအခါ လူနေရပ်ကွက်အချို့နှင့် လမ်းမများပေါ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည်။

“ရေတွေညစ်ပတ်ပြီး မရှိသင့်တဲ့ နေရာတွေမှာရှိနေတာက ရောဂါပေါင်းစုံဖြစ်ဖို့ လက်ယပ်ခေါ်နေသလိုပဲ”ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။

ထို့အပြင် မိုးရာသီစတင်ဝင်သောကာလများ၌ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များလေ့ရှိပြီး ၂၀၁၃ခုနှစ်ကလည်း တစ်နိုင်ငံလုံးအနေအထားအရ လူဦးရေနှစ်သောင်းကျော်သွေးလွန် တုပ်ကွေးဖြစ်ခဲ့ပြီး ရှစ်ဆယ်ကျော် သေဆုံးခဲ့ရသည်။ ယခုနှစ်တွင်လည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများကြောင့် အသက်သေဆုံးရမှုများရှိနေသည်ဟု ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၏စာရင်းများတွင် ဖော်ပြထားသည်။

ထို့ကြောင့် မိုးရာသီကာလအတွင်း ခြင်ကိုက်မခံရစေရန် ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသော နည်းလမ်းများအသုံးပြုခြင်း၊ သန့်ရှင်းသောရေကိုအသုံးပြုခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ခြင်းကိုမိမိသာမက အတူနေမိသားစုများပါလုပ်ဆောင်ရန် လိုအပ်သည်ဟု ကျန်းမာရေးပညာရှင်များကအကြံပြုပြောကြားသည်။

## ကျန်းမာရေးအတွက် လုံခြုံစိတ်ချရမှုမရှိသည့် အစားအသောက်ပေါင်း ၁၆ မျိုးအထိရှိ

**ရဲနောင်**

**ရန်ကုန်၊ ဇွန်-၁၄**

မြန်မာနိုင်ငံတွင် ကျန်းမာရေး လုံခြုံစိတ်ချရမှု မရှိသည့် အစားအသောက်ပစ္စည်းပေါင်း ၁၆ မျိုးအထိရှိနေသည်ဟု စားသုံးသူရေးရာဦးစီးဌာနက စာရင်းပြုစုထားသည်။

ပြည်တွင်း၌ ဖြန့်ချိနေသော အာလူးကြော်အချို့၌ ထုတ်လုပ်ရက်နှင့် သက်တမ်းကုန်ဆုံးရက်များ မပါရှိခြင်း၊ ချောကလက်ကိတ်နှင့် ပေါင်မုန့်များ၌ သက်တမ်းကုန်ဆုံးရက် ထည့်သွင်းမှုမရှိခြင်း၊ တရုတ်နိုင်ငံမှ ဝင်သည့် မုန့်များတွင် တရုတ်စာဖြင့်သာ ဖော်ပြထားခြင်း၊ ကြက်သား၊ မှျစ်၊ ငှက်ပျောသီး၊ ပုစွန်ခြောက်နှင့် ပဲနီလေးတို့တွင် ဆိုးဆေးများ အသုံးပြုခြင်းနှင့် ဂျယ်လီ၊ ကွမ်းရွက်၊ ငရုတ်သီးနှင့် ငရုတ်ဆီစသည့် ပစ္စည်းများတွင် ကျန်းမာရေးအတွက် လုံခြုံစိတ်ချရမှုမရှိသော ဆိုးဆေးများ၊ဓာတုဆေးဝါးများအသုံးပြုထားသည်ဟု ဆိုသည်။

“ဖြစ်နေတာတွေက စားသောက်ကုန်တွေမှာ ဆိုးဆေးသုံးတာက အများဆုံးပါ။ ဒီဆိုးဆေးတွေက ဘယ်လို ဆိုးကျိုးပေးလဲဆိုတာ မသိ၊ သိလည်း မသိချင်ယောင်ဆောင်ပြီး လုပ်တဲ့သူကလုပ်နေကြတာ” ဟု FDA မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အစားအသောက်နှင့် ဆေးဝါးပစ္စည်းများတွင် ပါဝင်သောပစ္စည်းများနှင့် မည်သို့အသုံးပြုရမည်ဆိုသော အညွှန်းတို့ကို မြန်မာဘာသာစကားဖြင့် ဖော်ပြရန် FDA (အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးဌာန) က လုပ်ဆောင်လျက်ရှိပြီး အဆိုပါညွှန်ကြားချက်အား မလိုက်နာပါက စိတ်မချရသော အစားအသောက်အဖြစ် သတ်မှတ်သွားမည်ဖြစ်သည်။ ထို့အပြင် လုပ်ငန်းလိုင်စင်သာရှိပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) ၏ ခွင့်ပြုချက်မပါဘဲ ထုတ်လုပ်ရောင်းချမှုများလည်း ရှိနေသည်။

စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းပြီးဖြစ်သော်လည်း နည်းဥပဒေများ ပြဋ္ဌာန်းရန် ကျန်ရှိနေသေးသည်ဟု သိရသည်။




7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# နေမှလေပူနှင့် ရေငွေ့မှလေပူတို့ပူပေါင်းမိပါက အသက်အန္တရာယ်ထိခိုက်နိုင်ဟုဆို

**ယမင်း**

**ရန်ကုန်၊ ဇွန်-၁၄**

လတ်တလောဖြစ်ပေါ်နေသည့်ရာသီဥတုအပြောင်းအလဲ၌ ပတ်ဝန်းကျင်တွင်ဖြစ်ပေါ်နေသည့် နေမှထွက်သောလေအပူနှင့်ရေငွေ့မှထွက်သော လေအပူတို့ကြောင့် လေဖြတ်ခြင်း၊ဦးနှောက်သွေးကြောပြတ်ခြင်းစသည်တို့အပြင်အသက်အန္တရာယ်ထိခိုက်သည်အထိဖြစ်ပေါ်နိုင်ကြောင်း ဆေးဘက်ဆိုင်ရာပညာရှင်များက ဆိုသည်။

"နေကထွက်တဲ့လေအပူရယ်၊ ရေငွေ့ပါတဲ့လေအပူကို နှစ်မျိုးခံစားရတယ်ဆိုရင်လူ့ခန္ဓာကိုယ်မှာ လေဖြတ်တာရယ်၊ ဦးနှောက်သွေးကြောပြတ်တဲ့အထိဖြစ်နိုင်တဲ့ အသက်အန္တရာယ်ကို ထိခိုက်နိုင်တယ်။ အသက်ကြီးတဲ့သူတွေနဲ့ ကလေးငယ်တွေမှာ ပိုခံစားရနိုင်ပါတယ်"ဟု မြောက်ဒဂုံမြို့နယ်မှ အထွေထွေရောဂါကုဆရာဝန်ဒေါက်တာအေးမောင်က ဆိုသည်။

လေအပူချိန်များကြောင့် မျက်ကြည်လွှာပျက်စီးခြင်း၊ မျက်စိတိမ်စွဲခြင်း၊ မျက်လုံးအမြေးပါးရောင်ခြင်းအပြင် အမြင်အာရုံချို့တဲ့ခြင်းရောဂါများ၊ အရေပြား၌ တင်းတိပ်၊ ဝက်ခြံ၊ နေလောင်ကွက်များအပြင် ပိုမိုပြင်းထန်လာပါက အရေပြားတွင် အရည်ကြည်ဖုများဖြစ်ပေါ်ခြင်းစသည့်အရေပြားဆိုင်ရာရောဂါများနှင့် ရုတ်တရက်လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးခြင်း စသည်တို့ ဖြစ်ပေါ်နိုင်ကြောင်းသိရသည်။

မြန်မာပြည်ထဲသို့ အရှေ့တောင်၊ အနောက်တောင်နှင့် အနောက်မြောက်ဘက်များမှ ရေငွေ့ပါဝင်သည့်လေများဝင်ရောက်လာပြီး လေထုထဲ၌ရေငွေ့ဖြစ်တည်မှုမှာ ယခင်ကထက်ပိုမိုများပြားလာသည်။ ယင်းရေငွေ့များမှာ တိမ်အဖြစ်ပြောင်းလဲသွားပြီး မိုးရွာသွန်းရမည်ဖြစ်သော်လည်း မရွာသွန်းဘဲ ယင်းအပူချိန်နှင့်ပူပြင်းခြောက်သွေ့သည့်လေအပူချိန်ဟူသည့်အပူချိန်နှစ်ရပ်စုပေါင်းကာ လူ့ခန္ဓာကိုယ်ပေါ်သို့ကျရောက်ခြင်းဖြစ်ကြောင်းမိုးလေဝသပညာရှင်ဦးထွန်းလွင်ကသုံးသပ်ပြောကြားသည်။




# ရေကြီးရေလျှံမှုကြောင့် အရေပြားရောဂါများဖြစ်ပွားနိုင်

**ရှင်းရှင်း**

**ရန်ကုန်၊ ဇွန်-၁၄**

ရေကြီးရေလျှံရာတွင် ရေဆိုးရေညစ်များစွာပါဝင်နေသည့်အတွက် ထိုရေနှင့် ထိတွေ့မိပါက ပြည်တည်နာအပြင် မှိုနှင့်ပတ်သက်သောအခြားအရေပြားရောဂါများဖြစ်ပေါ်နိုင်ကြောင်းဆေးပညာအသိုက်အဝန်းမှ သတင်းရရှိသည်။

ရေနုတ်မြောင်းများတွင် အမှိုက်များပိတ်ဆို့ရာမှတစ်ဆင့် ကိန်းအောင်းနေတတ်သော ဘက်တီးရီးယားပိုးများမှာ အရေပြားရောဂါဖြစ်ပွားစေနိုင်သည့်အတွက် ရေကြီးမှုဖြစ်ပေါ်နေသော နေရာများသို့ သွားမည်ဆိုပါက ဂရုပြုဆင်ခြင် သွားလာသင့်ကြောင်း ဆရာဝန်ကြီးများမှ သတိပေး ပြောကြားသည်။

"ခြေထောက်မှာ ပွန်းရာပဲ့ရာရှိရင် ရောဂါပိုးအလွယ်တကူဝင်နိုင်တယ်။ အနာအခံရှိရင် အနာရှိန်တက်လာနိုင်တယ်။ ဘက်တီးရီးယားပိုးဝင်ပြီး ပြည်တည်နာတွေဖြစ်တတ်တယ်။ ဆီးချိုသမားတွေက ပိုဂရုစိုက်ရမယ်။ မဟုတ်ရင် အနာကျက်နိုင်မှာမဟုတ်ဘူး"ဟု အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်ကျော်ကပြောသည်။

ထို့အပြင် စက်ရုံအချို့မှ ဓာတုအညစ်အကြေးများသည် ရေကြီးရာတွင် ရောနှောပါဝင်နိုင်သဖြင့် ယင်းကဲ့သို့အညစ်အကြေးနှင့် ထိတွေ့မိပါက ဓာတ်မတည့်မှုကဲ့သို့သော အရေပြားဆိုင်ရာရောဂါများဖြစ်ပေါ်နိုင်သည့်အပြင် မိလ္လာပိုက်အချို့မှ ပါလာနိုင်သည့်မစင်များမှတစ်ဆင့်သန်ကောင်ကဲ့သို့သော ကပ်ပါးပိုးများပါဝင်ရောက်နိုင်ကြောင်းသိရသည်။

"မိုးကြီးရေးကြီးထဲမဖြစ်မနေသွားရမယ်ဆိုရင် ပြန်လာရင်ခြေ၊ လက်သေချာဆေး။ မဟုတ်ရင် ခြေထောက်ယားလို့ကုတ်လိုက်မိရင် လက်ကတစ်ဆင့်ပါးစပ်ထဲဝင်ပြီး ဖျားနိုင်တယ်"ဟု ၎င်းကဆိုသည်။

ထိုသို့ရောဂါများမဝင်နိုင်စေရန် ရေစိုသောခြေထောက်ကို ရေသန့်ဖြင့်ချက်ချင်းဆေးခြင်း၊ခြောက်သွေ့အောင်ထားခြင်း၊ ရေစိုဖိနပ်ဖြင့် ကြာကြာမနေခြင်းမျိုးအပြင် ပိုးသတ်ဆေးဖြင့်ဆေးချခြင်းတို့ကို ပြုလုပ်သင့်သည်ဟု ဆရာဝန်ကြီးအချို့ကဆိုသည်။

"အဓိက ခြေသည်း၊ ခြေချောင်းကြားထဲ ပိုဂရုစိုက်ပေးရမယ်။ မဟုတ်ရင် ကြားမှာမှိုဖြစ်ပြီး သဲဝဲစားတာ ဖြစ်လာနိုင်တယ်။ ယားရင်မကုတ်နဲ့ခြေလက်ကိုသာ ဆေးပေးပါ"ဟု ဒေါက်တာကျော်ကျော်က သတိပေးပြောကြားသည်။

# သက်ကြီးရွယ်အိုများတွင် အယ်လ်ဇိုင်းမားဖြစ်ပွားနှုန်းမြင့်တက်လာနိုင်

**ရှင်းရှင်း**

**ရန်ကုန်၊ ဇွန်-၇**

သက်ကြီးရွယ်အိုများတွင် အယ်လ်ဇိုင်းမား(ခေါ်)သတိမေ့ရောဂါဖြစ်ပွားနှုန်းမြင့်တက်လာနိုင်ကြောင်း ဆရာဝန်ကြီးအချို့က ခန့်မှန်းပြောဆိုသည်။

အယ်လ်ဇိုင်းမားရောဂါကိုအသက်(၇၀)ကျော်နောက်ပိုင်းသက်ကြီးရွယ်အိုများတွင် အများဆုံးတွေ့ရလေ့ရှိပြီး လူမျိုးမရွေးတွင်ဖြစ်ပွားတတ်သည်။ အသက်(၈၀)အရွယ်တွင်အများဆုံးတွေ့ရသည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှုန်းမှာ ၁၉၉၀ခုနှစ်တွင် အဆင့်(၉၆)နေရာတွင် ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် အဆင့်(၇၇)ထိ မြင့်တက်ခဲ့သည်။

"အခုက ကျန်းမာရေးစောင့်ရှောက်မှုကောင်းလို့ အသက်တွေပိုရှည်လာကြတယ်။ ပုံမှန်ဆို ဆီးချို၊ သွေးတိုး၊ နှလုံးနဲ့အသည်း၊ ကျောက်ကပ်တွေဖြစ်ပြီးမှ နောက်ဆုံးဘူတာဖြစ်တဲ့ အယ်လ်ဇိုင်းမားဘက်ကိုလှည့်တာ။ အသက်တွေရှည်လာတာနဲ့အမျှ အယ်လ်ဇိုင်းမားရောဂါပိုဖြစ်လာနိုင်တယ်"ဟု အထွေထွေရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာစိုးမင်းကပြောသည်။

အယ်လ်ဇိုင်းမား(ခေါ်)သတိမေ့ရောဂါသည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ ဦးနှောက်နှင့် ကြွက်သားများကြုံလှီလာခြင်းစသည့် ခန္ဓာကိုယ်၏ အိုမင်းခြင်းအာနိသင်ခံစားလာရပြီးမှတ်ဉာဏ်သိုမှီးနိုင်မှု ပျောက်ကွယ်သည့်နောက်ဆက်တွဲအနေဖြင့် မှတ်ဉာဏ်ချို့ယွင်းလာနိုင်ပြီး စိတ်အခြေအနေရင့်ကျက်မှုများပါပျောက်ဆုံးလာကြောင်းသိရသည်။

"စိတ်အခြေအနေက ရင့်ကျက်မှုမရှိတော့ပဲ ကလေးစိတ်ဖြစ်လာတယ်။ ကြွက်သားစနစ်က ကန့်သတ်ချက်ရှိလာတယ်။ ချည့်နဲ့လာပြီး ကလေးဘဝအသိမျိုးကို ပြန်ပြီးရောက်သွားတာ။ ဆိုးကျိုးမဖြစ်အောင်လို့ သူ့ရဲ့သာသာမှုကို မဖျက်ဆီးပဲနဲ့ ပတ်ဝန်းကျင်ကစောင့်ရှောက်ပေးရတာပဲရှိတယ်"ဟု ဒေါက်တာစိုးမင်းကဆက်ပြောသည်။အဆိုပါရောဂါသည်အအိပ်အနေနည်းသူများ၌ ပိုမိုဖြစ်ပွားနိုင်ခြင်းကြောင့် အအိပ်နည်းသူများအပါအဝင် စိတ်ဖိစီးမှုများပြားသူများ၊ အလုပ်များသူအများအနေဖြင့်တစ်နေ့လျှင် ၈နာရီနှုန်းဖြင့် ကောင်းမွန်စွာအိပ်စက်အနားယူပေးရန် လိုအပ်သည်ဟု ဆရာဝန်ကြီးများက ပြောသည်။

# Regional

7 DAY NEWS JOURNAL

Vol.13, No.15 • JUNE 18 , 2014




မှောင်ခိုတင်ပို့ရန် နောင်ချိုဒေသတွင် စုဆောင်းထားသော ကျွဲ၊ နွားများကို မေလအတွင်းက တွေ့ရစဉ် ဓာတ်ပုံ – မောင်တာ

## ပိုမိုကြီးထွားလာသည့် ကျွဲ၊နွားမှောင်ခိုတင်ပို့မှုကို ထိရောက်သော အရေးယူမှုလုပ်ရန်လိုလား

**မောင်တာ**

**မန္တလေး၊ ဇွန်- ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုဒေသမှ ကျွဲ၊ နွားအကောင်ရေထောင်နှင့်ချီကာ တရုတ်နယ်စပ်သို့ တရားမဝင်တင်ပို့နေမှုများကို အစိုးရအာဏာပိုင်များ ဖမ်းဆီးထိန်းသိမ်းပေးစေလိုကြောင်း ဒေသခံများက ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်းမှ ကျွဲ၊ နွားများကိုနောင်ချိုမြို့အနီးရှိ ဆီဆုံကျေးရွာ၊ ပလောင်ချောင်းကျေးရွာကဲ့သို့သော ကျေးရွာများတွင် စုဆောင်းထားကာ ညစဉ်ကားများဖြင့် တရုတ်နိုင်ငံနယ်စပ်သို့ တရားမဝင်မှောင်ခိုတင်ပို့မှုများ ပြုလုပ်နေသော်လည်း ဖမ်းဆီးထိန်းသိမ်းသူမရှိဘဲ ကျွဲ၊ နွားမှောင်ခိုလုပ်ငန်းများပိုမိုကြီးမားလာနေသည်ဟု နောင်ချိုဒေသခံများကပြောသည်။

“ကျွဲ၊ နွားမှောင်ခိုလုပ်ငန်းက အရမ်းကြီးထွားနေတော့ ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာမှာစိုးတယ်။ ဒေသအစုံ၊ နယ်စုံကလူတွေလာကြတော့ မလိုလားအပ်တဲ့ လူမှုရေးပြဿနာတွေ၊ ဘာသာရေး၊ လူမှုရေးနဲ့ ဆက်နွယ်တဲ့ ပြဿနာတွေဖြစ်လာမှာစိုးရိမ်တယ်။ ဖြစ်နိုင်ရင် ဒီကျွဲ၊နွားမှောင်ခိုတွေပျောက်သွားစေချင်တယ်”ဟု နောင်ချိုဒေသခံအသက်(၄၀)အရွယ်အမျိုးသားတစ်ဦးကပြောသည်။

လွန်ခဲ့သည့် ၂နှစ်ခန့်မှစတင်ကာ ကျွဲ၊ နွားမှောင်ခိုဈေးကွက်ကျယ်ပြန့်လာပြီး လတ်တလောတွင် နောင်ချိုမှ တရုတ်နယ်စပ်သို့ နေ့စဉ်ကျွဲ၊ နွားတင်ပို့မှုအကောင်လေးရာခန့်ရှိနိုင်သည်ဟု ဒေသခံတို့က ခန့်မှန်းသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နယ်မြေဖြတ်ကျော် ကျွဲ၊ နွားသယ်ယူခွင့်ကို အလွဲသုံးစားလုပ်ကာ ဒေသအာဏာပိုင်များ၊ လမ်းကြောင်းတစ်လျှောက်ရှိ ရဲတပ်ဖွဲ့ဝင်များ၊ အစိုးရဌာနတာဝန်ရှိသူများနှင့် လက်နက်ကိုင်အဖွဲ့များ ပါပါဝင်ပတ်သက်နေသည်ဟု ဆိုသည်။“အဖမ်းအဆီး၊ စစ်ဆေးကြပ်မတ်မှု အားနည်းတာက ရဲတွေနဲ့ပါ ညှိထားတဲ့သဘောဖြစ်နေတယ်။ ပြည်သူ့စစ်အဖွဲ့တွေက မွေးမြူရေးလုပ်ငန်းအကြောင်းပြပြီး ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကျွဲ၊ နွားသယ်ယူခွင့် ခွင့်ပြုချက်ယူပြီးရင် ရဲနဲ့ပေါင်းပြီး ခွင့်ပြုတာထက် အခေါက်ရေ ပိုသယ်တာ။ အကောင်ရေပိုသယ်တာလုပ်တယ်။ သာမန်နွားကုန်သည်က နောင်ချိုကနေ မူဆယ်အထိကို နွားတစ်ကောင်သယ်ပေးဖို့ သူတို့ကို သုံးသိန်းရှစ်သောင်းပေးရတယ်။ သူတို့က အဲဒီလိုလုပ်စားနေလို့ နွားမှောင်ခိုက ပိုကြီးလာနေတာ။ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပါမစ်တွေ ပြန်စိစစ်ဖို့လိုမယ်ထင်တယ်”ဟု နွားမှောင်ခိုလုပ်ကိုင်သူများနှင့် နီးစပ်သည့်နောင်ချိုဒေသခံအမျိုးသားတစ်ဦးကပြောသည်။

နွားတစ်ကောင် ကျပ်လေးသိန်းနီးပါးဖြင့် နောင်ချို–မူဆယ်သယ်ပို့ပေးနေရာ နွားမှောင်ခိုလုပ်ငန်းသည် အလွန်အကျိုးအမြတ်များသည့် လုပ်ငန်းတစ်ခုဖြစ်လာနေသည်ဟု ၎င်းကပြောသည်။

ခွင့်ပြုမိန့်များကိုင်ကာ သယ်ယူနေသည့်အတွက် ရဲတပ်ဖွဲ့အနေဖြင့်လည်း စစ်ဆေးဖမ်းဆီးရန် အခက်အခဲရှိကြောင်း၊ ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနစသည့်အဖွဲ့များဖြင့်တရားမဝင်ကျွဲ၊ နွားမှောင်ခိုဖမ်းဆီးရေးအဖွဲ့ ကိုဖွဲ့စည်းကာ ကျွဲ၊ နွားမှောင်ခိုတင်ပို့မှုများအား ဖမ်းဆီးနေကြောင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးတစ်ဦးကပြောသည်။

တရုတ်နိုင်ငံသို့ကျွဲ၊နွားမှောင်ခိုတင်ပို့နေမှုများကြောင့် မြန်မာနိုင်ငံတွင်း လယ်ယာလုပ်ငန်းခွင်များတွင် ကျွဲ၊ နွားရှားပါးမှု စတင်ကြုံတွေ့လာနေရပြီဖြစ်သလို ဈေးကွက်အတွင်း ခိုင်းနွားဈေးမြင့်တက်ခြင်း၊ အမဲသားဈေးမြင့်တက်ခြင်းများ ဖြစ်ပေါ်နေကြောင်း သတင်း ရရှိသည်။

## ရွာပေါင်း ၆၀ ကျော်ရှိ အိမ်ခြေ ၃၆၀၀ ကျော် မီးလင်းရေး ဆိုလာပစ္စည်းများ ထောက်ပံ့

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်- ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရန်ပုံငွေဖြင့် ကျေးရွာပေါင်း ၆၀ ရှိ အိမ်ခြေပေါင်း ၃၆၀၀ ကျော် ဆိုလာ မီးလင်းရေးအတွက် Solar System သုံးပစ္စည်းများကို ဇွန်လ ၁၃ ရက်က မုံရွာမြို့ မြို့တော်ခန်းမတွင် ထောက်ပံ့ပေးအပ်ခဲ့သည်။

“ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ငွေကျပ် ၄၂၂ ဒသမ ၅ သန်းနဲ့ ကျေးရွာပေါင်း ၂၃၈ ရွာ ဆိုလာမီးလင်းစေရေးအတွက် ဆိုလာ ၁၅၀၀၀ ကို တင်ဒါခေါ်ယူပြီး ဝယ်ယူထောက်ပံ့ပေးခဲ့ပါတယ်။ ထောက်ပံ့ငွေကျပ် ၉၀ ဒသမ ၆၄၀ သန်းနဲ့ မီးသွေးမှုန့် ဓာတ်အားပေးစက်ကိုလည်း ဝယ်ယူထောက်ပံ့ပေးခဲ့ပါတယ်။အခုအခမ်းအနားမှာဆိုလာဆက်စပ် ပစ္စည်းတွေဝယ်ယူပြီး ကျေးရွာ၆၀အတွက်ဆိုလာပစ္စည်းများကို အခမဲ့ထောက်ပံ့ပေးသွားမှာ ဖြစ်တဲ့အတွက် အိမ်ခြေပေါင်း ၃၆၀၀ ကျော် မီးလင်းနိုင်တော့မယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

Central Solar System သုံး မီးလင်းရေး ပစ္စည်းများသည် Solar Pannal (130–200 Watt) ဆိုလာပြားနှစ်ချပ်ကို 30 Unit Joint Box နှစ်လုံးဖြင့် ဆက်၍ Multi–Smart Lamp အလုံး ၆၀ တပ်ဆင်၍ အိမ်ခြေ ၆၀ အတွက် မီးအသုံးပြုနိုင်သည်။ အိမ်ခြေ ၆၀ အတွက် ဆိုလာစနစ်ဖြင့် တပ်ဆင်ကုန်ကျစရိတ်မှာ ကျပ် ဆယ်သိန်းခန့်ရှိပြီး အိမ်ခြေငါးဆယ်အတွက် ကျပ်ရှစ်သိန်းခန့် ကုန်ကျနိုင်ကြောင်း သိရှိရသည်။




7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နာဂဒေသဖွံ့ဖြိုးရေး အသုံးစရိတ် ကျပ်သန်းတစ်ထောင်ကျော် ပိုမိုသုံးစွဲခွင့်ရ

**ကိုစိုင်း**

**ရန်ကုန်၊ ဇွန်-၁၅**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နာဂဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန်ကဏ္ဍစုံအတွက် အသုံးစရိတ်ကျပ်သန်းတစ်ထောင်ကျော် ပိုမိုသုံးစွဲခွင့်ပြုထားကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နာဂဒေသရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအသုံးစရိတ်အဖြစ် စုစုပေါင်း ခွင့်ပြုရန်ပုံငွေသည်ကျပ်သန်း နှစ်ထောင့်ငါးရာကျော် (၂၅၉၅.၁၅၀ ကျပ်သန်း) ချထားပေးခဲ့ပြီး ယခင်နှစ်က ကျပ်သန်းတစ်ထောင့်ငါးရာကျော် ချထားပေးခဲ့သည်။

ကဏ္ဍစုံဖွံ့ဖြိုးရေး အသုံးစရိတ်ထဲမှ ကျေးလက်လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းသည် အခြားကဏ္ဍများထက် အသုံးစရိတ်နှစ်စဉ် ပိုမိုရရှိခဲ့သည်။

ဖွံ့ဖြိုးမှုအနည်းဆုံး ဒေသဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအဖြစ် ရေရရှိရေး၊ တံတားတည်ဆောက်ရေး၊ သန့်ရှင်းရေးဌာနလက်အောက်လုပ်ငန်းဖြစ်သည့် ယင်လုံအိမ်သာတည်ဆောက်ရေး၊ မီးလင်းရေး၊ အိမ်ရာလုပ်ငန်းတည်ဆောက်ရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း စသည့်လုပ်ငန်းများကို အကောင်ထည်ဖော်လျက်ရှိကြောင်း သတင်းရရှိသည်။



*နန်းယွန်းမြို့နယ်အတွင်းရှိ နာဂကျေးရွာတစ်ရွာ* ဓာတ်ပုံ – ကျင်းဆောင်

# လယ်ယာစိုက်ပျိုးချိန်ဖြစ်၍ နန်းဖာလုံဈေး အရောင်းအဝယ်အေး

**ကိုစိုင်း**

**ကလေး**-တမူးမြို့ရှိမြန်မာ–အိန္ဒိယ နယ်စပ်ဈေးဖြစ်သော နန်းဖာလုံဈေးတွင် နှစ်ဖက်နိုင်ငံ နယ်စပ်နေတောင်သူများ၏ လယ်ယာလုပ်ငန်းခွင် ဝင်ချိန်ဖြစ်သဖြင့် နယ်စပ်နန်းဖာလုံဈေးတွင် အရောင်းအဝယ်အေးလျက်ရှိကြောင်းနန်းဖာလုံဈေးသူဈေးသားများထံမှသိရသည်။

လွန်ခဲ့သော တစ်ပတ်ခန့်မှ စတင်၍ နယ်စပ်တစ်လျှောက်တွင် မိုးစတင်ရွာသွန်းနေပြီဖြစ်သောကြောင့် ဒေသခံပြည်သူများ အနေဖြင့် လယ်ယာလုပ်ငန်းခွင်ဝင်နေကြပြီဖြစ်သည်။

ထို့ကြောင့် နယ်စပ်နေပြည်သူများ အဓိကဈေးရောင်း ဈေးဝယ်ပြုလုပ်ရာဖြစ်သော နန်းဖာလုံဈေးတွင် ဈေးဝယ်သူမရှိလောက်အောင် အရောင်းအဝယ် အေးလျက်ရှိသည်ဟု နန်းဖာလုံဈေးသူဈေးသားများကဆိုသည်။

“နှစ်ဖက်နိုင်ငံက ဂိတ်တွေလည်းဖွင့်ထားတယ်။ လမ်းတွေလည်းဖွင့်ထားတယ်။ ဒါပေမဲ့ ဈေးအရောင်းအဝယ်ကတော့ အခုတလော ဈေးဦးတောင်မပေါက်ကြဘဲ ပြန်သွားကြရတဲ့ရက်တွေရှိတယ်”ဟု နန်းဖာလုံဈေးရှိ ကုန်သည်တစ်ဦးကပြောသည်။

နန်းဖာလုံဈေးသည် တရုတ်နိုင်ငံထုတ်အဝတ်အထည်များ၊ တရုတ်နိုင်ငံထုတ်စက်ပစ္စည်းများကိုအဓိကရောင်းချကြပြီး ဒေသတွင်းထွက်ရှိသောကုန်စိမ်းများကိုလည်း ရောင်းချသော ဈေးဖြစ်သည်။ အဆိုပါဈေးသည် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်သူ၊ ပြည်နယ်သားတို့ကို အဓိကမှီခို၍ အရောင်းအဝယ် ပြုလုပ်သောဈေးကြီးဖြစ်သည်။






# အင်းစိန်ထောင် တော်လှန်ရေး

**အေးသူစံ**

တစ်ချိန်က ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်မှုများ စုဝေးရာ၊ ညှဉ်းပန်းနှိပ်စက်မှုများ၏ ပြယုဂ်အဖြစ် အင်းစိန်ထောင်နာမည်ကျော်ခဲ့သည်။ အကျဉ်းသားများအပေါ် လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ လူသားဆန်မှုနှင့် လူ့ဂုဏ်သိက္ခာကို အဆုံးစွန်အထိ ချနင်းရဲသော အာဏာပိုင်တို့၏ လက်ရဲဇက်ရဲနိုင်မှုများကို နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ထောင်လက်ရာ စာအုပ်များတွင် တခမ်းတနားဖော်ပြခြင်းဖြင့် အင်းစိန်ထောင်ကမ္ဘာကျော်ခဲ့ရခြင်းဖြစ်သည်။

ယနေ့အင်းစိန်ထောင်မှာတော့ ဆယ်တန်းအောင်အကျဉ်းသားနှစ်ဦးကို မွေးထုတ်လိုက်ခြင်းဖြင့် ဆိုးညစ်သော ထောင်သမိုင်းကိုအကြီးမားဆုံးပြောင်းလဲလိုက်သည်။ စာရေးဆရာဖေမြင့်၏ "စာမသင်ရ၊ စာမဖတ်ရ စာအုပ်မရှိစေရ"အမည်အတိုင်း ဘောပင်တစ်ချောင်းတွေ့ရုံဖြင့် လပေါင်းများစွာ တိုက်ပိတ်ပြစ်ဒဏ်ပေးခဲ့ရသော အင်းစိန်ထောင်တွင် စာမေးပွဲဖြေခွင့်ပေးခြင်းမှာ မယုံရင်ပုံပြင်မှတ်ရမလိုဖြစ်နေသည်။

၂၀၁၀ နောက်ပိုင်း အင်းစိန်ထောင်တွင် ယခင်က ကျောက်ခဲ၊ သဲ အလိမ်းလိမ်းဖြင့် မဝရေစာထောင်ထမင်းကို ယခုတော့ကြိုက်သလောက်အဝစားခွင့်ပေးသည်။ ဆန်ဖြူဆိုသော်လည်း ဆန်ကွဲသာသာဖြစ်ပြီး ကျောက်ခဲနှင့် သဲတို့မပါသည့် သန့်ရှင်းသော ထမင်းဖြစ်လာသည်။ တစ်ပတ်နှစ်ရက်ကြက်သားကို မျှစ်ချဉ်၊ ကုလားပဲတို့ဖြင့် ရောသော အသားဟင်းကို အကျဉ်းသားတစ်ဦးလျှင် ၆၂၅ ကျပ်နှုန်းဖြင့် စီစဉ်ကျွေးမွေးသည်။

ရေကန်စောင့် ဗာရာအော်မှ ခပ်ချိုးခွင့်ရသော ရေချိုးစနစ်မရှိတော့ဘဲ စိတ်ကြိုက်အဝချိုးနိုင်သော ရေကန်ကြီးများ ထပ်ဖြည့်တည်ဆောက်ထားသည်။ ထောင်ဝင်စာတွေ့ချိန်ကို ၁၅ မိနစ်မှ နာရီဝက်တိုးပေးလိုက်သည်။ သတင်းစာအပိုင်းအစလေးများတွေ့လျှင် အနည်းဆုံး ထောင်ခုနစ်နှစ်ထပ်ချနိုင်သော အင်းစိန်ထောင်ထဲသို့ လစဉ်အပတ်စဉ်နှင့်နေ့စဉ်ထုတ် သတင်းစာ စာနယ်ဇင်းများကြိုက်သလောက်သယ်ယူဖတ်ရှုခွင့်ပြုခဲ့သည်။အကျဉ်းသားအချင်းချင်း ဗိုလ်ကျစိုးမိုးအုပ်ချုပ်စေခဲ့သော တန်းစီးစနစ်မထားတော့ဟုဆိုသည်။



*အင်းစိန်ထောင်ဘူးဝတွင်တွေ့ရသည့် ထောင်သားများနှင့်ရဲတပ်ဖွဲ့ဝင်များ*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ယခင်အစဉ်အဆက်နိုင်ငံရေးအကျဉ်းသားအချို့ဖြစ်စေချင်ခဲ့သော ထောင်စာကြည့်တိုက်ကို လက်ရှိထောင်ပိုင် ဦးကျော်ဌေးက ရွှေ့လျားစာကြည့်တိုက်အဖြစ် အကောင်အထည်ဖော်နေသည်။ စာမတတ်သူ အကျဉ်းသားများကို သူငယ်တန်းတွင် ကျောင်းပြန်တက်ခိုင်းပြီး မသင်မနေရ စာသင်ကြားရေးစနစ်ကို အကောင်အထည် ဖော်ခဲ့သည်။ နာမည်ကျော်လှသော ထောင်တွင်းရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုများလုံးဝမရှိတော့။ အကျဉ်းသားကိုလက်သီးဖြင့် ထိုးခဲ့သော ရဲဘော်ကိုပင် ထောင်ပိုင်ဦးကျော်ဌေးက ဥပဒေအရ တာဝန်ရပ်စဲခဲ့သည်။

ထောင်၏အဆောင်တိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ရုပ်မြင်သံကြားဂြိုဟ်တုစလောင်းများ တပ်ဆင်ထားသည်။ အကျဉ်းသားတိုင်းအားလပ်ချိန်တွင် လွတ်လပ်စွာကြည့်နိုင်သည်။ထောင်တွင်းဘယ်အကျဉ်းသားကိုမျှ သံခြေချင်းမခတ်တော့။ နောက်တစ်မှုရှိ၍ ရုံးထုတ်မှသာ ခြေချင်းခတ်သည်။

အင်းစိန်ထောင်ကမ္ဘာကျော်ရခြင်း၏ အဓိကအကြောင်းမှာ စစ်အစိုးရလက်ထက်က နိုင်ငံရေးအကျဉ်းသားများကို ရက်ရက်စက်စက်နှိပ်စက်ညှဉ်းပန်းခြင်းကြောင့်ပင်။နိုင်ငံရေးအကျဉ်းသားဟောင်းကိုဝင်းနိုင်ဦးသည် ထောင်မှ လွတ်မြောက်ပြီး ၁၉၉၀ ဝန်းကျင်တွင် ဘန်ကောက်အခြေစိုက် သတင်းစာတစ်စောင်၌ "အင်းစိန်ထောင်မှ ငရဲခန်းများ" အမည်ဖြင့် ဖော်ထုတ်ခဲ့ရာ အင်းစိန်ထောင်ညှဉ်းပန်းမှုများမှာ ကမ္ဘာ့စာမျက်နှာတွင် မဖုံးနိုင်မဖိနိုင်ပေါ်ပေါက်ခဲ့သည်။

"အရင်အစိုးရလက်ထက်တုန်းက ထောင်ကလိုတာထက် ပိုနာမည်ပျက်ရတာ ထောက်လှမ်းရေးတချို့က ထောင်ဝန်ထမ်းဝတ်စုံဝတ်ပြီး ဝင်ရိုက်နှက်ကြတာပါ။ ထောင်အာဏာပိုင်ဆိုတာကလည်း ထောက်လှမ်းရေးလုပ်တာကို ဘာမှ မတတ်နိုင်ဘူး။ ဒီတိုင်းကြည့်နေခဲ့ရတာ။ စာဥသီချင်းဖွင့်ပြီး ရိုက်ခဲ့တာဆို စာဥစစ်ဆင်ရေးဆိုပြီး နာမည်အရမ်းကြီးခဲ့တယ်" ဟု ထောင်မှူးကြီးဟောင်း ဦးခင်မောင်မြင့်ကပြောကြားသည်။

၈၈ အရေးတော်ပုံမှစ၍ ထောင်ကျခဲ့သည့် နိုင်ငံရေး အကျဉ်းသားတော်တော်များများ ထောင်တွင်း ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ရောဂါနာမည်မတပ်နိုင်ဘဲ သေဆုံးခဲ့ရခြင်း၊ ထောင်မှလွတ်ခဲ့သော်လည်း နှိပ်စက်ဒဏ်ရာများကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ချို့ယွင်းခဲ့ရခြင်း၊ အဆုတ်အသည်းကဲ့သို့ ကုသရန်ခက်ခဲသော နာတာရှည်ရောဂါများ လက်ဆောင်အဖြစ် ရရှိခြင်း၊ မမာမကျန်းဖြစ်သော်လည်း ဆေးဝါးကုသခွင့်မပေးခြင်း စသည့် ထောင်အာဏာပိုင်တို့၏ရက်စက်ကြမ်းကြုတ်မှုများကို နိုင်ငံတကာကပင် အံ့သြထိတ်လန့်ခဲ့ရသည်။

"ထောင်တွင်းပြောင်းလဲမှုတွေကို ကြိုဆိုပါတယ်။ ဒါပေမဲ့ အမှန်တကယ် ဆေးဝါးကုသစောင့်ရှောက်မှုလိုအပ်နေတဲ့ အကျဉ်းသားတွေကို ဆေးကုသခွင့်ရဖို့ အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်ယူရတာ တော်တော်ခက်ခဲပါတယ်။ကျွန်တော်တို့က လက်တွေ့ခံစားခဲ့ရတော့ အရမ်းသိတယ်။ ဒါကြောင့် လိုအပ်တဲ့ ကုသစောင့်ရှောက်မှုတွေ အမှန်တကယ်ပေးဖို့အကျဉ်းထောင်အာဏာပိုင်တွေကို တိုက်တွန်းပါတယ်။ ဒါ့အပြင် ကျွန်တော်တို့လို အဖွဲ့တွေကို အကျဉ်းထောင်အတွင်းဝင်ရောက်လေ့လာခွင့်ပေးသင့်ပါတယ်။အခုထိ ဒါကိုပြည်ထဲရေးက ခွင့်မပြုသေးပါဘူး"ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ဦးမြင့်အောင်ကပြောသည်။

ထို့အပြင်ထောင်တွင်း ရေသန့်စက်များ တပ်လိုက်ပြီး သောက်ရေနှင့် ထမင်းဟင်းချက်ပြုတ်ခြင်းကအစ ရေသန့်သာသုံးသည်။ အင်းစိန်ထောင်ခေါင်မိုးများတွင် နွေနေပူကို အံတုနိုင်ရန် ရေပိုက်များသွယ်တန်းထားပြီး ရေဖျန်းအအေးဓာတ်ပေးထားသည်။တစ်ထောင်လုံးစီးမိုးမြင်နိုင်သည့် CCTV ကင်မရာများတပ်ထားသည်။ ကဲဒီလောက်နှင့်တော့ အင်းစိန်ထောင်ကြီး လုံးဝပြောင်းလဲသွားပြီလား။

နှစ်ရှည်လများ စနစ်ဆိုးတစ်ခုကို ပြောင်းလဲရန် မဆိုထားနှင့် အရှိန်ရပ်တန့်ရန်ပင် မလွယ်လှပေ။ထို့ကြောင့်အင်းစိန်ထောင်ကြီး လုံးဝပြောင်းလဲရန် မလွယ်ကူသေး။ လက်ရှိဆယ်တန်းဖြေခွင့်ရအောင် လုပ်ပေးသော ထောင်၏ အကြီးဆုံးထောင်ပိုင်ကြီး ဦးကျော်ဌေးက ငွေပေး၍ လုပ်ရင်ရသည့်ကိစ္စတစ်ခုမှမရှိဟု အာမခံထားသော်လည်း ဒီလောက်ကြီးသည့် ထောင်အတွင်း လုံးဝကင်းရှင်းသည်တော့ မဆိုနိုင်ပါဟု ပြောသည်။

ဥပမာ ရောဂါတစ်ခုခုကို အကြောင်းပြ၍ထောင်ဆေးရုံတွင် နှစ်ရှည်လများ တက်ရောက်ကုသခြင်း၊ ဆေးစာအတုလုပ်၍ သက်သေခံခြင်းကြောင့် အထက်ကလာရောက်စစ်ဆေးမှု ငါးကြိမ်ပြုလုပ်ထားပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

"ခုလည်းရှိနေတယ်။ ဆေးရုံမှာ ၁ နှစ်၊ ၂ နှစ်ကုနေတာ။ ထောင်ဒီလောက်ကြီးတာအားလုံးကောင်းတယ်လို့မပြောပါဘူး။ ငွေပေးပြီး လုပ်လို့ရတဲ့ ပြဿနာ မရှိဘူး။ ကျွန်တော့်လက်ထက်မှာ။ ဝန်ထမ်းတွေကို ပြောထားတယ်။ စေတနာရှိလို့ ပန်းသီးတစ်လုံးကျွေးရင် စားလိုက်။ ပုဆိုးတစ်ထည်ပေးရင် ဝတ်လိုက်။ ကျွဲကူးရေပါပေါ့။ ဒါလုပ်ပေးမယ်ဆိုပြီးတောင်းရင် ညစ်တာ။ ကျွန်တော်ကတော့ အသံကြားတာနဲ့ ပြောင်းရွှေ့ရလုပ်တယ်"ဟု၎င်းက ပြောသည်။ ယခင်က အင်းစိန်ထောင်တွင်း ကုန်ပစ္စည်းဖလှယ်ရေးအတွက် တန်ဖိုးကြီးပစ္စည်းမှာ ဆေးလိပ်ဖြစ်သည်။ ယခုဦးကျော်ဌေးလက်ထက်တွင် ကော်ဖီမစ်ထုပ်များက ထောင်ထဲတွင် ပိုက်ဆံထက် ပိုပြီး တန်ဖိုးရှိသည်။ ကော်ဖီမစ်ထုပ်သာများများဆောင်ထား။ အချိုအချဉ်ကွမ်းယာဆေးလိပ်အားလုံးသုံးစွဲနိုင်သည်။ မိလ္လာအိုးမထမ်းချင်ဘူးလား။ ကော်ဖီမစ် ၁၅ ထုပ်ပေးလျှင် အလုပ်ဖြစ်သည်။

"ရိုက်တာ၊ နှက်တာတော့ လုံးဝမရှိဘူး။ ပါးစပ်ကတော့ အပြောအဆိုနည်းနည်းကြမ်းတာပေါ့။ အလုပ်လည်း အရမ်းကြီးသေလုအောင် မခိုင်းဘူး။ မြေကြီးသယ်၊ အပင်ရေလောင်း၊ ဒါလောက်ပဲ။ ဆေးလိပ်တော့ မသောက်နဲ့။ အမှုအရမ်းကြီးတယ်။ အခုထောင်ထဲမှာ ဆေးလိပ်မိရင် တိုက်ပိတ်ခံရမယ်။ ကော်ဖီမစ်ထုပ်သာ ဆောင်ထား။ ထမင်းကတော့ သိပ်မကောင်းဘူး။ ဆန်ကွဲတွေပေါ့။ အသားဟင်း နှစ်ရက်ကျွေးတယ်။ အသားမစားတဲ့သူကို ဘဲဥသုံးလုံးကျွေးတယ်။

**အချပ်ပို** (A9) **သို့**

Sputnik SPN
TRAINING & SERVICE CENTER
မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်း
နည်းပညာ နှင့် မိုဘိုင်းဖုန်း ပြုပြင်ခြင်း ပညာကို စိတ်ပါဝင်စား လိုသူများ
အရင်းအနှီး အနည်းငယ်ဖြင့် တပိုင်တနိုင် ကိုယ်ပိုင်စီးပွားရေး ထူထောင်လို သူများ
မြန်မာနိုင်ငံ ရှိမြို့ကြီးများတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလိုသူများ
မိုဘိုင်းဖုန်း ပြုပြင်ခြင်း အားအခြေခံ မရှိသော်လည်း ကျွမ်းကျင်သည် အထိ မတတ်မချင်း သင်ကြား လေ့ကျင့်လိုသူများ
လက်ရှိ လူသုံးများလျှက် ရှိသော Model စုံ ဟန်းဆက်များ ပြုပြင်နည်းကို လက်တွေ့ကျကျ သင်ယူလိုသူများအား
ကိုယ်ပိုင်ဆိုင် ဖွင့်နိုင်သည် အထိ လုပ်ငန်းခွင် ဝင်နိုင်သည်အထိ သင်တန်း ၏ကူညီ ထောက်ပံ့ မှုကို ရရှိမည် ဖြစ်ပါသည်
Service ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်သော ဖုန်းဆိုင်များ အနေဖြင့် လည်း ဆက်သွယ်နိုင်ပါသည်
Samsung Galaxy S5,S4,S3,Note3,Note2,iPhone5s iPhone5,
စသည့် Model မြင့် ဖုန်းများ ပါဝါမလာခြင်း တို့ကို အထူးပြုပြင်ပေးနေပါသည်
2.7.2014 နှင့် 21.7.2014 တွင်တန်းခွဲအသစ်များဖွင့်ပါမည်
အမှတ်(၅)ဘီ၄၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ၊ကမာရွတ်မြို့နယ် ၊ရန်ကုန်မြို့ ဖုန်း- ၀၉၄၄ ၈၀၀ ၂၉ ၃၃၊ ၀၉ ၂၅၀ ၅၅ ၇၇ ၁၇

7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014



ရန်ကုန်မြို့ လယ်တစ်နေရာ

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# မြေယာမူဝါဒနှေးနှေး ဆောက်သည့်သူက မြန်မြန်

ပြည်သိမ်း၊ မိုးညို

မြေယာဥပဒေအားနည်းနေမှုကို ပြင်ဆင်ရန်နှင့် အထပ်မြင့် အဆောက်အအုံများ မည်သည့် မြေမျိုးတွင် ဆောက်လုပ်ခွင့် ပြုမည်ကို တိကျသေချာသည့် ဥပဒေတစ်ခုပြဋ္ဌာန်းနိုင်ရေး ပြည်သူများ ပူးပေါင်းပါဝင်ရေးဆွဲနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက စီစဉ်နေသည်။

ပုဂ္ဂလိကပိုင် မြေဖြစ်သည့် ဂရန်မြေ၊ ဘိုးဘွားပိုင်မြေတို့တွင်သာ အထပ်မြင့်တည်ဆောက်ရန် ခွင့်ပြုထားရာမှ အခြားမြေအမျိုးအစားများတွင်ပါ တည်ဆောက်နိုင်ရေးအတွက် စီစဉ်ခြင်းဖြစ်သည်။

ယခုနှစ်မှ ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအရ ရန်ကုန်မြို့လူဦးရေမှာ ရှစ်သန်းကျော် ရှိလာသဖြင့် ကျောတစ်ခင်းစာ အတွက် အခက်အခဲ ပြဿနာများ နေ့စဉ်ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ယခင်က ရန်ကုန်မြို့ပြင်ဟု သတ်မှတ်ထားသည့် မြို့နယ်များမှာပင် အထပ်မြင့် အဆောက်အအုံများ ဆက်တိုက် တည်ဆောက်လာနေသည်။

ယခုကဲ့သို့ အထပ်မြင့် အဆောက်အအုံများစွာ အဆက်မပြတ် တည်ဆောက်လာသော်လည်း အစိုးရ၏ မြေယာမူဝါဒ အပြောင်းအလဲနှေးကွေးမှုကြောင့် တိုးမြင့်လာသောအဆောက်အအုံများမှာ တရားမဝင်များဖြစ်လာသည်။

ယင်းအဆောက်အအုံများသည် အစီအစဉ်တကျ တည်ဆောက်ထားခြင်း မဟုတ်သော်လည်း မြေရှင်နှင့် ကန်ထရိုက်၏ နားလည်မှုဖြင့်သာ အဆင်ပြေနေကြကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပြောကြားကြသည်။

အထပ်မြင့်အဆောက်အအုံများကို ဘိုးဘွားပိုင်မြေနှင့် ဂရန်မြေအမျိုးအစားများတွင်သာလက်ရှိအချိန်အထိ ခွင့်ပြုထားပြီး ကျန်မြေ အမျိုးအစားများဖြစ်သော လယ်ယာမြေ၊ ဥယျာဉ်ခြံမြေတို့တွင် တည်ဆောက်ခွင့်ပေးမထားပေ။ သို့သော်မြေယာမူဝါဒမှာစည်ပင်၏ လက်ထဲတွင်သာရှိသဖြင့် မည်သည့်မြေ အမျိုးအစားတွင်မဆို အထပ်မြင့်များတည်ဆောက်နေသည်ကိုတွေ့နေရသည်။

ရန်ကုန်မြို့တွင် လက်ရှိအချိန်အထိ တရားမဝင် တည်ဆောက်ထားသည့် အထပ်မြင့် အဆောက်အအုံ အလုံး ၁၀၀၀ ကျော်ရှိလာပြီဖြစ်ပြီး ပြီးခဲ့သည့်နှစ်များနှင့် နှိုင်းယှဉ်ပါက လျော့ကျသွားခြင်းမရှိဟု ဌာနက ထုတ်ပြန်ထားသည်။ ယင်းအဆောက်အအုံများသည် စည်ပင်သာယာသို့ ဒဏ်ကြေးများ ပေးဆောင်၍ ဆောက်လုပ်ကြသည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကမကြာခဏပြောကြားလေ့ရှိသည်။

ယင်းကဲ့သို့ လျော့ကျသွားမှုမရှိခြင်းက ရန်ကုန်မြို့တွင် အထပ်မြင့် ဆောက်လုပ်ရန် သတ်မှတ်ထားသည့် မြေယာနည်းပါးလာခြင်းကို ပေါ်လွင်လာပြီ ဖြစ်သည်။ ဈေးကွက်တောင်းဆိုမှုအရ အထပ် မြင့်အဆောက်အအုံများကိုမြို့နယ်တိုင်းတွင် ဆောက်လုပ်လာကြသည်။

သို့သော် ရန်ကုန်မြို့တွင် အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်နိုင်သည့် မြေပမာဏ နည်းပါးနေပြီး ဥယျာဉ်ခြံမြေများမှာ ပိုများနေသည်။ အထူးသဖြင့် ရန်ကုန်မြို့ပြင် မြို့နယ်များ ဖြစ်သော မရမ်းကုန်း၊ အင်းစိန်၊ သင်္ဃန်းကျွန်းစသည့် မြို့နယ်များတွင် ဥယျာဉ်ခြံမြေများမှ ပိုများလျက်ရှိသည်။

အဆိုပါ မြို့နယ်များတွင် အထပ်မြင့် အဆောက်အအုံများ တည်ဆောက်ပါက တရားဝင်မဟုတ်ဘဲ မြို့တော်စည်ပင်က နှစ်စဉ်အရေးယူလျက်ရှိသည်။ ယင်းကြောင့် မြို့တွင်းပိုင်း မြို့နယ်များတွင်လည်း ဥယျာဉ်ခြံမြေများ မရှိသင့်တော့ကြောင်းပညာရှင်များက အကြံပြုပြောဆိုကြသည်။

ရန်ကုန်မြို့ အဝန်းအဝိုင်းသည် နေ့စဉ်ချဲ့ထွင်လာသည့်အတွက် မြေယာမူဝါဒနှင့် ပတ်သက်၍ အပြောင်းအလဲများပြုလုပ်ပေးသင့်ကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန ညွှန်ကြားရေးမှူးအငြိမ်းစားဦးမြင့်ဆွေက ပြောသည်။

"မြေရှားပြီး အိမ်ရာလိုအပ်ချက်တွေ များနေတော့ မြေယာစီမံခန့်ခွဲမှုကို စနစ်တကျလုပ်ဖို့လိုပြီ"ဟု ၎င်းကဆိုသည်။

ဘိုးဘွားပိုင်မြေတွင် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခွင့် ပြုထားသော်လည်း ဘိုးဘွားပိုင်မြေအများစုရှိသော ဆိတ်ငြိမ်ရပ်ကွက်များဖြစ်သည့် ရွှေတောင်ကြား၊ အင်းလျားမြိုင်၊ သံလွင်လမ်း၊ အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေနှင်းဆီလမ်း၊ အေဝမ်းလမ်းတို့တွင် အထပ်မြင့်အဆောက်အအုံများကို တည်ဆောက်ခွင့်မပေးထားပေ။

"ဥယျာဉ်ခြံမြေတွေက ဂရန်မြေဖြစ်ဖို့ဆိုရင် တစ်နှစ်နဲ့ ရှစ်လလောက်လျှောက်ရတယ်။ အဲဒါကကြာနေတယ်" ဟု ဆောက်လုပ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ယင်းကဲ့သို့ ပြောင်းလဲရန်ကြာမြင့်နေမှုကြောင့် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် တရားမဝင် တည်ဆောက်မှုများ ရှိလာခဲ့ခြင်း ဖြစ်သည်။

ထို့ကဲ့သို့ကိစ္စများဖြေလျှော့စေရန်အတွက် မြို့ရွာနှင့် အိုးအိမ် စည်ပင်နှင့် မြို့ပြပညာရှင်များ ပူးပေါင်းပါဝင်ပြီး မြို့ပြ၏ မြေယာကို မှန်ကန်စွာ စီမံခန့်ခွဲနိုင်ရန် မြို့ပြမြေအသုံးချဇုန်ကို ရေးဆွဲထားပြီး အပြီးသတ်ရန်အတွက် လူထု၏ သဘောဆန္ဒကိုသာ ကောက်ယူရန် ကျန်ရှိတော့သည်။

အဆိုပါဇုန်တွင် ကန့်သတ်နေရာများမှလွဲပြီး မြို့နယ်အားလုံး၏ ၇၀ ရာခိုင်နှုန်းတွင် အထပ်မြင့်အဆောက်အအုံများဆောက်လုပ်ရန်သတ်မှတ်ပေးထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အကြံပေးပညာရှင်ဒေါက်တာ ကျော်လတ်က ဆိုသည်။

ထို့ကြောင့် ယင်း ၇၀ ရာခိုင်နှုန်းတွင် မည်သည့်မြေအမျိုးအစားမဆို ပိုင်ဆိုင်မှု မှန်ကန်ပါက အထပ်မြင့်အဆောက်အအုံတည်ဆောက်နိုင်မည်ဖြစ်သည်။

"အခုသုံးနေတဲ့ မြေယာဥပဒေက အားနည်းနေတယ်။ ဒါကိုပဲ ပြင်ပေးရမှာ အခုရေးဆွဲနေတဲ့ ဇုန်ဥပဒေမှာ ဒါတွေပါမယ်လို့တော့ သိထားရတယ်"ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရန်ဝင်းကပြောသည်။

အထူးသဖြင့် မြို့တွင်း၌ စုပြုံတိုးဝှေ့တည်ဆောက်နေခြင်းထက် မြို့ပြင်ဧရိယာများတွင် ပိုမိုတည်ဆောက်နိုင်ရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို တွန်းအားပေးလာနိုင်သည့် ဥပဒေတစ်ရပ်ဖြစ်ပေါ်လာနိုင်ကြောင်း ဦးရန်ဝင်းကဆိုသည်။

ရန်ကုန်မြို့တွင် နှစ်စဉ်တိုးတက်လာသည့် လူဦးရေကြောင့် လူနေတိုက်ခန်းများ တစ်နှစ်လျှင် သုံးသိန်းကျော်ခန့်လိုအပ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း ပြောကြားဖူးသည်။ သို့သော် ပုဂ္ဂလိကကဏ္ဍမှ ဆောက်လုပ်နိုင်သည့် ရာခိုင်နှုန်းမှာ ၁၀ ရာခိုင်နှုန်းခန့်သာ ရှိသည်။

မြေတန်ဖိုးတစ်နေ့တခြား ကြီးမြင့်လာခြင်း၊ မြို့ကွက်ဧရိယာချဲ့ထွင်မှုနှေးကွေးခြင်း၊ လူဦးရေတိုးတက်မှုမြန်ဆန်ခြင်းတို့ကြောင့် မြို့အနီးအနားတစ်ဝိုက်ရှိ လယ်မြေများကိုပါ ငွေကြေးတတ်နိုင်သူများက ဝယ်ယူရင်းနှီးမြှုပ်နှံလာကြသည်။ မြေရှားပါးမှုကို အခွင့်ကောင်းယူ၍ မြေကို ကုန်ပစ္စည်းသဖွယ် ဈေးကစားချင်သူများကြောင့် မြေဈေးများမှာ လွန်စွာမြင့်မားလာခဲ့သည်။

ထို့ကြောင့် ရန်ကုန်မြို့ပြင် မြို့နယ်တချို့ရှိ လယ်ယာမြေများကို အိမ်ရာကွက်များရိုက်၍ ရောင်းစားမှုများလည်းရှိနေသည်။

လယ်ယာမြေများကို လူနေအိမ်များ၊ စက်သုံးဆီဆိုင်များ၊ စီးပွားရေးနှင့်ဆိုင်သော အဆောက်အအုံများတည်ဆောက်မှုများစွာ ရှိလာသည်။ လယ်ယာမြေဥပဒေတွင် လယ်ယာမြေကိုအခြားသော နည်းလမ်းဖြင့် အသုံးပြုခွင့် မရှိပေ။ သို့သော် ဒေသအာဏာပိုင် အစိုးရနှင့် လုပ်ငန်းရှင်များ ပူးပေါင်း၍ မြေရှားပါးမှုအပေါ် အခွင့်ကောင်းယူပြီး လက်တစ်လုံးခြားပြုလုပ်၍ လယ်ယာမြေများကို အရောင်းအဝယ်ပြုလုပ်နေကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမား အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

ယင်းကဲ့သို့ ရန်ကုန်မြို့ပြ မြေယာဥပဒေ အားနည်းမှုက အဆောက်အအုံတည်ဆောက်သည့် ကန်ထရိုက်များအတွက် တရားမဝင်တည်ဆောက်မှုများကို ပိုမိုဖြစ်စေလာကြောင်း ဆောက်လုပ်ရေး လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

Education

7 DAY NEWS JOURNAL

Vol.13, No.15 • JUNE 18 , 2014

# သတင်းအချက်အလက်နှင့် အလှမ်းဝေးနေဆဲဖြစ်သော အဝေးသင်ပညာရေး

■ ဇော်မျိုးလှိုင်

လက်ရှိမြန်မာနိုင်ငံတွင် အဆင့်မြင့် ပညာမြှင့်တင်ရေးအတွက်အရှိန် အဟုန်ဖြင့် ဆောင်ရွက်နေသော်လည်းအဝေးသင်တက္ကသိုလ်တက် ရောက်မည့်ကျောင်းသူ၊ ကျောင်းသားများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေဆဲဖြစ်သည်။

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်များ၌ ပုံမှန်ဘွဲ့ကြိုသင်တန်းတက်ရောက်နေသော ကျောင်းသားဦးရေသည် တစ်သိန်းခုနစ်သောင်းကျော်ရှိပြီး အဝေးသင်တက္ကသိုလ်တက်ရောက်ပညာသင်ယူနေသောကျောင်းသားဦးရေမှာ သုံးသိန်းတစ်သောင်းကျော်ဖြင့် ပုံမှန်တက္ကသိုလ်တက်ရောက်သူများ ထက်နှစ်ဆနီးပါးများပြားနေခဲ့သည်။

ပြီးခဲ့သည့် ပညာသင်နှစ်များတွင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များက ကျောင်းလက်ခံမှုနှုန်းကို လျှော့ချခဲ့သောကြောင့် ယခုနှစ်ပညာသင်နှစ်တွင် အဝေးသင်တက္ကသိုလ် တက်ရောက်သူနှစ်သောင်းကျော်ပိုမိုမြင့်တက်လာခဲ့သည်။

အဝေးသင်တက္ကသိုလ်တက်ရောက်သူအများစုမှာ အလုပ်လုပ်နေသူများဖြစ်ပြီး အလုပ်တွင်သာအချိန်ကုန်နေရသောကြောင့် အဝေးသင်တက္ကသိုလ်မှ ထုတ်ပြန်ကြေညာသည့် သတင်းအချက်အလက်များကို အချိန်မီမသိရှိသောကြောင့် အဖြေလွှာစာစဉ်(Assignment)တင်သည့်ရက်နောက်ကျခြင်း၊ ကျောင်းအပ်နောက်ကျခြင်းနှင့် အနီးကပ်ဆယ်ရက်ကိုမတက်နိုင်ခြင်းစသည့်အခက်အခဲများဖြင့် ရင်ဆိုင်ရလေ့ရှိသည်။




*အဆင့်မြင့်ပညာရေးစနစ်ဖြစ်ရန် ကြိုးပမ်းနေသော်လည်း ကျောင်းသားအများစုမှာ အဝေးသင်ပညာရေးကိုသာ အားထားနေရဆဲဖြစ်သည်* ဓာတ်ပုံ – နစ်ကီ

အမိကမှာ အဝေးသင်တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသူ၊ကျောင်းသားများမှာ ကျောင်းနှင့် အလှမ်းဝေးကွာနေခြင်း၊ စာသင်နှစ်တစ်နှစ်လျှင်အနီးကပ် ဆယ်ရက်သာတက်ရောက်ကာ စာမေးပွဲဖြေဆိုရပြီးကျောင်းစာသင်နှစ်ကုန်ဆုံးလျှင် ဘွဲ့ရလေ့ရှိကြသည်။

အဝေးသင်တက္ကသိုလ်များ၏ သင်ကြားရေးစနစ်မှာ ပြဋ္ဌာန်းစာအုပ်၊ လေ့လာမှုလမ်းညွှန်စာအုပ်များ၊ ဗီဒီယိုခွေ၊ အင်တာနက်နှင့် နိုင်ငံပိုင်ရုပ်သံမီဒီယာများမှ တစ်ဆင့်သက်ဆိုင်ရာဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

အဝေးသင်တက္ကသိုလ်ပညာသင်ယူနေသူများအနေဖြင့် အဖြေလွှာစာစဉ်(Assignment)များကို မေလကုန်တွင် ပထမအကြိမ်နှင့် ဩဂုတ်လကုန်တွင်ဒုတိယအကြိမ် ဖြေဆိုတင်သွင်းကြရလေ့ရှိသည်။ သိပ္ပံဘာသာတွဲများ အနေဖြင့် လက်တွေ့သင်ကြားခြင်း(Practical Training)ကိုတစ်ပတ်လျှင်နှစ်ကြိမ် သီတင်းရက်သတ္တပတ်ပိတ်ရက်များတွင် တက်ရောက်သင်ကြားရပြီးအတန်းတင်စာမေးပွဲဖြေဆိုရာတွင် အခက်အခဲမရှိစေရန် စာမေးပွဲမဖြေဆိုမီ အနီးကပ်ဆယ်ရက်သင်ကြားပေးသည်။

အဆိုပါအဖြေလွှာစာစဉ်(Assignment)များကို တင်သွင်းရာတွင် လက်ခံသည့်ကျောင်းသားရေးရာမှ ဝန်ထမ်းအင်အားမလုံလောက်ခြင်းနှင့် လာရောက်တင်သွင်းသည့် ကျောင်းသားဦးရေများပြားခြင်းတို့ကြောင့် အချိန်ကုန်၊လူပင်ပန်းခြင်းများ ရင်ဆိုင်နေကြရသည်။

"တစ်ခါတလေ အဆိုင်းမန့်က ဘယ်နေ့နောက်ဆုံးတင်ရမှာလဲမသိဘူး။ နောက်ကျတဲ့အတွက် ရက်တိုးပေးတယ်ပြောတယ်။ ဒါပေမဲ့ တိုးပေးတာက ဒုတိယနှစ်၊ ပထမနှစ်မပါဘူးဖြစ်ပြန်ရော။ မသိလို့ ကျောင်းသားရေးရာကို ဝင်မေးပြန်ရင်လည်း ရင့်ရင့်သီးသီးပြန်ပြောတော့ မမေးဘဲသူငယ်ချင်းတွေကိုပဲ ထူးရင်ပြောဖို့မှာထားရတယ်။ သူငယ်ချင်းတစ်ယောက်ဆိုစာမေးပွဲဖြေရမယ့်ရက်ကို မသိလို့ တစ်နှစ်ကျသွားဖူးတယ်"ဟုအထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်နေသည့် အဝေးသင်တက္ကသိုလ်ဒုတိယနှစ်ကျောင်းသူမနန္ဒာကပြောပြသည်။

အနီးကပ် ၁၀ရက်ကျောင်းတက်ချိန်နှင့် စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း အဝေးသင်တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများအမိကကြုံတွေ့ရသည့်ပြဿနာတစ်ခုမှာ မိမိတို့၏ ဘာသာရပ်များကို သင်ကြားပေးနေသည့်အဆောင်များနှင့်ဖြေဆိုရမည့် အဆောင်များကို လိုက်လံရှာဖွေရခြင်းပင်ဖြစ်သည်။

"အမိကက ကျောင်းသားတွေအတွက် Information Center လိုမျိုး ထားပေးနိုင်ရင်ကောင်းတယ်။ အခုက ကိုယ်တက်ရမယ့်အခန်းကို A4စာရွက်တစ်ရွက်တည်းနဲ့ပဲ ကပ်ထားတယ်။ ခုကအဆိုင်းမန့်တင်တဲ့အချိန်မေးတာပဲဖြစ်ဖြစ်၊ အခန်းမှားဝင်မိတာပဲဖြစ်ဖြစ် အရမ်းငေါက်တယ်။ အကုန်လုံးက ကျောင်းပဲလာတက်နေရတာမဟုတ်တော့ ဘယ်နေရာဘာရှိမလဲဆိုတာ မသိတဲ့လူတွေချည်းပဲ"ဟုအဝေးသင်တက္ကသိုလ်ပထဝီဝင်မေဂျာ ပထမနှစ်ကျောင်းသားကိုနိုင်လင်းကပြောသည်။

နောက်ထပ်ကြုံတွေ့ရမည့်အခက်အခဲမှာ ကျောင်းအပ်ချိန်ကြေညာရာတွင် အဝေးသင်တက္ကသိုလ်ရှိ ကြော်ငြာဆိုင်းဘုတ်တွင်သာကြေညာထားခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ကျောင်းသူ၊ကျောင်းသားများမသိရှိနိုင်ဘဲ ကျောင်းအပ်နောက်ကျသည့်အခက်အခဲတစ်ခုဖြစ်သည်။

"အဝေးသင်ကျောင်းအပ်တာက ခါတိုင်းငါးလပိုင်းနောက်ဆုံး လက်ခံနေကျကို ဒီနှစ်တော့ သုံးလပိုင်းနဲ့ ပိတ်လိုက်တော့ ကျောင်းသားတစ်ထောင်ကျော်လောက်ကျောင်းအပ်ခွင့်ဆုံးရှုံးသွားတယ်။ အဲဒါက ကြိမ်ဖန်များစွာကျောင်းအပ်ခွင့်ကို တောင်းဆိုခဲ့လို့ အခုနောက်တိုးအနေနဲ့ ဇွန် ၃၀ရက်အထိကျောင်းအပ်ခွင့်ရတယ်။ ဒီလိုနောက်တိုးအပ်ခွင့်ရတယ်ဆိုတာကို သူတို့ကလည်း မကြေညာပေးဘူး။ ရှေ့က နံရံကပ်ကြေညာဆိုင်းဘုတ်မှာပဲ ကပ်ထားတယ်။ အိမ်ကိုလည်းအကြောင်းမကြားတော့ မသိတဲ့လူတွေအများကြီးရှိတယ်"ဟု ဒဂုံတက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌမင်းသုခကပြောသည်။

စာမျက်နှာ (၁၉) သို့



7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# အလယ်တန်းကျောင်း ၁၃၀ကျော်ကို အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ ဇွန်-၁၄**

ယခုပညာသင်နှစ်တွင် အမှတ်(၁) အခြေခံပညာဦးစီးဌာန လက်အောက်ရှိ အခြေခံပညာအလယ်တန်းကျောင်း ၁၃၀ကျော်ကို အထက်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရန်ခွင့်ပြုချက်ချပေးထားပြီးဖြစ်ကြောင်း အမှတ်(၁)အခြေခံပညာဦးစီးဌာနမှ သတင်းရရှိသည်။

ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့၊အနောက်)၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှကျေးလက်ဒေသများရှိ အလယ်တန်းကျောင်းများနှင့် ကျောင်းအဆင့်တိုးမြှင့်ရန်အဆင့်ဆင့်မှ ထောက်ခံတင်ပြသည့် အလယ်တန်းကျောင်းပေါင်း ၁၃၉ ကျောင်းကို အထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပေးလိုက်ခြင်းဖြစ်သည်။

"အထက်တန်းကျောင်းတွေက မြို့ပေါ်တို့၊ ရွာကြီးတို့မှာ ရှိတာဆိုတော့ ရွာစွန်၊ ရွာသိမ်၊ ရွာငယ်တွေမှာကျတော့ ၉တန်း၊ ၁၀တန်းလာတက်ရတာ ခက်တာပေါ့။ ကိုယ့်အရပ်၊ ကိုယ့်ဒေသမှာ ၉တန်း ၁၀တန်းအထိ သင်ခွင့်ရအောင်လို့ပါ။ ကျောင်းသားတွေအတွက် ပညာသင်ယူမှုအခွင့်အလမ်းတွေပိုများသွားတာပေါ့"ဟု အမှတ်(၁) အခြေခံပညာဦးစီးဌာန(စီမံ)ညွှန်ကြားရေးမှူးဦးညွန့်စိုးက ပြောသည်။

အမှတ်(၁)အခြေခံပညာဦးစီးဌာနမှဇွန်လ၅ရက်တွင်ပထမအသုတ်နေဖြင့်အလယ်တန်းကျောင်း ၇၉ကျောင်းနှင့် ဇွန်လ၁၀ ရက်တွင် ဒုတိယအသုတ်ကျောင်း ၆၀ ကို အထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ရန်ခွင့်ပြုချက်ချပေးကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။

ပထမအသုတ်အဖြစ်အထက်တန်းကျောင်း(ခွဲ)ဖွင့်လှစ်ခွင့်ရရှိခဲ့သည့် အလယ်တန်းကျောင်းများမှာ ကရင်ပြည်နယ်မှ ၁၀ ကျောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ၅ကျောင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)မှ ၁၀ကျောင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်)မှ ၉ ကျောင်း၊ မွန်ပြည်နယ်မှ၇ကျောင်း ရခိုင်ပြည်နယ်မှ ၁၃ ကျောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၂၅ ကျောင်းတို့ဖြစ်ကြသည်။

# နိုင်ငံတကာကျောင်းများမှကျောင်းသားများ အခြေခံပညာကျောင်းသို့ ပြောင်းလိုလျှင် Placement Test ဖြေဆိုတက်ရောက်နိုင်

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ ဇွန်-၁၄**

နိုင်ငံတကာကျောင်းများနှင့်ပြည်တွင်းရှိ နိုင်ငံတကာသင်ရိုးနှင့်သင်ကြားသောပုဂ္ဂလိကကျောင်းများမှ ယခုပညာသင်နှစ်တွင် ကျောင်းသားများ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများသို့ ပြောင်းရွှေ့သင်ကြားလိုပါက Placement Test ဖြေဆိုရန် လျှောက်လွှာခေါ်ယူနေပြီဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ ဇွန် ၁၃ရက်က သတင်းထုတ်ပြန်ထားသည်။

Placement Testကို ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံပိုင်သတင်းစာများမှ လျှောက်လွှာခေါ်ယူခြင်းဖြစ်ပြီး နှစ်စဉ်မတ်လအတွင်း Placement Test ဖြေဆို၍ မေလအတွင်း အောင်စာရင်းထုတ်ပြန်ပေးသွားရန် စီစဉ်ထားကြောင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမင်းဇော်ကပြောသည်။

"အခုက လျှောက်လွှာခေါ်ယူထားတာပါ။ပြီးတော့လာလျှောက်ဖို့အတွက် လျှောက်လွှာတွေကို သက်ဆိုင်ရာနေရာတွေမှာ အခမဲ့ထုတ်ယူပြီးလျှောက်ထားနိုင်ပါတယ်။ စာမေးပွဲဖြေရမယ့်ရက်ကိုတော့ ထပ်ပြီးထုတ်ပြန်ကြေညာပေးသွားမှာပါ"ဟု ဦးမင်းဇော်က ပြောသည်။

လျှောက်ထားသူများသည် မိမိတက်ရောက်ခဲ့သည့်ကျောင်းမှ ဖြေဆိုအောင်မြင်ခဲ့သည့် Levelကို ကျောင်းထောက်ခံစာမူရင်း(သို့)အောင်လက်မှတ်မူရင်း၊ မွေးစာရင်းမူရင်း(သို့)အသက်အတွက် ထောက်ခံချက်တစ်ခုခုဖြင့် တင်ပြလျှောက်ထားရမည်ဖြစ်သည်။

အခြေခံပညာကျောင်းများသို့ ပြန်လည်တက်ရောက်လိုသူများသည် သင်ကြားပြီးမြောက်ခဲ့သည့် Level၏တစ်ဆင့်နိမ့်အတန်းမှ ပညာရေးဝန်ကြီးဌာန၏အတန်းအလိုက်သတ်မှတ်ထားသောသင်ရိုးညွှန်းတမ်းအတိုင်းဘာသာရပ်များကို Placement Testဖြေဆိုရမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်ထားသည်။

"အချို့သော International School တက်နေတဲ့သူများက အကြောင်းအမျိုးမျိုးကြောင့်ဒီဘက်ကျောင်းကို တက်ချင်တဲ့လူတွေရှိတယ်။ ပြည်ပကိုရောက်နေတဲ့ကလေးတွေ အထူးသဖြင့် နယ်စပ်ဒေသကနေ တစ်ဖက်နိုင်ငံမှာသွားရောက်သင်ကြားနေရတဲ့ကလေးတွေရှိတယ်။ အားလုံးညီညွတ်တဲ့အခါကျတော့ ပြန်လာကြတဲ့အခါ ဟိုဘက်မှာအောင်မြင်ခဲ့တဲ့အတန်းနဲ့ ချိတ်ဆက်ပြီးတော့ Place ment Test ဖြေပြီးသင်ကြားခွင့်ရအောင် အခွင့်အလမ်းပေးတဲ့သဘောပါ"ဟု ဦးမင်းဇော်ကပြောသည်။

လျှောက်ထားလိုသူများသည် Placement Testဖြေဆိုခွင့် လျှောက်လွှာများကို အမှတ်(၁၊၂) အခြေခံပညာဦးစီးဌာနများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနအတွက်လက်ထောက်ညွှန်ကြားရေးမှူး(သင်ကြား)ရုံးခန်း၊ အမှတ် ၅၉၁၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်တွင် ဇွန် ၁၃ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး ဇွန် ၂၀နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

SCG Sharing the Dream 2014



အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(ASEAN) ၏ ရှေ့ဆောင်လုပ်ငန်းစုကြီးတစ်ခုဖြစ်သော SCG သည် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိအထက်တန်းကျောင်းသူကျောင်းသား ၂၀၀ တို့အား ပညာသင် ဆုများပေးအပ်ထားပါသည်။

လိုအပ်ချက်များ
- အခြေခံပညာအထက်တန်း အဆင့်နဂမတန်း(Grade 10) (သို့မဟုတ်) ဒသမတန်း (Grade 11) တွင်လက်ရှိပညာသင်ကြားနေသူ ဖြစ်ရပါမည်။
- ရန်ကုန်တိုင်းဒေသကြီး (သို့မဟုတ်) မွန်ပြည်နယ်တို့တွင် အမြဲတမ်းနေထိုင်သူဖြစ်ရပါမည်။
- ပညာသင်ဆုအား ဝင်ငွေနည်းပါးသော မိသားစုများမှ **ကျောင်းသားကျောင်းသူများ မည်သူမဆိုဝင်ရောက်** လျှောက်ထားနိုင်ပါသည်။ အရွေးချယ်ခံရသူများအားတစ်ဦးလျှင် ပညာသင်ထောက်ပံ့စရိတ် နှင့် ကျောင်းသုံးပစ္စည်းများဝယ်ယူရန်အတွက် ငွေကျပ် ၂၀၀,၀၀၀ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည့်အပြင် ပညာရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတစ်ခုသို့လည်း တက်ရောက်ခွင့် ရရှိမည်ဖြစ်ပါသည်။

လျှောက်ထားခြင်း
- လျှောက်ထားမည့်ကျောင်းသူကျောင်းသားများအနေဖြင့် အချက်အလက်များဖြည့်သွင်းရန်ပုံစံ အား သက်ဆိုင်ရာကျောင်းရုံးခန်းတွင်ထုတ်ယူပြီး ပြည့်စုံစွာဖြည့်သွင်းကြရမည်ဖြစ်ပါသည်။ အချက်အလက် ပုံစံတွင် အိမ်တွင်မိဘများအား မည်သို့မည်ပုံကူညီလုပ်ကိုင်ပေးသည်ဆိုသည့်အချက်များပြည့်စုံစွာ ဖော်ပြရေးသားထားသော စာပိုဒ်တစ်ပိုဒ်ပါဝင်ရမည်ဖြစ်ပါသည်။
- အချက်အလက်ပုံစံအားပြန်လည်ပေးပို့ရာတွင် မိမိ၏ဓါတ်ပုံတစ်ပုံ၊ အတန်းပိုင်ဆရာ၏ ထောက်ခံချက်၊ မိမိ၏ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များကို ထည့်သွင်း ဖော်ပြပေးရပါမည်။
- အချက်အလက်ပုံစံနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအပြည့်အစုံအား ၂၀၁၄ခုနှစ်၊ ဇွန်လ(၂၃)ရက် မှ ဇူလိုင်လ(၁၈)ရက် ကာလအတွင်း ပြန်လည်ပေးပို့လျှောက် ထားကြရမည်ဖြစ်ပါသည်။

ပိုမိုသိရှိလိုပါကအောက်ဖော်ပြပါ လိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ကြပါသည်။
Myanmar Business Executive Association (MBE)
ဆက်သွယ်ရမည့်သူ ....................မရွှေစင်နွယ်
ရုံးသုံးတယ်လီဖုန်း........................၀၁ ၅၁၆၆၃၉
ရုံးလိပ်စာ.................အခန်းနံပါတ် ၆၀၄၊ ပန်းခြံ တာဝါ၊ အမှတ် (၈) ဘားဂရာလမ်း၊ ဘားဂရာလမ်းနှင့် မဟာဗန္ဓုလ လမ်းထောင့်၊စမ်းချောင်း မြို့နယ်၊ ရန်ကုန်။

100 YEARS SCG

ရ ရက် နေ့စဉ်သတင်းစာ
7DAY DAILY
INSIGHT, IN DEPTH & INDEPENDENCE

သတင်းစာလက်ဖွေ့အရောင်းဝန်ထမ်းအလိုရှိသည်

7Day Daily သည် နေ့စဉ်ထုတ်ဝေလျက်ရှိသော သတင်းစာတစ်စောင် ဖြစ်ပါသည်။ သတင်းစာအရောင်းမြှင့်တင်ရန်အတွက် အချိန်ပိုင်းလက်ဖွေ့အရောင်းဝန်ထမ်းများ အလိုရှိသည်။ အခြေခံလစာနှင့်အတူ ထိုက်တန်သော ကော်မရှင်ပေးမည်။ ခရီးစရိတ်ပါပေးမည်။

လက်ဖွေ့အရောင်းဝန်ထမ်း ကျား (၁၀)ဦး

- အသက်(၁၇)နှစ်မှ (၄၀)နှစ်အတွင်းရှိရမည်။
- ရန်ကုန်မြို့ လူစည်ကားရာ လမ်းဆုံ၊ မီးပွိုင့်များတွင် ရောင်းချရမည်။
- ကျန်းမာရေးကောင်း၍ သွက်လက်ဖျတ်လတ်ရမည်။
- အလုပ်ချိန် - မနက်(၆)နာရီမှ (၁၀း၃၀)နာရီအထိသာ။

စမိုင်းချော်တွင်းကုန်း၊ အင်းစိန်ဇော်ဘွားကြီးကုန်း၊ ဆူးလေ အနီးတဝိုက်နေထိုင်သူများ ဦးစားပေးမည်။ အခြားမြို့နယ်များမှလည်း စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်သည်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ပထမထပ် ၊ တိုက် (E)၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၁၂၈၈၇, ၅၁၃၅၁၅~၅၁၉

# အလုပ်ရှင်၊ အလုပ်သမား ချိတ်ဆက်ပေးမည့် ဝန်ဆောင်မှုဝက်ဘ်ဆိုက်လွှင့်တင်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇွန်-၁၅**

ဂျပန်နည်းပညာကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ထားသည့် အလုပ်အကိုင်ရှာဖွေမှုဝက်ဘ်ဆိုက်ကိုဇွန်လ ၁၄ ရက်မှစ၍လွှင့်တင်ထားပြီဖြစ်ကြောင်း Dream Job Myanmar ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဒေါ်ဇာခြည်လွင်က ပြောသည်။

အဆိုပါ Dream Job ဝက်ဘ်ဆိုက်သည် ဂျပန်နိုင်ငံမှ Mulodo နည်းပညာကုမ္ပဏီနှင့်ပူးပေါင်းလွှင့်တင်ခဲ့သည့်အတွက် အလုပ်ရှာဖွေသူများအနေဖြင့် မိုဘိုင်းဖုန်းမှတစ်ဆင့် အလွယ်တကူမြန်ဆန်စွာရှာဖွေကြည့်ရှုနိုင်သည့်အပြင် လိုအပ်သလိုချုံ့ချဲ့ကြည့်ရှုနိုင်ကြောင်းသိရသည်။

"ဒီအွန်လိုင်းစနစ်မလုပ်ခင်က အရင်စစ်တမ်းကောက်ကြည့်တဲ့အခါ မြန်မာနိုင်ငံမှာ နောက်ပိုင်းဆို ဟန်းဆက်အသုံးပြုသူပိုများလာမှာဆိုတော့ အခုဖုန်းကနေ ဒေတာတွေကိုချုံ့ချဲ့ပြီး ကြည့်နိုင်တာက အခြားအွန်လိုင်းအလုပ်ရှာဖွေရေးနည်းစနစ်တွေထက် အားသာချက်တစ်ခုပါ။ အလုပ်သမားအလုပ်ရဖို့အာမခံချက်ကတော့ သူ့အပေါ်မှာပဲမူတည်ပါတယ်။ အလုပ်လျှောက်လွှာမှာ ပြည့်ပြည့်စုံစုံဖော်ပြထားဖို့လိုအပ်ပါတယ်" ဟု ဒေါ်ဇာခြည်လွင်ကပြောသည်။




*ဝက်ဘ်ဆိုက်စတင်လွှင့်တင်ခြင်းအခမ်းအနားကျင်းပစဉ်* Dream Job Myanmar

အလုပ်ရှာဖွေသူများအွန်လိုင်းစနစ်ဖြင့်အလုပ်လျှောက်ထားခြင်းဖြင့် အချိန်ကုန်ငွေကုန်သက်သာပြီး လူကိုယ်တိုင်လာရောက်လျှောက်ထားစရာမလိုကြောင်း သိရသည်။ ထို့အပြင် ယခု Dream Jobo ဝက်ဘ်ဆိုက်တွင်လုပ်သား ခေါ်ယူကမ်းလှမ်းသည့်အလုပ်ရှင်များအား ဝန်ဆောင်ခနှုန်းထားမှာ လစဉ်သုံးစွဲနှုန်းပေါ်မူတည်၍ ကောက်ခံသွားမည်ဖြစ်ပြီး အနိမ့်ဆုံးငွေကျပ်တစ်သိန်းမှစတင်၍ ကောက်ခံသွားမည်ဖြစ်သည်။

ယခုအခါ ပြည်တွင်းတွင် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့်ပြည်တွင်းကုမ္ပဏီများနှင့်လုပ်ငန်းချိတ်ဆက် လုပ်ကိုင်လာသည်နှင့်အမျှ ကျွမ်းကျင်ဝန်ထမ်းများရှားပါးလာသည်။ ထို့ကြောင့် Dream Job မှကျွမ်းကျင်လုပ်သားများရှာဖွေစုဆောင်း၍ ခန့်အပ်နိုင်ရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ ထို့အပြင် လုပ်ငန်းစတင်လုပ်ကိုင်သည့်အချိန်မှစ၍ ခြောက်လအတွင်း ကုမ္ပဏီတစ်ထောင်ခန့်မှ လုပ်သားသုံးသောင်းခန့်အား အလုပ်နေရာပေးနိုင်ရန် မျှော်မှန်းထားသည်။

လက်ရှိပြည်တွင်းလုပ်သားအများစုသည် လုပ်ခလစာကျပ်နှစ်သိန်းနှင့်အထက်ရရှိရန်လျှောက်ထားကြပြီးစာရင်းအင်း၊ စီမံရေးရာနှင့် လူ့စွမ်းအားအရင်း အမြစ်ဆိုင်ရာအလုပ်နေရာမျိုးတို့ကိုပို၍အလုပ်လျှောက်ထားမှုပိုများကြောင်း Dream Job ၏စစ်တမ်းကောက်ခံချက်တွင်ဖော်ပြထားသည်။

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**
Senior Accountant(ACCA,D.A,B.Com) F (2) Posts
Junior Accountant (LCCI Level III) F (1) Post
Office Staff M/F (2) Posts
Showroom Sales Man M (1) Post
PH:01 700692,09 5043068

---

**ဝန်ထမ်းအလိုရှိသည်**
Marketing ကျား/မ (၂) ဦး
ဘွဲ့ရ၊ Marketing အတွေ့အကြုံရှိသူ။
Production Assistant ကျား (၁) ဦး
ဘွဲ့ရ၊ Company Production လုပ်ငန်းများ လုပ်ကိုင်နိုင်သူ။
illustrator ကျား/မ (၁) ဦး
illustrator နှင့် Graphic Design ရေးဆွဲတတ်သူ။
ဖုန်း–၀၁ ၅၀၇၁၀၂၊ ၅၂၁၂၀၀

---

**ဝန်ထမ်းအလိုရှိသည်**
Office Staff M/F (5) Posts
Marketing Staff M/F (3) Posts
Sale Staff M/F (10) Posts
Accountant M/F (5) Posts
Store M/F (5) Posts
Receptionist M/F (3) Posts
PH:09 401579330

---

**ဝန်ထမ်းအလိုရှိသည်**
Receptionist F (4) Posts
Housekeeping M/F (6) Posts
Waiter M (10) Posts
ဓားကိုင် Kitchen M (2) Posts
Laundry F (2) Posts
PH:09 420084555

---

**ဝန်ထမ်းအလိုရှိသည်**
Sales & marketing Manager M/F(1) Post
Sales & marketing Staff M/F (10) Posts
Graphic Designer M/F (1) Post
Android Developer M/F (2) Posts
Email:hr.directoryservice@gmail.com
PH:95–9–8635828

---

**ဝန်ထမ်းအလိုရှိသည်**
ပွဲရုံ စာရေး၊ စာရေးမအလိုရှိသည်။
ဘွဲ့ရ၊ ရိုးသား၊ ကြိုးစားပြီး အနည်းဆုံးတစ်နှစ်လုပ်နိုင်ရမည်။
လစာ–ရှစ်သောင်းကျပ်။
ဖုန်း–၀၉ ၇၃၂၃၄၁၃၂

---

**ဝန်ထမ်းအလိုရှိသည်**
အငယ်တန်းအင်ဂျင်နီယာ (JE) ကျား (၁) ဦး၊ AGTI (Civil),B.Tech (Civil) တောင်ငူ လုပ်ငန်းခွင်ရုံး၌ နေထိုင်ရမည်။
အမှတ် (၁၈)၊ ငါးလွှာ၊ ရွှေသရဖီရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်။
ဖုန်း–၀၁ ၅၃၀၇၁၃

---

**ဝန်ထမ်းအလိုရှိသည်**
**အမြတ်မ်းစံ အိမ်ခြံမြေအကျိုးဆောင်**
အမျိုးသမီး marketing ဝန်ထမ်းအလိုရှိသည်။ Commission ကောင်းကောင်းရပါမည်။
C–119,GF,မုဒိတာ ကွန်ဒို၊ ဗဟိုလမ်း၊ သမိုင်းလမ်းဆုံအနီး၊ မရမ်းကုန်းမြို့နယ်။
ဖုန်း–၀၉ ၃၁၇၇၆၄၇၇

---

**ဝန်ထမ်းအလိုရှိသည်**
Project Manager M (1) Post
Project Architect M/F (2) Posts
BE(Civil Engineer) M (1) Post
QS (Quality Surveory) M/F (2) Posts
Driver M (5) Posts
Email:hr@beavergroup.net
PH:09 31587221

---

**ဝန်ထမ်းအလိုရှိသည်**
ဆိုင်ဝန်ထမ်း ကျား (၁) ဦး
အလုပ်ချိန် နံနက် (၁၀) နာရီမှ ည (၉နာရီခွဲ)အထိ အခြေခံလစာ ငါးသောင်းကျပ်+ရက်မှန်ကြေး၊ တစ်လ ခွင့် နှစ်ရက်၊ သဃ်န်းကျွန်း၊ သုဝဏ္ဏနေထိုင်သူ ဦးစားပေးမည်။
ဖုန်း–၀၉ ၄၂၀၀၉၄၂၈၅

---

**ဝန်ထမ်းအလိုရှိသည်**
စိုက်ပျိုးရေးခြံလုပ်သား (၁၀) ဦး
(စရိတ်ငြိမ်း–ခြောက်သောင်းကျပ်)။
ဖုန်း–၀၉ ၇၃၁၉၈၂၆၆

---

**ဝန်ထမ်းအလိုရှိသည်**
Media Intelligence (Myanmar) Ltd
Media Buyer M (1) Post
ဘွဲ့ရ၊ Microsoft Office ကျွမ်းကျင်၊ Team Work ကောင်းရမည်။
အမှတ် (၅)၊ သဇင်လမ်း၊ လှိုင်ရတနာအိမ်ရာ၊ ၉ ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း–၀၁ ၅၀၇၁၀၂

---

**ဝန်ထမ်းအလိုရှိသည်**
Marketing Manager (1) Post
Manager (1) Post
ယာဉ်မောင်း (2) Posts
စတိုစာရေး (2) Posts
ဖုန်း–၀၉ ၇၃၁၉၉၄၁၀

---

**ဝန်ထမ်းအလိုရှိသည်**
အကူစက်ချုပ်ကျွမ်းကျင်အလိုရှိသည်။
(နေစားငြိမ်း (သို့) အထည်ကောက်)။
ဖုန်း–၀၉ ၄၂၅၀၂၁၄၄၇

---

**ဝန်ထမ်းအလိုရှိသည်**
ဖုန်းနှင့်ပတ်သက်သည့် Software & hardware လုပ်သက် တစ်နှစ် ကျွမ်းကျင်သူ (၁) ဦး။ ဆိုင် (၁)၊ အမှတ် (၃) လမ်းမကြီး၊ ကန်သာယာမှတ်တိုင်၊ ည ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်။
ဖုန်း–၀၉ ၄၃၀၅၂၁၆၂

---

**ဝန်ထမ်းအလိုရှိသည်**
Office Staff F (1) Post
Sale & Marketing F (2) Posts
lionempressestate@gmail.com
No.253, Room–102,1st Floor (No– 1 Fashion Shop Upper Floor) Bargayar Condo,Bargayar Rd,Myay Ni Gone.

---

**ဝန်ထမ်းအလိုရှိသည်**
ငွေကိုင်နှင့် ဘဏ်လုပ်ငန်းအကူ ကျား (၁) ဦး
ဈေးကွက်ရှာဖွေရေးနှင့် ရောင်းချရေး (တာဝန်ခံ) ကျား/မ (၅) ဦး
IT Technician ကျား (၁) ဦး
အငယ်တန်းစာရေး ကျား/မ (၁) ဦး
Email–mznintl@gmail.com
ဖုန်း–၉၅၁ ၆၈၄၁၈၁

---

**ဝန်ထမ်းအလိုရှိသည်**
မူလတန်းပြဆရာမ (၅) ဦး
အလယ်တန်းပြဆရာမ (၅) ဦး
မူကြိုဆရာမ (၅) ဦး
(BE.d ဘွဲ့၊ ECCD ဦးစားပေးမည်)
လိပ်စာ–74/5, ချင်စုလမ်း၊ နဝဒေးဥယျာဉ်၊ လှိုင်သာယာ။
ဖုန်း–၀၉ ၇၃၀၂၇၂၀၃

---

**ဝန်ထမ်းအလိုရှိသည်**
Site Engineer (3) Posts
B.E/B.Tech/AGTI (Civil)၊ လုပ်ငန်းအတွေ့အကြုံ ၂ နှစ်နှင့်အထက်။ Site ကို တာဝန်ယူဆောင်ရွက်နိုင်ရမည်။
Email:knkmahar@gmail.com
ဖုန်း–၀၁ ၄၃၀၈၈၇

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးအတွင်းရေးမှူး (၁) ဦး
ရုံးဝန်ထမ်း မ (၂) ဦး
Marketing ဝန်ထမ်း ကျား/မ (၃) ဦး
Driver ကျား (၂) ဦး
၁၅.၆.၂၀၁၄ နောက်ဆုံး။
ဖုန်း–၀၉ ၃၃၄၇၉၅၅၈

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးဝန်ထမ်း ကျား/မ (၅) ဦး
၁၀ တန်းအောင်။
ရွှေပြည်သာ၊ စက်မှုဇုန်အဝ၊ အမှတ် (၄) လမ်းမကြီး။
ဖုန်း–၀၁ ၆၁၀၅၅၂

---

**ဝန်ထမ်းအလိုရှိသည်**
Hotel Shwe Gone Daing
Commis II M (3) Posts
Linen Attendant F (2) Posts
သန့်ရှင်းရေး M/F (2) Posts
Email–monyeekyaw@gmail.com
PH:01 552583

---

**ဝန်ထမ်းအလိုရှိသည်**
လက်ရေးစာရင်းကိုင် မ (၁) ဦး
အရောင်းဝန်ထမ်း မ (၁) ဦး
ဂိုဒေါင်ဝန်ထမ်း မ (၁) ဦး
အသက် (၃၅) နှစ်အောက်။
ဖုန်း–၀၉ ၅၄၁၈၈၉၉

---

**အလိုရှိသည်**
Engilsh 4 skills ကျွမ်းကျင်စွာ သင်ကြားနိုင်သူ။ Full Time ဆရာမအလိုရှိသည်။ အသက် ၂၅ နှစ်အောက်၊ အတွေ့အကြုံရှိရန်မလို။ ဖုန်း–၀၉ ၇၃၂၅၁၀၅၅

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးဝန်ထမ်း ကျား/မ
အရောင်းဝန်ထမ်း ကျား/မ
စကားပြန် အင်္ဂလိပ် ကျား/မ
စကားပြန် ကိုရီးယား ကျား/မ
စကားပြန် တရုတ် ကျား/မ
Export & Import ကျား/မ
အမှတ် (၂၆)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်။ ဖုန်း–၀၉ ၇၃၁၈၄၂၀၈

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးဝန်ထမ်း ကျား (၂) ဦး
Marketing ကျား (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
ယာဉ်မောင်း(ကျွမ်းကျင်) ကျား (၃) ဦး
ဖုန်း–၀၉ ၇၃၀၂၇၇၃၃

---

**မင်းဇာနည်ရေလုပ်ငန်းကုမ္ပဏီ လီမိတက်**
အထွေထွေမန်နေဂျာ (ဘဏ္ဍာရေးဌာန) မ (၁) ဦး
ဒုအထွေထွေမန်နေဂျာ (ဘဏ္ဍာရေးဌာန) မ (၁) ဦး
စာရင်းကိုင် မ (၁) ဦး
Email–mznintl@gmial.com
ဖုန်း–၉၅၁ ၆၈၄၁၈၁

---

**Hairwork Barber Shop**
ဆံပင်ညှပ် (ကျွမ်းကျင်) ကျား (၂) ဦး
အမှတ် (၈၂)၊ မြေညီထပ်၊ ငုဝါလမ်း နှင့် နှင်းဆီလမ်းဆုံရာအနီး၊ အလုံမြို့နယ်။
ဖုန်း–၀၉ ၅၁၁၃၈၂၅

---

**ဝန်ထမ်းအလိုရှိသည်**
Caisher (ကွန်ပျူတာ) ကျား (၃) ဦး
Waiter ကျား (၃) ဦး
ဓားကိုင် ကျား (၃) ဦး
အကြော်ဆရာ ကျား (၃) ဦး
ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၃) ဦး
ညစောင့် ကျား (၃) ဦး
သန့်ရှင်းရေး ကျား (၃) ဦး
ဖုန်း–၀၉ ၃၁၂၇၆၃၅၃

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းစာရေးမ (၃) ဦး
ယာဉ်မောင်း (၃) ဦး
ဖုန်း–၀၉ ၇၃၁၉၈၂၆၆

7DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# ဘုရင့်ပုဆိုးမို့ ပိုးဖြစ်တာ ဘာမှမဆန်း

**သင်းရီ**

ဟိုတစ်ရက်က ဆဲဗင်းဒေးသတင်းစာ မျက်နှာဖုံးထိပ်ပေါ်မှ ခြောက်လိုင်းစာလုံးမည်းကြီးနှင့် စာတစ်ကြောင်းကို အမှတ်မထင်တွေ့လိုက်ရသောကြောင့် ကိုယ်မျက်ခုံးပင့်မိသည်။ ဟုတ်မှ ဟုတ်ပါလေရဲ့လား။ ကိုယ်များ မျက်စိလျှမ်းပြီး ထင်ရာဖတ်မိလေသလားနှင့် အသေအချာထပ်ဖတ်တော့လည်း သည်စာကြောင်းက သည်အတိုင်းအမှန်။

“ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ တစ်လအသုံးစရိတ်ကျပ်သန်းတစ်ထောင်ကျော်ရှိ” တဲ့။

အောက်ကဆက်လျက်သတင်းကို ဆက်ဖတ်ပြန်တော့ အဲသည်လောက်သုံးစွဲနိုင်သည့် ရန်ပုံငွေတွေကို ဘယ်ကနေ ဘယ်လိုရသည်ဆိုသည်ကို အဲသည့်ပါတီကြီးထဲက အလွန်ပါးစပ်သံပြောင်လှစွာသော ဗဟိုကော်မတီကြီး နှစ်ယောက်ကပင် မသိဘူး ဝိုးတဝါး ဟိုကရဆိုလား သည်ကရဆိုလားနှင့် ဆိုလိုက်ပြန်သည့် အခါ...

ချက်ချင်းဆိုသလို ကိုယ့်စိတ်ထဲမတော့ “ဟိုက် ရှားလပါး” ဟု ဆရာကြီးကွေး လေသံဖြင့် တအံ့တသြဖြစ်လိုက်ရသေး၏။ ဘယ်က ရသည် မသဲကွဲသည့် သည်ရန်ပုံငွေတွေနှင့် တယ်လည်း မနည်းမနော သုံးလိုက်နိုင်ကြပါကလားပေါ့။

တကယ်တော့ ကိုယ့်အတွေးက ဆင်ကို တရင်းတနှီး မမြင်ဖူးသူက ဆင်ချေးပုံကို မြင်တော့ အံ့သြလန့်ဖျပ်ဖြစ်သွားလိုက်မိသလို မျိုးတောင် ဖြစ်သွားလေရဲ့ဟု ကိုယ့်အတွေးကို ကိုယ်ပြန်သုံးသပ်ရသည်။

တကယ်တော့ ကိုယ်က ဆင်ကို မမြင်ဖူးသူမှလည်း မဟုတ်ပေဘဲ။ ဆင်သာမက ဆင့်သခင် ထိပင် မျက်မြင်ကျွမ်းဝင် ရှိထားခဲ့သူပေပ။

အဲသည်ဆင်နှင့် ဆင့်သခင်ဆိုသည့် အကြောင်းတွေက လွန်လေ မပြီးသေးသော ပူပူနွေးနွေး အတိတ်လက်မတင်လေးထဲမှာ ကျန်ရစ်မနေခဲ့သေးသည့် လတ်ဆတ်နေဆဲ အကြောင်းတွေသာဖြစ်၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ကြီး ဆိုသည်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဆိုသည့် တပ်မတော် အစိုးရကြီးကိုယ်တော်တိုင် အထူးတလည် အားပေးတည်ထောင်ဦးဆောင်ဖွဲ့စည်းထားခဲ့သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ နိုင်ငံတော်အကြီးအကဲကြီးများကိုယ်တိုင် အကြီးအမှူးဦးစီးနာယက ဥက္ကဋ္ဌခေါင်းဆောင်များအဖြစ် တာဝန်ယူလာခဲ့ကြသော လူမှုရေး အသင်းအဖွဲ့ကြီးပေပဲ။

အဲသည့်လူမှုရေးအသင်းကြီးမှသည် နိုင်ငံရေးပါတီ ဘဝသို့ ဖိုမဝင် ထုံမကူးဘဲ တစ်မုဟုတ်ချင်းပြောင်းလိုက်ပြီးသည့် ယခုထက်တိုင်လည်း ခုနစ်လွှာဝတ်ရုံပြောင်းတပ်မတော်အရာရှိကြီးများ ကိုယ်တော်တိုင် နဂိုပုံစံမပျက် ဆက်လက်ဦးဆောင်နေကြဆဲရှိသည့် နိုင်ငံရေးပါတီကြီးပေပဲ။

နဝတ အစိုးရ၏ ရန်ပုံငွေ (သို့မဟုတ်) နိုင်ငံတော်၏ရန်ပုံငွေ (သို့မဟုတ်) ပြည်သူများ၏ဘဏ္ဍာငွေဖြင့် တည်ထောင်ဖွဲ့စည်းလာခဲ့သော နဂိုမူလပထမအစတုန်းက လူမှုရေးအဖွဲ့အမည်ခံ ထိုအဖွဲ့ကြီး၏ လက်ငုတ်လက်ရင်းမှ စလျက် အညွန့်အတက်အင်အဖူးအားလုံးကို သိမ်းကျုံးထမ်းပိုးပြီး နှစ်ကိုယ့်တစ်စိတ် စိတ်ပေါင်းကိုယ်ခွာယာယီအိမ်ခွဲဆင်းလာခဲ့သော ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီကြီးပေပဲ။ ဘုရင့်ပုဆိုး ပိုးချည်းရှိပေတော့မပေါ့ဟု တွေးလိုက်ပြန်တော့လည်း စစချင်း မဆင်မခြင်အံ့သြပင့်ချီလိုက်မိသည့် ကိုယ့်မျက်ခုံးက ဘယ်သူကမျှ ဆွဲမချလိုက်ရပါဘဲ ပြန်ကုပ်ကျသွားသည်။ ညှံ့လိုက်တဲ့ ငါ့နှယ် ဒါများဘာဆန်းလို့တုံးလည်း ကိုယ့်ကိုယ်ကိုယ် သံဝေဂဖြစ်မိရသည်။

အဲသည့်ဆင်နှင့် ဆင့်သခင်၊ ဆင့်သခင်နှင့် ဆင့်သခင် မိဘများဆီ မျိုးရိုးစဉ်ဆက် ပြန်ကြည့်လိုက်မိပြန်တော့လည်း ဝေးမပစ်လိုက်နိုင်သေးသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီး ကံကုန်စဉ်အခါက ချက်ချင်းဆိုသလို လူဝင်စားပြန်ဖြစ်လိုက်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ယခင်ဘဝက အမွေထုပ်ကြီးကိုပါထမ်းလျက်သား မွေးဖွားလာခဲ့သည့်အခါ အစိမ်းတိုက်မွေးလိုက်ရသည့် အမိမြန်မာသည်သာ ဝမ်းရေပြားစပ်ခဲ့ရသေးသည်ပဲ။



အဲသည်တုန်းကလည်း အဲသည်ပါတီကြီးက တိုင်းပြည် ဘဏ္ဍာပြည်သူ့ဘဏ္ဍာတွေနှင့်ပဲ ပါတီမွေး ပါတီရောင် ပြောင်ခဲ့ဖူးလေသည်ပဲ။

သည်တော့လည်း ဘမျိုးဘိုးတူခဲ့ကြသည့် သည်ပုတ်ထဲက သည်ပဲတွေမို့ ပြည်သူ့ဘဏ္ဍာကိုယ့်ဘဏ္ဍာလုပ်ခဲ့ကြသည်ကို ဘာများ အံ့စရာ ရှိသတုံးဟဲ့။ တစ်လသန်းတစ်ထောင်ကျော် သုံးနိုင်တာ အံ့စရာလားကွဲ့ဟုသာ ကိုယ့်ကိုယ်ကိုယ် ဆုံးမသွန်သင် လုပ်မိရတော့သည်။

သည့်နှယ် ကိုယ့်ကိုယ်ကိုယ် သွန်သင်မိလိုက်ပုံမရကြသည့် အချို့နိုင်ငံရေး ပါတီတွေကတော့ ဟိုပါတီ သည်ပါတီကြီးတွေက ရန်ပုံငွေတွေ အထုပ်နှင့် အထည်နှင့်ရှိကြပါသဖြင့်...။ တချို့ပါတီတွေကလည်း နိုင်ငံတော်၏ သွယ်ဝိုက်နှင့်တဲ့တိုးအမျိုးမျိုးဖန်တီးပေးအပ်ခဲ့သော ပင်မ မတည်ငွေလုံးငွေရင်းကြီးဖြင့်။ တချို့ပါတီကလည်း ခရိုနီကြီးများလက်ကိုင်ထားလျက် ရန်ပုံငွေထုထည်အား မသေးကြပါသောကြောင့် မိမိတို့ မျက်နှာငယ်ပါတီပါမွှားလေးများ၏ အသက်ရှည်ရာရှည်ကြောင်း ကြည့်ရှုစောင်မတော်မူပါရန်ဟု ရန်စူးရန်ညှော်မကင်း ဆီးနှစ်ပင်ကြားကောက်ရိုးလှည်းမောင်းဝင်သွားသလို စကားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ကြီးထံ လျှောက်ထားတောင်းပန် ငိုသံပြုကြလေသောကြောင့်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကြီးကလည်း နှလုံးစိတ်ဝမ်း မချမ်းမသာ၊ ငါသည်လည်း အခရာကျသည့် နေရာက လူပေပဲမို့ဟူသော ဘဝင်စိတ်ဖြင့် လက်စမ်းဝင်၍ ပြလိုရကား သည်တာဝန်သည် ကိုယ့်တာဝန် ဟုတ်၏၊ မဟုတ်၏ဟု စောကြောဝေဖန်စဉ်းစားဟန်မဲ့စွာဖြင့် မော်တော်ကားပါမစ်နှင့် မြေကွက်များ ပေးသနားရန် စီစဉ်ပြန်ချေသည် တမုံ့ဟု ဆိုသည့်အခါ ...။

ကိုယ်တို့မြန်မာနိုင်ငံများ တီထွင်လိုက်လျှင် ကမ္ဘာကပင် အံ့ဆိုသလို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ နေရာတကာ ငါပါမှ ပြီးပေမကိုး လုပ်ထုံးကို ဘယ်လိုကြီးတုံးဟု တွေးမိရပြန်၏။

တွေးရင်းနှင့် အတွေးကွက်မြီးတန်းမိပြန်တော့ မနေ့တစ်နေ့ကလိုပင် ရှိနေသေးသည့် ၁၉၈၈ ကို သတိရသည်။ စစ်တပ်က အာဏာသိမ်းလိုက်ပြီးသည့်နောက် ဒီမိုကရေစီလမ်းကြောင်းကို သွားပါမည်။ ရွေးကောက်ပွဲ ကျင်းပပေးပါမည်။ နိုင်ငံရေးပါတီတွေ တည်ထောင်ကြပါ။ တစ်ပါတီကို အော်တိုတယ်လီဖုန်း တစ်လုံး၊ တစ်လဓာတ်ဆီတစ်ပီပါ ချီးမြှင့်ပါမည် ဆိုသည့်အခါ ထောင်လိုက်ကြသည့် ပါတီတွေ ကိုယ်တို့မြန်မာပြည်ထဲ မိုးဦးကျ ထပေါက်သည့် မှိုတွေလို တင်းကျမ်းပြည့်သွားလိုက်ပုံက ပါတီပေါင်း ၂၇၀ လောက်ရှိသည်ဟု မှတ်မိနေ၏။

အဲသည်တုန်းက မှတ်မှတ်ရရ ကိုယ့်ဆရာလို့ ဆိုလည်းဟုတ်၊ အစ်ကိုလို့ ဆိုလည်းဟုတ်၊ သို့သော်လည်း နိုင်ငံရေးနှင့် အတော်ဒုံးဝေးရှာသည့် ပညာတတ် ပုဂ္ဂိုလ်ကြီးတစ်ယောက် နိုင်ငံရေးနှင့် နီးသည်ဟု သူထင်သော ကိုယ့်ဆီ ပေါက်ချလာသည်။ ရောက်မဆိုက်ဆိုသလိုလည်း သူဦးဆောင်ပြီး ပါတီထောင်မလို့ လာတိုင်ပင်တာဟု ဆိုသည်။ ကိုယ်က ဘယ့်နှယ်ကြောင့် ပါတီထောင်ရမှာတုံး ကိုယ့်ဆရာရယ်။ အောင်စုတင်ဆိုပြီး ဦးအောင်ကြီးတို့၊ ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးတင်ဦးတို့ထောင်တဲ့ ပါတီကိုပဲဝင်ဝင်၊ ဦးနုထောင်တဲ့ ပါတီကိုပဲ ဝင်ဝင်၊ ဗိုလ်မှူးရသခင်ချစ်မောင် ထောင်တဲ့ ပါတီကိုပဲဝင်ဝင် အစဉ်အလာရှိကြတဲ့ တကယ့်လူတွေထောင်တဲ့ ပါတီတွေ ဝင်စရာအများကြီးရှိနေသားပြောသည့်အခါ သူပြောသည့် စကားတစ်ခွန်း ခုထိ နားထဲ ကြားယောင်ဆဲရှိမိသည်။

“အော်တိုဖုန်းတစ်လုံး ဓာတ်ဆီတစ်ပီပါရတယ်ဟဲ့ ငါ့ကောင်ရဲ့” တဲ့။

သူ့စကားကြောင့် ကိုယ့်မှာ စိတ်မကောင်းကြီးကြီးနှင့်ပင် ရယ်ချင်ပက်ကျိဖြစ်မိရသည်။ ပါတီထောင်ပြီး နဝတဆီက ဖုန်းနဲ့ဓာတ်ဆီကို မျက်နှာမွဲ မျက်နှာပြာပုံစံမျိုးနဲ့ လက်ဝါးဖြန့်ခံ မနေချင်စမ်းပါနဲ့ ကိုယ့်ဆရာရယ်။ ကိုယ့်ဂုဏ် ကိုယ့်သိက္ခာလေးနဲ့ ကိုယ့်ဘာသာ နေစမ်းပါဟု တောင်းပန်လွှတ်လိုက်ရဖူးသည်။

ခုလည်း ကိုယ့်နိုင်ငံရေးဂုဏ် နိုင်ငံရေးသိက္ခာကိုမျှ မထောက်မထား အဘယ်သို့သော ပါတီတွေကများ ကော်မရှင်ကို သွားငိုပြကြလေသည်မသိ။ ဟိုကလည်း သူ့အလုပ်ဟုတ်တာ၊ မဟုတ်တာ မစဉ်းစားပါတီလေးတွေသနားပါတယ်။ ပေးလိုက်ပါလားကွယ်နှင့် သမ္မတဆီတင်ပြပြီး ကားပါမစ်နှင့် မြေကွက်ပေးသနားရန် စီစဉ်လေ၏ တဲ့။

ခုလောက်ဆို ရလာမည့် ကားငါးစီး အဝေမတည့်နှင့်ကြလို့ ရန်ပင်ဖြစ်နေကြလေပြီလားလည်း မသိ။ မုန့်ဆီကြော်ကဖြင့် ဆန်မှုန့်ပင် မထောင်းရသေးလား ထင်၏။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တို့ကတော့ မယူကောင်း၊ မယူအပ်သည့်အရာပေမို့ထင်၏။ ပေးလည်း မယူလိုပါဘူးဟုကြိုတင်ငြင်းဆိုထားကြကုန်၏။ ဘယ်သူတွေ သန်းတစ်ထောင်ကျော် ဘယ်ကရလို့ ဘယ်လိုပဲ လစဉ်သုံးသုံး တို့ကဖြင့် အဲသည့်ပုတ်ထဲက အဲသည့်ပဲ အဖြစ်မခံနိုင်ဟု ဆိုချင်ကြပုံရ၏။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူကတော့ သူတို့မှာ တစ်လ ဆယ်သိန်းမျှပင် အနိုင်နိုင်ပါဟု ပြောသံကြားလိုက်ရသည်။

**စာမျက်နှာ(၁၉) သို့**

7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

စာမျက်နှာ (၁၅) မှ

## သတင်းအချက်အလက်နှင့် အလုပ်ဝေးနေဆဲဖြစ်သော အဝေးသင်ပညာရေး

အဝေးသင်တက္ကသိုလ်များမှ ဘွဲ့ရရှိသော ကျောင်းသားများနှင့် ပတ်သက်၍ ဝေဖန်မှုများရှိနေခြင်းကြောင့် အဝေးသင်ပညာရေးအရည်အသွေးကို မြှင့်တင်သွားရန်နှင့် အွန်လိုင်းအဝေးသင်ပညာရေးစနစ်ကိုအကောင်အထည်ဖော်နေကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာလှတင့်ကပြောထားသည်။

အွန်လိုင်းအဝေးသင်ပညာရေးစနစ်ကို ဥပဒေဘွဲ့လွန်ဒီပလိုမာသင်တန်း၌ စမ်းသပ်ခဲ့ရာ အောင်မြင်ခဲ့ခြင်းကြောင့် ဥပဒေဘွဲ့လွန်ဒီပလိုမာသင်တန်းကို www.yudeonline.com.mm တွင် IDနံပါတ်ရိုက်နှိပ်၍ ဘာသာရပ်သင်ခန်းစာများကို သင်ကြားနိုင်မည်ဖြစ်သည်။

"အခုအဝေးသင်စနစ်က အရည်အသွေးမပြည့်ဝဘူး။ ကျောင်းအင်္ဂါရပ်နဲ့မညီဘူး။ မေးခွန်း၊ စာသင်ကြားတဲ့စနစ်၊အဆိုင်းမန့်တင်တဲ့စနစ်တွေကိုပြင်ရမယ်။ အဆိုင်းမန့်တွေကို အပြင်ကနေဝယ်ယူပြီး ကူးတဲ့စနစ်မျိုးမဖြစ်ရဘူး။ နောက် ၁၀ရက်တည်းနဲ့စာပေလေ့လာတဲ့အချိန်က မလုံလောက်ဘူး။ အွန်လိုင်းက သင်တဲ့စနစ်ကလည်းမထိရောက်ဘူး။ထိရောက်တဲ့စနစ်တွေ သင်ကြားပေးစေချင်တယ်။ အခုက အလုပ်လျှောက်တာပဲဖြစ်ဖြစ်၊ ရာထူးတိုးဖို့ပဲဖြစ်ဖြစ် ဘာနဲ့ဘွဲ့ရလဲလို့မေးလိုက်ရင် အဝေးသင်နဲ့ဆို အလုပ်မခန့်တော့ဘူး။ အဝေးသင်ကို အဆင့်မြှင့်တယ်ပြောပေမယ့် အဝေးသင်မှာကျောင်းသားတွေအတွက် Recommendation မရှိဘူး"ဟု ဒဂုံတက္ကသိုလ်ဆရာ၊ ဆရာမအသင်းဥက္ကဋ္ဌဒေါက်တာအာကာမိုးသူကပြောသည်။

မြန်မာနိုင်ငံတွင် ဆယ်စုနှစ်လေးခုကျော်သင်ကြားလာခဲ့ပြီဖြစ်သည့် အဝေးသင်တက္ကသိုလ်၏ အဝေးသင်အပေါ် သဘောထားပြောင်းလဲလာရေးအတွက် 'လိုအင်ဆန္ဒရှိသူအတွက် ပညာရေးဝေးသည်မရှိ' (For One Desire, Education Never Too Far) ဟု ဆောင်ပုဒ်ပြောင်းလဲလိုက်သည်။

အဝေးသင်တက္ကသိုလ်ပညာရေးအပေါ် ဝေဖန်မှုများရှိနေသော်လည်း ဘွဲ့ရရှိရန်အတွက် အလုပ်တစ်ဖက်ဖြင့် ကျောင်းတက်ဖို့ပြင်ဆင်နေကြသည့် ကျောင်းသူ၊ ကျောင်းသားများ၏ အားကိုးရာတစ်ခုအဖြစ် 'လိုအင်ဆန္ဒရှိသူအတွက် ပညာရေးဝေးသည်မရှိ' (For One Desire, Education Never Too Far)ဟု အဝေးသင်ပညာရေးဆောင်ပုဒ်အတိုင်း ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။

စာမျက်နှာ(၁၈) မှ

## ဘုရင့်ပုဆိုးမို့ ပိုးဖြစ်တာ ဘာမှမဆန်း

ကိုယ်ကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝမ်းထဲမှ မွေးဖွားဖြတ်သန်းလာခဲ့ရသူမို့ ကိုယ့်မိခင်ပါတီအကြောင်း ကိုယ်သိဆိုသလို အင်န်အယ်လ်ဒီ၏ ရန်ပုံငွေဆင်းရဲပုံအကြောင်း ကိုယ်တွေ့လက်တွေ့ သိခဲ့ရလျက် သိရဆဲလည်းရှိ၏။ အင်န်အယ်လ်ဒီတွေများ သူတောင်းစားရုပ်ကို ပေါက်ရဲ့ဟု ကိုယ် သည်လိုပဲ ပြောမိခဲ့ဖူး၏။ တောင်းဟယ်၊ ရမ်းဟယ်၊ ချေးဟယ်၊ ငှားဟယ်နှင့်ပဲ နှစ်ပေါင်း ၂၅ နှစ်ကျော် လုံးလည်လိုက်ခဲ့ကြသည်။ ပြည်သူတွေကလည်း မညည်းမညူ ထောက်ပံ့လှူဒါန်းကြသည်။ လှူဒါန်းဆဲလည်း ရှိကြသည်။ သို့တိုင်လည်း မြို့နယ်ရုံးတွေများဆို ကြွေးတွေက လည်ပင်းခိုက်လျက် ရှိကြတုန်း မြင်နေကြားနေရသည်။ ဘာပဲဖြစ်ဖြစ် မဆုတ်မနစ်ဖြင့် ဒီမိုကရေစီရုပ်လုံး မပေါ်မချင်း ခါးတောင်းကျိုက် မဖြုတ်ကြသေးတာလည်း မြင်နေရဆဲရှိသည်။

သို့သော် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကြီးက ရွာချပေးမည့်ဟန်ပြင်သည့် မိုးခါးရေကိုဖြင့် မသောက်လိုဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တို့က ကြိုတင်ငြင်းဆိုလိုက်ကြသည်။ ထိုသို့ ငြင်းဆိုလိုက်သည့်အပေါ် လှိုက်လှိုက်လှဲလှဲပင် အထူးတလည် ကွန်ဂရက်ကျူလေးရှင်းမိသည်။ ဂုဏ်ပြုကြိုဆိုရသည်။

တစ်ထည်လုံး ပိုးချည်းဆိုသည့် ပုဆိုးမျိုးက ဘုရင်မွေးလို့ ပြည်သူ့ဘဏ္ဍာဖြင့် နေ့ချင်းကြီးခဲ့သည့် ပါတီမို့ ဝတ်ခွင့်ကြုံခဲ့သည်ပဲ။ ထိုပုတ်ထဲက ပဲပေမို့ ထိုပဲ ဖြစ်ခဲ့သည်ပဲ။

ငါတို့ကဖြင့် ပြည်သူများနည်းတူ မွဲလက်စဖြင့် မွဲရင်းသာရှိ စေတော့။ ဆင်းရဲတွင်းထဲမှာ ကွက်ကျားရွာမည့် ပေါက္ခရဝဿမိုးခါးရေကိုမူ မသောက်လိုဘဲ ပြည်သူနှင့်အတူလက်တွဲချီမည်ဆိုသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို အထူးစပယ်ရှယ် ကွန်ဂရက်ကျူလေးရှင်းလိုက်ရကြောင်းပါခင်ဗျာ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 218,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 245,000 |
| Galaxy S3 | 327,000 |
| Galaxy S4 Mini | 350,000 |
| Galaxy S4 | 477,000 |
| Galaxy Mega 5.8 | 342,000 |
| Galaxy Note II | 407,000 |
| Galaxy Tab3 7" | 290,000 |

လှူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 350,000 |
| Xperia J | 163,000 |
| Xperia P | 260,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 780,000 |
| iPhone 5s(32GB) | 770,000 |
| iPhone 5s(16GB) | 670,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 123,000 |
| G 700 | 218,000 |
| Ascend P6 | 292,000 |
| C 8813 (CDMA) | 128,000 |
| G 610c (CDMA) | 145,000 |
| Y 300c (CDMA) | 90,000 |

ဇွန်လ (၁၄) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 450,000 |
| Panasonic(LED) | THL32B6T | 240,000 |
| Sony (LED) | 32W45 | 295,000 |
| LG (LED) | 32LN5120 | 230,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu-ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 330,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 240,000 |
| Panasonic | NR.BT224 | 230,000 |
| **Washing** | | |
| Samsung | WA95W9 | 175,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 240,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 230,000 |

အထက်ပါဈေးနှုန်းများမှာ ဇွန်လ (၁၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင် နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၀၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၃၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ်(ဇပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၈,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၃,၀၀၀ |
| ကျောက် | တစ်ကျင်း | ၉၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.42mm) | တစ်ပေ | ၉၅၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| ထုံး(စပိသာအိတ်) | တစ်အိတ် | ၁,၂၀၀ |
| အိမ်ရိုက်သံ (2"–4") | တစ်ပိဿာ | ၁,၃၁၀ |
| အိမ်ရိုက်သံ (1"½") | တစ်ပိဿာ | ၁,၄၁၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်လ (၁၄) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀–၁,၅၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၃၀၀ |
| ဆန် (ဧယာ) | တစ်ပြည် | ၇၀၀–၈၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၅၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀–၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၇၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀–၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၁၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၁,၂၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၆၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

ဇွန်လ (၁၄) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jun (18) | 815 | 940 | 920 | 950 |
| Jun (19) | 815 | 940 | 920 | 950 |
| Jun (20) | 815 | 940 | 920 | 950 |
| Jun (21) | 815 | 940 | 920 | 950 |
| Jun (22) | 815 | 940 | 920 | 950 |
| Jun (23) | 815 | 940 | 920 | 950 |
| Jun (24) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **ASUS** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, 14" | 590,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 1 TB, 14" | 745,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD , 14" | 794,000 |
| **HP** | |
| Intel Core i3 1.5 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 538,000 |
| Intel Core i5 2.5 GHz, 6 GB DDR3, 500 GB HDD, 15.6" | 630,000 |
| Intel Core i5 1.7 GHz, 6 GB DDR3, 640 GB HDD, HD, 15.6" | 664,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1 TB HDD, 15.6" | 1,066,000 |
| **Dell** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, 14" | 522,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 582,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 1 TB HDD, 15.6" | 658,000 |
| Intel Core i7 1.8 GHz, 4GB DDR3, 750 GB HDD , 14" | 833,000 |

7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# “ပီအာရ်ကို ပြည်ခိုင်ဖြိုးက ကျင့်သုံးချင်နေတဲ့အခါကျတော့ သူတို့က အများစုဖြစ်နေတဲ့အတွက် နိုင်သွားမှာပဲ”

## ဦးရဲထွန်းနှင့် တွေ့ဆုံခြင်း

**အောင်သူရ**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အချိုးကျကိုယ်စားပြုမဲပေးစနစ် PR ကို ကျင့်သုံးရန် အမျိုးသားဒီမိုကရေစီအင်အားစု ပါတီ (NDF) ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က အဆိုတင်သွင်းခဲ့သည်။ ယင်းအဆိုကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် NLD လွှတ်တော်အမတ်အားလုံးက ကန့်ကွက်ခဲ့သည်။ သို့သော် ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်အမတ်အားလုံးက ထောက်ခံသဖြင့် PR စနစ်ကျင့်သုံးရန် အဆိုမှာ အောင်မြင်သွားခဲ့သည်။ ထိုကဲ့သို့ အဆိုအောင်မြင်ပြီးနောက် PR စနစ်နှင့် ပတ်သက်၍ အသေးစိတ်ရေးဆွဲမည့် PR ကော်မရှင်တွင် ပါဝင်သည့် ဒီချုပ်ပါတီ အမတ်အားလုံး နုတ်ထွက်သွားခဲ့သည်။ တိုင်းရင်းသားပါတီများကလည်း PR စနစ်ကို လက်မခံကြောင်း ကြေညာချက် ထုတ်လာကြသည်။ မကြာခင် အဆိုပါ PR စနစ်နှင့်ပတ်သက်၍ ပြည်သူ့လွှတ် တော်တွင် ဆွေးနွေးကြမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါ PR စနစ်နှင့် ပတ်သက်၍ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီ သီပေါမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်းအား တွေ့ဆုံမေးမြန်းခဲ့သည်များထဲမှ ကောက်နုတ်ဖော်ပြလိုက်ရပါသည်။



*ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်း*

ဓာတ်ပုံ – ရဲထွန်းဖေ့စ်ဘွတ်ခ်

**အရင်ဆုံးကတော့ ပြီးခဲ့တဲ့ရက်ပိုင်းက အမျိုးသားလွှတ်တော်မှာ အတည်ပြုလိုက်တဲ့ PR စနစ်ကို သာမန်ပြည်သူတွေ နားလည်အောင် ရှင်းပြပေးပါလား။**

PR စနစ်ဆိုတာက အချိုးကျကိုယ်စားပြုမှုပေါ့။ အဓိက နားလည်လွယ်အောင် ပြောမယ်ဆိုရင်တော့ တစ်ပြည်လုံးကို မူတည်ပြီး ပြောမယ်ဆိုရင် တစ်ပြည်လုံးမှာ မဲပေးတဲ့ မဲဆန္ဒရှင်တွေက တစ်မြို့နယ်တစ်မြို့နယ်ချင်း အလိုက်မဟုတ်ဘဲနဲ့ တစ်ပြည်လုံးကို ခြုံငုံပြီးတော့ သူတို့ အားပေးထောက်ခံတဲ့ ပါတီက ပုဂ္ဂိုလ်တွေ လွှတ်တော်ထဲမှာအချိုးကျရောက်သွားစေချင်တဲ့ စနစ်ပဲ။ ဥပမာ တစ်ပြည်လုံး မဲပေးလိုက်တာ ၉၀ ခုနှစ်က NLD က ၆၀ ရာခိုင်နှုန်းရတယ်။ တစည က ၄၀ ရာခိုင်နှုန်း ရတယ်ဆိုရင် လွှတ်တော်ထဲမှာဆိုရင်လည်း လွှတ်တော်ကိုယ်စားလှယ်ရဲ့ ၄၀ ရာခိုင်နှုန်း တစည က ရသင့်တယ်။ ၆၀ ရာခိုင်နှုန်းက NLD က ရသင့်တယ်လို့ ယူဆတာပေါ့။ တကယ့်လက်တွေ့မှာတော့ မြို့နယ်တစ်ခုချင်းအလိုက် နိုင်သူအကုန်ယူ စနစ်နဲ့ NLD က ၈၂ ရာခိုင်နှုန်းကျော် ရပြီးတော့ တစည က ၁၀ ယောက်လောက်ပဲ လွှတ်တော်ထဲရောက်သွားတယ်။ အဲဒီမှာ တစ်ပြည်လုံး အရေးကြီးတဲ့ ဥပဒေပြုရေးကိစ္စတွေမှာ တစည က တစ်ပြည်လုံး ၄၀ ရာခိုင်နှုန်းမဲ ရရှိထားပါလျက် ဥပဒေပြုတဲ့ လွှတ်တော်ထဲမှာ အဲဒီလောက် တစည က နေရာမရတဲ့အတွက် ဒီကိစ္စမှာ အများကြီး ချွတ်ယွင်းချက်ရှိတယ်လို့ သုံးသပ်ကြတာပေါ့နော်။ တခြားနိုင်ငံတွေမှာလည်း အဲဒီလိုပဲ သုံးသပ်လာကြပြီးတော့ ဒီစနစ်ကို ကျင့်သုံးလာကြတာ။ တချို့ဆိုရင်လည်း နိုင်သူအကုန်ယူစနစ်နဲ့ ပေါင်းစပ်ပြီး ကျင့်သုံးတဲ့နိုင်ငံပေါင်း ၉၀ ကျော် ရှိပါတယ်။

**သုံးယောက်ရှိရင်တောင် နှစ်ဖွဲ့ကွဲတဲ့ အကျင့်ရှိတဲ့ မြန်မာနိုင်ငံမှာ ဒီ PR စနစ်ကို ကျင့်သုံးလို့ဖြစ်ပါ့မလား။**

ကျွန်တော်တို့စနစ်က လက်တွေ့ပိုင်းအရ ပြောမယ်ဆိုရင် တပ်မတော်က ဒီစနစ်ကို ကျင့်သုံးဖို့ အချိန်မတန်သေးဘူး။ အခုချိန်မှာ ဒါကို ကျင့်သုံးဖို့ လုပ်မယ်ဆိုရင် နိုင်ငံရေးအရ မကျေနပ်မှုတွေ ဖြစ်လာနိုင်တယ်။ အထူးသဖြင့်တော့ NLD က ၂၀၁၅ မှာ တစ်ပြည်လုံးနိုင်နိုင်တဲ့ အနေအထားမျိုး ရှိတယ်ပေါ့နော်။ တချို့နေရာတွေ ပါးပါးနဲ့ နိုင်တာတွေ ရှိမယ်။ တချို့နေရာအပြတ်အသတ်နိုင်တာတွေ ရှိမယ်။ နောက် တိုင်းရင်းသားပါတီတွေက သူ့ပြည်နယ်အလိုက်မှာ နေရာအနှံ့အပြား အနိုင်ရနိုင်တဲ့ အနေအထားရှိတယ်။ တချို့နေရာမှာ ပါးပါးနိုင်မယ်။ တချို့နေရာမှာ အပြတ်အသတ်နိုင်မယ်။ အဲဒီလိုအနေအထားမျိုးမှာ ဒီ NLD နဲ့ NLD ထောက်ခံသူများနဲ့ တိုင်းရင်းသားပါတီများက မကျေမနပ်ဖြစ်လာနိုင်တဲ့အတွက် တပ်မတော်က ဒါကို မကျင့်သုံးသင့်ဘူးလို့ သူတို့က မှတ်ချက်ပေးတယ်။ ဒါကြောင့် အဲဒီလို တပ်မတော်က အဲဒီလိုရပ်တည်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ပြီးတော့မှ လုပ်ရမယ့် PR စနစ်ဆိုရင်တော့ မလုပ်နိုင်ဘူးပေါ့။ သို့သော် တခြားနည်းတွေ စဉ်းစားမယ်ဆိုရင်တော့ လုပ်လို့ရနိုင်မယ့်အနေအထားရှိတယ်။ ဥပမာအားဖြင့်ဆိုရင် ရွေးကောက်ပွဲ မဲထည့်တဲ့စနစ်နဲ့ ကိုယ်စားလှယ်ကိုလည်း အခု သတ်မှတ်ထားတဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ထားတဲ့အတိုင်း ကျွန်တော်တို့ မဲပေးပွဲကို လုပ်မယ်။ လုပ်ပြီးတဲ့အခါကျတော့ ရွေးကောက်ပွဲ ဥပဒေမှာ ဘာကို ဖြည့်စွက်ပြင်ဆင်ရမလဲဆိုတော့ မဲပေးသူအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းကျော်ရတဲ့နေရာတွေကို ရွေးကောက်ပွဲ အောင်မြင်တယ်၊ အဲဒီကိုယ်စားလှယ်တွေဟာ လွှတ်တော်အမတ်ဖြစ်တယ်လို့ ကြေညာလိုက်ပြီးတော့ ဘယ်သူမှ ၅၀ ရာခိုင်နှုန်း မရတဲ့နေရာတွေကိုတော့ ရွေးကောက်ပွဲမအောင်မြင်ဘူးလို့ကြေညာပြီးတော့ပါတီလိုက်စနစ်နဲ့ တစ်ဦးချင်း ရွေးကောက်ပွဲစနစ်နဲ့ မအောင်မြင်ဘူး။ အဲဒီတော့ ရတဲ့မဲတွေကို သူတို့နောက်ခံ Background မှာရှိတဲ့ ပါတီလိုက်ရှိတဲ့ မဲတွေထဲထည့်လိုက်မယ်။ ထည့်လိုက်ပြီးခါမှ ကျန်တဲ့မဲဆန္ဒနယ်အတွက်ကို အချိုးကျခွဲပြီးတော့ ကိုယ်စားလှယ် မျှဝေယူမယ်။ အဲဒီကျရင်တော့ ပါတီအလိုက်က စာရင်းပေးထားတဲ့ ဦးစားပေးလူစာရင်းအတိုင်းရတဲ့ လူထဲက ခွဲယူကြတာပေါ့။ ဒါဆိုရင် လွှတ်တော်ထဲမှာ တစ်ဦးချင်း ရွေးကောက်ပွဲစနစ်နဲ့ နိုင်တဲ့ဘက်က တက်လာတဲ့လူနဲ့ ပါတီက ပေးတဲ့လူ အတူတူ လွှတ်တော်တက်တာဖြစ်မယ်။ လွှတ်တော်ထဲ ရောက်လာတဲ့ အရေအတွက်ကတော့ ပါတီခွဲတမ်းအရ ဘယ်နှယောက် တစ်ဦးချင်း ရွေးကောက်ပွဲစနစ်နဲ့ ကဘယ်နှယောက်ဆိုတာကတော့ ကြိုတင်ပြီး သတ်မှတ်လို့မရတဲ့ စနစ်တော့ ဖြစ်လာမှာပေါ့။

**PR စနစ် ကျင့်သုံးမယ်ဆိုရင်တော့ ဖွဲ့စည်းပုံ ပြင်ဖို့လိုအပ်လား။**

ဒီလိုဗျာ။ ဥပမာ ထိုင်းမှာဆိုရင် ဒီနိုင်သူအကုန်ယူစနစ်နဲ့PR စနစ်ကို ပေါင်းစပ် ကျင့်သုံးတယ်။ နိုင်သူအကုန်ယူစနစ်နဲ့ လွှတ်တော်ထဲမှာ ၃၇၅ နေရာမှ သတ်မှတ်ပြီးတော့ PR စနစ် နဲ့ ၁၂၅ နေရာ သတ်မှတ်ထားတယ်။ အဲဒီတော့ မဲဆန္ဒရှင်တွေက မဲပေး တော့မယ်ဆိုရင် နှစ်ခါပေးရတယ်။ ဥပမာ လွှတ်တော်ကိုယ်စားလှယ် အတွက်ကို အကြိုက်ဆုံး လွှတ်တော်ကိုယ်စားလှယ်ကို ပေးရတယ်။ မည်သည့်ပါတီကဖြစ်စေ ပေးလို့ရတယ်။ နောက်တစ်မဲ ကျတော့ တစ်နိုင်ငံလုံးအနေနဲ့ ကြိုက်တဲ့ပါတီကို ပေးရတယ်။ ပုဂ္ဂိုလ်အရ ပေးတဲ့ မဲက အဲဒီပုဂ္ဂိုလ် ရသွားပြီးတော့ အများဆုံးရတဲ့ လူက လွှတ်တော်ကိုယ်စားလှယ် ဖြစ်မယ်။ ပါတီအလိုက်ကို ခြစ်ပေးလိုက်တဲ့ မဲကတော့ တစ်ပြည်လုံးမှာ ဘယ်ပါတီကို ပေးတယ်ဆိုတာ ရသွားမယ်။ အဲဒါက ပါတီ လိုက်ခွဲပြီး လွှတ်တော်ထဲ ရောက်သွားတာပေါ့။ ဒီမှာ သူတို့က ဘာ သတ်မှတ်ထားလဲဆိုရင် နေရာ ၁၂၅ နေရာမှာ ပါတီလိုက်ပေးထားတာ ဖြစ်တဲ့အတွက်ကြောင့် မို့ ဒေသလွှတ်တော် မြို့နယ်တွေကိုတော့ ကိုယ်စားပြုခွင့် မရှိဘူး။ သူတို့က အစိုးရအဖွဲ့ ဖွဲ့ဖို့အတွက် ပါတီက ရွေးချယ်ထားတဲ့ လူတွေဖြစ်တယ်။ အဲဒီမှာ ကွာသွားတာပေါ့။ အစိုးရဖွဲ့မယ်၊ ညွန့်ပေါင်း အစိုးရဖွဲ့မယ်ဆိုရင် အဲဒီ ၁၂၅ ယောက်ထဲက ခန့်ကြမယ်။ တကယ်လို့များ ရိုးရိုးမဲဆန္ဒနယ်ကို ရွေးလိုက်မယ်ဆိုရင် အဲဒီနေရာအတွက် ရွေးကောက်ပွဲ ပြန်လုပ်ရမယ့် ကုန်ကျစရိတ်ကို အစိုးရက ကျခံမယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွှတ်တော် ကိုယ်စားလှယ်အရေ အတွက်ကို ပြဋ္ဌာန်းထားတဲ့အတွက် အဲဒီလိုလုပ်ချင်ရင်တော့ ဖွဲ့စည်းပုံကို ပြင်ရမယ်။

**ဒါဆိုရင် PR စနစ်ကို ကျင့်သုံးမယ်ဆိုရင် လုံးဝ မဖြစ်မနေ ဖွဲ့စည်းပုံ ပြင်ရမယ်လို့ ပြောလို့ရလား။**

ကျွန်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ဖတ်ပြီး PR စနစ်ကို ချဉ်းကပ်ကြည့်တဲ့အခါမှာ ဖွဲ့စည်းပုံပြင်ရမှာတော့မှန်တယ်။

**တချို့ထောက်ပြတာတွေ ရှိတယ်။ PR စနစ်ကို တပ်မတော်သားတွေ ကန့်ကွက်ရတာက PR စနစ်ကျင့်သုံးရင် ဖွဲ့စည်းပုံပြင်ရမယ်၊ ၄၃၆ နဲ့သွားမယ်လို့ ပြောတာတွေ ရှိတယ်။ ဆရာ့အနေနဲ့ ဘယ်လို ထင်မြင်ယူဆလဲ။**

အကြောင်းရင်းတော့ ဘယ်လိုရှိတာလဲဆိုတာတော့ ကျွန်တော်သေသေချာချာ မသိဘူး။ ဒါပေမဲ့လို့ အခု PR စနစ်လို့ ပြောလိုက်ရင် ရှုပ်ရှုပ်ထွေးထွေး လုပ်ထားတဲ့ PR စနစ်ကိုပဲ ကြည့်ပြီးတဲ့အခါကျတော့ ဒါကို ကျင့်သုံးမယ်ဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ရမယ်။ မဲပေးတဲ့စနစ်တွေ ပြင်ရမယ်။ မဲစာရွက်တွေ ပြင်ရမယ်။ မဲပေးပုံတွေ ပြင်ရမယ်၊ အဲဒီလိုတွေးလိုက်တဲ့အခါမှာ ကျွန်တော်တို့ဆီမှာက ဒီမိုကရေစီနည်းကျမဲပေးတဲ့ ပုံစံက တစ်ခါပဲ ရှိသေးတဲ့ တိုင်းပြည်ဆိုတော့ မသင့်လျော်ဘူး။ အပြောင်းအလဲတွေ သိပ်များတယ်၊ ရှုပ်ထွေးမှုတွေ ရှိနေတယ်ဆိုပြီး စဉ်းစားကြတာများတယ်။ အဲဒီလိုမျိုး စဉ်းစားရင် မှန်တယ်။ နောက်တစ်ခု နိုင်ငံရေးစနစ်၊ နိုင်ငံရေးအခြေအနေအရလည်း ၂၀၁၀ တုန်းက ခင်ဗျားတို့ နိုင်တယ်။ သူများအလှည့်ရောက်တော့ ကစားပွဲရဲ့ အခင်းအကျင်းကို ပြင်တယ်လို့ အမြင်မျိုး အများပြည်သူအများစုက မြင်သွားလို့ရှိရင် မလိုလားအပ်တဲ့ ဆူပူမှုတွေ ဖြစ်လာနိုင်တယ်လို့ တပ်မတော်က စိုးရိမ်ပုံရတယ်။ ဒါ့အပြင် တပ်မတော်ကတော့ အခုကိစ္စမှာ ဘယ်ပါတီရဲ့ နောက်ကိုမှ မလိုက်ဘူး။ တိုင်းပြည်တည်ငြိမ်ရေးအတွက်၊ ဒီမိုကရေစီရေးအတွက် လွတ်လွတ်ကင်းကင်း ရပ်တည်မယ်ဆိုတာကို ကြေညာချင်တဲ့ အနေအထားလို့ ထင်ပါတယ်။

**အခု PR စနစ်ကို တပ်မတော်၊ NLD နဲ့ တိုင်းရင်းသားပါတီတွေက ကန့်ကွက်ထားတယ်။ အဲဒီလို ကန့်ကွက်တဲ့ကြားက ပြည်ခိုင်ဖြိုးက ဖွတ်အတင်းလုပ်မယ်ဆိုရင် ဘာတွေ ဆက်ဖြစ်လာနိုင်မလဲ။**

ပြောရတာတော့ ခက်တာပေါ့။ တပ်မတော်အနေနဲ့ကတော့ တတ်နိုင်သမျှ ဒီမိုကရေစီဘောင်အတွင်းက လုပ်နေတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်အတွင်းက လုပ်နေသရွေ့တော့ သူကတော့ သတိပေးတာလောက်ပဲ လုပ်တယ်။ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးတာကတော့ နိုင်ငံရေး မတည်မငြိမ်မှုတွေ ဖြစ်လာနိုင်တယ်လို့ သတိပေးတာပေါ့။ ဆိုတော့ တကယ်တမ်း အကောင်အထည်ဖော်တဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေ ငြိစွန်းပြီးတော့ ချိုးဖောက်ပြီးတော့ လုပ်တဲ့ဟာမျိုးဆိုရင်တော့ တပ်မတော်ဘက်က လက်ခံမှာမဟုတ်ဘူး။ သမ္မတရဲ့ မိန့်ခွန်း ဖတ်လိုက်ရတာ သမ္မတကလည်း စနစ်တခုဟာ အခြေမခိုင်ခင် နောက်စနစ်တစ်ခုကို ပြောင်းလဲကျင့်သုံးတာ မလုပ်သင့်ဘူးဆိုတဲ့ အနေအထား ပြောလိုက်တယ်။

**ဒီ PR စနစ်ကိုသာ ကျင့်သုံးဖို့ အတည်ဖြစ်လာမယ်ဆိုရင် အခုအချိန်မှာ ဆက်ဆံရေး ကောင်းနေတဲ့ NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြည်ခိုင်ဖြိုးဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ရဲ့ ဆက်ဆံရေးက ဘယ်လိုများ ဖြစ်သွားမလဲ။**

သဘောထားကြီးကြီးထားနိုင်ရင်တော့ ကောင်းတာပေါ့ဗျာ။ သဘောထားမတူဘူး၊ မတိုက်ဆိုင်ဘူးဆိုတာက ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စပဲလေ။ မကြာခဏ အခါအခွင့်ရတိုင်း သူတို့လည်း ဆွေးနွေးကြတာရှိတယ်။ တစ်ဖက်နဲ့တစ်ဖက် နားလည်မှုရှိပြီး အဆင်ပြေချောမွေ့သွားတာရှိတယ်။ ဒီကိစ္စလည်း နားလည်ရမှာကတော့ နိုင်ငံရေးဆိုတာ ဒီလိုပါပဲ။

**လက်ရှိဖွဲ့စည်းပုံအရ သမ္မတကို ပြည်သူက တိုက်ရိုက်ရွေးချယ်တဲ့ စနစ်မဟုတ်ဘဲ လွှတ်တော်က ရွေးချယ်တဲ့စနစ်ဆိုတော့ PR စနစ်ကျင့်သုံးမယ်ဆိုရင် သမ္မတကို ရွေးချယ်တဲ့နေရာမှာ အခက် အခဲတွေရှိမလာနိုင်ဘူးလား။**

**အချပ်ပို (A9) သို့**

# Technology

7 DAY NEWS JOURNAL

Vol.13, No.15 • JUNE 18 , 2014




*မိုက်ကရိုဆော့ဖ် စီအီးအို Steve Ballmer အား ကုန်ပစ္စည်း မိတ်ဆက်အခမ်းအနားတစ်ခုတွင် တွေ့ရစဉ်* RICK WILKING

# မိုက်ကရိုဆော့ဖ်၏ထုတ်ကုန်များ အခမဲ့နီးပါး စျေးနှုန်းဖြင့် ပြည်တွင်းတက္ကသိုလ်များအား ရောင်းပေးရန်ရှိ

**နိုင်လင်းအောင်**

**ရန်ကုန်၊ ဇွန်-၁၅**

အမေရိကန်အခြေစိုက် နိုင်ငံတကာထိပ်တန်းနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့်မိုက်ကရိုဆော့ဖ်က မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် ကျောင်းသားများအတွက်၎င်းတို့၏ ဆော့ဖ်ဝဲထုတ်ကုန်များကိုအခမဲ့နီးပါးစျေးနှုန်းဖြင့် ရောင်းချပေးသွားရန်ဝန်ကြီးဌာနနှစ်ခုနှင့်ညှိနှိုင်းဆောင်ရွက်နေကြောင်းသတင်းရရှိသည်။

"ပညာရေးကဏ္ဍအတွက် အထောက်အကူပြုနိုင်အောင်မိုက်ကရိုဆော့ဖ်က ပရိုဂရမ်တစ်ခုအနေနဲ့ လုပ်ပေးသွားမှာပါ။အလကားနီးနီး လောက်ရှိတဲ့ စျေးနှုန်းမျိုးနဲ့ ဆော့ဖ်ဝဲတွေကို အသုံးပြုခွင့်ရအောင် ရောင်းချပေးသွားပါမယ်"ဟု မိုက်ကရိုဆော့ဖ် ၏ Market Deve–lopment Partner ကုမ္ပဏီ (KC) မှ Executive Director ဦးကျော်အေးနိုင်က ပြောသည်။

လက်ရှိတွင် မိုက်ကရိုဆော့ဖ် အနေဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းမှုများပြုလုပ်လျက်ရှိပြီး ၎င်းတို့၏ ဆော့ဖ်ဝဲထုတ်ကုန်များကို တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ပြင်ပပုဂ္ဂလိကကျောင်းများတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"လက်ရှိမှာ ဝန်ကြီးဌာနနဲ့ ညှိနှိုင်းနေတယ်။ ပြီးရင်ကျောင်းတွေနဲ့ သဘောတူလက်မှတ်ရေးထိုးပြီးတော့ အခမဲ့နီးပါးအသုံးပြုလို့ရအောင် ဆောင်ရွက်ပေးသွားမယ်လို့ သိရတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အတွင်းရေးမှူးဦးထွန်းသူရသက်က ဆိုသည်။

မိုက်ကရိုဆော့ဖ်သည် ယခုကဲ့သို့ အခမဲ့နီးပါးရှိသော စျေးနှုန်းမျိုးဖြင့် ရောင်းချပေးခြင်းသည် ပညာရေးကဏ္ဍတွင် အထောက်အကူပြုစေရန်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ မိုက်ကရိုဆော့ဖ်ထုတ်ကုန်များကို လိုင်စင် Version ဖြင့် အသုံးပြုသူဦးရေမှာအနည်းငယ်သာရှိသေးပြီးအများစုမှာ လိုင်စင်မရှိဘဲ အသုံးပြုလျက်ရှိသောကြောင့် အများစုအသုံးပြုနိုင်သောစျေးနှုန်းမျိုးဖြင့်အခြားကဏ္ဍများတွင် လည်း ရောင်းချပေးမည်ဆိုပါက အဆင်ပြေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးမျိုးမြင့်ထွန်းက ဆိုသည်။

ကမ္ဘာ့ဖလားအထိမ်းအမှတ်အနေဖြင့် ဘောလုံးအသင်းများ၏ ရုပ်ပြောင်စတစ်ကာလေးများကို Viber Software ထဲမှ Stiker market ထဲသို့ဝင်ကာ download ရယူနိုင်ပြီး ဘောလုံးအသင်းများ၏ စတေကာများကို သီးသန့်ယူနိုင်ရန် Foorball Forever ဟူ၍ ကဏ္ဍတစ်ခုခွဲကာ သီးသန့်လုပ်ပေးထားပြီး အများစုကို အခမဲ့ရယူခွင့်ပေးထားသည်။

# စာတိုက်လုပ်ငန်းဆိုင်ရာ ဥပဒေရေးဆွဲရန် အကြံပေးပုဂ္ဂိုလ်များ ခေါ်ယူ

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၁၄**

စာတိုက်ဆိုင်ရာဝန်ဆောင်မှုမူဝါဒနှင့်ဥပဒေအသစ်ရေးဆွဲရန်အတွက် လိုအပ်သည့်အကြံဉာဏ်များနှင့် အထောက်အပံ့များပေးနိုင်ရန် ပြည်တွင်းပြည်ပမှ အတိုင်ပင်ခံပုဂ္ဂိုလ်များ ဖိတ်ခေါ်ထားကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက စာတိုက်ဆိုင်ရာဝန်ဆောင်မှု မူဝါဒနှင့်ဥပဒေအသစ်ရေးဆွဲရန်အတွက်အထောက်အပံ့များ ပေးနိုင်ရန် ပြည်တွင်းနှင့်ပြည်ပရှိ တစ်ဦးချင်းအတိုင်ပင်ခံပုဂ္ဂိုလ်များခန့်ထားဆောင်ရွက်နိုင်ရေးအတွက် ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

စိတ်ပါဝင်စားသည့် ပြည်တွင်း၊ ပြည်ပမှ အတိုင်ပင်ခံပုဂ္ဂိုလ်များအနေဖြင့် စိတ်ပါဝင်စားကြောင်း ဖော်ပြစာ(EOI–Expression of Interest)ကို ဇွန်လ ၃၀ ရက်နောက်ဆုံးထား၍ နေပြည်တော်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ပေးပို့ရမည်ဖြစ်ကြောင်းထုတ်ပြန်ထားသည်။

အဆိုပါအတိုင်ပင်ခံပုဂ္ဂိုလ် (Consultants)များဖိတ်ခေါ်ထားသည့်အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်www.mcit.gov.mmတွင်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဆက်သွယ်ရေးဆိုင်ရာ တရားဝင်ထိန်းသိမ်းရေးအဖွဲ့အစည်းအား အကြံဉာဏ်များပေးရန်အတွက်လည်း ပြည်တွင်း၊ ပြည်ပမှ အကြံပေးပုဂ္ဂိုလ်ရာထူးအတွက်လည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကခေါ်ယူထားသည်။

စာတိုက်ဆိုင်ရာမူဝါဒပိုင်းဆိုင်ရာများနှင့် ဖြစ်ပေါ်လာမည့် စာတိုက်ဥပဒေတွင် လိုအပ်သည့် အချက်အလက်များပံ့ပိုးပေးနိုင်ရန်နှင့် အကောင်အထည်ဖော်ရာတွင် အကူအညီရရှိရန်နှင့် လက်ရှိလုပ်ဆောင်နေသည့် မူဝါဒလုပ်ငန်းများတွင်လည်း အကောင်အထည်ဖော်နေသူများကို အကူအညီပေးနိုင်ရန်အတွက်ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်းသတင်းရရှိသည်။







# Google Glass အတွက်ပထမဆုံးကျန်းမာရေးမှတ်တမ်း App ထွက်ရှိ

**နယူးယောက်၊ ဇွန်-၁၃**
ဂူးဂဲလ်ကုမ္ပဏီထုတ် ခေတ်ရှေ့ပြေးမျက်မှန်များမှာ အမေရိကန်နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၊ ဆေးခန်းများတွင်အသုံးတော်ခံရန်လမ်းကြောင်းပေါ်သို့ရောက်ရှိနေပြီဖြစ်သည်။

ဆရာဝန်များ၏ Google Glass ဝယ်ယူလိုမှုကြီးထွားလာခြင်းကိုပြည့်မီစေရန် ကယ်လီဖိုးနီးယားအခြေစိုက်ဆေးမှတ်တမ်း ကုမ္ပဏီတစ်ခုက Drchrono ဟု အမည်ပေးထားသည့် ဝတ်ဆင်နိုင်သောဆေးမှတ်တမ်းအက်ပလီကေးရှင်းတစ်မျိုးထုတ်လုပ်ထားကြောင်း သိရသည်။

Google Glass အတွက် Drchrono အက်ပလီကေးရှင်းအသုံးပြုနိုင်ရန် မှတ်ပုံတင်ထားသော ဆရာဝန်များအနေဖြင့် လူနာများ၏ခွင့်ပြုချက်များဖြင့်တိုင်ပင်ဆွေးနွေးမှု(သို့မဟုတ်) ခွဲစိတ်ကုသမှုကို မှတ်တမ်းတင်ထားရန် အသုံးပြုနိုင်မည်ဖြစ်သည်။




ဗီဒီယိုဖိုင်များ၊ ဓာတ်ပုံများနှင့်မှတ်စုများကို လူနာ၏အီလက်ထရွန်နစ်ဆေးမှတ်တမ်း(သို့မဟုတ်) အဝေးထိန်းကွန်ပျူတာ စနစ်သုံးသိုလှောင်သိမ်းဆည်းမှုဖြစ်သည့် Boxတွင် မှတ်တမ်းတင်ထားနိုင်မည်ဖြစ်ကာ တောင်းဆိုမှု အလျောက်ယင်းလူနာနှင့်ဝေမျှကြည့်ရှုခွင့်ရမည်ဖြစ်သည်။

လုံခြုံရေးအပိုင်းကို ပိတ်မိခြင်းနှင့်လူနာ၏သဘောတူညီမှုကို ရယူခြင်းတို့ကဲ့သို့ Google Glass ကိုအသုံးမပြုမီ သတိရှိကြရန် ဆန်ဖရန်စစ္စကို အခြေစိုက်ခြေထောက်အထူးကုဆရာဝန်ဒေါက်တာဘေးလ်ဂျေမီတာဆက်က လုပ်ဖော်ကိုင်ဖက် ဆရာဝန်များအားသတိပေးထားသည်။

Google Glass မှာကုသမှုဆိုင်ရာကိစ္စရပ်များ၌ မကြာခဏအသုံးပြုနေကြသော iPad ကဲ့သို့ သင်ပုန်းကွန်ပျူတာများထက် ပို၍လျော့၍လည်းလုံခြုံခြင်းမရှိဟုလည်း ၎င်းကပြောသည်။

လူနာစုစုပေါင်း၏ ၉၆ ရာခိုင်နှုန်းက Google Glass အသုံးပြုခြင်းကိုသဘောတူကြသော်လည်း အချိန်စောလွန်နေသေးပြီး ဆရာဝန်အများစုမှာ ယင်းနည်းပညာရွေးချယ်အသုံးပြု မှုမရှိသေးကြောင်းလူနာများနှင့်တိုင်ပင်ဆွေးနွေးမှုများနှင့် ခွဲခန်းများထဲတွင် Google Glassကိုအသုံးပြုနေသည့် ဒေါက်တာမီတာဆက်က ပြောသည်။

*—Ref: Reuters*




# ဆက်သွယ်ရေး နည်းဥပဒေ ထပ်မံဖြည့်စွက်ရန် ဦးစီးဌာနသို့ပြန်လွှဲ

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၁၃**
ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားသည့် ဆက်သွယ်ရေး နည်းဥပဒေတွင် ပြန်လည်ဖြည့်စွက်ပြင်ဆင်စရာများလိုအပ်နေခြင်းကြောင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပြန်လည်ပေးပို့ထားကြောင်း သတင်းရရှိသည်။

ဆက်သွယ်ရေးနည်းဥပဒေကို လွန်ခဲ့သည့် နှစ်ပတ်ခန့်က ရှေ့နေချုပ်ရုံးက လိုအပ်သည့်အချက်အလက်များ ပြန်လည်ပြင်ဆင်ဖြည့်စွက်ရန် ပေးပို့ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ပြန်လည်ပေးပို့ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ဦးက ပြောသည်။

"သူတို့ဘက်က Comment ပြန်လာတယ်။ ပြန်ပြင်ဆင်ဖို့ လိုတာတွေနဲ့ ရှေ့ကထွက်ထားတဲ့ ဥပဒေနဲ့ နောက်ကနည်းဥပဒေနဲ့ မကိုက်ညီတာမျိုးတွေ၊ ပြီးတော့ ဆက်သွယ်ရေးဌာနဘက်ကျတော့ ဥပဒေကြောင်းအရ ဖော်ပြတာမှားယွင်းတာမျိုးတွေ ရေးထုံးမမှန်တာတွေကို ပြန်ပြီးပြင်ဖို့တွေ လုပ်ဖို့ပြန်ပို့ထားတာပါ" ဟု ဦးကျော်ဦးက ပြောသည်။

ရှေ့နေချုပ်ရုံးသို့ ပြန်လည်ပေးပို့ပြီး အတည်ပြုပါက အော်ပရေတာကုမ္ပဏီများလုပ်ကိုင်မည့် မိုဘိုင်းဆိုင်ရာများမှ လွဲ၍ အခြားသောဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် ဖိုက်ဘာ၊ အင်တာနက်ဝန်ဆောင်မှုအစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်လိုသူများအား ရွေးချယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

မိုဘိုင်းတယ်လီကွန်းဆိုင်ရာ ဝန်ဆောင်မှုများအားလုံးကို လုပ်ကိုင်ခွင့်ပေးနိုင်မည့် နည်းဥပဒေကို မတ်လ ၈ ရက်က စတင်ပေးပို့ထားခြင်း ဖြစ်သည်။ ဆက်သွယ်ရေးဥပဒေအောက်တွင် ပါရှိမည့် နည်းဥပဒေနှစ်ခုဖြစ်သည့် အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ နည်းဥပဒေ (Interconnection Law) နှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ ဈေးကွက်ယှဉ်ပြိုင်ရာ ယုံကြည်မှုရရှိစေမည့် နည်းဥပဒေ (Competition Law) များကိုလည်း ပေးပို့ပြီးဖြစ်ကြောင်း သိရသည်။

ဧပြီလအကုန်တွင် ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားသည့် နည်းဥပဒေများ အတည်ပြုနိုင်မည်ဟု ခန့်မှန်းထားသော်လည်း လက်ရှိတိုင်အတည်မပြုနိုင်သေးဘဲ ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။

# ပြည်သူမကြည်သာလျှင် မဲဗလာ

မယ်ငွေဥ

ကျွန်မတို့မြန်မာပြည်မှာ ရွေးကောက်ပွဲအတွက် PR လို့ခေါ်ဆိုသော အချိုးကျရွေးကောက်ပွဲစနစ်ကို အသုံးပြုသွားမည့်သဘောဖြစ်တည်နေပြီဟု ထင်မိပါသည်။ တိတိကျကျထုတ်ပြန်ကြေညာခြင်းမရှိသေးသော်လည်း ဇွန်လ ၁၁ ရက်က ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက် Proportional Representive (ပီအာရ်) ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးရန် ရွေးကောက်ပွဲကော်မရှင်ကိုတိုက်တွန်းသည့် အဆိုတစ်ရပ်ကို တင်သွင်းသွားခဲ့ ပြီး ထောက်ခံမဲ ၁၁၇ မဲ၊ ကန့်ကွက်မဲ ၈၅ မဲဖြင့် အနိုင်ရသွားခဲ့ ပြီဟု သိရသည်။

ထိုအဆိုကို တင်သွင်းသွားသူမှာ NDF ပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်ဖြစ်သည်။ သူမ၏အဆိုသည် အမျိုးသားလွှတ်တော်အတွက်သာဟု ယူဆ၍ မရနိုင်ပါ။ မကြာမီပြည်သူ့လွှတ်တော်မှလည်း NDF ပါတီအနေဖြင့် တင်သွင်းကောင်းတင်သွင်းလာနိုင်စရာအကြောင်းရှိကောင်းရှိမည်။

ထိုကဲ့သို့ ကျွန်မတို့နိုင်ငံမှာ တစ်ကြိမ်တစ်ခါမျှ ကျင့်သုံးခဲ့ဖူးခြင်းမရှိသေးသော ပီအာရ် (သို့တည်းမဟုတ်) အချိုးကျရွေးကောက်ပွဲစနစ်ကို ကျင့်သုံးမည်ဆိုသည့် အလားအလာတွေရှိလာတော့ ကျွန်မတို့လို ပြည်သူများဘက်မှလည်း ဆွေးနွေးစရာတွေရှိလာသည်။ အမှန်စင်စစ်ကျွန်မတို့နိုင်ငံသားပြည်သူများသည် ဒီမိုကရေစီစံနှုန်းနှင့် ညီညွတ်မျှတသော ရွေးကောက်ပွဲများနှင့် ကင်းကွာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ စစ်အာဏာရှင်စနစ်အောက် နှစ်ပေါင်းငါးဆယ်ကျော်မျှ နေထိုင်ခဲ့ကြရသူများဖြစ်သဖြင့် သာမန်အားဖြင့် သမားရိုးကျ ရွေးကောက်ပွဲစနစ်ကိုသာ နားလည်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည်ပြည်သူလူထုထောက်ခံမဲအများဆုံးရရှိပါက အနိုင်ရမည်။ ထောက်ခံမဲ အရေအတွက် နည်းပါက အမတ်မဖြစ်နိုင်။ ထိုသို့ထောက်ခံမဲ အရေအတွက်များသူသာ အနိုင်ရသည့် စနစ် (First past the post) FPTP စနစ်ကိုသာ နားလည်သိရှိကြသည်။

First past the post စနစ်သည် ပြည်သူလူထုအတွက် လူထုလူတန်းစားအဆင့်အတန်းမရွေး သဘောပေါက်နိုင်သည်။ First past the post စနစ်မှာ ရှုပ်ရှုပ်ထွေးထွေးမရှိ။ ရှင်းပါသည်။ ဘောလုံးပွဲ ဖိုင်နယ်မှာ ဂိုးရေအတွက် ပိုသွင်းနိုင်သူက ဗိုင်းဆုရသည့်နည်းအတိုင်း ရိုးရှင်းသဖြင့် တိုင်းသူပြည်သားအားလုံးအတွက် ရှုပ်ထွေးရန်အကြောင်းမရှိ။ ပီအာရ်စနစ်ဆိုသည်ကိုမူ မြန်မာပြည်မှ ပညာရေးအဆင့်အတန်းနိမ့်ကျသူတို့ အတွက်မဆိုထားဘိ။ ကျွန်မတို့ကဲ့သို့သော ဘွဲ့ရပညာတတ်များအတွက်ပင် နားလည်ရန် ခက်ခဲနေဦးမည်ဟု ယူဆမိပါသည်။

နိုင်ငံရေးခေတ်သစ်၊ စနစ်သစ်ကို အပြောင်းအလဲလုပ်မည်ဟု ဆိုနေကြချိန်မှာ သင်နည်းတွေ စုံညီအလွန်နက်တဲ့တော။ ဆင်ကြီးကို ဂဠုန်ချိုညွှန်ချက်နဲ့ ပြော ဆိုသည့်စကားကဲ့သို့ပင်။ အများပြည်သူအနေဖြင့် မည်သူမှ မကြားဘူး၊ မသိဘူး၊ မတွေ့ထိဘူးသေးသော ရွေးကောက်ပွဲနည်းစနစ်သစ်တစ်ခုကို ကမ္ဘာကြီးနှင့် နှိုင်းယှဉ်လျှင် ကျေးလက်သာသာရှိသည့် ဒီမိုကရေစီတောအရပ်မှာ မိတ်ဆက်ကြမည်ဆိုတော့ သင့်တော်ပါ၏လော။ သမ္မတဦးသိန်းစိန်အစိုးရတက်စအချိန်က နုနယ်သေးသည့် လမ်းလျှောက်တတ်ခါစ သုံးနှစ်သားအစိုးရကို ဖိအားတွေ သိပ်မပေးပါနှင့်ဟု အကောင်းမြင်ပညာရှင်ဆရာကြီးများ ပြောခဲ့ကြ၊ ဆိုခဲ့ကြသည့်စကားများကို သတိရမိသည်။ ယခုအခါ ထိုထိုသော ပညာရှင်များပြောခဲ့သည့်အတိုင်း "ပြည်သူလူထုက နုနယ်လွန်းတဲ့ ကလေးအရွယ်ပဲ ရှိပါသေးတယ်။ ထူးထူးဆန်းဆန်း၊ အသစ်အဆန်းစနစ်မျိုးကို ဇွတ်ထိုးမကျွေးကြပါနှင့်ဦး"ဟု သာပြောချင်မိသည်။

NDF ပါတီမှ ပီအာရ်စနစ်ကို ကျင့်သုံးရန် အဆိုတင်သွင်းသူ ဒေါ်ခင်ဝိုင်းကြည်ကတော့ "ပီအာရ်စနစ်ဟာ ပါတီအားလုံးက အမတ်တွေလွှတ်တော်ထဲရောက်နိုင်ပြီး ပါတီစုံဒီမိုကရေစီစနစ်နဲ့ ပိုသင့်တော်ကိုက်ညီတယ်၊ ပြည်သူတွေရဲ့ ဆန္ဒမဲတွေလည်း ဆုံးရှုံးအလေအလွင့်မရှိနိုင်ဘူး"ဟု ဒီဗီဘီသတင်းဌာနနှင့် တွေ့ဆုံရာတွင် ပြောသွားခဲ့သည်။ သူမ၏ ပြောအရဆိုလျှင် မြန်မာပြည်မှာရှိသည့် ပါတီတိုင်း လွှတ်တော်ထဲရောက်လာစေမည့်သဘောဖြစ်သည်။ ဤသို့ဆိုလျှင် ငွေရှိလျှင် ပါတီထောင်။ ပါတီရှိလျှင် လွှတ်တော်မှာ နေရာရမည်။ တိုင်းပြည်တည်ဆောက်ရေးမှာ တော်တော်၊ မတော်တော်၊ တတ်တတ်၊ မတတ်တတ်။ ကျွမ်းကျင်သည်ဖြစ်စေ၊ မကျွမ်းကျင်သည်ဖြစ်စေ ပါတီရှိရန်သာလိုမည်။ အမတ်ဖြစ်ရန် မခက်ခဲဟုဆိုပါတော့။

ထိုထက်ပိုပြောရလျှင် တိုင်းသူပြည်သားအချင်းချင်းထားရှိရမည့် လူမျိုးတစ်မျိုးနှင့် တစ်မျိုး။ နိုင်ငံသားအစုအဖွဲ့ တစ်စုနှင့် တစ်စု၊ တစ်ခုနှင့် တစ်ခု လူ့အခွင့်အရေးတွေ၊ ညီညွတ်ရေးတွေ၊ စည်းလုံးမှုတွေ၊ ချစ်ခင်ရင်းနှီးမှုတွေ မလိုအပ်။ အမုန်းတရားနှင့် ကုန်းတိုးစကားပြောကာ သတ်ကြကွ၊ ဖြတ်ကြကွဆိုသော အစွန်းရောက်မျိုးချစ်ပါတီတွေလည်းလွှတ်တော်မှာ နေရာရလာမည့်ပုံရှိသည်။ ဒုတိယကမ္ဘာ့စစ်ပျိုးချိန်ဂျာမနီမှာ ပီအာရ်စနစ်ဖြင့် ဟစ်တလာ၏ နာဇီပါတီကဲ့သို့သော ပါတီသည် လွှတ်တော်မှာပါလာပြီး အားကောင်းလာရာ ကမ္ဘာကြီးပင်ပျက်စီးလုနီးအောင်ဖြစ်ခဲ့သည့် မဟုတ်ပါသလော။

ပါတီထောင်နိုင်တိုင်းသာ ထိုပါတီက ရွေးသမျှအမတ်လောင်းများ လွှတ်တော်မှာနေရာရမည်ဆိုလျှင် ကိုယ့်အရည်အချင်းကိုယ်မသိ။ လမ်းမပေါ်မှ ရွာဆော်အဆင့်ကလည်း ပါတီထောင်မည်။ အကြော်သည်၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်လည်း ပါတီတစ်ခုမှာ ဝင်မိလျှင် အမတ်ဖြစ်နိုင်သည်။ ၁၉၉၀ ရွေးကောက်ပွဲမှာ ပါတီပေါင်း ၂၀၀ ကျော်ရှိခဲ့သည်။ ယခုလည်း နိုင်ငံရေးပါတီအဖြစ်ရပ်တည်နေသော ပါတီတွေ မနည်းလှပါ။ တိုင်းရင်းသားပါတီများပါဆိုလျှင် ပါတီလေးဆယ်နီးပါးရှိသည်ဟု ထင်မိပါသည်။ နောက်ထပ်လည်း တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းပါတီတွေ ပေါ်လာနိုင်ပါသေးသည်။ ယခုပင်လျှင် ရှေ့ရေးနောင်ရေး အရှည်မတွေးဘဲ လမ်းဘေးမှာ အရက်ဝိုင်းမှာ ကြက်ကျော်၊ ကြွက်ကျော်နှင့် လွေးရင်း ပါတီဥက္ကဋ္ဌရာထူးယူထားသူများကို မြင်နေရသည်မဟုတ်ပါလား။

ပီအာရ်ရွေးကောက်ပွဲစနစ် မကောင်းဟု မဆိုလို။ ကမ္ဘာမှာ ပီအာရ်ရွေးကောက်ပွဲစနစ်ဖြင့် ဟန်ကျပန်ကျဖြစ်နေသော နိုင်ငံများလည်းရှိကြသည်။ ကမ္ဘာပေါ်က နိုင်ငံပေါင်း ၈၆ နိုင်ငံမှာ ပီအာရ်ရွေးကောက်ပွဲစနစ်ကို သုံးနေကြသည်ဟု မှတ်သားမိသည်။ နိုင်ငံအားလုံး တစ်ပုံစံတည်းသော ပီအာရ်စနစ်တော့မဟုတ်။ မိမိနိုင်ငံ နှင့် အဆင်ပြေသလို ကွဲပြားကြသည်။ ပီအာရွေးကောက်ပွဲစနစ်ကိုလုံးဝမကောင်းဟုမဆိုလို။ သူ့နိုင်ငံ၊ သူ့အခြေအနေနှင့် သူရွေးချယ်ပြီး သုံးစွဲနေကြသည်ကို မငြင်းလို။ ပီအာရ်စနစ်ကို အင်္ဂလန်၊ ဒိန်းမတ်၊ ဩစတြေးလျ၊ ဖင်လန်၊ ဆွစ်ဇာလန်၊ အိန္ဒိယတို့လို ဒီမိုကရေစီစနစ်ဖြင့် အသားကျနေသော နိုင်ငံကြီးများမှာ အသုံးပြုနေကြပါသည်။ သို့သော်ထိုနိုင်ငံကြီးများ အစိုးရခေါင်းဆောင်လုပ်ချင်၍ ပါတီထောင်သူများမှာ ပညာရေးအဆင့်အတန်းမနိမ့်ကြ။ ထိုနိုင်ငံများမှာ နိုင်ငံရေးအတတ်ပညာကို အထက်တန်းကျကျ သင်ကြားတတ်မြောက်ပြီးသူတွေပေါများသော နိုင်ငံများဖြစ်သည်။ ကျွန်မတို့မြန်မာပြည်မှာ နှစ်ငါးဆယ်ကျော်ပစ်ပယ်ထားသော ပညာရေးစနစ်အောက်မှာ အမှန်တကယ်တိုင်းပြည်ကို ဦးဆောင်နိုင်သည့်နိုင်ငံရေးပညာရှင်ဟူ၍ဘယ်နှယောက်များရှိမည်နည်း။

ဤသို့ဆိုလျှင် အချို့က နာလိုခံခက် အမျက်ထွက်ချင်ထွက်ကြမည်။ ထွက်လိုက ထွက်ပါစေ။ တိုင်းရေးပြည်ရေးမှာ အားနာရန်မရှိ။ ထောက်ထားညှာတာပြီး ဝေဖန်ရန်မရှိ။ ကြောက်ရန်လည်း မရှိ။ တိုင်းပြည်အကျိုးအမှန်တကယ်မျှော်ကိုးလျှင် ပြတ်ပြတ်သားသားဝေဖန်ရလိမ့်မည်။ စစ်ဗိုလ်ချုပ်များဆိုလျှင် လူမနီး သူမနီးစစ်စခန်းများမှာ ရှေ့တန်းစစ်မျက်နှာမှာ နှစ်ပေါင်းများစွာ နေထိုင်လာကြပြီး ကိုယ်မကျွမ်းကျင်သည့် နိုင်ငံရေး၊ အုပ်ချုပ်ရေးအလုပ်ကို ဝုန်းဒိုင်း၊ ဝုန်းဒိုင်းဝင်လုပ်ကြရင်း တိုင်းပြည်တစ်ခုလုံး ကမောက်ကမနှင့် ချောက်ကျရသည့်အဖြစ်တွေလည်းဖြစ်ခဲ့ပြီ။

**စာမျက်နှာ(၃၂) သို့**



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.15 ▪ JUNE 18 , 2014



# မင်းဒင်ရဲ့ သက်ခိုင်(၂)

■ မင်းဒင်

(ယခင်အပတ်မှအဆက် . . . )

**အခန်း (၃၉)**

**အန္တရာယ်တောထဲက အမေ့ခံဘဝများ**

ကိုသက်ခိုင်ကား (NIKE) တံဆိပ်အကောင်းစားစပို့ရှပ်ဖြင့် ထုံးစံအတိုင်း လူလတ်ပိုင်းတစ်ဦး၏ဟန်ပန်အပြည့်ဖြင့် ဖျတ်လတ်သွက်လက်လျက်ရှိ၏။ ကိုသက်ခိုင်ကိုကြည့်ရသည်မှာ အလီမောင်မောင်ကျွန်တော့်ထံ ရောက်၊ မရောက် ကိုယ်တိုင်လိုက်လာပြီး စနည်းနာခြင်းဖြစ်နိုင်၏။ ကျွန်တော်က သူ့ကို ထိုင်းရိုးရာအတိုင်း လက်အုပ်ချီရင်း အတည်ပေါက်လိုလို၊ နောက်ပြောင်သလိုနှင့်အရိုအသေပြု နှုတ်ဆက်စကားဆိုလိုက်သည်။

“ဆဝါဒီခပ်၊ ဖိ(မင်္ဂလာပါအစ်ကို)”

“တော်စမ်းပါဗျာ။ ကိုယ့်လူနှယ်၊ ထိုင်းရောက်နေတာကြာပေါ့ ဆဝါဒီတောင် နည်းလမ်းကျအောင် မခပ်တတ်သေးဘူး”

“အမလေး၊ ဆဝါဒီခပ်တာများလွယ်လွန်းလို့ဗျာ။ လက်အုပ်လေးချီပြီး ပါးစပ်က ဆဝါဒီဆိုပြီးရောမဟုတ်လား”

“တော်ပါတော့ ကိုလူလည်ရယ်၊ မသေမချင်းမှတ်ထားပေတော့။ ဆဝါဒီခပ်တာ လေးမျိုးရှိတယ်ဗျ။ နဖူးနဲ့ လက်မထိတဲ့ အနေအထားက ဘုရား၊ တရား၊ သံဃာ။ နှာခေါင်းနဲ့လက်မထိထားရင် အမိအဖ၊ ဂုဏ်အားဖြင့် လည်းကောင်း၊ အသက်အားဖြင့်လည်းကောင်း၊ ကြီးမြတ်သူ၊ ကြီးရင့်သူတွေအတွက်ဗျ။ ရွယ်တူဆိုရင် ပါးစပ်မှာထိထား၊ ကိုယ့်ထက်အသက်ငယ်ရင် ရင်ညွှန့်တည့်တည့်မှာကပ်၊ မသေမချင်းမှတ်ပေရော့”

“အမယ်တယ်ဟုတ်ပါလား။ ကျွန်တော်ကတော့ စွတ်ဆဝါဒီခပ်နေတာပဲဗျာ။ ပညာရှိစကားကို မှတ်သားနာယူထားဦးမှ”

“ကဲပါဗျာ၊ မောင်မောင်နဲ့ ခင်ဗျားလုပ်ချင်တာတွေ အံကျဖြစ်ရဲ့လား”

“ဖြစ်တယ်ဗျ။ ဒီမောင်က ပညာစုံတတ်တာကလား။ ဇာတ်သမားစကားနဲ့ဆို သေတ္တာမှောက်လို့တောင်ဆိုရမယ်”

အလီမောင်မောင်က တံခါးသော့အသစ်ကို မူလီစုပ်နေရင်း ခပ်ပြုံးပြုံးလှမ်းကြည့်နေသဖြင့် ကိုသက်ခိုင်က စကားလမ်းကြောင်းကို သူ့ဆီသို့ ဦးတည်လိုက်သည်။

“ဟေ့ မောင်မောင်၊ ရှုရှားတစ်ယောက်ကို ဗမာချာတိတ် နှစ်ယောက်ရိုက်သတ်တဲ့ကိစ္စတရားခံမိပြီလား”

“ဟာ ဆရာ၊ အဲဒီအမှုက လာဝိုင်ကမ်းခြေမှာဖြစ်တာ ဆရာရဲ့။ ချာတိတ်တွေက ဒီအမ်မခမ်ဘော်လဲနားက ပင်နာဆွန်ဆိုက်ကြီးထဲမှာ နေတာတဲ့။ ထိုင်းပုလိပ်တွေ ဝင်မွှေနေတာတော့ လေးငါးခါရှိပြီ။ အခုလောလောဆယ်ဖမ်းမိထားတဲ့ ကောင်တွေက တကယ့်တရားခံအစစ်တွေ မဟုတ်ဘူးတဲ့။ တကယ်သတ်တဲ့ ချာတိတ်တွေဟာ မွန်ပြည်နယ် နီးပဒေါ်ရွာသားတွေလို့ ပြောကြတာပဲဆရာ”

သူတို့နှစ်ယောက်ပြောဆိုနေကြသည့် ရုရှားလူမျိုးတစ်ယောက် ၎င်းနေထိုင်ရာအိမ်ခြံဝမှာ အသတ်ခံရသည့်သတင်းကို ကျွန်တော်လည်း သိုးသိုးသန့်သန့်ကြားထားပြီးဖြစ်၏။ ကျွန်တော့်စျေးဆိုင်ကား လူဝင်လူထွက်များသည်ဖြစ်၍ သတင်းပလင်းစုံလှသည်။ သို့သော် မွန်ဗမာအများစုမှာ မည်သည့် ထိုင်းသတင်းစာကိုမျှ မဖတ်တတ်သည့်အပြင် ထိုင်းတီဗီချန်နယ်များမှ လာသော သတင်းများကိုလည်း လုံးစေ့ပတ်စေ့ နားလည်ကြသူများ မဟုတ်ကြလေရာသူတို့ပြန်၍ဖောက်သည်ချသမျှသတင်းတို့မှာ ယောင်ယောင်ဝါးဝါးအလွဲအမှားသတင်းများသာဖြစ်၏။ ကိုသက်ခိုင်ကားဆက်၍စပ်စုနေပြန်သည်။

“မင်းသိသလောက်ပြောပါဦး မောင်မောင်ရ”

“အဲဒီရုရှားက အသက် ငါးဆယ်ကျော်လောက် ရှိတယ်တဲ့ ဆရာ။ သူက လာဝိုင်ကမ်းခြေ မှာ ခြံဝင်းအကျယ်ကြီးနဲ့နေတာ။ သူ့ကိုသတ်မယ့်ချာတိတ်နှစ်ယောက်က သူ့ခြံဝမှာ ညနေငါးနာရီလောက်ကတည်းက ကြိုစောင့်နေပြီး သုံးနှစ်သစ်သားပိုင်းနဲ့ မသေမချင်းရိုက်သတ်တာ။ နေရာတင်ပွဲချင်းပြီးတာပေါ့ ဆရာ။ အမှန်က ရုရှားကြီးဟာ ကားပေါ်ကနေဆင်းပြီး အဲဒီကောင်တွေနဲ့ တစ်ယောက်တစ်ခွန်းစကားများကြသေးတယ်တဲ့”

“မင်းကတော့လုပ်ပြီ။ ဘယ်ဗမာက ရုရှားလို့ တတ်လို့ စကားအခြေအတင်ဖြစ်ရမှာတုံးကွာ။ ကိုယ့်ကိုတချို့မောင်တွေပြောတာက ရုရှားအဘိုးကြီးရဲ့ခြံထဲဝင်ပြီး အာစီယံကျိုဖို့ဘိုင်ကထောင်(ဘိန်းစာရွက်) ဝင်ခူးရင်း ပြဿနာ ဖြစ်သလိုလို၊ ဘာလိုလိုကြားမိတယ်”

“ကျွန်တော်တော့ အဲသလို မကြားဘူးဆရာ။ အဲဒီချာတိတ်နှစ်ကောင်ရဲ့ညီမဆိုလား၊အသက်နှစ်ဆယ်ဝန်းကျင် မွန်ဗမာမလေးတစ်ယောက်က အသတ်ခံရတဲ့ ရုရှားအိမ်မှာ အိမ်ဖော်လုပ်တာတဲ့။ အဲဒီအိမ်ဖော်ဗမာမလေးကို ရုရှားက မုဒိမ်းကျင့်တယ်ဆိုလားကြားတာပဲဆရာ”

“အေးပေါ့ကွာ၊ အခုအသတ်ခံရတာ ရုရှားလူမျိုးဆိုတော့ မွန်ဗမာတွေနဲ့နှိုင်းယှဉ်ရင်ဂုဏ်သိက္ခာရှိကြတာကိုး။ ဖူးခက်က ထိုင်းရဲတွေတရားခံကိုမြေလှန်ရှာကြတာ မထူးဆန်းပါဘူး။ ကိုမင်းဒင်ရေ၊ ဒီဖူးခက်မှာ လူမျိုးတစ်မျိုးရဲ့ ဂုဏ်သိက္ခာဟာ တော်တော်ပေါ်လွင်တယ်ဆိုရမယ်ဗျ။ ထိုင်းမတွေက အဖြူကောင်တွေဆို သက်ကြားအိုလည်း လာထားဆိုတဲ့ အထဲက။ အဖြူကောင်တိုင်းလည်း ကြွယ်ဝချမ်းသာကြတာ မဟုတ်ပါဘူး။ သူတို့ရတဲ့ ပင်စင်လစာက ထိုင်းမှာ လူတန်းစေ့နေနိုင်တဲ့ အဆင့်ဆိုတော့ တွင်ကျယ်နိုင်ကြတာပေါ့ဗျာ။ ရင်နာစရာအကောင်းဆုံးက ဖူးခက်လို နိုင်ငံတကာလူမျိုးစုံဝင်ထွက်နေကြတဲ့ မြို့ကြီးမှာ ဗမာဟော့ဆိုတာနဲ့ အလုပ်ကြမ်းသမားနဲ့ စားပွဲထိုးဆိုပြီး အများစုက နားလည်နေကြတာကလား။ ကျွန်တော်အပါအဝင် ဘယ်ဗမာမှ ငါဗမာဟော့လို့ ရင်ကော့ပြောနိုင်တဲ့သူမရှိပါဘူး။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးဆိုပြီး အသံကောင်းဟစ်နေကြတဲ့ ပုဂ္ဂိုလ်ကြီးများကို ခေါ်ပြချင်စမ်းလှတယ်။ အဖြူကောင်သူဌေးတချို့လည်းရှိတော့ရှိပါရဲ့။ ဒါနဲ့ ဟိုတစ်လောက ခင်ဗျားကြားမိသေးလား။ အဖြူသူဌေးတစ်ကောင်နဲ့ ညားနေတဲ့ ထိုင်းမက သူ့အစ်ကိုတွေနဲ့ပေါင်းပြီး အဖြူကောင်ကိုသတ်၊ အလောင်းကို တစ်စစီပိုင်းဖြတ်ပြီး ကတကမ်းခြေနားက တောင်ကုန်းပေါ်မှာ မြှုပ်ထားတဲ့ အမှုလေ။ အဲဒီအဖြူကောင်ဟာ အမေရိကန်နိုင်ငံသားဖြစ်နေတော့ ထိုင်းရဲတွေ မျောက်မီးခဲကိုင်မိသလိုဖြစ်ပြီး နေ့ရောညပါအမှုမှန်မပေါ်၊ ပေါ်အောင် အလုပ်ရှုပ်ခဲ့ကြလေရဲ့”

ကိုသက်ခိုင်ပြောသကဲ့သို့ပင် ဖူးခက်ကားအမှုအခင်းပေါင်းစုံရှုပ်ထွေးများပြားလှသည့် အရပ်ဒေသဖြစ်၏။ ဖူးခက်ဒေသခံဦးရေက အနည်းစုဖြစ်၍ အလည်အပတ်လာကြသူများ၊ ကာလရှည်လာရောက်နေထိုင်သည့် မျက်နှာဖြူများ၊ ဖူးခက်တွင် အလုပ်အကိုင်အခွင့်အလမ်းများသဖြင့် အနီးဝန်းကျင်နယ်တစ်ဝိုက်မှ လာရောက်ကြသည့် ထိုင်းလူမျိုးများ၊ ဗမာရွှေ့ပြောင်းအလုပ်သမားများအကြားတွင် ပြဿနာပေါင်းသောင်းခြောက်ထောင်ရှိသည်။ နိုင်ငံတကာမှ အပျော်လာရှာကြသည့် အဖြူကောင်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရင်း ထိုင်းလူငယ်အချို့မှာ မူးယစ်ဆေးဝါးအလွန်အကျွံသုံးစွဲတတ်ကြသည်။ ၎င်း၏ နောက်ဆက်တွဲမှာ ဖူးခက်တွင် ရာဇဝတ်မှုထူပြောလာခြင်းပင်ဖြစ်ရာ ကျွန်တော့်ဆိုင်နှင့် တစ်ကီလိုမီတာပင်မဝေးသည့် တက်စကိုလိုတပ်(TESCO LOT–US) အလတ်စားဆိုင်ခွဲတစ်ခုအတွင်းရှိ ကာစီကွန်ဘဏ်(Kar–sikon Bank)တွင် သုံးလအတွင်း ဘဏ်ဓားပြမှုသုံးကြိမ်ဆက်တိုက်ဖြစ်ပွားခဲ့ဖူးသည်။

လွန်ခဲ့သော ၂၀၁၂ ခုနှစ်က ဖူးခက်မြို့လယ်ကောင် (TESCO LOTUS) ရောမကုန်တိုက်ကြီးရှေ့မှ ရွှေဆိုင်ကို ထိုင်းတစ်ကိုယ်တော်ဓားပြတစ်ဦးဝင်တိုက်သည့်သတင်းသည် တစ်နိုင်ငံလုံးဟိုးလေး တကျော်ကျော်ဖြစ်သွားခဲ့ဖူးသည်။ ထိုထိုင်းဓားပြသည် မျက်နှာဖုံးစွပ်လျက်ဆိုင်ကယ်ဖြင့် ရောက်လာခဲ့ပြီး ရွှေဆိုင်မန်နေဂျာကို သေနတ်ဖြင့် သုံးချက်ဆင့်ပစ်ခတ်ပြီးမှ ရွှေဆိုင်ကောင်တာရှိ မှန်ချပ်များကိုရိုက်ခွဲကာ ရသမျှရွှေထည်ပစ္စည်းတို့ကို သိမ်းကျုံးယူငင်သွားခဲ့သည်။ ရွှေဆိုင်မန်နေဂျာကား နေရာတွင်ပင်ပွဲချင်းပြီး၏။ တရားခံကိုကား ယခုတိုင်ဖမ်းဆီးရမိခြင်း မရှိသေးကြောင်း ဖူးခက်ဘန်ကောက်ကားဂိတ်တွင် ယနေ့ထက်တိုင် ချိတ်ဆွဲထားလျက် ရှိသေးသည့် “တရားခံပြေးအလိုရှိသည်။ ဆုငွေ ဘတ်သုံးသိန်း”ဟူသော ဗီနိုင်းကြော်ငြာဆိုင်းဘုတ်ကြီးက သက်သေခံလျက်ရှိသည်။ ထိုင်းဓားပြကို အားကျသည်လောမဆိုနိုင်။ မွန်ဗမာနှစ်ဦးသည်လည်း ဖူးခက်မြို့တွင်းက ရွှေဆိုင်ကြီးတစ်ဆိုင်ကို ဓားပြဝင်တိုက်ဖူးသည်။ ထိုမွန်ဗမာဓားပြတို့ကိုမူ ဆူရတ်ဌာနီကားဂိတ်တွင် ရက်ပိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည်။


အလီမောင်မောင်ကား သူ့အလုပ်သူလုပ်နေရင်း ကိုသက်ခိုင်နှင့် အမျှင်မပြတ်စကားဆက်လျက်ရှိပြန်သည်။

“ဒါနဲ့မောင်မောင် မင်းလည်း ဖူးခက်မှာဒီလောက်အကြာကြီးနေခဲ့ပြီဆိုတော့ အလုပ်တော်တော်စုံခဲ့ပြီထင်ပါရဲ့”

“ဟာ အလုပ်စုံ၊ ဘဝစုံတာကတော့ ပြောမနေပါနဲ့ ဆရာ။ ကျွန်တော်မြွေကို အစာကျွေးဖို့အတွက် ကြွက်၊ ဖားနဲ့ ကင်းလိပ်ချောတွေပါ လိုက်ဖမ်းဖူးတယ်။ အင်္ဂလိပ်အဖြူကောင်တစ်ကောင်က မြွေတွေ အများကြီးမွေးထားပြီး နိုင်ငံခြားကို အိတ်စပို့လုပ်တာတဲ့ ဆရာ။ တစ်နေ့တစ်နေ့ဖမ်းလိုက်ရတဲ့ ကြွက်၊ ဖမ်းလိုက်ရတဲ့ဖားနားရတယ်မရှိဘူး။နောက်တော့ ညပိုင်းမှာလုပ်မယ့် ထိုင်းရိုးရာလက်ဝှေ့ပွဲတွေအတွက် ကြော်ငြာကားခေါင်မိုးပေါ် မတ်တတ်ရပ်၊ လက်ဝှေ့အိတ်စွပ်ပြီး ဘုန်းဘုန်းဘုန်း၊ ဖြောင်းဖြောင်းဖြောင်းနဲ့ အသံကျယ်ကျယ်မြည်အောင် လက်သီးချင်းရိုက်ဟန်ရေးပြရတဲ့ အလုပ်မျိုးလည်းကျွန်တော်လုပ်ဖူးတယ်။ ကြော်ငြာကားမောင်းနေတဲ့ ဒရိုင်ဘာကတော့ အသံချဲ့စက်အသေးလေးတစ်ခုနဲ့ “SUNDAY NIGHT” “SATURDAY NIGHT” “FRIDAY NIGHT”ဆိုပြီး တစ်လမ်းဝင်၊ တစ်လမ်းထွက် လျှောက်အော်နေတာပေါ့ ဆရာ။ တစ်ခါတလေ တချို့အဖြူကောင်တွေဟာ လက်ဝှေ့စင်ပေါ်တက်ပြီး လက်သီးထိုးတာ၊ ခြေထောက်နဲ့ကန်တာတွေလည်း အပျော်သဘောမျိုးလုပ်တတ်ကြတယ်။ ခက်တာက ကျွန်တော်တို့ဗမာ အလုပ်သမားတွေဟာ သူတို့ထိုးတာ၊ ကန်တာတွေကိုမတ်တတ်ရပ်ရင်းငြိမ်ခံပေးနေရတာဆရာ။ လက်နှစ်ဖက်စလုံးမှာ ဖော့ပြားတွေကာထားပေမဲ့မူးမူးရူးရူးနဲ့ စင်ပေါ်တက်လာတတ်တဲ့အဖြူကောင်တွေလက်ချက်နဲ့ မျက်နှာတွေ၊ နံစောင်းတွေမှာမချိမဆံ့အထိုးအကန်ခံရတာတွေရှိတာပါပဲ။

**အချပ်ပို** (A10) **သို့**

မောင်သာချို




# တပည့်ကောင်းကောင်း ရောင်းရန်ရှိသည်

(တစ်)

ဘ၀၏အချိုးအကွေ့တစ်ခုအဖြစ် ရောဝတီမြစ်အနောက်ဘက်ကမ်းပါးပေါ်က ဟင်္သာတဆိုသောမြို့ကြီးတစ်မြို့မှာ ဆယ့်လေးနှစ်တိတိ ခိုနားကျင်လည်ခဲ့ရဖူးပါသည်။ စာပေကိုအခြေခံကာ မြို့ခံများနှင့် အထူးတလည်ခင်မင်ရင်းနှီးမိကြရာက ခင်ရာမင်ရာများ မကင်းရာမကင်းကြောင်းများ၏ သားသမီးများကို စာသင်ပေးခဲ့ရဖူးပါသည်။ ဆယ်တန်းကျောင်းသူ၊ ကျောင်းသားကလေးတွေပဲပေါ့။ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း သင်ပေးရသည်ကပိုများပါသည်။ ကိုယ်သင်ပေးသည်ကပဲ အစပ်အဟပ်တည့်သွားလို့လား၊ ကလေးတွေကိုယ်တိုင်ကပဲ ထူးချွန်ထက်မြက်ကြလို့လားမသိ။ မြန်မာစာဂုဏ်ထူးရှင် တော်တော်များများကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

တစ်နှစ်၊ ဆယ်တန်းအောင်စာရင်းများထွက်ရှိပြီးနောက် ကျောင်းဖွင့်စရက်များနှင့် အချိန်ကိုက်ဆိုသလို မြန်မာစာသင်ရိုးကုန်အထူးထုတ်စာအုပ်တစ်အုပ်လည်းထွက်ရှိ၍လာပါသည်။ နာမည်ကတော့ ထားလိုက်ပါတော့။ ယခုအခါ နာမည်ကျော်ဆရာတွေထဲက တစ်ယောက်ဟုဆိုလျှင် လုံလောက်ပါပြီ။

ကျွန်တော် စာအုပ်ကိုကောက်လှန်လိုက်တော့စာအုပ်၏ ရှေ့ပိုင်းစာမျက်နှာများတွင် ထုတ်ပြန်ပြီးခါစ စာမေးပွဲ အောင်စာရင်းမှ ဟင်္သာတမြို့သားတပည့်ကလေး၏နာမည်နှင့် ခုံနံပါတ်ကို ပါတွေ့လိုက်ရပါသည်။ မြန်မာစာအပါအဝင် ဘာသာစုံဂုဏ်ထူးရှင်တပည့်များ၏စာရင်းတဲ့။ ကျွန်တော် တော်တော့်ကိုပဲ အံ့သြသွားပါသည်။ ဟင်္သာတတွင်နေ ဟင်္သာတတွင်ဖြေသောကျွန်တော့်တပည့်က ဘယ့်နှယ်လုပ်ပြီး ရန်ကုန်ရှိ ထိုကျူရှင်ဆရာ၏ တပည့်ထူးစာရင်းထဲတွင်ဝင်သွားရပါလိမ့်။ သို့ဖြင့် လမ်းကြုံသောတစ် နေ့ တပည့်အိမ်ရောက်ခိုက် သည်အကြောင်းပြောဖြစ်တော့ တပည့်က ပြုံးနေပါသည်။ သူလည်းသိနှင့်ပြီးသားကိုး။

ဆန်းတယ်ဆရာ...တဲ့။ ဘာတွေကများ ဆန်းနေရပြန်သည်မသိ။

(နှစ်)

သို့ဖြင့် ရန်ကုန်မြို့၌ကျင်လည်ရစဉ် တစ်ရက် ကျောင်းသူမကလေးတစ်ဦး၏အိမ်သို့ရောက်သွားပါသည်။ စာသင်ဖို့မဟုတ်ပါ။ မိဘများနှင့်ခင်မင်ရင်းနှီးစွဲရှိကြပြီး လူမှုရေးကိစ္စ ပြောကြမဲ့၊ ဆိုကြမဲ့၊ တိုင်ပင်ကြမဲ့ ပြုကြလေ့ရှိသဖြင့် ရောက်သွားခဲ့ခြင်း ဖြစ်ပါသည်။ ထုံးစံအတိုင်း ဆယ်တန်းစာမေးပွဲအောင်စာရင်းတွေထုတ်ပြန်ပြီးစကာလ။

ထိုသမီးငယ်ကလေးက ပညာထူးချွန်ပါသည်။ မြန်မာစာအပါအဝင် ဂုဏ်ထူးတွေက ပုလဲသဖွယ်စီသွယ်၍နေပါသည်။ မိဘနှစ်ပါးက သာမန်ဝန်ထမ်းများ။ တိုင်းတိုင်းတိတိသုံးစွဲ၊ ကျစ်ကျစ်လျစ်လျစ်ရှင်သန်ကြရသည့်အနေအထား။

တစ်ရက် သူတို့၏အိမ်သို့ လူတစ်ယောက်ရောက်လာပါသည်။ နေထိုင်ရာလိပ်စာကို အဆင့်ဆင့်စုံစမ်းမေးမြန်းပြီးနောက် ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ နာမည်အထင်အရှားရှိသူ မြန်မာစာကျူရှင်ဆရာတစ်ယောက်က လွှတ်လိုက်ခြင်းဖြစ်ပါသည်။ ထိုဆရာ၏ ကျူရှင်ကဝန်ထမ်းတဲ့။

လာရင်းကိစ္စက စကားကိုခံသာအောင် တန်ဆာမဆင်ဘဲ လွှတ်ပြီး ပြောချရသော် လူလာဝယ်ခြင်း။ ဟုတ်ပါသည်။ လူလာဝယ်ခြင်းပါ။ သမီးငယ်ကလေး၏ ကျောင်းက နာမည်ကြီးကျောင်းဖြစ်၍ ယင်းမှတစ်ဆင့်ခြေရာခံကာ သမီးတို့ထံရောက်ရှိလာခဲ့ရခြင်းဖြစ်ကြောင်း၊ ဂုဏ်ထူးများစွာရရှိ၍ ဝမ်းသာကြောင်း၊ အထူးသဖြင့် မြန်မာစာဘာသာရပ်ကိုထွက်အောင်ဖြေနိုင်၍ ချီးကျူးကြောင်း၊ သမီးကိုဆရာကြီးက သူ၏တပည့်အဖြစ် စာနယ်ဇင်းပေါင်းစုံ၌ ကြော်ငြာရာတွင်ထည့်သွင်းကြော်ငြာလိုကြောင်း၊ ဆုချီးမြှင့်ပွဲလုပ်လျှင်လည်း တက်ရောက်စေလိုကြောင်း၊ ယင်းကိုလက်ခံလျှင်ငွေတစ်သိန်းပေးလိုပါကြောင်း၊ လက်ခံ၊ မခံအမြန်ဆုံးအကြောင်းပြန်စေလိုကြောင်းစသည် စသည် စသည်။

"ကျွန်မတို့က သူ့ကိုတကယ်သင်ပေးတဲ့ဆရာမကိုအားနာတာပါ။ ဆရာမဆီသွားပြီးတော့ရှင်းပြခွင့်ပန်ရတယ်ဆရာရယ်"

မိခင်ဖြစ်သူက ကျွန်တော့်ကိုသည်အတိုင်းပဲရင်ဖွင့်ပါသည်။ မျက်နှာမကောင်းပါ။ ကျွန်တော်ကဆရာမမည်ကဲ့သို့ဆုံးဖြတ်သလဲမေးရပါသည်။

"ဆရာမက ကျွန်မတို့မိသားစုကျပ်တည်းတာကိုသိတယ်။ နားလည်တယ်။ ခြောက်ဘာသာလုံးနာမည်ခံပေးလို့ခြောက်သိန်းရရင် ခံပေါ့သမီးရဲ့တဲ့။ တစ်နှစ်စာကျောင်းစရိတ်ရရင်နည်းသလားတဲ့"

ဩော်...တကယ်မသင်တဲ့လူက ထူးချွန်တဲ့တပည့်ကို ငွေတစ်သိန်းပေးပြီး ဒါကိုယ့်တပည့်ပေါ့ဟုလို့လုပ်သော ဈေးကွက်။ တော်တော့်ကိုမျက်နှာပြောင်တိုက်ရသည့်စီးပွားရေး။

(သုံး)

ဈေးကွက်စီးပွားရေးခေတ်ကြီးထဲ၌ လူတွေဘာရောင်းရင်ကောင်းမလဲဟု တွက်ချက်ချိန်ဆကြရသောနေ့ရက်များအတွင်း ဝယ် ရောင်းစရာမရှိသူတချို့က ဂုဏ်သိက္ခာကိုချရောင်းကြသည်များရှိနေခဲ့ပြီဖြစ်ပါသည်။

စာဖတ်သူမှာ သားတို့၊ သမီးတို့များ ရှိနေလေသလား မပြောတတ်။ ထိုကလေးတွေက ပညာရေးမှာများ ထူးထူးချွန်ချွန်ရှိကြလေသလားမဆိုတတ်။ ရှိခဲ့သော် အလုပ်ဖြစ်နိုင်ပါသည်။ အခု ဘယ်ဈေးတွေပေါက်နေလေသလဲ မပြောတတ်။ ဝယ်မည့်သူကိုသာ ချိတ်ဆက်မိအောင် နားစွင့်ထားပေတော့။ ဒါမှမဟုတ်လည်း ခေါင်းရွက်ဗျပ်ထိုးပမာ လမ်းပေါ်ထွက်အော်ကြတာပေါ့။

တပည့်ကောင်းတွေ
ရောင်းဖို့ပါတယ်
ယူကြဦးမလား။ ။

ပုံနှိပ်အပ်ရန်အလိုရှိသည်
အရည်အသွေးကောင်းမွန်သောပုံနှိပ်နှင့်စာအုပ်ချုပ် (Quality Printing and Binding) အလုပ်များ အပ်လိုပါသည်။
ဆက်သွယ်ရန်- မေရှွန်းလဲ့ကျော်
ဖုန်း- ၀၉ ၂၅၀၄၉၂၈၁၀

ဝန်ထမ်းအလိုရှိသည်။
Manager ကျား (၁)ဦး
- အသက်(၃၀ မှ ၅၀)နှစ်၊ ဘွဲ့ရ၊ English အရေး/အပြော ကျွမ်းကျင် ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်
Office Staff ကျား (၂)ဦး
- အသက်(၂၀ မှ ၃၅)နှစ်၊ ဘွဲ့ရ၊ Word, Excel ကျွမ်းကျင်
Driver(ကျွမ်းကျင်) ကျား (၃)ဦး
- အသက်(၂၅ မှ ၄၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်
အထွေထွေဝန်ထမ်း ကျား(၁၀)ဦး
- အသက်(၂၀ မှ ၃၀)နှစ်၊ အခြေခံပညာအလယ်တန်းအဆင့်
အမှတ်(၄၅)၊သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း - ၀၉-၇၃၀၂၈၇၇၃၃

TANK LEVEL SENSOR SYSTEM
စက်သုံးဆီ ပန့်ဆိုင်သုံး
အင်ဗိုစစ်မြန်မာ
ဆီကန်စောင့်ကြည့်စနစ်
01-291442, 09-73203624
တနိုင်ငံလုံးသို့ လိုက်လံ တပ်ဆင်ပေးနေပါပြီ

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014


ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုး၊ |
| | ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညက်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနွင်း၊ ချစ်ပိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ |
| | နိုင်လင်းအောင်၊ ငှုလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) |
| | ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ |
| | သုဝဏ္ဏသိဂီ (၁၂၁၁) |
| | ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ရှင်းနေတာတွေ ရှုပ်ကုန်ပြီ

မြင့်မိုရ်ဆွေ




လွန်ခဲ့သော ဇွန်လ ၅ ရက်က MICC တွင်ပြုလုပ်သော ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမသေမချာဖြစ်စေမှုမှာ လာဘ်ပေးလာဘ်ယူမှုဟာ အကြမ်းဖက်မှုထက် ပိုမိုဆိုးရွားစေကြောင်း" ပြောကြားခဲ့သည့် သတင်းကို သတင်းစာများတွင် ဖတ်ရှုခဲ့ရပါသည်။ ထို့အပြင် ဇွန်လ ၁၀ ရက်က နေပြည်တော်၌ ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား လမ်းညွှန်မှာကြားသည့် အခမ်းအနားတွင်လည်း လာဘ်ပေးလာဘ်ယူပပျောက်ရေးကိစ္စကို အလေးထားဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်သမ္မတကြီးက "ဝန်ကြီး၊ ဒုတိယဝန်ကြီးများ ကိုယ်တိုင်အရည်အသွေးမြင့်မားရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်အောင် တစ်ဖက်ကကြိုးစားရင်း တစ်ဖက်ကလည်း အောက်ခြေအဆင့်ဆင့်အပေါ် ခေါင်းဆောင်မှုကောင်းကောင်းဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်အနေဖြင့်လည်း လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းစစ်ဆေးအရေးယူနိုင်ရေးအတွက် ဥပဒေနှင့်အညီ ပေးအပ်ထားသော တာဝန်များကို လွတ်လပ်စွာ ရပ်တည်ပြီး ပီပြင်စွာဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း" လမ်းညွှန်မှာကြားခဲ့ပေသည်။

အထက်ပါသမ္မတကြီး၏ လမ်းညွှန်အမှာစကားများသည် ဝန်ထမ်းများလာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံကင်းရှင်းစေရန်အတွက် တွန်းအားပေးသည့် စကားများဖြစ်၏။ သို့ရာတွင် ယနေ့လာဘ်ပေးလာဘ်ယူလောက၌ "သမ္မတကြီး၏ စကားကို နားထောင်လိုက်ပါ့မယ်" ဟူသော စကားတစ်ခွန်းမှာ အလွန်ရေပန်းစားလျက်ရှိကြောင်း တွေ့ရှိရ၏။

ဌာနဆိုင်ရာမှ တောင်းခံသူ၏ အဆိုပြုငွေမှာ အလွန်များနေ၏။ ပေးသူက မတတ်နိုင်ရှာသဖြင့် လျှော့ယူပါရန် အကြိမ်ကြိမ်အသနားခံ၏။ "လျှော့နိုင်သမျှ လျှော့ပါခင်ဗျာ။ ကျွန်တော်တကယ်မတတ်နိုင်လို့ပါ ဆရာရယ်" ဟု အတန်တန်ပြောရှာလေ၏။ ထိုအခါ တောင်းသူက "ဒီကိစ္စက ကျုပ်တစ်ယောက်တည်း မပြီးဘူးဗျ။ တခြားသူတွေကို ဝေပေးရဦးမှာ။ ခင်ဗျားကိုလည်း အားနာတယ်။ ဒီလိုလုပ်ဗျာ။ ကျုပ်က သမ္မတကြီးစကားပဲ နားထောင်လိုက်ပါတော့မယ်။ ဟုတ်ပြီလား၊ သဘောပေါက်တယ်နော်" ဆိုလိုက်၏။ ပေးရမည့်သူက အတန်ကြာစဉ်းစားပြီးမှ ဝမ်းသာအားရဖြင့် "ဟုတ်ပြီ၊ ဟုတ်ပြီ ကျွန်တော်သဘောပေါက်ပြီ ဆရာရေ" ဟု ဆိုကာ ငွေ သုံးသိန်းထုတ်ပေးလေတော့၏။

စီးပွားရေးလုပ်ငန်းအချို့ကလည်း "ကဲ . . ဒါလေးတော့ လက်ခံလိုက်ပါဗျာ။ သမ္မတကြီးစကားနဲ့လည်း ညီညွတ်ပါတယ်ဗျ ဟဲ ဟဲ " ဟုဆိုကာ ဝန်ထမ်းများအား လာဘ်ထိုးသမှုပြုကြပြန်လေ၏။ လာဘ်ထိုးခံရသူကလည်း တန်ဖိုးငွေမည်မျှရှိမည်ကို အလိုလိုနားလည်နေ၏။ အဆိုပါငွေအရေအတွက်၏ တန်ဖိုးနှင့် ညီသော လက်ဆောင်ပစ္စည်းဆိုပြန်လျှင်လည်း ရွှေငါးမူးသားနီးပါးရှိလေ၏။ ပေးရကမ်းရသည်မှာ မျက်နှာပန်းလှ၏။ ထို့ကြောင့် ငွေသုံးသိန်းထက်တန်ဖိုးရှိသော လက်ဆောင်ပစ္စည်းလက်ခံလျှင် လာဘ်ပေးလာဘ်ယူမြောက်သည်ဟူသော မင်းကြီးတာမှ ထွက်သည့်စကားမှာ စေတနာအညွှန်းမှားသော တစ်ခွန်းစကားဖြစ်နေလေ၏။ ပြင်ပလောကကတွင် သုံးသိန်းအောက်လက်ခံခြင်းကိုသမ္မတကြီးညွှန်ကြားသည့်အတိုင်း လိုက်နာသည် (သို့) သမ္မတကြီးပြောသည့်စကားကို နားထောင်သည်ဟုဆိုနေကြပေရာ ယနေ့လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကိစ္စမှာ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်သည့် ကိန်းကြုံနေ၏။ အရှုပ်ကို ရှင်းအောင် လုပ်သည်မဟုတ်ဘဲ ရှုပ်သည်ထက်ရှုပ်အောင်လုပ်ရာတွင် လက်သည်တရားခံဖြစ်နေသည့် အထက်ပါစကားအဓိပ္ပာယ်ကို ရှင်းဖို့လိုနေပေပြီ။ သုံးသိန်းသတ်မှတ်ချက်ကို ထပ်ဆင့်အဓိပ္ပာယ်ဖွင့်ရန်၊ တားမြစ်ချက်ထုတ်ရန် လိုနေပြီဟု ထင်မြင်ပါသည်။ အမှန်အားဖြင့် တန်ဖိုးငွေ သုံးသိန်းဟူသည်မှာ ဝန်ထမ်းလောကအတွက် စွဲမက်နှစ်ခြိုက်စရာကောင်းသော အရေအတွက်ဖြစ်နေ၏။ အရေအတွက်မည်မျှပင် နည်းနည်းအဆိပ်ပင်ကို လောင်းသောရေမှန်သမျှကိုတစ်ခွက်တစ်ဖလားမှအစ မူအရတားမြစ်ကြရမည်သာ ဖြစ်ပေသည်။

သည်ကြားထဲ အရာရှိရုံးခန်းကို လမ်းညွှန်ပေးလေ့ရှိသော၊ ရုံးခန်းအတွင်းအရာရှိကြီးရှိ/ မရှိကြည့်ပေးသော ရုံးအကူကလေးက "ဆရာရယ် ကျွန်တော်တို့က ဒုသမ္မတကြီးပြောသလောက်နဲ့ လုံလောက်အောင် ရှန်းကန်နေကြရတာပါ။ ဆင်းရဲပါတယ် ဆရာ" ဟုဆိုပြီး လက်နှစ်ချောင်းထောင်၍ မျက်စပစ်ပြသဖြင့် ငွေကျပ် ၂၀၀၀ ပေးခဲ့ရကြောင်း မိတ်ဆွေတစ်ဦးက ရယ်သွမ်းသွေး၍ ပြောပြသည်ကိုလည်း ကြားခဲ့ရပြန်၏။ စာရေးသူ၏ စိတ်ထဲမှာ "သြော် ရှင်းနေတာတွေ ရှုပ်ကုန်ပြီ" ဟူ၍ သာအသံတိတ်ညည်းလိုက်မိ၏။

ဇွန်လ ၈ ရက်က ပဲခူးမြို့၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် သမ္မတကြီးက "ဒီမိုကရေစီအလေ့အကျင့်များနှင့် နှစ်ပေါင်းများစွာ ကွာဝေးခဲ့သည့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို အတင်းအကျပ်ဆောင်ရွက်ခြင်း၊ ဖိအားပေးဆောင်ရွက်ခြင်းများဖြင့် လုပ်ဆောင်၍မရပါကြောင်း" ပြောကြားခဲ့လေ၏။ ဤစကားကို အစိုးရထုတ် မျက်နှာဖုံးသတင်းအဖြစ် သတင်းစာများက အသားပေးဖော်ပြသည်ကို ဖတ်ရှုရ၏။

**စာမျက်နှာ(၃၂) သို့**

Business 7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# ရော်ဘာကုန်ချောထုတ်ရန် ဂျပန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမည်



ဓာတ်ပုံ – ငြိမ်းချမ်းနိုင်/အီးပီအေ

**ပြည်သိမ်း**

**ရန်ကုန်**- ရော်ဘာကုန်ချောထုတ်လုပ်ရန် ဂျပန်နိုင်ငံမှကုမ္ပဏီများက လာမည့်နှစ်တွင် ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတင်းရရှိသည်။

"ကုန်ချောထုတ်ဖို့ စက်ရုံတည်ဖို့စီစဉ်နေတယ်။ ရော်ဘာကုန်ကြမ်းကိုလည်းအရည်အသွေးမြှင့်ဖို့ဂျပန်ကပဲကူညီပေးနေတယ်" ဟုအထက်ပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်က ပြောသည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်ထိ ရော်ဘာစိုက်ဧကတစ်သန်းငါးသိန်းကျော်ရှိနေပြီး ရော်ဘာအစေးခြစ်နိုင်သည့်ပမာဏမှာ ဧကငါးသိန်းကျော်ရှိသည်။ ယင်းမှ နှစ်စဉ်တရားမဝင် နှင့်တရားဝင် နှစ်ခုပေါင်း တန်ချိန်တစ်သိန်းနှစ်သောင်းကျော်ကို ကုန်ကြမ်းအဖြစ် ပြည်ပသို့တင်ပို့နေသည်။ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို စစ်အစိုးရလက်ထက်တွင် တွန်းအားပေးဆောင်ရွက်ခဲ့ပြီး ကုန်ချောအဆင့်ထုတ်နိုင်ရန် ကြိုးစားခဲ့သော်လည်းနည်း ပညာနှင့်အရင်းအနှီးကြောင့် ယနေ့ထိ အောင်မြင်စွာထုတ်လုပ်နိုင်ခြင်း မရှိပေ။

"အစိုးရကလည်း ကုန်သွယ်မှုပိုင်းပဲအဆင်ပြေအောင်လုပ်ပေးတယ်။ ကုန်ချောထုတ်တဲ့အပိုင်းကိုတော့ဒီနေ့ထိတွန်းအားပေးတာမရှိဘူး" ဟု ပြည်ပသို့ ရော်ဘာကုန်ကြမ်းတင်ပို့နေသူလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိ ပြည်ပသို့ပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးတို့မှတင်ပို့နေသည့်ရော်ဘာများမှာ အရည်အသွေးနိမ့်သည့် ရော်ဘာကုန်ကြမ်းများသာဖြစ်၍ ကမ္ဘာ့ပေါက်ဈေးထက် တစ်တန်လျှင်ဒေါ်လာ၃၀၀မှ၄၀၀ကြားဈေးလျော့သည်။ ယခုကမ္ဘာ့ဈေးကွက်တွင် ရော်ဘာပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ ဝန်းကျင်သာရှိပြီး အရည်အသွေးမကောင်းသဖြင့်ပြည်တွင်းဈေးကွက်တွင်တစ်ပေါင်ကို ကျပ် ၅၀၀ထိ ဈေးလျော့ရကြောင်း ကုန်သည်များထံမှ စုံစမ်းသိရသည်။

ပြည်တွင်း၌ ရော်ဘာကုန်ချောထုတ်လုပ်ရေးကို ပြည်ပနိုင်ငံများ လာရောက်ရင်းနှီးမြှုပ်နှံပါက ကျွမ်းကျင်လုပ်သားများရရှိရေးအခက်အခဲ၊ လျှပ်စစ်မီးရရှိမှုအခက်အခဲ၊ အခြေခံအဆောက်အအုံလိုအပ်ချက်များကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အတားအဆီးဖြစ်နေကြောင်း ဦးခိုင်မြင့်က ပြောသည်။

ထို့အပြင် ရော်ဘာစိုက်ခင်းများတွင် မြေယာပိုင်ဆိုင်မှုအရှုပ်အရှင်းများ၊ ကျေးရွာပိုင်မြေများကို သိမ်းယူ၍အမည်ပေါက်ပြောင်းလဲပြီး စိုက်ခင်းများပြုလုပ်မှုကြောင့် ရွာသားများနှင့် ဒေသခံများက အုပ်စုဖွဲ့မီးရှို့မှုများ စသောရှုပ်ထွေးမှုများကြောင့် ရော်ဘာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် လက်တွန့်နေရကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်အချို့ကသုံးသပ်သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၅ | ၉၆၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၈ | ၇၇၈ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၁၀ | ၁၃၂၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၇၅ | ၂၉. ၉ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၃ | ၁၅၆ | ကျပ် |

၂၀၁၄ ဇွန် ၁၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၅၈၉၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၃၈၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂.၀၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၀၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၉.၇၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၅၀၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၁၇.၈၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၁၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၃၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၇၇၅.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၂၀၀.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃.၈၆ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၁၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၆၃၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၅၃၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၀၈၅၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၄.၃၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၇၄.၇၀ |
| ရေနံစိမ်း | စည် | ၁၁၂.၂၂ |
| ငွေ | အောင်စ | ၁၉.၅၄ |
| ကြေးနီ | ပေါင် | ၃.၀၃ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၇၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဇွန် ၁၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# ရွှေဈေးအနည်းငယ်ပြန်တက်၍ အရောင်းအဝယ်သွက်လာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်**- ရွှေဈေးနှုန်းများသည် ပြီးခဲ့သည့် တစ်ပတ်အတွင်းမှစကာ ဆက်တိုက်ပြန်လည်မြင့်တက်လာရာ အပိုင်းနှင့်ဖြတ်စဈေးကွက်တွင်ရောင်းအားများ မြင့်တက်လာကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

"ဈေးက တောက်လျှောက်လိုပြန်တက်လာတော့ အများစုက ဆက်တက်မယ်မှန်းပြီး ဝယ်ကြတဲ့သူတွေရှိလာတာကြောင့် ရောင်းအားတွေကတော့ ပြန်တက်နေတယ်"ဟု ရွှေဆိုင်တာဝန်ခံတစ်ဦးကပြောသည်။

ယခုတစ်ပတ်၏ ဖွင့်ရက်ဖြစ်သော ဇွန်လ ၁၆ ရက်တွင် ယခင်တစ်ပတ်၏ ပိတ်ရက် ဖြစ်သော ဇွန်လ ၁၃ ရက်ဈေးနှင့်ယှဉ်လျှင်ပင် ပြည်တွင်းဈေးမှာ တစ်ကျပ်သားလျှင် ကျပ်တစ်သောင်းကျော်မြင့်တက်လာခဲ့သည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ပြီးခဲ့သည့်လဆန်းတွင် တစ်အောင်စလျှင် ၁၂၄၅ ဒေါ်လာခန့်ရှိနေရာမှ တဖြည်းဖြည်းမြင့်တက်လာရာ ဇွန်လ ၁၆ ရက်တွင် ၁၂၈၅ ဒေါ်လာထိရောက်ရှိလာခဲ့သည်။

ထို့ကြောင့် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၆၄၇,၀၀၀ ခန့်ရှိနေခဲ့သော ပြည်တွင်းရွှေဈေးနှုန်းသည် တစ်ကျပ်သားပေါ်တွင် ကျပ်နှစ်သောင်းကျော်ထိ မြင့်တက်ကာ ၆၆၆,၀၀၀ ကျပ်ထိ ပြန်တက်လာသည်။

"အခု ဈေးတက်တာက တဖြည်းဖြည်းနဲ့တက်လာတာဆိုတော့ ဒီဈေးကွက်ကို ဆက်တက်လာဦးမယ်လို့ အများစုကခန့်မှန်းထားကြတယ်။ ရုတ်တရက်တော့ ပြန်မကျနိုင်သေးဘဲ လက်ရှိဈေးထက်တော့ ဆက်တက်နိုင်သေးတယ်"ဟု ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိကမ္ဘာ့ရွှေဈေးကွက်အနေအထားအရ ပြည်တွင်းရွှေဈေးနှုန်းများမှာ အကျဘက်ကို ဆက်လက်သွားနိုင်သည့်အတွက် ပြန်တက်နိုင်ဖွယ်မရှိသေးကြောင်း ဈေးကွက်ကျွမ်းကျင်သူလုပ်ငန်းရှင်များကပြောသည်။

ပြီးခဲ့သည့်လကုန်က ကမ္ဘာ့ရွှေဈေးနှုန်းများအကျဇုန်အတွင်း ရောက်ရှိသွားချိန်တွင် ယခုတစ်နှစ်ပတ်လုံး ရွှေမလျှောင်သင့်ဟု ဈေးကွက်ကျွမ်းကျင်သူများက ဆိုထားသည်။

သို့သော် လက်ရှိဈေးနှုန်းမှာ တစ်နှစ်ပတ်လုံး၏ အနိမ့်ဆုံးဈေးရောက်ရှိနေရာမှ ပြန်လည်မြင့်တက်စ ပြုလာခြင်းကြောင့် ရွှေဝယ်စုသူများသော ဈေးကွက်ဖြစ်လာကြောင်း ရွှေလုပ်ငန်းရှင်များက ဆိုသည်။



7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014





# အီရတ်ပဋိပက္ခအကြောင်း သိကောင်းစရာ

**ကြည်နေဝင်းမင်း**

အီရတ်နိုင်ငံတွင် အီရတ်နှင့် ဆီးရီးယားအစ္စလာမ်မစ် နိုင်ငံတော် (ISIS) အဖွဲ့က နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းမြို့ကြီးများကို လျှပ်တစ်ပြက်ထိုးစစ်ဆင် တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး ယခုအခါ ဘဂ္ဂဒက်မြို့တော်ကိုပါ ခြိမ်းခြောက်လာခဲ့သည်။ ဤနေရာတွင် ဂျာမနီ သတင်းဝက်ဘ်ဆိုက် DW က အီရတ်အကြမ်းဖက်မှုများကို မည်သို့ ထိန်းချုပ်နိုင်မည်နည်း ဆိုသည်နှင့် ရှေ့အလားအလာများအကြောင်း ကျွမ်းကျင်သူများအား မေးမြန်းထားသော မေးခွန်းများကို ဖော်ပြပါသည်။

**၁။ ISIS ဆိုသည်မှာ မည်သည့်အဖွဲ့နည်း။**

ဆွန်နီအကြမ်းဖက်အဖွဲ့ဖြစ်သော အီရတ်နှင့် အစ္စရေး အစ္စလာမ်မစ်နိုင်ငံတော် (ISIS) အဖွဲ့မှာ အကြမ်းဖက်အုပ်စု အများအပြား စုပေါင်းထားသောအဖွဲ့ ဖြစ်သည်။ ယင်းအုပ်စုအားလုံးမှာ အီရတ်နိုင်ငံကို အမေရိကန် သိမ်းပိုက်မှုမှ ဆန့်ကျင်တိုက်ခိုက်ခဲ့ပြီး အီရတ်အစိုးရကိုလည်း တိုက်ခိုက်ခဲ့သည်။ ISIS မှာ အယ်လ်ကိုင်ဒါ၏ အဖွဲ့ခွဲတစ်ခုဖြစ်သော်လည်း နောက်ပိုင်းတွင် အယ်လ်ကိုင်ဒါအဖွဲ့က အကြမ်းဖက်ကွန်ရက်နှင့် လမ်းခွဲခဲ့သည်။ ISIS တိုက်ခိုက်ရေးသမားအများအပြားသည် ဆီးရီးယား ပြည်တွင်းစစ်နှင့် အီရတ်အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသ အများအပြားကို ထိန်းချုပ်ထားသည်။ ၎င်းတို့၏ ရည်မှန်းချက်မှာ မြေထဲပင်လယ်နှင့် တိုက်ဂရစ် ဒေသတွင် တင်းကျပ်သော အစ္စလာမ်မစ် နိုင်ငံတော် ထူထောင်ရေးဖြစ်သည်။

**၂။ အီရတ်အစိုးရမှာ အဘယ်ကြောင့် ISIS ကို တိုက်ရန် အစွယ်မဲ့နေပုံ ပေါ်သနည်း။**

ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီကိုဦးဆောင်သော အီရတ်အစိုးရမှာ ISIS အဖွဲ့၏ လျှပ်တစ်ပြက်ကနဦးထိုးစစ်များကို မရပ်တန့်နိုင်ခဲ့ပေ။ ယင်းအတွက် အကြောင်းပြချက်များစွာ ရှိသည်ဟု အီရတ်အရေးကျွမ်းကျင်သူ မစ္စတာ ဖယ်လ်ကိုဝယ်လ်ဒီက ဆိုသည်။ ပထမဆုံးအချက်အနေဖြင့် ISIS အဖွဲ့က ဆီးရီးယားနိုင်ငံနှင့် ယိုစိမ့်နေသော နယ်ခြားကို အခွင့်ကောင်းယူနေသည်။ တိုက်ခိုက်ရေးသမားများ၊ လက်နက်များအလွယ်တကူ ရွှေ့လျားနိုင်သည်။ ထို့အပြင် မြို့တော် ဘဂ္ဂဒက်တွင်လည်း အာဏာလစ်လပ်မှုဖြစ်နေသည်။ မစ္စတာ မီလီကီမှာ ပြန်လည်ရွေးကောက်ခံရပြီးနောက်ပိုင်း ညွန့်ပေါင်းလက်တွဲဖော်များကို မရှာဖွေနိုင် ဖြစ်နေသည်။ အရေးအကြီးဆုံးမှာ လူနည်းစု ဆွန်နီနှင့် လူများစု ရှီးယိုက်များကြားက ဘာသာရေးတင်းမာမှုများ ဖြစ်သည်။

**၃။ မိုဆူးလ်မြို့ တိုက်ခိုက်မှု အရေးပါပုံက အဘယ်နည်း ။**

မိုဆူးလ်မြို့ကို သိမ်းပိုက်လိုက်ခြင်းဖြင့် ဂျီဟတ်ဝါဒီများမှာ အီရတ်ရှိ မြို့ကြီးတစ်မြို့ကို ပထမဆုံးအကြိမ် သိမ်းပိုက်လိုက်နိုင်ခြင်း ဖြစ်သည်။ ယင်းမှာ စိတ်ဓာတ်ပိုင်းဆိုင်ရာ အောင်မြင်မှုဖြစ်သလို အခြားဆွန်နီအစွန်းရောက်များကြား ISIS အဖွဲ့၏ ဂုဏ်သိက္ခာကို မြင့်တက်လာစေခဲ့သည်။ မိုဆူးလ်မြို့မှာလည်း စီးပွားရေးအရ အရေးပါပြီး အီရတ်ရေနံများ နိုင်ငံခြားတင်ပို့ရန် အရေးပါသော လမ်းပေါ် တည်ရှိသည်။

**၄။ ရှီးယိုက်များက မည်သို့ တုံ့ပြန်နေသနည်း။**

ရှီးယိုက်မွတ်စလင်များမှာ ဆွန်နီတိုက်ခိုက်ရေးသမားများ အင်အားကြီးထွားလာမှုကြောင့် ခြိမ်းခြောက်ခံနေရသည်။ ကျွမ်းကျင်သူ မိုင်ရီယန် ဘင်ရက်၏ အဆိုအရ ယခင်က ဆီးရီးယားအာဏာရှင် အာဆတ်အတွက် တိုက်ခိုက်ပေးနေသော ရှီးယိုက်စစ်သွေးကြွအဖွဲ့များကို အီရတ်သို့ ပြန်လည်ခေါ်ဆောင်လာနိုင်သည်ဟု ဆိုသည်။ ရှီးယိုက်လူထုကို ကာကွယ်ရန် အခြားရှီးယိုက်အုပ်စုများလည်း ကြားဝင်လာနိုင်သည်။

**၅။ အီရတ်နိုင်ငံမှ ကာ့ဒ်လူမျိုးများ ဘာလုပ်နေကြသနည်း။**

အီရတ်မြောက်ပိုင်းမှ ကာ့ဒ်လူမျိုးများမှာ ဆွန်နီနှင့် ရှီးယိုက် ပဋိပက္ခမှ အတတ်နိုင်ဆုံး ရှောင်တိမ်းနေရန်ကြိုးစားနေသည်။ သို့သော် ယင်းအစီအစဉ် အောင်မြင်မည်မဟုတ်ဟု မစ္စတာဘင်ရက်က ဆိုသည်။ ကာ့ဒ်လူမျိုးများက ၎င်းတို့ပိုင်ဆိုင်သည်ဟု ပြောဆိုနေသော ကာကွတ်မြို့ကို ISIS တပ်ဖွဲ့များက တိုက်ခိုက်ရန် ကြိုးစားနေသည်။ ကာကွတ်မြို့မှာ အရေးကြီးသော ရေနံမြေများ ရှိရာ မြို့ဖြစ်သည်။

**၆။ အီရတ်နိုင်ငံ ပြိုကွဲသွားနိုင်သလား။**

ဘဂ္ဂဒက်မြို့ရှိ ဗဟိုအစိုးရမှာ နိုင်ငံ၏ အစိတ်အပိုင်းအားလုံးကို တရားဝင်ထိန်းချုပ်ထားဆဲဖြစ်သည်။ သို့သော် အီရတ်ရှိ ဆွန်နီနှင့် ရှီးယိုက်အာရပ်များနှင့် ကာ့ဒ်လူမျိုးများကြား အကွဲအပြဲမှာ အလွန်ကြီးမားနေပြီဖြစ်သည်။ “အီရတ်နိုင်ငံ အမှန်တကယ် ပြိုကွဲသွားနိုင်ပါတယ်” ဟု မစ္စတာ ဘင်ရက်က ဆိုသည်။

**၇။ အိမ်နီးချင်းနိုင်ငံတွေက အီရတ်မှာ ဘယ်လိုပါဝင်ပတ်သက်နေသလဲ။**

အီရတ်နိုင်ငံတွင် ဒေသတွင်းနိုင်ငံပေါင်းများစွာ၏ အကျိုးစီးပွားများ ပေါင်းစုံနေသည်။ အီရတ်၊ ဆီးရီးယား၊ အီရန်နှင့်လက်ဘနွန်ဟစ်ဘိုလာ လက်နက်ကိုင်များ ရှီးယိုက်ဝင်ရိုးတန်းဟု မှတ်ယူခံရသည်။ ယင်းရှီးယိုက်အုပ်စုမှာ ဆွန်နီနိုင်ငံများနှင့် အပြိုင်လွှမ်းမိုးမှု ရရန် ကြိုးစားနေကြသည်။

တူရကီနှင့် ဆော်ဒီအာရေးဗီးယား နိုင်ငံတို့မှာ ဆွန်နီထောက်ခံသူများဟု မှတ်ယူကြသည်။ ထို့အပြင် အီရတ်နိုင်ငံအတွင်းမှာပင် ဆွန်နီမျိုးနွယ်စုများ၊ စစ်သားဟောင်းများနှင့် အခြားအဖွဲ့များလည်း ရှိသေးသည်။ မကြာသေးမီမှာပင် ဆော်ဒီအာရေးဗီးယား နှင့် ကာတာတို့က ၎င်း၏ ရှီးယိုက်အစိုးရ ပြုတ်ကျစေရန် ISIS အဖွဲ့ကို ထောက်ပံ့နေသည်ဟု အီရတ်ဝန်ကြီးချုပ် မာလီကီက France 24 သတင်း ဌာနအား ပြောကြားခဲ့သည်။ ယခု ရက်ပိုင်းအတွင်းမှာပင် အီရတ်အစိုးရအား ကူညီရေး အမေရိကန်နှင့်ပင် ပူးပေါင်းသွားဖွယ် ရှိသည်ဟု အီရန်က လေသံပစ်လာသည်။

**၈။ အီရတ် အဖြစ်အပျက်များကြောင့် ဥရောပကို မည်သို့ ထိခိုက်သနည်း။**

အီရတ်အဖြစ်အပျက်များကြောင့် ဥရောပကို တိုက်ရိုက်ထိခိုက်သည်ဟု အီရတ်ကျွမ်းကျင်သူ ဘင်ရက်က ဆိုသည်။ ဆီးရီးယားပြည်တွင်းစစ်များကဲ့သို့ပင် အီရတ်စစ်ပွဲမှ ပြန်လာသော ဂျီဟတ်ဝါဒီများ ဥရောပတွင် သိသိသာသာ များလာနိုင်သည်။ ဒေသတွင်း၌ ဒုက္ခသည် အရေအတွက်လည်း များပြားလာနိုင်သည်။ ထို့အပြင် ဆွန်နီ အစွန်းရောက်များမှာ ဥရောပနှင့် ကပ်လျက်နိုင်ငံများတွင် ပိုမိုပျံ့နှံ့လာသည်။ လက်ဘနွန်၊ ဂျော်ဒန်နှင့် အီဂျစ်နိုင်ငံများအထိ ထိခိုက်လာနိုင်သည်။

**၉။ အမေရိကန်နိုင်ငံက မည်သို့ တုံ့ပြန်နေသနည်း။**

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘားပြည်နယ်မှ ဒေသအများအပြားကို ISIS အဖွဲ့က သိမ်းပိုက်လိုက်ချိန် ယခုနှစ်စောစောပိုင်းက အီရတ်အစိုးရအား လက်နက်များ ရောင်းချပေးမည်ဟု အမေရိကန်နိုင်ငံက ကြေညာခဲ့သည်။ အမေရိကန်နိုင်ငံတွင် မာလီကီအစိုးရအပေါ် ဝေဖန်မှုများ ကျယ်လောင်လာသော်လည်း အကြမ်းဖက်အုပ်စုများကို တိုက်ခိုက်ရာ၌ အမေရိကန်အစိုးရက မာလီကီကို အကူအညီပေးလိုသည်။ အီရတ်နိုင်ငံနှင့် အနီးကပ်ဆက်ဆံရေး ထူထောင်ထားသော အစိုးရတစ်ရပ်ကို အကူအညီပေးရေး အမေရိကန်ဘက်ကလည်း ပြဿနာရှိပုံမရပေ။ ယခုရက်ပိုင်းအတွင်းမှာပင် အီရတ်အစိုးရက အင်အားကြီး၍ ပိုမိုအတင့်ရဲလာသော ISIS အဖွဲ့ကို တိုက်ခိုက်ရာတွင် ကူညီရေး နည်းလမ်းအားလုံး စဉ်းစားနေသည်ဟု အမေရိကန် အိမ်ဖြူတော်က ပြောကြားည်။

**၁၀။ အီရတ်အကျပ်အတည်း ရုန်းထွက်ရန် နည်းလမ်းရှိပါသလား။**

အရှေ့အလယ်ပိုင်း ကျွမ်းကျင်သူ ဖလောရင့်ဂေါ့ဘ်က ၂၀၀၈ ခုနှစ်တွင် အီရတ်နိုင်ငံမှ ဆွန်နီအကြမ်းဖက်အုပ်စုများကို ကူညီတွန်းလှန်ခဲ့သော နည်းဗျူဟာများကို ထောက်ပြသည်။ ထိုစဉ်က အီရတ်အစိုးရသည် နိုင်ငံရေးလိုက်လျောမှုများ လုပ်ဆောင်၍ ဆွန်နီလူမျိုးစု လက်နက်ကိုင်အဖွဲ့များကို စည်းရုံးနိုင်ခဲ့သည်။

စစ်ရေးအရ တိုက်ခိုက်မှုအပြင် ယင်းမှာ အစ္စလာမ်မစ်မဟုတ်သော အုပ်စုများကို ISIS မှ ခွဲထွက်ရေး တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ အရှေ့အလယ်ပိုင်း ကျွမ်းကျင်သူ ဖလောရင့်က ဆိုသည်။

သို့သော် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေသော အီရတ်ဝန်ကြီးချုပ်က ယင်းနည်းလမ်းကို အသုံးပြုမည်လားဆိုသည်မှာ မဖြေရသေးသော မေးခွန်းပင်ဖြစ်သည်။

*—Ref: Deutsche Welle*

7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

## 7DAY BOOK REVIEW




### ရာဇဝင်ထဲက အချစ်မီးလျှံများ

(တိုးလှ)

သည်ရက်ပိုင်းတွင် ထူးခြားသည့် စာအုပ်တစ်အုပ်ထွက်လာသည်။ သမိုင်းပညာရှင်(ဒေါက်တာ) တိုးလှရေးသားပြုစုထားသော **"ရာဇဝင်ထဲက အချစ်မီးလျှံများ"** ဆိုသည့် စာအုပ်ဖြစ်သည်။ ထူးခြားသည်ဟုဆိုရခြင်းမှာ ထိုစာအုပ်သည် ထွက်နေကျစာအုပ်များနှင့်မတူ ရာဇဝင် ကျမ်းဂန်ပေါင်းမြောက်မြားစွာမှ ကောက်နုတ်စုစည်းကာ ကိုယ်ပိုင်အသိအမြင်ဖြင့် ဖြည့်စွက်တင်ပြထားသော ကျမ်းတစ်စောင်ဖြစ်သောကြောင့် ဆိုရခြင်းဖြစ်၏။

စာအုပ်တွင် နှစ်ပေါင်းထောင်ကျော်ခဲ့ပြီ ဖြစ်သော မြန်မာ့ရာဇဝင်သမိုင်းတစ်လျှောက် မင်းဧကရာဇ်အဆက်ဆက်တို့နှင့် ၎င်းတို့၏ မိဖုရားများကြားဖြစ်ပေါ်ခဲ့သော လောကီအာရုံကာမဂုဏ်ကြောင့် မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများသာမက နိုင်ငံတော်ပါ ကမောက်ကမဖြစ်ခဲ့ရပုံကို ကျမ်းကိုးကျမ်းငယ်အသွယ်သွယ်ဖြင့် ခရေစေ့တွင်းကျရေးသားထားသည်။ စာအုပ်တွင် စုစုပေါင်း အခန်းရှစ်ခန်းပါဝင်ပြီး ပုဂံရွှေထီးရွှေနန်းတော်ထဲ လောင်ကျွမ်းခဲ့ရသော ရာဂမီး၊ ပင်းယအဝမင်းတို့ထဲ လောင်ကျွမ်းခဲ့သော ရာဂမီး၊ တောင်ငူမင်းတို့ထဲ လောင်ကျွမ်းခဲ့သော ရာဂမီး၊ ညောင်ရမ်းမင်းတို့ထဲလောင်ကျွမ်းခဲ့သော ရာဂမီးစသည်ဖြင့် ပိုင်းခြားရေးသားထားသည်။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ် သီပေါမင်းလက်ထက်ထိ မြန်မာရှင်ဘုရင်များ အပျော်ကျူး၍ ကာမဂုဏ်အာရုံတို့ကို ငြိတွယ်ရာမှအစ အပျက်ပျက်နှင့်နှာခေါင်းသွေးထွက်သလို တိုင်းပြည်ရာဇဝင်၊တိုင်းပြည်အနာဂတ်အရေး တစ်မျိုးတစ်ဖုံပြောင်းလဲသွားကာ သမိုင်းကြောင်းများကွေ့ကောက်ခဲ့ရသည်အထိသက်ရောက်မှုများကို (ဒေါက်တာ)တိုးလှက စိစစ်ပိုင်းခြားဝေဖန်ရေးသားထားသည်။ ခိုင်လုံသော သမိုင်းအချက်အလက်များမှတစ်ဆင့် မြန်မာရှင်ဘုရင်များနန်းတွင်း ဇာတ်လမ်းရှုပ်ခဲ့ကြပုံကို ယခုစာအုပ်တွင် အသေးစိတ်ရေးသားထားသည်။ ဥပမာ–သြဇာတိက္ကမကြီးခဲ့သော မင်းသုံးပါးဖြစ်သည့် ဘုရင့်နောင်၊ ဗဒုံမင်းနှင့် မင်းတုန်းမင်းတို့ကာမဂုဏ်စည်းစိမ်ခံစားပုံကို အသေးစိတ်ရေးသားထားရာ ဘုရင့်နောင်သည် နန်းသက် ၃၂နှစ်အတွင်း မိဖုရား ၃၈ပါး၊ ဗဒုံမင်းသည် နန်းသက် ၃၇နှစ်အတွင်း မိဖုရား ၅၄ပါး၊ မင်းတုန်းမင်းသည်နန်းသက်၂၅နှစ်အတွင်းမိဘုရားအပါး၅၀လက်ဆက်ခဲ့ကြောင်းစာရင်းဇယားနှင့်တကွ ဖော်ပြထားသည်။ ရှင်ဘုရင်တို့၏ ထူးထွေအံ့သြဖွယ်အဖြစ်အပျက်များကိုလည်း 'သူ့မယား သိမ်းမိသဖြင့် မယားနှစ်ယောက် ပြန်လျော်ပေးရသောဘုရင်၊ မိန်းမ အလှူပွဲကြီး၊ မုဆိုးမတစ်ဦးကိုအရူးအမူးကြိုက်သောမင်း၊ မိုးပေါ်ကျနတ်သမီးကြောင့် ရူးခဲ့ရသော အဝဆင်ဖြူရှင်၊ တပင်ရွှေထီးနှင့် ခုနစ်နှစ်ရွယ်သူကြွယ်သမီး၊ အချစ်အတွက်ဖခင်ကိုသတ်တဲ့မင်းရဲဒိဗ္ဗ၊ မိဖုရားဖြစ်ရခြင်းဒုက္ခ၊ သီပေါမင်းကို လောင်မြိုက်ခဲ့သောကိလေသာ တဏှာမီး၊ ဖြစ်ချင်သလိုဖြစ်နေသော အနောက်နန်းဆောင်များ'စသည့် ခေါင်းစဉ်ငယ်များ ပေးကာ ဖတ်ချင့်စဖွယ် ရှင်းလင်းပြေပြစ်စွာ ရေးထားသည်။ စာအုပ်ပြုစုရခြင်းနှင့် ပတ်သက်၍ စာရေးသူ(ဒေါက်တာ)တိုးလှက 'ကာမဂုဏ်စည်းစိမ်ချမ်းသာကို အလွန်အကျူးခံစားခဲ့သောမင်းများ၊ ယင်းတို့ဘဝတွင်မည်သို့သော ဒုက္ခမျိုးတို့နှင့် ကြုံခဲ့ကြရသည်များကိုခေတ်အလိုက်၊ မင်းအလိုက် ရာဇဝင်ကျမ်းများထဲမှ ထုတ်နုတ်ကာ တင်ပြဆွေးနွေးထားပါသည်။ ရည်ရွယ်ချက်က မင်းဆိုသူများသာမဟုတ်၊ အများပြည်သူတို့ထဲတွင်လည်း ငွေရှိသဖြင့်၊အာဏာနှင့်လုပ်ပိုင်ခွင့် ရှိသဖြင့်၊ မိန်းမပွေလျှင် ကာမဂုဏ် ချမ်းသာကို အလွန်အကျူးမက်မောမိပါလျှင် ဘဝလုံခြုံမှုကင်းမဲ့တတ်ကြသည်ကိုသိမြင်သဘောပေါက်မိစေရန်ဖြစ်ပါသည်'ဟု နိဒါန်းတွင်ရေးထားသည်။စာအုပ်ကိုမျိုးဆက်သစ်စာပေကတန်ဖိုး ၄,၀၀၀ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ခေါက်ဆွဲခြောက်ထုပ်တွေ ဘယ်အချိန်က ပေါ်လာသလဲ

ခေါက်ဆွဲပေါ်လာသည်မှာကမ္ဘာတွင်ရာစုနှစ်အတော်အတန်ကြာပြီဖြစ်သော်လည်းအသင့်စားခေါက်ဆွဲခြောက် Instant Noodle များကို ကမ္ဘာတွင် တီထွင်ပြီး တွင်ကျယ်စွာသုံးစွဲလာသည်မှာမူ ရာစုနှစ်ဝက်ခန့်သာရှိသေးသည်။ အသင့်စားခေါက်ဆွဲထုပ်များတွင် ရေနွေးဖြင့် ပြုတ်စားရန် ခေါက်ဆွဲခြောက်များအပါအဝင် ဆီနှင့် ဟင်းခတ်မှုန့်များလည်း တစ်ထုပ်စီပါဝင်ပြီး ၎င်းတို့ကို ရေနွေးထဲတွင် ရောစပ်ထည့်လိုက်ရုံသာ ဖြစ်သည်။

အသင့်စားခေါက်ဆွဲခြောက်ထုပ်များကို ဂျပန်နိုင်ငံတွင် နစ်ဆင်းစားသောက်ကုန်ကုမ္ပဏီ Nissin Foods မှ တိုင်ဝမ်ဖွား မိုမိုဖူကူအန်ဒိုဆိုသည့် ပုဂ္ဂိုလ်က ၁၉၅၈တွင် စတင်တီထွင်ထုတ်လုပ်ခြင်း ဖြစ်သည်။ ထိုခေါက်ဆွဲခြောက်များကို ထိုနှစ်ဩဂုတ် ၂၅ ရက်တွင် ချီကင်ရာမင် Chikin Ramen ဆိုသည့် အမှတ်တံဆိပ်ဖြင့် ဈေးကွက်တင်ရောင်းချသည်။ စတင်ရောင်းချစဉ်ကမူ ထိုခေါက်ဆွဲခြောက်ထုပ်များမှာ တစ်ထုပ် ၃၅ ယန်းရှိရာ စတိုးဆိုင်များတွင်ရောင်းသည့် ခေါက်ဆွဲစိမ်းများထက် ခြောက်ဆခန့် ဈေးကြီးနေပြီး လူတိုင်းအလွယ် ဝယ်ယူစားနိုင်ခြင်း မရှိပေ။ ထို့နောက် နစ်ဆင်းကုမ္ပဏီကပင် ၁၉၇၁ ခုနှစ်တွင် ခေါက်ဆွဲခြောက်ကို ပလတ်စတစ်ဘူးများဖြင့် ပုံစံပြောင်းရောင်းချမှုကို စတင်ခဲ့ရာ ခေါက်ဆွဲခြောက်ဘူးများလည်း ခေတ်စားလာခဲ့သည်။

–Wiki






**ARIES** — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

အနှောင့်အယှက်ကြားမှ တိုးတက်မှုများပေါ်ပေါက်မည်။ လုပ်သမျှ ဦးတည်သမျှ တလွဲတချော်ဖြစ်မလိုကြုံပြီးမှ အဆုံးသတ်တွင်အဆင်ပြေမည်။ မိမိရည်မှန်းထားသည်များအောင်မြင်မည်။ လူယုံထား၍မရ။ အရပ်တစ်ပါးနှင့်ဆက်သွယ်ပြီးလုပ်သောကိစ္စများ အဆင်ပြေမည်။ ယခုရက်အတွင်းဆောင်ရွက်လိုက်သောအပြောင်းအလဲ ကြောင့် ထူးခြားသောတိုးတက်မှုများဖြစ်ထွန်းမည်။ နေရာသစ်၊ ဝန်းကျင်သစ်နှင့်ဆက်ဆံအဆင်ပြေမည်။



**TAURUS** — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

ပြဿနာဟောင်းများပြန်လည်ဖြေရှင်းရမည်။ တဇွတ်ထိုးလုပ်လိုစိတ်များပြင်းထန်နေမည်။ အနီးကပ်လူများဒုက္ခပေးတတ်သည်။ စုပေါင်းလုပ်သောကိစ္စများမှအဆင်မပြေမှုများပေါ်တတ်သည်။ နားလည်ခွင့်လွှတ်ခြင်းအပေါ် အခွင့်အရေးယူသောသူများနှင့်တွေ့ရတတ်သည်။ အိမ်သူအိမ်သားများကိစ္စအတွက်ဆောင်ရွက်နေရသောကာလဖြစ်သည်။ အိမ်တွင်ဗိုလ်ကျစိုးမိုးသောသူကြောင့် စိတ်အနှောင့်အယှက်များကြုံမည်။



**GEMINI** — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

လုပ်သမျှ ကမောက်ကမဖြစ်မည်။ အပြီးသတ်ချိန်ရောက်မှ အစစပြန်ကောက်ရကိန်းကြုံသည်။ အဖျက်၊ အနှောင့်အယှက်တစ်ခုပြီးတစ်ခုကြုံတတ်သည်။ အတွင်းလူသစ္စာမဲ့တတ်သည်။ အပြောတစ်မျိုး၊ လက်တွေ့တစ်မျိုးပြောတတ် လုပ်တတ်သူများနှင့်တွေ့တတ်သည်။ သူတစ်ပါးကတိစကားအလွယ်မယုံစားသင့်။ အိမ်တွင်းရေးအညံ့ရှိသည်။ လုပ်ကိုင်ထားသောကိစ္စများ သဲထဲရေသွန်သဖွယ်ဖြစ်တတ်သည်။



**CANCER** — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အလိုရှိရာပြည့်စုံမည်။ ခက်ခဲသောကိစ္စများပြေလည်သွားမည်။ ကြန့်ကြာနေသည်များအောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ ရှိရင်းစွဲအနေအထားမှ ပိုမိုမြင့်သောအနေအထားသို့ရောက်မည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ ထီနှင့်ပတ်သက်၍ကံကောင်းမည်။ ရုတ်တရက်ပေါ်လာသောအခြေအနေကိုသုံးသပ်ဆောင်ရွက်၍ တိုးတက်မှုပေါ်မည်။



**LEO** — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

ရန်များမည်။ အတိုက်အခံများတွေ့မည်။ စိတ်အနှောင့်အယှက်များမည်။ အပြိုင်အဆိုင်၊ အနှောင့်အယှက်များတစ်မျိုးပြီးတစ်မျိုးကြုံတွေ့တတ်၏။ နာရေးကိစ္စများကြုံတတ်သည်။ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုတွင်သော်လည်းကောင်း ဆေးရုံ၊ ဆေးခန်းရောက်တတ်သည်။ မတော်တဆထိခိုက်မှုအန္တရာယ်ကြုံတွေ့ရတတ်သည်။ လုပ်ငန်းခွင်မှသူများအရေးပေါ်အလုပ်ပိုကိစ္စများလုပ်ကိုင်ရမည်။



**VIRGO** — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

အဘက်ဘက်မှ ကောင်းသောအနေအထားရှိသည်။ စိတ်ကူးပေါက်ပြီးလုပ်လိုက်သောကိစ္စများမှ အဆင်ပြေသောအနေအထားရှိသည်။ အမည်ကောင်းသတင်းနှင့်တိုးတက်မှုရှိသောကာလဖြစ်ပါသည်။ မိသားစုအတွင်း အလှူမင်္ဂလာကိစ္စများကြုံမည်။ အနီးအပါးမီးဖွားခြင်းရှိမည်။ အတတ်ပညာနှင့်ပတ်သက်၍ကံကောင်းမည်။ အလုပ်လုပ်နေသောသူများဝင်ငွေတိုးခြင်း၊ လစာတိုးခြင်း၊ အဆင့်တိုးတက်ခြင်းများကြုံနိုင်ပါသည်။



**LIBRA** — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

တစ်ခုထက်မကသောလုပ်ငန်းများကို တစ်ပြိုင်နက်တည်းလုပ်၍အဆင်ပြေမည်။ ဉာဏ်ပညာအတတ်စွမ်းအားနှင့်တိုးတက်မှုကိုရမည်။ ကာလအတန်ကြာပိတ်နေသောလမ်းကြောင်းများ ပြန်ပွင့်မည်။ လွန်ခဲ့သောနှစ်လဆက်တိုက် စိတ်ရှုပ်နေရသောကိစ္စများ အဆင်ပြေအောင်မြင်သွားမည်။ ကူညီသူပေါ်မည်။ ဦးတည်ဆောင်ရွက်မှုများအဆင့်ဆင့်ပြီးမြောက်သွားမည်။ မိသားစုအတွင်းလုပ်ငန်းမရှိသူအလုပ်ရမည်။



**SCORPIO** — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

ပြောရေးဆိုရေးအောင်မြင်မည်။ မိသားစုနှင့်ပတ်သက်သောကံကောင်းခြင်းများရှိမည်။ လုပ်လက်စမပြီးပြတ်တစ်ပိုင်းတစ်စဖြစ်နေသောအလုပ်များ လက်စသိမ်းနိုင်မည်။ ဂုဏ်မြင့်သောအနေအထားရှိပါသည်။ တွေဝေဒွိဟဖြစ်စရာများကြုံမည်။ ရုတ်တရက်ဆုံးဖြတ်လိုက်သောကိစ္စမှ အကျိုးဆက်ကောင်းများရရှိမည်။ ဉာဏ်ပညာနှင့်ပတ်သက်သောစွမ်းအားကောင်းသည်။




**SAGITTARUS** — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

အလွန်သတိရှိရမည်။ ကိုယ်စွမ်းကိုယ်စပြသခွင့်မကြုံ။ နာမည်ပျက်အောင်လိုက်လံစကားတင်းပြောသူများနှင့်တွေ့တတ်ပါသည်။ အစွပ်စွဲခံရတတ်သည်။ မည်မျှပြဿနာရှင်းအောင်နေစေ။ အတိတ်ကာလက မိမိအားနည်းချက်ကိုထောက်ပြတိုက်ခိုက်မှုမျိုးကြုံမည်။ ယခင်အခါက မိမိလုပ်ခဲ့သောကိစ္စများ၏ အတိတ်အရိပ်ဖုံးလွှမ်းခံရသောကိန်းရှိသည်။ ရန်ပေါ်၍ ရန်ကိုလိုက်လံဖြေရှင်းရကိန်းရှိမည်။



**CAPRICORN** — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

ရည်မှန်းချက်အောင်မြင်မည်။ အတတ်ပညာနှင့်ပတ်သက်၍ ဆောင်ရွက်သူများအထူးအောင်မြင်မည်။ လုပ်ငန်းလုပ်သူများအတွက် အလုပ်တိုးတက်ခြင်း၊ အဆင့်တက်ခြင်းရှိမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများစိတ်ကူးထားသည့်ကိစ္စတို့ကို ရဲရဲရှေ့တိုးဆောင်ရွက်ပါ။ အထူးအကျိုးဖြစ်ထွန်းမည်။ သူတစ်ပါးနှင့်မတူခြားနားသောရှုထောင့်မှအခြေတည်ပြီး လုပ်ကိုင်လိုက်သည်များ အထင်အရှားအဆင်ပြေသွားမည်။



**AQUARIUS** — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

ရည်ရွယ်ထားသည့်အတိုင်း ရှေ့တိုးဆောင်ရွက်ပါ။ အပြောင်းအလဲကိစ္စဦးစားပေးပါ။ အခက်အခဲများကိုကျော်လွှားနိုင်မည်။ မိမိအကြိုက်နှင့်မှား၍ ထောင်ချောက်ဆင်ဒုက္ခပေးမည့်သူများရှိနေသည်။ ခြေလှမ်းမမှားပါစေနှင့်။ အန္တရာယ်ပေးမည့်သူများဝန်းရံနေ၏။ ကြန့်ကြာနေသောရပိုင်ခွင့်များ ပြန်ရမည်။ လက်လွှတ်ထားသည်များ လက်ဝယ်ပြန်ရရှိမည်။ ခရီးနှင့်ပတ်သက်သောကိစ္စများအဆင်ပြေမည်။



**PISCES** — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

မထင်မှတ်ဘဲ ခရီးသွားရမည်။ အလုပ်စီးပွားနှင့်ပတ်သက်၍ကံကောင်းသည်။ ဘာသာစကားများလေ့လာအကျိုးပေးမည်။ မရည်ရွယ်ဘဲ မီဒီယာလုပ်ငန်းများနှင့်ပတ်သက်လုပ်ကိုင်ရမည်။ ရပ်ဝေးမှ သတင်းကောင်းကြားသိရမည်။ မိသားစုအတွင်း သွေးသားရင်းထဲမှ အမျိုးသမီးအကြီးအကဲကျန်းမာရေးအညံ့ရှိ သည်။ အပျောက်အရှသတိပြုပါ။ လုပ်ငန်းခွင်မှသူများ လူသစ်၊ လုပ်ငန်းသစ်များနှင့်ထိတွေ့ဆက်ဆံရမည်။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၈၈)

### အလျားလိုက်

၁။ အစားအစာများမသန့်ရှင်းပါက ဖြစ်နိုင်သောအကြောင်းအရာ
၇။ လျှစ်စစ်ကားထုတ်လုပ်သော ကားကုမ္ပဏီ
၉။ မြန်မာပြည်တွင်လုပ်သည်။
၁၀။ ဆေးရုံများတွင် အလုံအလောက်မရှိသူများ
၁၁။ မြန်မာစာနစ်ထည့်သွင်းသွားမည့် ထုတ်ကုန်များ
၁၂။ မြစ်ချောင်းကမ်းပါးပြိုခြင်း ကာကွယ်မည့်တိုင်း

### ဒေါင်လိုက်

၂။ စီးပွားရေးတိုးတက်လိုဇောဖြင့် အလွန်အကျွံထုတ်ယူသုံးစွဲကြသောအရာများ
၃။ ကမ္ဘာကျော်အမေရိကန် အဝတ်အထည်ကုမ္ပဏီ
၄။ ဆယ်တန်းအောင်ချက်အနိမ့်ဆုံးပြည်နယ်
၅။ 7 Day News တွင် ပါဝင်တတ်သော အထူးကဏ္ဍတစ်ခု
၆။ အသင့်စားခေါက်ဆွဲခြောက်
၈။ ကမ္ဘာ့ဖလားနီးလာချိန်ဆန္ဒပြမှုများ ဖြစ်နေသောမြို့တစ်မြို့



ယခင်တစ်ပတ် Puzzle ဖွဲ့ရာတွင် ဒေါင်လိုက် နံပါတ် (၅)မေးခွန်းနှင့် အဖြေစာလုံးပေါင်းအမှန်ဖြစ်သော်လည်း အလျားလိုက် နံပါတ်(၈)မေးခွန်းအတွက် အဖြေမှာ စာလုံးပေါင်းမှားယွင်းသွားပါ၍ အဖြေမှန်မထုတ်ပေးနိုင်သည်ကို တောင်းပန်အပ်ပါသည်။

ပဟေဠိ အမှတ်စဉ်(၂၈၇)အဖြေ




အမည် ........................................ မှတ်ပုံတင်အမှတ် ........................................

နေရပ်လိပ်စာ ........................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၀-၆-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**ရောင်းမည်**

တောင်ဥက္ကလာ၊ ယသဝတီလမ်း၊ ၁၃ ရပ်ကွက်၊ ပေ (၁၈x၅၅)၊ မြေညီ – သိန်း (၇၅၀)။

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

ပါရမီစိန်ဂေဟာအနီး၊ မရမ်းကုန်း။ ပထမထပ် သိန်း(၃၈၀)

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

မင်းရဲကျော်စွာ ၂ လမ်း၊ တောင်ဥက္ကလာ၊ မြေညီ ပေ (၁၈x၅၂)၊ သိန်း (၅၀၀)။

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**အခန်းပေးအခန်းယူဆောက်လိုသည်**

လှည်းတန်းလမ်းဆုံရှိ စတုရန်းပေ (၁၁,၁၀၀) မြေကွက်ပေါ်တွင် အခန်းပေးအခန်းယူ ဆောက်လိုသည်။ ဆောက်လုပ်ရေးကုမ္ပဏီများသာ ဆက်သွယ်ပါ။

ဖုန်း–၀၉–၄၃၀၈၃၇၈၁

**တိုက်ခန်းရောင်းမည်**

အင်းစိန်လမ်းမကြီး၊ လှည်းတန်းလမ်းဆုံ၊ တတိယထပ်၊ ပေ(၁၃ခွဲ×၆၀)၊ ဟောင်ကောင် နှစ်လွှာ၊ ထောင့်ခန်း၊ (ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်)

ဖုန်း–၀၉–၄၅၀၀၁၅၆၉၉

**သင်ကြားသည်**

ရှစ်တန်း သင်္ချာ(သီးသန့်) ဆရာမကိုယ်တိုင် အိမ်လိုက်သင်သည်။ (သဃ်န်းကျွန်း၊ တောင်ဥက္ကလာပမြို့နယ်များသာ)

ဖုန်း–၀၉–၄၂၁၀၀၂၃၇၃

**သင်ကြားပေးသည်**

၈ တန်း သင်္ချာ(သီးသန့်)၊ ဆရာမကိုယ်တိုင်အိမ်လိုက်သင်သည်။ (သဃ်န်းကျွန်း၊ တောင်ဥက္ကလာပမြို့နယ်များသာ)

ဖုန်း–၀၉ ၄၂၁၀၀၂၃၇၃

**သင်ကြားပေးသည်**

တရုတ်ကျောင်းတက်ခဲ့သူ ကိုယ်တိုင် တရုတ်စာအိမ်အရောက်သင်ကြားပေးသည်။ ဘုံကျောင်း၊ အိမ်ဝိုင်းနှင့် အခြားပညာဒါနအစီအစဉ်များ ရှိသည်။

ဖုန်း–၀၉ ၄၂၁၇၄၅၂၂၉

**ဆရာဦးကျော်သူ (UKT)**

English စာ Grade 10 and 11, Grammar and Speaking, Tourism English, TOEFL and IELTS တို့ကို တာဝန်ယူသင်ကြားပေးသည်။

ဖုန်း–၀၉ ၇၃၀၉၃၇၆၈

**ဗောက်သေခေါင်းလျှော်ရည်**

ဓာတုဗေဒဆေးဝါးမပါဝင်၊ သဘာဝထွက်အခြေခံပြီး ပြုလုပ်ထားသောကြောင့် ဗောက်ပျောက်သန်းသေစေသော ခေါင်းလျှော်ရည်အမျိုးအစားဖြစ်ပါသည်။

ဖုန်း–၀၉ ၄၃၀၄၃၂၀၃

**GOLDEN GALAXY**

မျက်နှာသစ် မော်ဒယ် ကျား/မ (၅၀) ဦး အသက် ၂၆ နှစ်မှ ၂၄ နှစ်အတွင်း။ မည့်သည့်အနုပညာလုပ်ရှားမှု၊ မည်သည့် Agency သင်တန်းများတွင် တက်ရောက်ဖူးသူများမဖြစ်ရ။

ဖုန်း–၀၉ ၇၃၁၅၀၄၁၄

**စက်ချုပ်သင်တန်း**

လက်မနည်း၊ စင်တီမီတာနည်းဖြင့် ဝါရင့်ဆရာမ (ကိုယ်တိုင်) အိမ်၌ သင်ကြားပေးသည်။ အိမ်အရောက်သင်ကြားပေးသည်။

ဖုန်း–၀၉ ၄၀၂၇၈၀၄၀၉

**ငှားမည်**

စာသင်ခန်းမ အချိန်ပိုင်းငှားရန်ရှိပါသည်။ ကျွန်းတောလမ်းမကြီးပေါ်။

ဖုန်း–၀၉ ၄၂၀၁၇၂၁၈၀

**ရောင်းချပေးသည်**

အိမ်(သို့) ရုံးခန်းများမှ ဝယ်ယူလိုသော ကွန်ပျူတာပစ္စည်းနှင့် Desktop များကို လိုက်လံတပ်ဆင်ရောင်းချပေးသည်။

ဖုန်း–၀၉ ၄၂၀၁၀၉၀၅၀

**ရောင်းမည်**

စံပြဈေးမှတ်တိုင် (သုဝဏ္ဏဘက်အခြမ်း) အနီး၊ ကွန်ကရစ်လမ်းကျယ်၊ ထောင့်ကွက်၊ မြေညီထပ်၊ တိုက်သစ်၊ (၂၅×၅၁)၊ ကြွေပြားခင်းပြီး ပြင်ဆင်ပြီး သိန်း (၁၂၀၀)။

ဖုန်း–၀၉ ၇၃၀၃၈၈၁၀

**ရောင်းမည်**

ဗဟန်း၊ သံလွင်လမ်းမ မြေ (၀.၅)ဧက ဘိုးဘွားပိုင်၊ တစ်ပေပတ်လည် (၄.၅) သိန်း။

ကမာရွတ်၊ သံလွင်လမ်းမ၊ မြေ (၀.၄၂) ဧက ဘိုးဘွားပိုင်၊ တစ်ပေပတ်လည် (၃.၆) သိန်း။

ဖုန်း–၀၉ ၃၁၂၈၄၇၆၃

**ရောင်းမည်**

အမှတ် (၃) လမ်းမကြီးအနီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြတ်လေးလမ်း (ရခိုင်ကျောင်းလမ်း) ပေါ်တွင် (၇၀× ၁၀၀) ပေရှိသော ရေမီးဖုန်းအစုံပါသော အိမ်နှင့် ခြံရောင်းမည်။

ဖုန်း–၀၉ ၄၂၀၁၇၉၄၇၉

**ကူညီပေးပါမည်**

အတန်းပညာမပြီးဆုံး၍ အလုပ်မရဘဲ စိတ်ဓာတ်ကျနေသော လူငယ်များဆက်သွယ်ပါ။ ကူညီပေးပါမည်။

ဖုန်း–၀၉ ၃၁၀၅၅၇၉၃

**ဆက်သွယ်နိုင်ပါသည်**

မြို့တွင်းမြို့ပြင်ယာဉ်မောင်းအလိုရှိပါက ဆက်သွယ်နိုင်ပါသည်။

ဖုန်း–၀၉ ၂၅၀၄၉၉၅၁၁

**စကားပြန်ဝန်ဆောင်မှု**

တရုတ်–မြန်မာ/ မြန်မာ–တရုတ် စကားပြန်ဝန်ဆောင်မှုပေးသည်။ စာရွက်စာတမ်းများနှင့် ဗီဒီယိုအခွေများလည်း ဘာသာပြန်ဝန်ဆောင်မှုပေးသည်။

ဖုန်း–၀၁ ၂၄၃၄၂၀

**သင်ကြားပေးသည်**

ပဉ္စတန်းမှစ၍ ဆယ်တန်းအထိ အိမ်အရောက် Study Guide လုပ်ပေးသည်။

ဖုန်း–၀၉ ၄၅၀၀၆၀၅၅၄

**သင်ကြားပေးသည်**

၁၀ တန်း repeater မိန်းကလေးသီးသန့် ဝိုင်း (၁၀ ဦး) ကျောင်းအပ်လက်ခံသင်ကြားပေးနေပါသည်။ (လှိုင်သာယာမြို့နယ်အတွင်း)။ဖုန်း–၀၉ ၄၂၀၀၅၃၃၉၆

**Study Guide**

အဌမတန်းမှစ၍ ဆယ်တန်းအထိ အိမ်အရောက် Study Guide လုပ်ပေးသည်။

ဖုန်း–၀၉ ၄၂၃၇၁၇၂၀၉

**ကုသပေးသည်**

ဗောက်အလွန်ထူခြင်း၊ ဦးရေပြားမှိုစွဲခြင်း၊ ဆံပင်အလွန်ကျွတ်ခြင်းကြောင့် ထိပ်ပြောင်၊ ဆံပင်ပါး၊ ကျဲခြင်းများကို ချိုသာသောဈေးနှုန်းဖြင့် ထိရောက်စွာကုသပေးပါသည်။

ဖုန်း–၀၉ ၃၁၅၆၅၉၂၀

**ခိုင်စံဟိန်းဆေးခန်း**

သွားဘက်ဆိုင်ရာ ကုသမှုအမျိုးမျိုး၊ သွားမြစ်တုဖြင့် သွားတုတပ်ဆင်ခြင်းနှင့် မညီညာသော သွားများအား ပါရဂူမှပြုပြင်ပေးပါသည်။

ဖုန်း–၀၉ ၄၃၀၆၈၃၆၀

**မင်္ဂလာရတနာတိုးရောင်းဝယ်ရေး**

လိပ်သည်းကျောက်၊ ကျောက်စရစ်၊ ကွန်ကရစ်အုတ်ရောင်းဝယ်ရေး။ အမှတ်–၂၊ လမ်းမကြီး၊ တောင်မြောက်လမ်းဆုံအနီး၊ ၁၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

**ဝယ်မည်**

တောင်ဥက္ကလာလမ်းမတန်း၊ မြေကွက်အကျယ် ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း–၀၉ ၃၁၂၈၄၇၆၃

**ငှားမည်**

လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ပေ (၂၅×၆၀)၊ အခန်း တစ်ခန်းဖွဲ့ပြီး ရေမီးစုံ ငါးလွှာ၊ ဖုန်း၊ အဲကွန်း နှစ်လုံး၊ ကိုရီးယား ပါကေးခင်းပြီး။

ဖုန်း–၀၉ ၂၅၀၁၃၆၆၉၅

**ငှားမည်**

တိုက်အမှတ် (B5)၊ အခန်းအမှတ် 001၊ မြေညီထပ်၊ Shwe Gabar အိမ်ရာ၊ Mindama လမ်း၊ မရမ်းကုန်းမြို့နယ်။ 1280 sqf.3 room, 1 hall။

ဖုန်း–၀၉ ၄၂၁၁၅၀၈၅၀

**ရောင်းမည်**

အင်းစိန်လမ်းမကြီး၊ လှည်းတန်းလမ်းဆုံ၊ တတိယထပ်၊ (၁၃ပေခွဲ×၆၀ပေ)၊ ဟောင်ကောင်နှစ်လွှာ၊ ထောင့်ခန်း၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဖုန်း–၀၉ ၄၅၀၀၁၅၆၉၉

**ကူညီပေးပါသည်**

စီးပွားရေးလုပ်ငန်း၊ အရောင်းအဝယ်များ၊ လူမှုရေး၊ ဥပဒေပိုင်းဆိုင်ရာ၊ အိမ်ခြံမြေနှင့် ကားများ မဝယ်မီ ဆွေးနွေးတိုင်ပင်အကြံဉာဏ်ရယူလိုပါလျှင် အကောင်းဆုံးဖြစ်အောင် ကူညီပေးပါသည်။

ဖုန်း–၀၉ ၅၀၁၀၈၃၀

**အိမ်အရောက်ပြုပြင်တပ်ဆင်သည်**

ကွန်ပျူတာနှင့် အင်တာနက် အိမ်အရောက်ပြုပြင်တပ်ဆင်ပေးသည်။

ဖုန်း–၀၉ ၄၃၀၈၆၁၂၃

**Web Site ရေးဆွဲသည်**

MWP | Web Development Services မှ ကုမ္ပဏီလုပ်ငန်း၊ သင်တန်းကျောင်း၊ ခရီးသွားလုပ်ငန်း အစရှိသော လုပ်ငန်းများအတွက် WebSite များကို အစအဆုံး တာဝန်ယူရေးဆွဲပေးလျက်ရှိပါသည်။

ဖုန်း–၀၉ ၇၃၂၁၈၀၂၁

**ချွေးပေါက်ကျယ်ပေါက်အလှရည်**

မျက်နှာပြင်ချွေးပေါက်ကျယ်နေခြင်းအတွက် ဤအလှရည်သုံးစွဲခြင်းဖြင့် မျက်နှာပြင်ချွေးပေါက်ကျဉ်းစေပြီး မျက်နှာဖြူစင်လှပစေပါသည်။

ဖုန်း–၀၉ ၄၃၀၄၃၂၀၃

7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

စာမျက်နှာ(၂၃) မှ

## ပြည်သူမကြည်သာလျှင် မဲဗလာ

ယခုအချိန်မှာ တိုင်းပြည်ကြီးတစ်ခုလုံးနွံနစ်နေသည်ကို ပြန်လည်ဆယ်ယူရမည့် အချိန်။ နိုင်ငံ့ရေးရာကို မကျွမ်းကျင်ဘဲ ရွေးချယ်ထားသည့် မိုးပေါ်ကျအမတ်ခေတ်ကုန်စေချင်ပြီ။ ကျွမ်းကျင်သူကို ကိုယ်တိုင်သာ ရွေးချယ်ချင်ပါသည်။

ပီအာရ်ရွေးကောက်ပွဲစနစ်သည် အမတ်တစ်ဦးချင်းကို ပြည်သူက ရွေးချယ်ခွင့်မရှိ။ ပါတီကိုသာ ပြည်သူလူထုက မဲပေးရွေးချယ်ရမည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အရည်အချင်းတွေကို ပါတီခေါင်းဆောင်တွေကသာစစ်ကြောရမည်လေလော။ မပြောတတ်။ သို့တည်းမဟုတ် ပါတီတစ်ခုချင်းအတွင်းမှာ ရွေးကောက်ပွဲသီးသန့်လုပ်ကြရမည်လေလော။မဆိုတတ်။ ပီအာရ် အချိုးကျရွေးကောက်ပွဲစနစ်သည် ရှုပ်ထွေးပြီ ကုန်ကျစရိတ်များပြားသည်ဟုလည်း ပညာရှင်အချို့ ကဆိုနေသည်။ အကြွေးသံသဘီလီယံနှင့်စခန်းသွားနေရသော မြန်မာပြည်လို ဆင်းရဲသားနိုင်ငံကလေးမှာ ပိုက်ဆံတွေ အတော်ပေါများနေသူတွေကသာ ပီအာရ်စနစ်ကို အကြည်အသာလုပ်ချင်နေကြသည်ဟု ထင်မိသည်။

နောက်ဆုံးအနေဖြင့် အမှန်ကို အမှန်အတိုင်းဝန်ခံပြောဆိုချင်သည်။ ကျွန်မကိုယ်တိုင်ပီအာရ်ဟူသောအချိုးကျရွေးကောက်ပွဲစနစ်ဆိုသည်ကို ယခင်က မကြားဖူးခဲ့။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလွှတ်တော်အတွက်အမတ်နေရာ ၄၃ နေရာဝင်ရောက်ယှဉ်ပြိုင်ရာ အမတ်နေရာအားလုံးမှာ အနိုင်ရခဲ့ချိန်မှာ စတင်၍ ပီအာရ်၊ ပီအာရ်ဟု ပါတီတိုင်းက လွှတ်တော်မှာ ဝင်ပါနိုင်စေရန် ဖိုးပါချင်၊ မယ်ပါချင်တွေက စတင်တောင်းဆိုသံကြားမှသာ သူတို့ပြောနေတဲ့ ပီအာရ်စနစ်ဆိုတာ ဘာလဲဟု လေ့လာမိခဲ့ခြင်းဖြစ်သည်။

တကယ်တော့ ယခုလိုအချိန်မှာ မဲအများဆုံးအမတ်လောင်းသာ အနိုင်ရ၊ အမတ်ဦးရေအများဆုံးရသူသာ အစိုးရဖွဲ့ ဟူသည့် First Past the post စနစ်ဖြင့် ပြည်သူ့ထောက်ခံမဲရရှိရန် ဟန်ခြေမရှိလျှင် ပါတီမှန်သမျှ ရသမျှမဲနှင့် အချိုးကျအမတ်နေရာရ။ မဲနိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ လွှတ်တော်မှာ ဝင်ပါကိုပါရမှဆိုသည့် အာဏာရှူးသွပ်သူတို့ကသာ ပီအာရ်၊ ပီအာရ်ဟု အော်နေခြင်းဖြစ်မည်ထင်သည်။ တကယ်တော့ ဤကဲ့သို့ ပီအာရ်၊ ပီအာရ်ဟု အော်နေခြင်းထက် ပါတီတစ်ခုချင်းစီ၊ အမတ်လောင်းတစ်ဦးချင်းစီက ပြည်သူလူထု၏ မဲဆန္ဒကို ရရှိနိုင်စေရန် မူဝါဒရေး၊ ကိုယ်ကျင့်တရားမှာပါ ကောင်းမွန်အောင် ချမှတ်နေထိုင်၊ ပြောဆိုစည်းရုံးသွားနိုင်လျှင် First past the post စနစ်ဟောင်းနှင့်လည်း ညွန့်ပေါင်းအစိုးရမျိုး ပေါ်လာတတ်သည်မှာ ရွေးကောက်ပွဲတို့ထုံးစံဖြစ်ပါသည်။

ကိုယ်တိုင်က ပါတီ၏ မူဝါဒကိုလည်း တိုင်းကျိုးပြည်ကျိုးအတွက် ကောင်းကောင်းမတည်ဆောက်။ လူတစ်ဦးချင်းကလည်း လောဘ၊ ဒေါသ၊ မောဟဖောက်ကာ တိုင်းပြည်ဘဏ္ဍာကို ကိုယ်ကျိုးရှာရန်သာ ကြိုးစားနေပါက ပီအာရ်မှာလည်း ပြည်သူက မကြည်သာလျှင် မဲဗလာဖြစ်သွားနိုင်ပါကြောင်း သတိပေးပါရစေ။

စာမျက်နှာ(၃၃) မှ

## စိမ်းလန်းရေး၊ ဖွံ့ဖြိုးရေး လွန်ဆွဲမှုများနဲ့ လန်ပိကျွန်း အနာဂတ်

ဒေသခံများ ပတ်ဝန်းကျင်အသိနည်းပါးခြင်းနှင့် ကျွန်းကို ထိန်းသိမ်းစောင့်ရှောက်ရန် အားနည်းခြင်းတို့ကြောင့် သဘာဝထိန်းသိမ်းရေးနယ်မြေဖြစ်သော်လည်း ကျွန်းပတ်ဝန်းကျင်တွင် တရားမဝင်ငါးဖမ်းခြင်းများ၊ သစ်ခိုးထုတ်ခြင်းများ၊ ငါးလှေများ ရေပြင်တွင် တရွတ်ဆွဲငါးဖမ်းဆီးခြင်း၊ ငါးပုံးခွဲခြင်းတို့ကြောင့် အချို့နေရာများတွင် သဘာဝအခြေအနေများ ပျက်ယွင်းမှု ရှိနေသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက ပြောသည်။

ကျွန်း၏အနောက်ဘက်ခြမ်းသည် လှိုင်းလေကြီးခြင်းနှင့် သဘာဝအခြေအနေအရ သွားလာရန်ခက်ခဲသောကြောင့် လူသူအရောက်အပေါက်နည်းသော်လည်း ကျွန်းအနောက်ဘက်ခြမ်းတွင် လူအများစု သွားလာလျက်ရှိသည်။

လန်ပိကျွန်းပေါ်တွင် အပင်မျိုးစိတ်ပေါင်း ၂၀၁ မျိုးရှိပြီး မျိုးစိတ်မခွဲနိုင်သည့် အပင်လေးမျိုး၊ ဒီရေတောပင်မျိုးစိတ် ခြောက်ခုရှိသည်ဟု သတင်းရရှိသည်။ ဆောင်းခိုငှက်ရာသီတွင် ကမ္ဘာတစ်ဝန်းမှ ငှက်မျိုးစိတ်ပေါင်း များစွာ လာရောက်ကျက်စားသည့် နေရာလည်းဖြစ်သည်။ နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း ၂၁ ခု၊ ငါးပုစွန် ၇၈ မျိုးနှင့် တွားသွားသတ္တဝါများလည်း ရှိသည်။ ရေညှိ၊ ရေမှော်မျိုးစိတ် ၅၄ မျိုး၊ပင်လယ်မြက် ၁၀ မျိုးနှင့် ကျောရိုးမဲ့ ၁၉ မျိုးရှိသည်။


ထို့အပြင် ကျွန်းရေိယာအတွင်း သန္တာကျောက်တန်းအမျိုးအစားပေါင်း ၂၆ မျိုးကို တွေ့ရှိရပြီးကျောက်တန်းအများစုမှာသက်တမ်းရင့် ကျောက်တန်းများ ဖြစ်သည်။ပင်လယ်မျှော့အုပ်စုလေးစု၊ ခရုယောက်သွားအုပ်စု ၂၆ စု၊ မျှော့လေးအုပ်စု မျိုးစိတ်ပေါင်း ၈၄ မျိုးကို တွေ့ရှိရမည် ဖြစ်သည်။ သက်နုနုန်းမြေ၊ မျက်မှောက်ကာလကျောက်လွှာ၊ လွှာတင်ဆက်ဖြတ်ကျောက်လွှာ၊ မြိတ်ကျောက်စဉ်စု၊ အသွင်ပြောင်းသလင်းကျောက်၊သင်ပုန်းကျောက်၊ ဖစ်လိုက်ကျောက်၊ ရှစ်ကျောက် လွှာစသည့် ကျောက်လွှာများ ရှိသည်။

အရှေ့တောင်အာရှနိုင်ငံများတွင်သာမက ကမ္ဘာပေါ်တွင်လည်း ဇီဝမျိုးစုံ၊ မျိုးကွဲများ လေ့လာစရာကောင်းသောနေရာအဖြစ် မှတ်တမ်းဝင်သောကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားသူများက ထိန်းသိမ်းရေး လုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်ရန် အားပေးသော်လည်း အမှားအယွင်းဖြစ်သွားမည်ကို စိုးရိမ်လျက်ရှိသည်။ ကမ္ဘာပေါ်တွင်လည်း နာမည်ကြီးသောကြောင့် အစိုးရက ယင်းတို့ကို အသုံးချပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ စတင်လိုသည်။

လန်ပိကျွန်းထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး ကိစ္စများတွင် အစိုးရနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများအကြား မူဝါဒရေးရာကိစ္စများနှင့် ပတ်သက်၍ လွန်ဆွဲလျက်ရှိနေသည်။

စာမျက်နှာ(၂၆) မှ

## ရှင်းနေတာတွေ ရှုပ်ကုန်ပြီ




ဤတွင် တရားဝင်အတိုက်အခံနိုင်ငံရေးပါတီဖြစ်သောအင်န်အယ်လ်ဒီ၏ဦးဆောင်မှုဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဟောပြောပွဲများပြုလုပ်ခြင်း၊ ပြည်သူများကို လက်မှတ်ရေးထိုး၍ ဆန္ဒထုတ်ဖော်ခြင်းများသည် ဖိအားပေးရန် ဆောင်ရွက်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသူများလည်းရှိ၏။ ပြည်သူတို့ တောင်းဆိုလျှင် "ဖိအား"၊ အစိုးရက ဖြို့ခွင်းနှိမ်နင်းလျှင် "တည်ငြိမ်အေးချမ်းရေး"ဟူသော စကားနှစ်လုံးဖြင့် ရှုပ်နေခဲ့သော သမိုင်းဖြစ်စဉ်အတွင်း ကာလကြာရှည်ကျင်လည်ခဲ့သူတို့က အထက်ပါအတိုင်းဖွင့်ဆိုလေ့ရှိကြခြင်းဖြစ်၏။ သမ္မတကြီးပင်လျှင် သူတို့အထဲပါဝင်နေပြီလောဟု စိတ်ထဲမှ စိုးရိမ်မိ၏။ အမှန်စင်စစ်ပြည်သူသည် အုပ်ချုပ်သူအား မိမိလိုလားချက်၊ မိမိဆန္ဒကို နည်းလမ်းတကျတင်ပြတောင်းဆိုခွင့်ရှိ၏။ မည်သည့်ပါတီက ဦးဆောင်သည်၊ ဦးမဆောင်သည်ဆိုခြင်းမှာ အဓိကမဟုတ်။ များစွာသော ပြည်သူတို့၏ ဆန္ဒသည် အဓိပတိပစ္စည်းအမှန်ဖြစ်၏။ ခံစားချက်များကို ဖွင့်ဆိုရာ၌ အသုံးပြုသော စကားလုံးများက ပြည်သူ၏ ဆန္ဒဒီဂရီ (သို့) ဝေဒနာသာမိုမီတာအညွှန်းကို ဖော်ပြနေခြင်းဖြစ်၍ အုပ်ချုပ်သူအား ဖိအားပေးသည်ဟု တစ်ဖက်သတ်ထင်မြင်မိလျှင် စေတနာအညွှန်းမှန်သည့် ပြည်သူ့အသံကို အမြင်မှား၍ စော်ကားရာရောက်ပေမည်။ ရှင်းနေတာတွေ ရှုပ်အောင်ပြုရာသို့ ဦးတည်သွားနိုင်သည်ဟု ဆိုချင်ပါသည်။ ဤသည်မှာ ဒီမိုကရေစီအလေ့အကျင့်နှင့် နှစ်ပေါင်းများစွာ ကွာဝေးခဲ့သော အုပ်ချုပ်သူတို့၏ သဘောသဘာဝတစ်ရပ်ဟုလည်း ဆိုနိုင်၏။

လွန်ခဲ့သည့် မေလ ၂၈ ရက်က အလွန်ဝမ်းနည်းဖွယ်သတင်းတစ်ရပ်ကြားသိခဲ့ရသည်ကိုလည်း ဖော်ပြလို၏။ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်က နိုင်ငံရေးပါတီများအား တစ်ပါတီလျှင် မြေတစ်ကွက်နှင့် မော်တော်ယာဉ်ငါးစီး အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းနိုင်ရန် တင်ပြထားသည်ဟူသော သတင်းဖြစ်၏။ နိုင်ငံရေးပါတီတစ်ရပ်ထူထောင်ခြင်းသည် ဆင်းရဲသော ပြည်သူတို့ဘဝကို အနစ်နာခံ၍ကယ်တင်ရေးဖြစ်၏။ ဆင်းရဲတွင်း ပိုနက်အောင် လုပ်ရန်မဟုတ်ပေ။ ပြည်သူတို့ထံမှ မြေကိုယူရန်၊ အခွန်ကင်းလွတ်ခွင့် အခွင့်ထူးရယူရန် မဟုတ်ပေ။ အမှန်တကယ်မြေပေးသည်မှာ ကော်မရှင်မဟုတ်။ ပြည်သူသာဖြစ်၏။ အခွန်ကင်းလွတ်ခွင့်အကျိုးသက်ရောက်မှုဒဏ်ချက်ကို ခံရမည်က ပြည်သူဖြစ်၏။ ကော်မရှင်မဟုတ်။ ပြည်သူထံမှ မြေနှင့် အခွန်ကင်းလွတ်ငွေကိုယူ၍ ထူထောင်သော ပါတီအဖြစ် "အတူတူနဲ့ အနူနူပါပဲ"ဟု ဦးကျိုးအောင် ပြုရာရောက်သည့် အစီအစဉ်အား ပါတီလောကအတွင်း ရှင်းနေတာတွေ ရှုပ်အောင်လုပ်ခြင်းပေလောဟုသုံးသပ်ရှုမြင်မိပါသည်။

အလားတူ ရှုမြင်မိသောကိစ္စတစ်ခုကို ထပ်မံဖော်ပြချင်ပါသေးသည်။ ရွေးကောက်ပွဲတွင် PR စနစ်အသုံးပြုရန် ကြိုးပမ်းနေခြင်းဖြစ်၏။ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ဆန္ဒမဲအများဆုံးကိုယ်စားလှယ်အား ရွေးချယ်တင်မြှောက်ရသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို တစ်ကြိမ်မျှဘုရားစူးကျင်းပရသေးသည် "အားပါး မကောင်းဘူး"ဟု စူးစူးဝါးဝါး ဟစ်အော်သံကိုကြားလိုက်ရသကဲ့သို့ဖြစ်၏။ ၃၂ ကောဠာသပေါ်တွင် ဟိုခုန်ဒီခုန်ကူးနေသော စိတ်ဟူသည် မျောက်ကမှ အပင်စုံ၊ အတွေ့စုံပါဦးမည်။ ယခုမူ "တစ်ပင်သာကြုံ၊ သက်တမ်းမ ကုန်၊ ဟိုခုန်ဒီခုန်ကြုံလေသည်"ဟု ဆိုဖွယ်ရာဖြစ်လေပြီ။ ပြည်သူတို့ကလည်း ဘာမျှမတောင်းဆို၊ ပြဿနာလည်း ဘာမျှမရှိရုတ်တရက် နိုင်ငံရေးနာဂစ်နှင့် တိုးပြီဟုဆို သူကလည်း ဆိုကြ၏။ အကြောင်းရင်းလည်းမသိ၊ အပေါင်းအသင်းလည်းမညှိ၊ ရုတ်တရက် ချုံခိုတိုက်ခိုက်ခံလိုက်ရသည့် ခရီးသွားပမာခံစားရင်း "ဩော်–ရှင်းနေတာတွေ ရှုပ်ကုန်ပြီ"ဟု ညည်းတွားသံများပေါ်ထွက်လာ၏။

ပြည်သူတို့က Main Actor အဖြစ် ပါဝင်ရွေးချယ်ရမည့် ရွေးကောက်ပွဲစနစ်တစ်ခုကို ပြည်သူ့ဆန္ဒမခံယူဘဲ မပြောင်းလဲသင့်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်မရှိသည်ကို ပြည်သူအပေါ် တစ်ဖက်သတ်ပြဋ္ဌာန်းရန် မကြိုးစားသင့်ပေ။ ဆန္ဒခံယူထားသည့် ဥပဒေ၌ မပါရှိသည်ကို ပြဋ္ဌာန်းလိုလျှင် ပြည်သူ၏ ဆန္ဒကို မလွဲမသွေခံယူရမည်မှာ အလွန်ရှင်းသော သဘောတရားဖြစ်၏။ အထူးသဖြင့် လက်ရှိပစ္စုပ္ပန်တွင် ပြည်သူများ လက်ခံကျင့်သုံးနေသော စနစ်တစ်ခုကို ပြည်သူ့ဆန္ဒမပါဘဲ ပြောင်းလဲရန် အားထုတ်ခြင်းသည် ဒီမိုကရေစီနည်းလမ်းကျမည်လောဟုလည်း အသေအချာစဉ်းစားသင့်၏။ကိုယ်စားလှယ်များအတွင်း၌ပင် တပ်မတော်ကိုယ်စားလှယ်၊ တိုင်းရင်းသားကိုယ်စားလှယ် (NBF အဖွဲ့ဝင်များ)နှင့် အင်န်အယ်လ်ဒီကိုယ်စားလှယ်တို့က သဘောတူလက်ခံမှုမရှိကြောင်း တွေ့ရှိနိုင်၏။ တိုင်းရင်းသားပါတီများ ပါဝင်သော NBF ကလည်း လူထုဆန္ဒထုတ်ဖော်၍ ဆန့်ကျင်မည်ဟု သဘောထားထုတ်ပြန်ခဲ့၏။ ဩော် . . . ရှင်းနေတာတွေ ရှုပ်ပေဦးမည်လောဟု ရင်လေးစွာ တွေးမိ ၏။

လာပြန်ပြီ နောက်ထပ်အရှုပ်တစ်ခု။ သံလွင်မြစ်ကြီးကို ရောင်းစားလိုက်ကြပြီဟု ပြောစမှတ်ပြုကြ၏။ ရောဝတီကို အထူးအာရုံစိုက်နေချိန်တွင် သံလွင်မြစ်ကြီးလုပ်ကြံခံရသည်ဟုလည်း သုံးသပ်ကြ၏။ ထိုင်းနိုင်ငံသို့ တူးမြောင်းသွယ်ပြီး ရေကို ရောင်းမည့် ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း၊ အထက်သံလွင် (ကွမ်လုံ) ရေအားလျှပ်စစ်စီမံကိန်းစသည်ဖြင့်ခြောက်ခုသော ရေအားလျှပ်စစ် စီမံကိန်းများမှ တရုတ် ၉၀အချိုးမြန်မာ ၁၀ အချိုး၊ ထိုင်း၈၈ ဒသမ ၅ အချိုးမြန်မာ၁၁ဒသမ၅အချိုးစသည့်အကျိုးအမြတ်ခွဲဝေမှုများမှာ ကြက်သီးမွေး ညင်းများထလောက်အောင် နည်း ပါးလှ၏။ မြန်မာနိုင်ငံတွင် ၇၀ ရာ ခိုင်နှုန်းသော ပြည်သူများ လျှပ် စစ်ဓာတ်အားမရသေးဟု အကြောင်းပြ၏။ မကြာသေးမီက ထိုအကြောင်းပြပြီး ဓာတ်အားခနှုန်းများ တိုးမြှင့်ခြင်းခံခဲ့ရပြီးဖြစ်၏။ သံလွင်မြစ်ရေအားလျှပ်စစ် စီမံကိန်းများကြောင့် ဘီလူးကျွန်းချောင်းဆုံတွင် ရေငန်ဝင်၍ ရွာပေါင်း ၆၀ နှင့်တကွ မော်လမြိုင်မြို့ကြီးတွင် ရေချိုပျောက်ခြင်း၊ လယ်ယာများ ရေငန်ပေါက်ပျက်စီးခြင်းဟူသော ဘေးထွက်ဆိုးကျိုးများကိုလည်း ပညာရှင်တို့ ထောက်ပြနေကြ၏။ တာတမံများကျိုးလျှင် ပြည်နယ်သားတို့ဘဝ ပျက်မှာကိုလည်း စိုးထိတ်နေကြ၏။ CSR က ဘယ်လိုရှိသည်မသိ။

ပွင့်လင်းမြင်သာမှုမရှိခြင်းကို အကြောင်းခံသည့် စီမံကိန်းမှန်သမျှ "တစ်ပင်၊ နှစ်ပင်လိမ်ကာ ရှုပ်၊ အမယ်ဘုတ်၏ သူ့ချည်ခင်"ဟု ဆိုရပေမည်။ နောက်ဆုံးတွင် အစိုးရအဖွဲ့က လာရောက်ရှင်းလင်းရန် ပြည်ထောင်စုလွှတ်တော် နာယကကိုယ်တိုင် ပြောကြားလိုက်ကြောင်း သတင်းကောင်းကြားသိရလေ၏။ ပြည်သူအတွက် အရှုပ်ကို ရှင်းပေးမည့် ပြည်ထောင်စုလွှတ်တော် နာယကအား ကျေးဇူးတင်ပါကြောင်း . . . ။

Environment

7DAY NEWS JOURNAL

Vol.13, No.15 • JUNE 18 , 2014

# စိမ်းလန်းရေး၊ ဖွံ့ဖြိုးရေး လွန်ဆွဲမှုများနဲ့ လန်ပိကျွန်း အနာဂတ်

**အိဖြူမွန်**

ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရန် ယူနက်စကိုသို့ တင်ပြထားပြီး အာဆီယံအမျိုးသားဥယျာဉ် လန်ပိကျွန်းတွင် ခရီးသွားဇုန် (Tourism Zone) အဖြစ် သီးသန့်ခွဲထုတ်ရန် အစိုးရက လျာထားမှုကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက ကန့်ကွက်နေကြသည်။

သီးသန့်ခွဲထုတ်ရန် လျာထားချက်ကို အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများ ဆွေးနွေးပြီးနောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက သဘောမတူသဖြင့် ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။ အစိုးရနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများ ခရီးသွားဇုန်သီးသန့်သတ်မှတ်ရေးကိစ္စမဆွေးနွေးမီ ပထမဆုံးခြေလှမ်းတစ်ရပ် အနေဖြင့် လန်ပိကျွန်းတွင် နိုင်ငံခြားသားခရီးသည်များ တည်းခိုနိုင်သည့် အပန်းဖြေရိပ်သာ တည်ဆောက်ရန် တင်ဒါခေါ်ယူခဲ့သည်။

"သီးသန့်ဇုန်အဖြစ် မထားစေချင်ဘူး။ နိုင်ငံခြားသား ခရီးသွားတွေ သွားလာခွင့်တော့ စည်းကမ်းသတ်မှတ်ချက်တွေ ရှိရမယ်။ သတ်မှတ်မယ်ဆိုရင်လည်း လူတွေရှိတဲ့ ဆလုံကျေးရွာနဲ့ အနီးနားတွေမှာ ထည့်စဉ်းစားစေချင်တယ်" ဟု FFI မှ အဏ္ဏဝါကျွမ်းကျင်သူ ဦးဇော်လွင်က ပြောသည်။

ဇီဝမျိုးစုံ၊ မျိုးကွဲနှင့် တောအမျိုးအစားစုံလင်စွာရှိသော အဆိုပါကျွန်းကို သယံဇာတထိန်းသိမ်းရေးဇုန်၊ သဘာဝတောရိုင်းဇုန်၊ ဆလုံဇုန်၊ ဒေသအသုံးပြုဇုန်နှင့် ကြားခံနယ်မြေဇုန်တို့ သတ်မှတ်ရန် လျာထားကြောင်း အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်း၊ နိုင်ငံတကာ လူ့အဖွဲ့အစည်းတို့ ပူးပေါင်းရေးဆွဲထားသော စီမံကိန်းတွင် ဖော်ပြထားသည်။ ယင်းဇုန်များမှ သီးသန့်ခရီးသွားဇုန် ခွဲခြားသတ်မှတ်မည်ဆိုခြင်းကို သဘာဝပတ်ဝန်းကျင်လှုပ်ရှားသူများက ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တာရေးရာဝန်ကြီးဌာန၊ ငါးလုပ်ငန်း၊ ဟိုတယ်ခရီး၊ အထွေထွေအုပ်ချုပ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲ သဘာဝထိန်းသိမ်းရေးအသင်း၊ အီတလီလူမှုအဖွဲ့အစည်း ဖြစ်သော ISTITUTO အဖွဲ့များ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ခြင်းဖြစ်သည်။

၂ နှစ်ကျော်ကြာ ရေးဆွဲခဲ့သော အဆိုပါစီမံကိန်း၏ နောက်ဆုံးအစီရင်ခံစာမူကြမ်းကို ပြည်တွင်းရှိ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားနေသည့် ပညာရှင်များ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နောက်ဆုံးအကြိမ်အဖြစ် ဇွန်လ ၁၃ ရက်တွင် ထပ်မံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

"တိုးရစ်ဇင်ဇုန်ကို အနီးအနားတစ်ဝိုက်က လွတ်တဲ့နေရာတွေ အများကြီးရှိနေတဲ့ နေရာတွေမှာ ထည့်သွင်းစဉ်းစားစေချင်တယ်။ အခုခွဲထားတဲ့ ဇုန်ငါးခုရဲ့ အနီ၊ အဝါသတ်မှတ်ချက်တွေကို မစဉ်းစားစေချင်ဘူး" ဟု ရောဝတီလင်းပိုင် သုတေသနနှင့် ဇီဝမျိုးစုံမျိုးကွဲပညာရှင် ဦးအောင်မျိုးချစ်က ပြောသည်။

ဧပြီလအတွင်းက လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ရှိ ဝါးလယ်ကျွန်းတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် တည်းခိုရိပ်သာ တည်ဆောက်ခွင့် ပေးခဲ့သည်။ ထို့ကြောင့် ခရီးသွားဇုန် အဖြစ်သတ်မှတ်မည့်နေရာတွင် ဟိုတယ်ဆောက်လုပ်ခွင့်များ ချပေးမည်ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများက စိုးရိမ်နေခြင်း ဖြစ်သည်။

"အခု ရေးဆွဲထားတဲ့ စီမံကိန်းက ပြီးပြည့်စုံပြီလို့ မြင်တယ်။ သီးသန့် ထည့်စရာ မလိုဘူးလို့ မြင်တယ်။ အခု တည်းခိုရိပ်သာ တည်ဆောက်မယ့်နေရာမှာ သန္တာကျောက်တန်းတွေလည်း ကောင်းတယ်။ ရေချို၊ ရေနံလည်း ရတယ်။ ရှားပါးမျောက်မျိုးစိတ်တွေရှိတဲ့ နေရာလည်း ဖြစ်နေပါတယ်" ဟု တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (WCS) မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာကျွမ်းကျင်သူ နော်မေလေးသန့်က ပြောသည်။

ဇုန်ငါးခုသတ်မှတ်၍ လန်ပိကျွန်း၏ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး ဆောင်ရွက်ခြင်းကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက လက်ခံသော်လည်း ခရီးသွားဇုန် သတ်မှတ်မည့် အရေးကိုကန့်ကွက်ခဲ့ကြသည်။ ကမ္ဘာလှည့်ခရီးသွားများ သွားလာခွင့်ကို အကန့်အသတ်ဖြင့် ခွင့်ပြုရန် လက်ခံသော်လည်း သီးသန့်ခွဲထုတ်၍ တရားဝင်သတ်မှတ်မည့်ကိစ္စကို အများက သဘောမတူညီခဲ့ကြချေ။

"သတ်မှတ်မယ်ဆိုရင် ကျွန်းရဲ့တောင်ဘက်ခြမ်းကို သတ်မှတ်စေချင်တယ်။ တောင်ဘက်ခြမ်းက ဆလုံကျေးရွာနှစ်ခုနဲ့လည်း နီးတယ်။ လူရှိတဲ့နေရာနဲ့ ကပ်နေတော့ သွားရေး၊ လာရေးလည်း အဆင်ပြေတယ်။ အီကိုတိုရစ်ဇင်ခရီးသွားလုပ်ငန်းရှိတော့ ဒီအပေါ်ကို အခြေပြုပြီး ဒေသခံတွေလည်း စီးပွားရေးလုပ်လို့ ဖြစ်တာပေါ့" ဟု အဏ္ဏဝါသိပ္ပံအသင်း ဥက္ကဋ္ဌ ဦးတင်ထွန်းက ပြောကြားသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ဧရိယာတွင် အရံကျွန်းငယ်များဖြစ်သော ဝါးကျွန်း၊ ရေကျွန်း၊ ပလောကပ်ကျွန်း၊ ကိုဖော့ကျွန်း၊ လိပ်ဥကျွန်း၊ ခူကြီးကျွန်း၊ မကြုံ့ဂလက်ကျွန်း၊ စစ်တပ်ပလက်ကျွန်းတို့ ပါဝင်သည်။ လန်ပိကျွန်းအနီးတွင် ဂျလန်းကျွန်း ဆလုံရွာနှင့် မကြုံ့ဂလက်ဆလုံရွာ နှစ်ရွာရှိသည်။

ယင်းကျွန်းပေါ်သို့ ထိုင်းနိုင်ငံမှ ကမ္ဘာလှည့် ခရီးသွားများ ရနောင်းနှင့် ကော့သောင်းမြို့များမှ ဖြတ်၍ လန်ပိအဏ္ဏဝါကျွန်းသို့ လာရောက်လည်ပတ်ကြသည့်အပြင် နယူးဇီလန်၊ ဥရောပ၊ ဩစတြေးလျတို့မှလာရောက်သည်များလည်းရှိသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ထိန်းသိမ်းရေး အတွက် တစ်ဖက်က နိုင်ငံတကာ ရန်ပုံငွေတွေ ရှိပေမယ့်လည်း တစ်ဖက်တစ်လမ်းက ဒီလို နိုင်ငံခြားခရီးသွားလုပ်ငန်း လုပ်ဆောင်လိုက်ရင် ငွေဝင်တော့ ထိန်းသိမ်းရေးလုပ်ငန်းကို အထောက်အကူပြုစေပါတယ်။ ဝါးလယ်ကျွန်းထဲမှာ အဲဒီတစ်နေရာကို အီကို တိုရစ်ဇင်လုပ်ဖို့ ခေါ်ထားပေမယ့်လည်း သတ်မှတ်ချက်ရှိပါတယ်" ဟု ဝန်းကျင်/သားငှက်မှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ပြောသည်။


ခရီးသွားဇုန်အဖြစ်သတ်မှတ်ခြင်းသည် ဟိုတယ်ဆောက်ခွင့်ပေးခြင်းအတွက် မဟုတ်ကြောင်း၊ နိုင်ငံခြားခရီးသည်များလာရောက်ကြည့်ရှုရန်အတွက် သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ယခု တည်းခိုရိပ်သာ တည်ဆောက်မည့် ဝါးလယ်ကျွန်းတွင် လိုအပ်သည့်နေရာ အကန့်အသတ်ဖြင့်သာ ခွင့်ပြုထားခြင်းဖြစ်ကြောင်း၊ အခြားကျွန်းများတွင် နေရာအလွတ်များ ရှိသော်လည်း ဝန်ကြီးဌာန အုပ်ချုပ်ခွင့်ရနယ်မြေများ မဟုတ်သောကြောင့် စီမံခန့်ခွဲခွင့်မရှိကြောင်း ဦးဝင်းနိုင်သော်က ပြောသည်။

"ဆွေးနွေးချက်တွေအားလုံးကို မှတ်ထားပါတယ်။ စီမံကိန်းကတကယ်အကောင်အထည်ဖော်မယ့် ကိစ္စဖြစ်နေတော့ မလုပ်လို့လည်း မရပါဘူး" ဟု ဦးဝင်းနိုင်သော်က ပြောသည်။

သဘာဝနယ်မြေအဖြစ် ထိန်းသိမ်းထားသည့် မြေကေ ငါးသောင်းကျော်တွင် ဒီရေတော၊ သဲသောင်ခုံတော၊ အပူပိုင်းအမြဲစိမ်းတော၊ စွတ်စိုအမြဲစိမ်းတော၊ ရွံ့နွံတောစသည့် တောအမျိုးအစားပေါင်း ခြောက်မျိုးကျော် ပါဝင်သည်။ **စာမျက်နှာ(၃၂) သို့**



*သာယာလှပသည့် လန်ပိကျွန်းကို တွေ့ရစဉ်* ဓာတ်ပုံ– burmaboating.com



# Tourism

7DAY NEWS JOURNAL

Vol.13, No.15 • JUNE 18 , 2014




ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## Star Cruise အပျော်စီး သင်္ဘောခရီးစဉ်ကို မြန်မာခရီးသွားများ စိတ်ဝင်စားမှုများ

**ခန့်ထက်**

**ရန်ကုန်၊ ဇွန်-၁၄**

အာရှတွင်လူကြိုက်များသော Star Cruise အပျော်စီးသင်္ဘော ခရီးစဉ်အတွက် မြန်မာနိုင်ငံမှ လိုက်ပါရန်စိတ်ဝင်စားသူများလာကြောင်း သက်ဆိုင်ရာ ခရီးသွားလက်မှတ်အရောင်းဌာနမှ သတင်းရရှိသည်။

Star Cruise အပျော်စီးသင်္ဘောကို လိုက်ပါစီးနင်းရန်အတွက် စာရင်းပေးသူများသဖြင့် ဇွန်လအတွက် ခရီးစဉ်တွင် လူပြည့်သွားပြီဖြစ်ကြောင်း ယင်းခရီးစဉ်အတွက် လက်မှတ်ရောင်းချပေးသော Sun Far ကုမ္ပဏီမှ တာဝန်ရှိသူ မဖြူဖြူအောင်က ပြောကြားသည်။

Sun Far မှ စီစဉ်ပေးသော Package ခရီးစဉ်များတွင် တစ်ခေါက်လျှင် ခရီးသည် ဦးရေ ၂၀ သတ်မှတ်ထားပြီး ယင်းအပျော်စီးသင်္ဘောကိုသာ သီးသန့်စီးနင်းလိုပါကလည်း ခရီးသွားအရောင်းကိုယ်စားလှယ်တိုင်းတွင် ဝယ်ယူရရှိနိုင်သည်ဟု ဆိုသည်။

"ဒီသင်္ဘောကို စီးဖို့ မြန်မာကလူတွေက စိတ်ဝင်စားတယ်။ မနှစ်ကထက်စာရင် ဒီနှစ်မှာ ပိုပြီး စိတ်ဝင်စားလာတာကို တွေ့ရတယ်။ ဧပြီလတုန်းကဆို အကြမ်းဖျင်းသိရသလောက် လူတစ်ရာလောက်သွားကြတယ်" ဟု မဖြူဖြူအောင်က ဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ လိုက်ပါမည့်သူများအတွက် Pack–age ခရီးစဉ်များ ဆောင်ရွက်ပေးပြီး တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၉၉၉ ဒေါ်လာမှ စတင်၍ သင်္ဘောတွင်နေထိုင်သော အခန်းအမျိုးအစားအလိုက် ဈေးနှုန်းကွာခြားမှုရှိသည်။

"မြန်မာက ခရီးသွားတွေအတွက် ဥရောပစတိုင်နဲ့ စီစဉ်ပေးထားတဲ့ သင်္ဘောတွေလည်း ရှိတယ်။ ဒီ Star Cruise ကတော့ အာရှစတိုင်ဆိုတော့ ပိုပြီးတော့ စိတ်ဝင်စားကြတာပါ" ဟု ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက သုံးသပ်သည်။

Super Star Gemini သင်္ဘောမှ ဇူလိုင် ၁၆ ရက်တွင် ပြေးဆွဲမည့် စင်ကာပူ–မလေးရှား Tioman ကျွန်း–စင်ကာပူ လေးညအိပ်ငါးရက်ခရီးစဉ်ကို မြန်မာနိုင်ငံမှ လိုက်ပါလိုသူများ စာရင်းပေးသွင်းနိုင်ပြီး ယင်းခရီးစဉ်ကို စင်ကာပူမှတစ်ဆင့် သွားရောက်၍ စီးရမည် ဖြစ်သည်။

"ရန်ကုန် ဆိပ်ကမ်းကနေ တိုက်ရိုက်စီးနင်းမယ့် ခရီးစဉ်ကတော့ နိုဝင်ဘာလလောက်မှ ဝင်မယ်ထင်တယ်" ဟု မဖြူဖြူအောင်က ဆိုသည်။

Star Cruise အပျော်စီး သင်္ဘော ကုမ္ပဏီသည် ဟောင်ကောင်အခြေစိုက် ကုမ္ပဏီဖြစ်ပြီး အပျော်စီးသင်္ဘော ခြောက်စီးဖြင့် ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းစသော နိုင်ငံများရှိ ကမ်းခြေများသို့ ခရီးစဉ်များ ပို့ဆောင်လျက်ရှိသည်။

## မဲခေါင်မြစ်ဝှမ်းနိုင်ငံများတွင် ခရီးသွားလုပ်ငန်းဖော်ဆောင်မည်

**ခန့်ထက်**

**ရန်ကုန်၊ ဇွန်-၁၄**

မြန်မာနိုင်ငံအပါအဝင် မဲခေါင်မြစ်ဝှမ်းနိုင်ငံ ခြောက်နိုင်ငံတွင် တစ်ခုတည်းသော ခရီးသွားလုပ်ငန်းဈေးကွက် ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်သွားရန်ရှိကြောင်း ဟိုတယ်/ခရီးဝန်ကြီးဌာနမှသတင်းရရှိသည်။

မြန်မာနိုင်ငံ အပါအဝင် တရုတ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်တို့ ပါဝင်သော မဟာမဲခေါင်မြစ်ဝှမ်း နိုင်ငံများ Greater Mekong Subregion (GMS) တွင် တစ်ခုတည်းသော ခရီးသွားလုပ်ငန်းဈေးကွက် ဖြစ်ပေါ်လာရေးနှင့် ခရီးသွားလုပ်ငန်းကြောင့် နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးတို့အတွက် မဟာမဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၄ ကို မန္တလေးမြို့တွင် ဇွန်လ ၉ ရက်မှစ၍ လေးရက်ကြာ ကျင်းပခဲ့သည်။

"အဓိက ပြုလုပ်ချင်တာကတော့ GMS နိုင်ငံတွေမှာ ခရီးစဉ်တွေ ရေးဆွဲရေးနဲ့ ရှေးဟောင်းယဉ်ကျေးမှုတွေ မပျောက်ပျက်အောင် ထိန်းသိမ်းရေးအတွက် အဓိကထားပြီး ဆောင်ရွက်တာပါ"ဟု ဟိုတယ်ခရီးဝန်ကြီးဌာန၏ ပြန်ကြားရေးတာဝန်ခံ ဦးရဲအောင်မိုးကပြောသည်။

ယင်းဖိုရမ်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းတစ်ခုမှ မဲခေါင်နိုင်ငံများဆက်စပ်ပြီး ခရီးစဉ်ဒေသများ ရေးဆွဲရန် အတွက် တင်ပြခဲ့သည်ဟု ဖိုရမ်သို့ တက်ရောက်ခဲ့သော ဟိုတယ်/ခရီးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာမျိုးအောင်က ပြောကြားသည်။

"ဒီလိုခရီးစဉ်တွေ ရေးဆွဲဖို့ကို အဆိုပြုပါတယ်။ ဒါတွေကလည်း နောင်မှာဖြစ်လာမယ့် ခရီးစဉ်တွေပါ။ ဘယ်တော့လဲ ဆိုတာတော့ သေသေချာချာစီမံကိန်းတွေ ရေးဆွဲရဦးမှာပါ"ဟု ဦးဇေယျာမျိုးအောင်က ပြောကြားသည်။

ခရီးသွား လုပ်ငန်းကြောင့် ရှေးဟောင်းအမွေအနှစ်များ မပျောက်ပျက်ရေး၊ လူမှုဘဝ နေထိုင်မှုများကို မထိခိုက်စေရေးတို့အတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး မဲခေါင်ခြောက်နိုင်ငံအပြင် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်း ပညာရှင်များကပါပူးပေါင်းဆောင်ရွက်သွားမည်ဟုဆိုသည်။

မဲခေါင် ခြောက်နိုင်ငံတွင် ခရီးသွားလုပ်ငန်း တစ်ခုတည်းသော ဈေးကွက်ဖော်ဆောင်ရေးသာမက ခရီးစဉ်ဒေသသစ်များ ရေးဆွဲရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးတို့အတွက်ပါ ဆောင်ရွက်သွားမည်ဟု သတင်းရရှိသည်။

မဟာမဲခေါင် ခရီးသွားလုပ်ငန်းဖိုရမ်ကို မြန်မာနိုင်ငံတွင်ဒုတိယအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ဗီယက်နမ်၌ ပြုလုပ်မည်ဖြစ်သည်။




7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# Cartoon





























7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014



# ''ဒီနိုင်ငံက နောက်ထပ်ဆိုမာလီယာ ဖြစ်လာလိမ့်မယ်''

## ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလအထူးသံတမန် လက်ကဒါဘရာဟီမီနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

မစ္စတာလက်ကဒါ ဘရာဟီမီဟာ ဆီးရီးယားပြည်တွင်းစစ်ရပ်စဲရေးအတွက် အဓိကကြိုးပမ်းခဲ့တဲ့ သံတမန်များထဲက တစ်ဦးဖြစ်ပါတယ်။ ၎င်းဟာ ဆီးရီးယားပြည်တွင်းစစ်ရပ်စဲရေးအတွက် သမ္မတအာဆတ်၊ အတိုက်အခံသူပုန်အဖွဲ့တွေနဲ့ နိုင်ငံတကာ မိတ်ဖက်နိုင်ငံများ စုပေါင်းပါဝင်တဲ့ ဂျီနီဗာဆွေးနွေးပွဲတွေကို ကုလသမဂ္ဂရဲ့ ဆီးရီးယားနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ဦးဆောင်ကျင်းပပေးခဲ့သူ ဖြစ်ပါတယ်။ နှစ်နှစ်နီးပါးခန့် အဲဒီနေရာမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့သူဟာ ပြီးခဲ့တဲ့ မေလကတော့ ရာထူးက နုတ်ထွက်ခဲ့ပါတယ်။ ဒါကြောင့် ဂျာမန်စပိုင်းဂဲလ် မီဒီယာဟာ မဖြစ်နိုင်တဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်ခဲ့တယ်လို့ သတ်မှတ်ခြင်းခံရတဲ့ မစ္စတာ ဘရာဟီမီနဲ့ တွေ့ဆုံကာ ဆီးရီးယားပြည်တွင်းစစ်အကြောင်း၊ ဆီးရီးယားပြဿနာရပ်ဆိုင်းရေး ကြိုးပမ်းရာမှာ အနောက်အုပ်စုရဲ့ အမှားအယွင်းတွေအကြောင်းနဲ့ အဲဒီနိုင်ငံမှာ ကြီးထွားလာနေတဲ့ အစ္စလာမ်မစ်အစွန်းရောက်အဖွဲ့တွေရဲ့ အန္တရာယ်အကြောင်းတွေကို မေးမြန်းထားခဲ့ပါတယ်။ အင်တာဗျူးပြုလုပ်မေးမြန်းသူကတော့ စပိုင်းဂဲလ်မှ ဆူဆန်ခိုဘယ်ဖြစ်ပါတယ်။

**မစ္စတာ ဘရာဟီမီရှင့်။ သံအမတ်ကြီးဟာ ပြီးခဲ့တဲ့ မေလမှာ ဆီးရီးယားနိုင်ငံ ကုလအထူးကိုယ်စားလှယ်ရာထူးကနေ နုတ်ထွက်ခဲ့တယ်နော်။ အဲဒီတာဝန်ကို ၂၀၁၂ မှာ လူကြီးမင်း စယူတော့ တော်တော်များများက ဆီးရီးယားမှာ အဲဒီလို ငြိမ်းချမ်းရေးရအောင် လုပ်ရမယ့်တာဝန်ဟာ မဖြစ်နိုင်တဲ့လုပ်ငန်းတစ်ရပ်လို့ သတ်မှတ်ခဲ့ကြတာပါ။ သံအမတ်ကြီးကရော ဘာတွေအောင်မြင်မယ်လို့ မျှော်မှန်းခဲ့ဖူးပါသလဲ။**

ကျွန်တော့်အကြံအစည်ကတော့ အခုလည်းအဲဒီအတိုင်းရှိနေဆဲပါပဲ။ (ဆီးရီးယားသမ္မတ) ဘာရှားအယ်လ်ဆာဆတ်ကို သမ္မတအဖြစ် ဆက်နေစေမယ့်အစား အာဏာဆက်ခံမယ့်သူကိုထိန်းကျောင်းပေးသွားမယ့်ဥသျှောင် နေရာကနေ နေစေဖို့ သူ့သဘောတူနိုင်ဖို့ဖြစ်ပါတယ်။ သူပါဝင်တဲ့ နိုင်ငံရေးအပြောင်းအလဲနဲ့ပဲ ဆီးရီးယားနိုင်ငံသစ်ဆီ ရောက်သွားစေဖို့ပါ။ အဲဒါကို ကျွန်တော်ကြိုးပမ်းခဲ့ပြီး အခုထိလည်း စိတ်ကူးမျှော်မှန်းနေတုန်းပါ။

**သံအမတ်ကြီးအနေနဲ့ လက်လျှော့ရတော့မယ်လို့ ပြခဲ့တဲ့ သီးခြားဖြစ်စဉ်တစ်ခုခုများ ရှိခဲ့ရင် ပြောပြပေးနိုင်မလား။**

ဂျီနီဗာကွန်ဖရင့်-၂ လို့ခေါ်တဲ့ ဒုတိယအချီဆွေးနွေးပွဲမှာ ဒီနှစ်ဆန်းပိုင်းမှာ အဆုံးသတ်ခဲ့ချိန်မှာ ဒီစေ့စပ်ညှိနှိုင်းရေးဖြစ်စဉ်ဟာ ကာလတိုအချိန်အပိုင်းအခြားအတွင်း ဖြစ်လာနိုင်ဖို့ မရှိတော့ဘူးဆိုတာ သိနားလည်ခဲ့ပါတယ်။

**အဲဒါ ဘာဖြစ်ခဲ့လို့ပါလဲ။**

ဒီဆွေးနွေးပွဲတွေမှာ ရုရှားရော အမေရိကန်မှာ သူတို့ရဲ့ မိတ်ဆွေနိုင်ငံတွေကို ရည်ရွယ်ချက်လေးလေးနက်နက်နဲ့ စေ့စပ်ညှိနှိုင်းမှုတွေမှာ ပါဝင်လာအောင် မဆွဲဆောင်နိုင်ခဲ့ပါဘူး။

**ဆီးရီးယားသမ္မတ အာဆတ်နဲ့ပတ်သက်လို့ အငြင်းအခုံဖြစ်ရတာတွေရော ဘယ်လိုအတိုင်းအတာအထိရှိပါသလဲ။**

သမ္မတ အာဆတ်ကိစ္စကတော့ ကြီးမားတဲ့ အတားအဆီးပါပဲ။ ဆီးရီးယားအစိုးရဟာ ဂျီနီဗာကို ရောက်လာတယ်ဆိုတာ ရုရှားတွေကို ကျေနပ်စေဖို့ဖြစ်ပြီး သူတို့က ပြည်တွင်းစစ်ထဲမှာ စစ်ရေးအရ နိုင်နေပြီလို့ ထင်မှတ်နေကြပါတယ်။ ကျွန်တော် သူတို့ကို ပြောခဲ့ပါတယ်။ "ခင်ဗျားတို့ကို သမ္မတအာဆတ်ပေးလိုက်တဲ့ ညွှန်ကြားချက်က ဂျီနီဗာကို သွားလိုက်။ ဒါပေမဲ့ ဘယ်လို အလျှော့ပေး ညှိနှိုင်းတာမျိုးမှ မလုပ်နဲ့။ ဘာကိုမှ အလေးအနက်ထား မဆွေးနွေးနဲ့လို့ ပြောခဲ့တယ်ဆိုတာ ကျွန်တော် သေချာပြောရဲပါတယ်" လို့။

**တခြားဘက် (အတိုက်အခံဘက်) ကရော ဘယ်လိုရှိပါသလဲ။**

ဆီးရီးယားအတိုက်အခံကြားမှာအများစုကဂျီနီဗာဆွေးနွေးပွဲကို ဆန့်ကျင်ကြပါတယ်။ သူတို့က စစ်ရေးဖြေရှင်းချက်ကိုပဲ ပိုကြိုက်ကြတယ်။ သူတို့ ဂျီနီဗာကိုလာတော့လည်း လုံးဝကို ပြင်ဆင်ထားတာမရှိသလောက်ပါပဲ။ ဒါပေမဲ့ အနည်းဆုံးတော့ သူတို့က သမ္မတအာဆတ်နဲ့ ဆွေးနွေးမှုတွေ စတင်ဖို့ဆန္ဒရှိကြတယ်။အာဆတ်လည်း ဆွေးနွေးလာမယ်ပေါ့လေ။

**ဒီတော့ သံအမတ်ကြီးအနေနဲ့ ဘာအခွင့်အရေးမှ မရှိခဲ့ဘူးပေါ့။**

ဂျီနီဗာ ဆွေးနွေးပွဲလုပ်ဖို့ ကျွန်တော်တို့ ပြင်ဆင်နေတုန်းမှာ ရုရှားတွေနဲ့ အမေရိကန်တွေကို ကျွန်တော် ကြိမ်ဖန်များစွာ ပြောခဲ့ပါတယ်။ သူတို့ဟာ ဆီးရီးယားအစိုးရနဲ့ အတိုက်အခံကိုယ်စားလှယ်နှစ်ဖက်စလုံးကို ခေါ်ပြီး သူတို့ဆန္ဒနဲ့ ဆန့်ကျင်ဘက်ရန်ဖြစ်ခိုင်း၊ အော်ဟစ်ခိုင်းနေတာပဲလို့ ပြောခဲ့တယ်။

**သူ့နိုင်ငံ ကောင်းကျိုးအတွက် သမ္မတအာဆတ်က ဘာကြောင့် လူတိုင်းနဲ့အတူ တွဲလုပ်လို့ရနိုင်မယ့် အစားထိုးခေါင်းဆောင်သစ်တစ်ယောက်ကို အာဏာလွှဲပေးဖို့ လက်မခံနိုင် ဖြစ်ရတာလဲ။**

ဒါက သူ့အစိုးရလေ။ သူ့မှာက အာဏာကို အာသာငမ်းငမ်းဖြစ်နေတယ်။ ဒီအစိုးရဆိုတာက သူ့ပုဂ္ဂလိက တစ်ဦးတည်းကို ဝန်းရံတည်ဆောက်ထားတယ်။ သူကလည်း သူ့ကို အာဏာမြဲစေဖို့ ရံပေးထားတဲ့ လူတွေအပေါ်မှာ ဩဇာရှိနေဆဲပဲ။ သူပြောနေတဲ့ ပုံကလည်း "ပြည်သူတွေက ကျွန်တော့်ကိုလိုအပ်ရင် ကျွန်တော် မငြင်းနိုင်ပါဘူး။ ကျွန်တော်က ဆီးရီးယားနိုင်ငံသားတစ်ဦးပါ။ ကျွန်တော်ရွေးကောက်ပွဲတွေမှာ မဲ ၅၀ ရာခိုင်နှုန်းနဲ့ တစ်မဲပဲ ရဦးရာထူးမှာ ဆက်နေပါမယ်။ မဲ ၅၀ ရာခိုင်နှုန်းအောက် တစ်မဲလျော့ရင်တော့ ကျွန်တော်ဆင်းပေးသွားပါမယ်" ဆိုတာချည်းပဲ။နောက်ထပ်သမ္မတသက်တမ်းခုနှစ်အတွက် မနေ့ကပဲ သူပြန်အရွေးခံလိုက်ရတယ်။ ဒီတော့ ဆီးရီးယားမှာ ကြုံနေရတာက တစ်ဖက်မှာက အာဆတ်အာဏာမြဲနေသရွေ့ ဘာဖြေရှင်းချက်မှ မရှိဘူးလို့ ပြောနေတဲ့ တစ်ဖက်ရှိတယ်။ တခြားတစ်ဖက်မှာတော့ အာဆတ်မရှိရင် ဘာဖြေရှင်းချက်မှ မရှိဘူးလို့ ပြောနေတာလည်း ရှိနေတယ်။ ခင်ဗျားအနေနဲ့ စက်ဝိုင်းတစ်ခုထဲကို လေးထောင့်တစ်ခုကို ဘယ်လို ထိုးထည့်ရမလဲဆိုတာ သိလား။

**အာဆတ်ဟာသူ့ရဲ့စစ်တပ်က စစ်ပွဲကို တိုက်ခိုက်နေတဲ့ပုံကိုရော သတိထားမိပါသလား။**

ရာခိုင်နှုန်းပြည့် သတိထားမိတာပေါ့ဗျာ။

**ဆီးရီးယားစစ်တပ်က ရဟတ်ယာဉ်တွေပေါ်ကနေ အရပ်သားပြည်သူတွေ ရှိတဲ့နေရာတွေကို လောင်စာဆီပုံးတွေ ကြဲချတာတွေရော ဆေးရုံတွေကိုပစ်မှတ်ထားဗုံးကြဲတာ။ ပြည်သူထောင်သောင်းနဲ့ချီပြီး နှိပ်စက်သတ်ဖြတ် တာတွေကရော။**

သူကောင်းကောင်းသိတာပေါ့။ သူ့အနေနဲ့ဖြစ်ပျက်နေတာတွေကို အသေးစိတ်တော့ သိကောင်းမှသိမယ်။ ဒါပေမဲ့ သူ့အနေနဲ့ လူတွေ နှိပ်စက်သတ်ဖြတ်ခံနေရတာ။ ဗုံးတွေကြဲချခံနေရတာ၊ မြို့တွေ ဖျက်ဆီးခံရတာကို သူသိတာ ကျိန်းသေပါတယ်။ စစ်ပြေးဒုက္ခသည် ၂ ဒသမ ၅ သန်းရှိတာကို သူ့အနေနဲ့ မသိကျိုးကျွန်မပြုနိုင်ပါဘူး။ အဲဒီအရေအတွက်က နောက်နှစ်ဆိုရင် လေးသန်းအထိ တိုးလာမှာပါ။ နိုင်ငံတွင်းမှာလည်း ရွှေ့ပြောင်းနေထိုင်နေရတဲ့ ဒုက္ခသည်ခြောက်သန်းလောက်ရှိတယ်ဗျာ။ သူ့ရဲ့အကျဉ်းထောင်တွေထဲမှာ အကျဉ်းသားငါးသောင်းခန့်ကနေ တစ်သိန်းလောက်ရှိတာကို သူသိပါတယ်။

**ဒီအချက်တွေကို လူကြီးမင်းအနေနဲ့ သူနဲ့ ထိပ်တိုက်တွေ့ပြီး ပြောဖူးလား။**

ပြောဖူးတာပေါ့။ သူ့အကျဉ်းထောင်တွေထဲမှာ အကျဉ်းသား ၂၉၀၀၀ လောက်ရှိတယ်ဆိုတဲ့ စာရင်းတစ်ခုကို ကျွန်တော်ပြောပြခဲ့ဖူးတယ်။ အဲဒီစာရင်းကိုလည်း သူ့ရုံးကို ကျွန်တော် ပေးခဲ့ဖူးပါတယ်။

**ဆီးရီးယားအစိုးရဟာ ပြည်တွင်းစစ်မှာ အဓိကတရားခံလား။ ဒါမှမဟုတ်တခြားအဖွဲ့ (သူပုန်) တွေကရော စစ်ရာဇဝတ်မှုတွေကို ကျူးလွန်နေပါသလား။**

စစ်ရာဇဝတ်မှုတွေကို နေ့တိုင်းပဲ နှစ်ဖက်စလုံးက ကျူးလွန်နေတယ်။ လူတွေကို အငတ်ထားတာဟာလည်း စစ်ပွဲရဲ့ လက်နက်တစ်ခုပဲ။ ခင်ဗျားအနေနဲ့ လူပေါင်းနှစ်သိန်းခွဲလောက်ဆီကိုပို့မယ့် ရေနဲ့ ရိက္ခာတွေကို တားမြစ်ပိတ်ပင်လိုက်ပြီဆိုရင် အဲဒါကို ဘယ်လိုခေါ်မှာလဲ။ တစ်ချိန်တည်းမှာပဲ တချို့လက်နက်ကိုင်တပ်ဖွဲ့တွေက အရပ်သားတွေကို လူသားဒိုင်းတွေအဖြစ် သုံးနေတာရှိတယ်။ ဒါပေမဲ့ စစ်ပွဲမှာ အာဆတ်အစိုးရမှာ လူသုံးသိန်းလောက်ရှိတဲ့ စစ်တပ်တစ်ခုရှိတယ်။ လေယာဉ်တွေ ရှိတယ်။ အတိုက်အခံတွေဘက်မှာတော့ အဲဒါတွေ ရှိမနေဘူးလေ။

**စာမျက်နှာ ၃၇ »**

7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014



## Leader's Profile

# အစ္စရေးနိုင်ငံ၏ ရွေးကောက်ခံသမ္မတ ရူဗင်ရီဗလင်

ရဲမင်း

မစ္စတာရူဗင်ရီဗလင်သည် အစ္စရေးနိုင်ငံရေးသမား၊ ရှေ့နေနှင့် လက်ရှိ အစ္စရေးနိုင်ငံ၏ ရွေးကောက်ခံသမ္မတဖြစ်သည်။ လီကွတ်ပါတီဝင်ဖြစ်ပြီး အစ္စရေးလွှတ်တော် Knesset ၏ ဥက္ကဋ္ဌဟောင်းလည်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇွန်လ ၁၀ ရက်က အစ္စရေးနိုင်ငံ၏ ဒသမမြောက် သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည်။

ရီဗလင်ကို ၁၉၃၉ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ဂျေရုဆလင်မြို့၌ မွေးဖွားခဲ့သည်။ ဂျေရုဆလင် ဟီဘရူးတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့ပြီး ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့သည်။

ရူဗင်သည် ၁၉၈၈ ခုနှစ်တွင် ပထမဆုံးအကြိမ် အစ္စရေးလွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ၁၉၈၈ မှ ၁၉၉၃ ခုနှစ်အထိ လီကွတ်ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ရွေးကောက်ပွဲ ရှုံးနိမ့်ခဲ့၍ လွှတ်တော်အမတ်နေရာ ဆုံးရှုံးခဲ့သော်လည်း ၁၉၉၆ တွင် လွှတ်တော်သို့ ပြန်ရောက်လာသည်။ ၁၉၉၉ တွင် အမတ်အဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရပြီးနောက် ၂၀၀၁ တွင် ဆက်သွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရပြီး ၂၀၀၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနှစ်မှာပင် ရူဗင်မှာ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။

လွှတ်တော်ဥက္ကဋ္ဌအဖြစ်နိုင်ငံရေးအရ ကြားနေမှု အစဉ်အလာကို ရူဗင်က ချိုးဖောက်ပြီး အေရီယယ်ရှာရွန်ကို အပြင်းထန်ဆုံး ဝေဖန်သူတစ်ဦး ဖြစ်လာခဲ့သည်။ တရားသူကြီးနှင့်လည်း လူသိရှင်ကြား ထိပ်တိုက်ရင်ဆိုင်မှုများ ရှိခဲ့သည်။ ၂၀၀၆ မှ ၂၀၀၉ ခုနှစ်အထိ လွှတ်တော်တွင် ထပ်မံပါဝင်ခဲ့ပြီး ၂၀၀၉ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခံရသည်။ လွှတ်တော်အမတ် ၁၂၀ အနက် ၉၀ ဦးက ၎င်းကို ထောက်ခံခဲ့သည်။

ရူဗင်သည် ၂၀၁၀ ပြည့်နှစ်က အငြင်းပွားဖွယ်ရာကိစ္စတစ်ခုတွင် ပါဝင်ပတ်သက်ခဲ့သည်။ ဂါဇာဒေသသို့သွားသော ရေယာဉ်အုပ်စုကိစ္စတွင် ပါဝင်ခဲ့သော ပါလီမန်အမတ်တစ်ဦးကို ဖယ်ရှားရေး လွှတ်တော်ကော်မတီတစ်ရပ်၏ အကြံပေးချက်ကို လျစ်လျူရှုခဲ့၍ ဝေဖန်ထိုးနှက်ခံရသည်။

သို့သော် အစ္စရေးနှင့် နိုင်ငံရပ်ခြား လစ်ဘရယ်အများအပြားက ၎င်း၏လုပ်ရပ်ကို ထောက်ခံခဲ့သည်။ အစ္စရေးနှင့် ပါလက်စတိုင်းအနောက်ဘက်ကမ်းခြေဒေသကို ခွဲခြား၍ နှစ်နိုင်ငံအနာဂတ် ရပ်တည်ရေးကိစ္စတွင်လည်း ၎င်းက ယင်းသို့ခွဲခြားမည့်အစား ပါလက်စတိုင်းတို့ကို အစ္စရေးနိုင်ငံသားများအဖြစ် လက်သင့်ခံလိုသည်ဟု ၂၀၁၀ ပြည့်နှစ် ဧပြီ ၂၉ ရက်က ပြောကြားခဲ့သည်။

ရူဗင်ရီဗလင်သည် ၂၀၁၄ ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၆၃ မဲဖြင့် ပြိုင်ဘက် မီယာရှီထရစ်အပေါ် အနိုင်ရပြီး အစ္စရေးသမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၆၀ ပြည့်နှစ်များကပင် သက်သတ်လွတ်စားသုံးခဲ့သူ ရူဗင်သည် ဇူလိုင် ၂၄ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

ရူဗင်ရီဗလင်သည် ဇနီးသည် နီချာမာနှင့် သားသမီးလေးဦးထွန်းကားထားသည်။

*—Ref: Wikipedia*

စာမျက်နှာ ၃၆ မှ


**ဆီးရီးယားအတိုက်အခံ တပ်ဖွဲ့တွေထဲမှာရော အာဆတ်နဲ့ သူ့အစိုးရကို အနိုင်တိုက်နိုင်ခြေရှိတဲ့ အဖွဲ့တစ်ခုခုများ မရှိဘူးလား။**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ဆီးရီးယားမှာ စစ်ရေးအရ ဖြေရှင်းနိုင်တဲ့ အချက်မရှိဘူးလို့ တစ်လျှောက်လုံး ပြောနေခဲ့တာပါ။ အစိုးရဘက်ကရော အတိုက်အခံဘက်ကပါ စစ်ရေးအရ အပြတ်အသတ် အောင်မြင်မှုကို မရနိုင်ပါဘူး။

**ဆီးရီးယားကို အဆုံးစွန်အနေနဲ့ ဘယ်လိုဖြစ်လာမယ်လို့ သံအမတ်ကြီးထင်မြင်ထားပါသလဲ။**

ဒီနိုင်ငံက နောက်ထပ် ဆိုမာလီယာဖြစ်လာလိမ့်မယ်။ နိုင်ငံကလူတိုင်းထင်ကြသလို အကွဲကွဲအပြားပြား ဖြစ်သွားမှာတော့ မဟုတ်ဘူး။ တစ်နိုင်ငံလုံးမှာ စစ်ဘုရင်တွေကိုယ်စီနဲ့ ယိုယွင်းပျက်စီးနေတဲ့ နိုင်ငံ failed state တစ်ခု ဖြစ်တော့မှာပါ။

*—Ref: Interview with UN Peace Envoy Brahimi, Syria will Become Another Somalia. Spiegel:7th*



7DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# ကမ္ဘာ့ဖလားအထိမ်းအမှတ် ဂျာမန်ဘီယာပုလင်းများတွင် အီရန်အလံဖော်ပြထား၍ ကန့်ကွက်ခံရ

**တီဟီရန်၊ ဇွန်-၁၄**

ဂျာမနီ ဘီယာကုမ္ပဏီတစ်ခုသည် ကမ္ဘာ့ဖလားပြိုင်ပွဲ အထိမ်းအမှတ် အဖြစ် ထုတ်လုပ်သော ၎င်းတို့ ဘီယာပုလင်းများတွင် ပြိုင်ပွဲနိုင်ငံများ၏ အလံများအား ဖော်ပြရာ၌ အီရန်အလံကိုလည်း ဖော်ပြခဲ့ရာ စော်ကားသကဲ့သို့ဖြစ်နေပြီး အီရန်အမတ်များက ကန့်ကွက်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါကုမ္ပဏီမှာ Gaffel Koelsch ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများ၏ အလံများကို အခြားနိုင်ငံအလံများကဲ့သို့ပင် အီရန်အလံကိုလည်း ပုလင်းတံဆိပ်နေရာတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

သို့သော် အီရန်အလံတွင် အစ္စလာမ်ဘာသာအရ ဘုရားသခင်ကို အလေးအမြတ်ထားသည့် "ဘုရားသခင်သည်ကြီးမြတ်သည်"ဟု ရေးထားသည့် စကားလုံးများလည်း ပါဝင်ကာ နိုင်ငံ၏ လူများစု အစ္စလာမ်မစ်ဘာသာဝင်များမှာလည်း အရက်သေစာသောက်သုံးခြင်းကို ဘာသာရေးအရ တားမြစ်ထား၍ ဘီယာပုလင်းတွင် နိုင်ငံအလံမြင်ရခြင်းမှာ ပြဿနာတစ်ရပ်ဖြစ်နေသည်။

အီရန်အမတ်တစ်ဦးက ထိုသို့ ဘီယာပုလင်းတွင် အလံပုံတင်ထားခြင်းကို ခွင့်ပြုခဲ့သည့်အတွက် ဖီဖာသည် အီရန်ကို မလေးမစားလုပ်ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

"ဒါဟာ ပထမဆုံးအကြိမ် အနေနဲ့ ထင်ရှားစွာပဲ ဖီဖာက ကမ္ဘာ့ဖလားမှာ ဒီလိုဖြစ်ဖို့ ခွင့်ပြုလိုက်တာပါပဲ။ အခြားဖြစ်ရပ်တစ်ခုမှာလည်း အီရန်အလံကို ကိုယ်တစ်ဝက် ဗလာကျင်းထားတဲ့ အမျိုးသမီးတွေက ဝတ်ဆင်တာမျိုးတွေကိုလည်း တွေ့ရပါတယ်"ဟု အမတ်တစ်ဦးဖြစ်သူ ဟာမစ်ရာဆေအီက ပြောသည်။

အီရန်အားကစားဝန်ကြီးကလည်း အစိုးရသည် ဆက်လက်လုပ်ဆောင်ရန် ရှိသည်များကို ဆုံးဖြတ်နိုင်ရန်အတွက် အထောက်အထားများကို စုဆောင်းနေကြောင်း ဆိုသည်။




သို့သော် လွှတ်တော်အမတ် ဟာမစ်ရာဆေအီသည် ၎င်း၏ ဘရာဇီးသို့ သွားရောက်လေ့လာမည့် ခရီးစဉ်အတွက် အစိုးရက ပေးရမည့် ခရီးစရိတ်များ ပေါက်ကြားသွားပြီးနောက် ဝေဖန်မှုများစွာလည်း ခံခဲ့ရသည်။

အီရန်လွှတ်တော်ဥက္ကဋ္ဌ အလီလာရီဂျာနီကမူ ကမ္ဘာ့ဖလားသို့ သွားရောက်လိုသော အမတ်များသည် ကိုယ့်ဘာသာ ငွေပေး၍သွားရန် သတ်မှတ်ထားကြောင်း ဆိုခဲ့သည်။

မက်ဒေါ်နယ် ဟမ်ဘာဂါ ကုမ္ပဏီသည် ၁၉၉၄ ကလည်း ကိုရမ်ကျမ်းစာမှ စာသားများပါဝင်သော ဆော်ဒီအာရေဗီးယားအလံကို ကမ္ဘာ့ဖလားကြော်ငြာအနေဖြင့် ထုပ်ပိုးပြခဲ့ဖူးရာ ကန့်ကွက်မှုများ ဖြစ်ပေါ်ခဲ့ရဖူးသည်။

—*Ref: BBC*




# ထိုင်းရေလုပ်ငန်းကုမ္ပဏီ လုပ်သားများကို ကျွန်ကဲ့သို့ခိုင်းနေ၍ ဥရောပ စူပါမားကက်ကြီးအချို့ အဝယ်ရပ်ဆိုင်း

**လန်ဒန်၊ ဇွန်-၁၄**

ဥရောပ၏ထိပ်တန်း စူပါမားကက်ဆိုင်ကြီးများသည် ထိုင်းပုစွန်တင်ပို့သော ကုမ္ပဏီတစ်ခုတွင် လူမဆန်သည့် အနေအထားများဖြင့် လုပ်သားများအား ကျွန်ကဲ့သို့ ခိုင်းစေကာ လုပ်ကိုင်စေနေခြင်းများကြောင့် ထိုင်းနိုင်ငံမှ အဝယ်များကို ရပ်ဆိုင်းခဲ့သည်။

ပြင်သစ်အခြေစိုက် Carrefour ကုမ္ပဏီမှာ ထိုင်းပုစွန်တင်ပို့သည့် လုပ်ငန်းတစ်ခုဖြစ်သော Charoen Pokphand (CP) Foods ထံမှ ကုန်ကြမ်းများ ဝယ်ယူခြင်းကို ရပ်တန့်လိုက်ပြီဖြစ်ကြောင်း ကြာသပတေးနေ့တွင် ကြေညာခဲ့သည်။

ယင်းပြင်သစ်ကုမ္ပဏီမှာ ထိုင်းကုမ္ပဏီသည် ကျွန်လုပ်သားများကို သုံးနေပြီး လူမဆန်သည့် အခြေအနေများဖြင့် လုပ်သားများကို ခိုင်းစေနေကြောင်း အင်္ဂလန် ဂါးဒီးယန်းသတင်းက ဖော်ပြခဲ့ပြီးနောက် အဝယ်များကို ယခုလို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

"ကြိုတင်သတိပေးတဲ့အနေနဲ့ Carrefour ကုမ္ပဏီဟာ ထိုင်းကုမ္ပဏီဘက်က အကြောင်းစုံကို နောက်ထပ် မသိရမချင်း တိုက်ရိုက်ရော သွယ်ဝိုက်ဝယ်ယူမှုတွေကို ရပ်ဆိုင်းထားပါတယ်"ဟု ပြင်သစ်ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

ဗြိတိန်အခြေစိုက် ကမ္ဘာ့တတိယအကြီးဆုံး စူပါမားကက်ကုမ္ပဏီစုဖြစ်သည့် Tesco ကလည်း ၎င်းတို့သည် ထိုင်းကုမ္ပဏီ CP Foods ထံမှ ကုန်ကြမ်းများကို ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ သို့သော် ထိုင်းကုမ္ပဏီဘက်မှ လုပ်ငန်းခွင်အခြေအနေများ တိုးတက်ရေးကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆိုသည်။

"ကျွန်စနစ်ကို ကျွန်တော်တို့ လုံးဝလက်မခံနိုင်ပါဘူး။ CP Foods နဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ရဲ့ စူပါမားကက်တွေမှာ ရောင်းချတဲ့ ရောင်းကုန်တွေကို ကျင့်ဝတ်ညီညွတ်စွာ ထုတ်ထားတဲ့ ထုတ်ကုန်တွေဖြစ်ဖို့ သေချာလုပ်ဆောင်နေပါတယ်"ဟု Tesco ကုမ္ပဏီက ပြောသည်။

ဂါးဒီယန်းသတင်းစာကထိုင်း CP Foods သည် ၎င်းပိုင်ဆိုင်သော ပုစွန်မွေးမြူရေးကန်များနှင့် ကျွန်ပြုထားသည့် တံငါသည်များထံမှ ပုစွန်နှင့် ငါးကုန်ကြမ်းများ ဝယ်ယူခြင်းကို ပြုလုပ်နေကြောင်း ဖော်ပြခဲ့ခြင်းဖြစ်သည်။ —*Ref: CNA*

7DAY NEWS JOURNAL

# Entertainment

Vol.13, No.15 • JUNE 18 , 2014



ဓာတ်ပုံ-ဖွဲ့ညက်

## မန္တလေးမှာ အငြိမ့်ကဖို့ အကောင်းဆုံးပြင်ဆင်နေတဲ့ နန်းခင်ဇေယျာ

**ဖွဲ့ညက်**

**ရန်ကုန်**-အင်တာနက်မယ်အငြိမ့်ကို မန္တလေးမြို့တွင် ပြုလုပ်ရန် အစီအစဉ်ရှိရာ မန္တလေးမြို့သည် သဘင်မြို့တော်ဖြစ်သောကြောင့် အကောင်းဆုံးဖျော်ဖြေနိုင်ရန် ပြင်ဆင်နေကြောင်း နန်းခင်ဇေယျာက ပြောသည်။

"မန္တလေးက သဘင်မြို့တော်ကြီးဖြစ်တယ်။ နန်းခင်တို့ ပထမဆုံးအကြိမ်ကခဲ့တဲ့ပွဲမှာလည်း လိုအပ်တာတွေ ရှိခဲ့တာဆိုတော့ မန္တလေးပွဲအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ယင်းအငြိမ့်ဖျော်ဖြေမှုကို မန္တလေးမြို့၌ စက်တင်ဘာလတွင် ကျင်းပရန် စီစဉ်လျက်ရှိပြီး နေရာမှာမူ မသေချာသေးကြောင်း နန်းခင်ဇေယျာက ပြောသည်။

Miss Myanmar Internet အငြိမ့် ဖျော်ဖြေမှုအစီအစဉ်ကို ပထမဆုံးအကြိမ်အဖြစ် ဇွန်လ ၁ ရက်က ပြည်သူ့ရင်ပြင်၌ အခမဲ့ဖျော်ဖြေတင်ဆက်ပေးခဲ့ပြီး ယင်းအငြိမ့်တွင် နန်းခင်ဇေယျာနှင့်အတူ ခင်ဝင့်ဝါလည်း ပါဝင်ကပြခဲ့ကာ လူရွှင်တော်များအဖြစ် တိမ်ညွန့်၊ ကျော်ထူး၊ ငွေတောင်၊ ဝက်မနှင့် ချစ်ညွန့်တို့က ပါဝင်ဖျော်ဖြေခဲ့ကြသည်။

နိုင်ငံတကာ အလှမယ်ပြိုင်ပွဲများတွင် အင်တာနက်ရရှိခဲ့သော အလှမယ်များအနေဖြင့် အငြိမ့်မင်းသမီးကဲ့သို့ ပထမဆုံးအကြိမ် ကပြခဲ့ခြင်းဖြစ်သောကြောင့် လိုအပ်ချက်များရှိသော်လည်း ကြိုးကြိုးစားစား ကပြခဲ့ကြသည်ဟု ဇွန်လ ၁ ရက်တွင် ပြုလုပ်ခဲ့သော ဖျော်ဖြေပွဲသို့ လာရောက်ကြည့်ရှုသည့် ပရိသတ်များက သုံးသပ်ခဲ့ကြသည်။

ထို့ပြင် လူရွှင်တော်များကလည်း မင်းသမီးနှစ်ဦးမှာ လေ့ကျင့်ချိန်နည်းခဲ့သောကြောင့် အမှားများရှိပါက ခွင့်လွှတ်ပေးကြရန် ပရိသတ်များအား ပြောကြားခဲ့သည်။



ဓာတ်ပုံ-ကျော်ဇင်သန်း

## "ဂီတလောကနဲ့ သရုပ်ဆောင်လောကမှာဆိုရင် ဂီတလောက,ကပိုနွေးထွေးတယ်"

**အေသင်ချိုဆွေနှင့် တွေ့ဆုံခြင်း**

**ကြူကြူဟန်**

အေသင်ချိုဆွေက ၎င်း၏ တတိယအယ်လ်ဘမ် "Playboy"နှင့် ပရိသတ်ကြားနေရာပြန်ယူနိုင်ရန်ပြင်ဆင်နေသည်။ မိခင်၏တိုက်တွန်းမှုကြောင့်လွန်ခဲ့သောတစ်နှစ်ကျော်ကထွက်ရှိထားသောတစ်ကိုယ်တော်ပြန်ဆိုတေးအယ်လ်ဘမ်"အနီးဆုံးလူနမ်းမှာလား"အခွေက အောင်မြင်မှုအတန်အသင့်ရခဲ့သော်လည်း ဂီတခြေလှမ်းများကျဲပါးကာ ပရိသတ်ရှေ့မှ ခေတ္တပျောက်ခဲ့သည်။ ဇွန်လ ၂၁ ရက်တွင်ထွက်ရှိမည့် "Play boy"အယ်လ်ဘမ်၌ဂီတမောင်နှမအစုံပါဝင်ထားပြီး ရန်ကုန်၊ မန္တလေး၊ မုံရွာစသည့် မြို့ကြီးသုံးမြို့တွင် အခွေပရိုးမိုးရှင်းပြုလုပ်သွားမည်ဟုပြောသည်။ အချစ်ရေးနှင့် ပတ်သက်၍လည်းပရိသတ်ကိုပွင့်ပွင့်လင်းလင်းပြောပြထားသောအေသင်ချိုဆွေကို အခွေအကြောင်း၊ အချစ်ရေးနှင့် အနုပညာရင်ခုန်သံများမေးမြန်းထားပါသည်။

**ဒီ Playboy အခွေရဲ့ သီချင်းတွေနားမထောင်ရသေးပေမယ့် အခွေကာဗာဓာတ်ပုံအဖြစ်သုံးထားတဲ့ အေသင်ဆေးလိပ်ဖွာနေတဲ့ပုံစံကို ဘယ်လိုစိတ်ကူးနဲ့ လုပ်ဖြစ်ခဲ့တာလဲ။**

ဒါကတော့ အေသင့်စိတ်ကူးပေါ့။ အေသင်လုပ်ချင်တာကိုမျက်စိမှိတ်ပြီး လုပ်လိုက်တာ။ ဒါလေးက ဆွဲဆောင်မှုရှိတာလည်းဖြစ်ရင်ဖြစ်နိုင်ပါတယ်။ အကောင်းနဲ့အဆိုးပြောတဲ့ သူတွေကတော့ အများကြီးပါပဲ။ ဒီပုံလေးလုပ်လိုက်ရလို့ စိတ်ချမ်းသာတယ်။ ဒီဒီဇိုင်းကြောင့်လည်းလူတော်တော်များများရဲ့ စိတ်ဝင်စားခြင်းကိုခံရတယ်။

**အခွေထွက်လာတဲ့ အခါကျရင် ဒီဓာတ်ပုံက ပရိသတ်ကြားကို ကျယ်ကျယ်ပြန့်ပြန့်ရောက်သွားမှာဆိုတော့ ပုံရဲ့ သက်ရောက်မှုက ဘယ်လိုဖြစ်လာမယ်ထင်လဲ။**

အကောင်းချည်းပဲတော့ရမှာမဟုတ်ဘူး။ အေသင်လည်း တန်ခိုးရှင်မဟုတ်ဘူး။ အကောင်းနဲ့အဆိုးဒွန်တွဲပြီးလာနေတဲ့ ဒီလောကကြီးမှာ အကောင်းပြောတဲ့ သူရှိသလို ပစ်ပစ်ခါခါအဆိုးတွေပြောမယ့်သူတွေလည်းရှိတော့ ဒီဝေဖန်မှုတွေ ကို ဂရုမစိုက်ဘူး။ ဒီလိုပြောပေးတဲ့အတွက် ကျေးဇူးတင်တယ်လို့။

**ဒီအခွေထဲမှာ အေသင်ကိုယ်တိုင်ရေးထားတဲ့ "မောင့် လက်ဖဝါး" သီချင်းတစ်ပုဒ်တည်းပါတယ်လို့သိရတယ်။ ဘယ်သူ့အတွက် ရည်စူးပြီးရေးထားတာလဲ။**

ဘယ်သူ့အတွက်မှ ရည်စူးပြီးရေးထားတာ မဟုတ်ဘူး။ ဒီသီချင်းက တော်တော်ကြာပြီ၊ ၂၀၀၈ ခုနှစ်အဆိုတော် စစဖြစ်တုန်းက ရေးထားတာ။ ဒီသီချင်းလေးက အခုလတ်တလောခံစားချက်နဲ့ သွားပြီး တိုက်ဆိုင်နေတယ်။

စာမျက်နှာ ၄၁ »



7DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014



# ဗြိတိန်ဘုရင်မကြီး ချီးမြှင့်တဲ့ အမျိုးသမီးသူကောင်းဘွဲ့ ရရှိတဲ့ အန်ဂျလီနာဂျိုလီ

**လန်ဒန်၊ ဇွန်-၁၄**

ဟောလိဝုဒ်သရုပ်ဆောင်မင်းသမီး အန်ဂျလီနာဂျိုလီသည် ဗြိတိန်နိုင်ငံ အဲလိဇဘတ်ဘုရင်မကြီး ချီးမြှင့်သောအမျိုးသမီးသူကောင်းဘွဲ့ကို ဇွန်လ ၁၃ ရက်တွင် ရရှိခဲ့သည်။

ကုလသမဂ္ဂအထူးသံတမန်တစ်ဦးဖြစ်သော ဂျိုလီသည် ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး လှုံ့ဆော်စည်းရုံးမှုအတွက် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခံရခြင်းဖြစ်သည်။ အော်စကာဆုရ မင်းသမီးအန်ဂျလီနာဂျိုလီသည် လူသားချင်းစာနာ ထောက်ထားမှု လုပ်ငန်းများကို ပို၍ အာရုံစိုက်နိုင်ရန် ၎င်း၏ သရုပ်ဆောင်လုပ်ငန်းများ လျှော့ချခဲ့သည်။

"နိုင်ငံခြားရေးမူဝါဒနဲ့ ဆက်နွယ်တဲ့ ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိတယ်ဆိုတာ ကျွန်မအတွက် အဓိပ္ပာယ်အများကြီး သက်ရောက်ပါတယ်" ဟု အန်ဂျလီနာဂျိုလီက ပြောသည်။ ဂျိုလီသည် ဗြိတိန်နိုင်ငံသား (သို့မဟုတ်) ဓနသဟာယနိုင်ငံသားတစ်ဦး မဟုတ်သောကြောင့် ၎င်း၏အမည်ရှေ့တွင် ဘုရင်မကြီးချီးမြှင့်သော အမျိုးသမီးသူကောင်းဘွဲ့ (Dame) ကို အသုံးပြုခွင့် မရှိပေ။ အမေရိကန်နိုင်ငံသားများ ဖြစ်ကြသော ဒါရိုက်စတီဗင်စပီးလ်ဘာ့ဂ်၊ မိုက်ကရိုဆော့ဖ်ကုမ္ပဏီပိုင်ရှင် ဘီလ်ဂိတ်နှင့် သမ္မတဟောင်း ရိုနယ်ရေဂင်တို့သည်လည်း ဗြိတိန်ဘုရင်မကြီး ချီးမြှင့်သော သူကောင်းဘွဲ့ (ဆာဘွဲ့)ရ ပုဂ္ဂိုလ်များဖြစ်သည်။

အမေရိကန် သရုပ်ဆောင်မင်းသမီး ဂျိုလီသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ရပ် ကျင်းပရန် ပြီးခဲ့သည့် သီတင်းပတ်တွင် ခင်ပွန်းလောင်းဖြစ်သူဘရက်ပစ်နှင့်အတူ လန်ဒန်မြို့သို့ ရောက်ရှိနေခဲ့သည်။

ဗြိတိန်ဘုရင်မကြီး၏ ၂၀၁၄ မွေးနေ့ဂုဏ်ထူးဆောင်ဘွဲ့စာရင်းတွင် ဂုဏ်ပြုခံရသူ ၁၁၄၉ ဦးပါဝင်ပြီး ၇၃ ရာခိုင်နှုန်းမှာ ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းတွင် ထူးချွန်ပြောင်မြောက်သော လုပ်ရပ်အတွက် ဂုဏ်ပြုခံရခြင်းဖြစ်သည်။ ယင်းတွင် အမျိုးသမီးသူကောင်းဘွဲ့ ချီးမြှင့်ခံရသူ ၁၀ ဦး ပါဝင်သည်။

*—Ref: AP*

# သုံးရာသီဂီတဆုပေးပွဲ ယခုမိုးရာသီတွင် စတင်မည်

**ဖွဲ့ညဏ်**

**ရန်ကုန်၊ ဇွန်-၁၄**

သုံးရာသီဂီတဆုပေးပွဲအစီအစဉ်ကို ယခုနှစ်မိုးရာသီမှ စတင်၍ ပေးအပ်သွားမည်ဖြစ်ပြီး ဆုပေးပွဲကို စက်တင်ဘာလတွင် ပြုလုပ်ရန် စီစဉ်ထားကြောင်း တေးရေး ရွှေဂျော်ဂျော်ကပြောသည်။

"သုံးရာသီဂီတဆုက ကဏ္ဍတော်တော်များများရှိတဲ့အတွက် ပြင်ဆင်ရတာ တော်တော်များပါတယ်။ ခုအွန်လိုင်းမှာတင်မယ့် ဝက်ဘ်ဆိုက်အတွက်ပြင်ဆင်နေရင်း အမှတ်ပေးစည်းမျဉ်းတွေ ဆွဲနေပါတယ်။ မိုးရာသီဆုအတွက်ကိုလည်း ဒီရက်ပိုင်းမှာစတင်ပြီး လုပ်ဖို့စီစဉ်နေပါတယ်"ဟု ၎င်းကပြောသည်။

သုံးရာသီဂီတဆုကို ရာသီအလိုက်ဆုများ ပေးအပ်သွားမည်ဖြစ်သလို တစ်နှစ်တာဆုလည်း ပေးအပ်သွားမည်ဖြစ်ပြီး တစ်သက်တာ ဂီတဆုကိုလည်း ပေးအပ်နိုင်ရန်စီစဉ်နေကြောင်း ရွှေဂျော်ဂျော်ကပြောသည်။

"ဒီပြိုင်ပွဲတစ်နှစ်တာဆုအတွက်ကို နွားကျောင်းသားလေး ပလွေမှုတ်နေတဲ့ ပုံလုပ်ထားပါတယ်။ ရာသီအလိုက်ပေးတဲ့ဆုတွေကိုတော့ နွေသစ်ရွက်၊ မိုးသစ်ရွက်၊ ဆောင်းသစ်ရွက်ဆိုပြီး ပေးဖို့ လုပ်ထားပါတယ်။ တစ်သက်တာဆုကိုတော့ သတ္တုအစစ်နဲ့ ပြုလုပ်ထားတဲ့ ပုလွေပေးဖို့ စီစဉ်ထားပါတယ်"ဟု ရွှေဂျော်ဂျော်ကပြောသည်။

ဂီတအမျိုးအစားအလိုက် ဆုများပေးအပ်သွားမည်ဖြစ်သောကြောင်း ဆုအရေအတွက်ကို သတ်မှတ်မထားက သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီပါက ဆုပေးအပ်သွားရန် စီစဉ်ထားကြောင်း ၎င်းကပြောသည်။

"ဒိုင်တွေအနေနဲ့ကတော့ သက်ဆိုင်ရာဂီတအမျိုးအစားအလိုက် ဒီလောကထဲမှာရှိတဲ့ ဂီတပညာရှင်အဆင့်ရှိတဲ့ လူတွေပါဝင်မှာပါ။ ဒီတစ်ပွဲမှာ မပါရင် နောက်တစ်ပွဲမှာပါနေမှာဆိုတော့ အလှည့်ကျပါဝင်သွားမှာပါ"ဟု ရွှေဂျော်ဂျော်ကပြောသည်။

ထို့အပြင် ပရိသတ်များက ရွေးချယ်ပေးသည့်ဆုကိုလည်း ပေးအပ်ရန် အစီအစဉ်ရှိသောကြောင့် ဝက်ဘ်ဆိုက်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပရိသတ်ရွေးချယ်ပေးသည့်ဆုကိုမူ အွန်လိုင်းမှာ တစ်ဆင့်ပရိသတ်များမဲပေးသည့်မဲပေးသည့်အပေါ်တွင် ရွေးချယ်ရန် ရည်ရွယ်ထားကြောင်း ၎င်းကဆိုသည်။









7DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014



စာ(၄၁)မှ

# အေသင်ချိုဆွေနှင့် တွေ့ဆုံခြင်း



သီချင်းအကြောင်းအရာလေးက ရည်းစားက အရမ်းလည်းဆိုးတယ်၊ အရမ်းလည်း နှိပ်စက်တယ်။ သူက ငါ့ရဲ့ နတ်ဆိုးဆိုပေမယ့် သူကိုချစ်တယ်။ ကော်ပီသီချင်းလေးပါပဲ။

**အေသင်ဒီနှစ်စပိုင်းလောက်မှာဂီတလောကက ပျောက်နေတယ်နော်။ ဘာတွေလုပ်နေလို့လဲ။**

ကိုယ်ရေးကိုယ်တာကိစ္စတွေနဲ့ အလုပ်ရှုပ်နေတာလည်းပါတယ်။ ဒီအခွေလုပ်နေတာလည်း ပါတယ်။ အေသင်အပြောင်းအလဲတွေ အများကြီးကြုံခဲ့ရပေမဲ့ အခွေကိုတော့ရအောင်ထုတ်ဖြစ်တယ်။ အခက်အခဲကတော့ လူတိုင်းမှာ ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် အနုပညာလုပ်ရင်း သီချင်းတွေဆိုပြီး ပရိသတ်နဲ့တွေ့နေရရင် ပျော်တယ်။

**အေသင်ရဲ့ ဖက်ရှင်က အများနဲ့မတူတဲ့ ခပ်မိုက်မိုက်ပုံစံမျိုး ကွဲထွက်နေတယ်။ အေသင်ရူးသွပ်တဲ့ ဖက်ရှင်က ဘယ်လိုမျိုးလဲ။**

အေသင်က မိန်းမသိပ်မဆန်ဘူး။ တစ်ခါတလေကျရင် ကောင်မလေးတွေကြည့်ပြီးတော့ ဝတ်ချင်တယ်။ ဒါပေမဲ့ မနေတတ်ဘူး။ မိန်းမဆန်တာကြီး ဝတ်လိုက်ရင် တစ်မျိုးကြီးပဲ။ ကိုယ့်ရဲ့ ပုံစံက ယောကျ်ားဆန်တယ်။ ဒါကလည်း သူများနဲ့ ဒီဇိုင်းကွဲထွက်နေတာပေါ့။

**ဒုတိယအခွေတုန်းက ပြန်ဆိုတေးတွေ ဆိုပေမယ့် ပရိသတ်ကြားအရမ်းအောင်မြင်ခဲ့တယ်။ ဒီအခွေကိုကောဘယ်လောက်ထိမျှော်လင့်ထားလဲ။**

ဒီအခွေအပေါ် ၇၅ ရာခိုင်နှုန်းကိုယ့်ကိုယ်ကိုယ် ယုံကြည့်ထားတယ်။ ပရိသတ်ဆီက ဘယ်လောက်ရာခိုင်နှုန်းပြန်ရမလဲမသိဘူး။ အေသင့်ကို ချစ်တဲ့ ပရိသတ်က ၅၀ ရာခိုင်နှုန်းရှိရင် ၅၀ ရာခိုင်နှုန်းပြန်ရမယ်။ အများကြီးတော့ မမျှော်လင့်ထားဘူး။ အေသင့်ကို ချစ်တဲ့ ပရိသတ်တွေ အစစ်အမှန်အားပေးတယ်ဆိုရင်တော့ ကျေနပ်တယ်။

**အနုပညာရှင်အများစုက အချစ်ရေးကို လျှို့ဝှက်ထားတတ်ပေမယ့် အေသင်က အချစ်ရေးနဲ့ ပတ်သက်ရင် ပွင့်ပွင့်လင်းလင်းနေတတ်၊ ပြောတတ်တယ်နော်။**

ဒါကတော့ အရင်တုန်းကအသက် ၁၆၊ ၁၇ တုန်းကပြောတယ်။ အခုလည်းပြောပါတယ်။ အေသင် Single မဟုတ်ဘူး။ ရည်းစားရှိတယ်။ နည်းနည်းအသက်ကြီးပြီးရင့်ကျက်လာတဲ့အခါကျတော့ ပိုပြီးရှုပ်ထွေးလာသလို ခံစားရတယ်။ အချစ်ရေးနဲ့ ပတ်သက်ပြီးတော့ အလုပ်တွေနဲ့ ရောထွေးလာတယ်။ အရမ်းချစ်တတ်တဲ့သူဆိုတော့ အမြဲတမ်းတော့ ခံစားရတယ်။

**အေသင့်ချစ်သူအကြောင်းကို မိဘတွေရော၊ ပရိသတ်တွေပါသိထားကြတယ်။ ဒီနှစ်က အနုပညာရှင်တွေရဲ့ မင်္ဂလာနှစ်လည်းဖြစ်တော့ အေသင့်မင်္ဂလာသတင်းကောဘယ်တော့ကြားရမလဲ။**

နှစ်ယောက်စလုံးက လိုပါသေးတယ်။ သူဆို ပိုတောင်လိုသေးတယ်။ သူက မရင့်ကျက်သေးဘူး။ ကိုယ်နဲ့ ယှဉ်လို့ရှိရင် အသက် တစ်နှစ်ငယ်တယ်ဆိုတော့ အေသင့်ကို သူက ကွန်ထရိုးမလုပ်နိုင်ဘူး။ ဒီတော့ သူလည်းရင့်ကျက်ဖို့ အများကြီးလိုသေးတယ်။ အေသင်လည်း လိုသေးတယ်။ အချိန်တွေကအများ...အများကြီးလိုပါသေးတယ်။ နှစ်ယောက်ကြားညှိရတယ်။ ရန်တွေလည်းခဏခဏဖြစ်ရတယ်။ အဆင်မပြေတာတွေရော ရှုပ်ယှက်ခတ်နေတော့ သူ ရင့်ကျက်လာတဲ့တစ်နေ့ပေါ့။ အဲဒီနေ့ ဘယ်နေ့ဖြစ်မလဲမသိဘူး။

**ဇာတ်ကားတွေလည်း ရိုက်တာသိပ်မတွေ့တော့ဘူးနော်။ ဇာတ်ကားရိုက်ကူးမယ့် အစီအစဉ်လေးတွေ ရှိရင်ပြောပြပေးပါဦး။**

ဇာတ်ကားပိုင်းက အခုဇာတ်လမ်းတွဲတွေလည်း ရိုက်ကြတယ်။ အေသင်ကတော့ ဇာတ်လမ်းရိုက်တာထက်ကို သီချင်းအေးဆေးလုပ်နေရတာလေးကို ပိုကြိုက်တယ်။ ဇာတ်လမ်းရိုက်ရတာ ကိုယ်မပျော်တဲ့လောကကြီးဆိုတော့ ကိုယ့်ကိုဖိအားတွေ ပေးနေသလိုပဲ ခံစားရတယ်။ လူတွေအများကြီးနဲ့လည်း မနေတတ်ဘူး။ သရုပ်ဆောင်အလုပ်ကျတော့ လူတွေအများကြီးတွေထဲမှာ လုပ်ရတယ်။ ကိုယ်က ဒိုင်ယာလော့တွေ မှားသွားမလားဆိုတဲ့ စိုးရိမ်စိတ်က ရှိနေတာမျိုးကြီးလည်း မနေချင်ဘူး။ ကိုယ့်အတွက် အခွင့်အရေးတစ်ခုရလာတဲ့ ဇာတ်လမ်းမျိုး၊ ဇာတ်လမ်းကောင်းတစ်ပုဒ်ရလာမယ်ဆိုရင်တော့ ရိုက်ဖြစ်မှာပါ။

**ဒါဆိုအဆိုတော်၊ သရုပ်ဆောင် ဒီအလုပ်နှစ်ခုထဲက ဘယ်တစ်ခုမှာပိုပြီးအောင်မြင်မှုရချင်လဲ။**

အဆိုတော်အေသင်ချိုဆွေအနေနဲ့ပဲ အောင်မြင်ချင်တယ်။ သရုပ်ဆောင်ကတော့ ကိုယ်လုပ်နိုင်တဲ့ စွမ်းအင်ကို ပြသတဲ့ အနေနဲ့ပဲ။ အများကြီးတော့ မမျှော်လင့်ဘူး။ အဆိုတော်ကျတော့ ကိုယ်တကယ်ဝါသနာပါတဲ့ အလုပ်လေ။ ဂီတလောကနဲ့သရုပ်ဆောင်လောကဆိုရင် ဂီတလောကနဲ့က ပိုပြီး နွေးနွေးထွေးထွေးရှိတယ်။ ဂီတက အစ်ကိုတွေ၊ အစ်မတွေဆို ကိုယ့်ကိုချစ်ကြတယ်။ ကိုယ့်အကြောင်းလည်း သိကြတယ်။ အေသင်ဘယ်လိုနေတယ်ဆိုတာကအစပေါ့။ သရုပ်ဆောင်လောကကျတော့ အနေစိမ်းတယ်။ အေသင်က ကိုယ့်ဘာသာကိုယ် တစ်ယောက်ထဲနေတတ်တဲ့ အေးဆေးသမား။ တစ်ခါတလေကိုယ့်ထက်စီနီယာကျတဲ့သူတွေကိုသွားမနှုတ်ဆက်တာ၊ စကားသွားမပြောတာတွေ အများကြီးရှိတယ်ဆိုတော့ အေသင်နဲ့ သိပ်မကိုက်ဘူး။ အေးဆေးတစ်ယောက်တည်းနေတာ ပိုများတော့ ဂီတလောကမှာ ပိုပျော်တယ်။

**ဒီနှစ်ထဲ ပြည်ပခရီးစဉ်တွေကော သွားဖို့ အစီအစဉ်ရှိသေးလား။**

ပြည်ပခရီးက ရှေ့မှာ ဩစတြေးလျ၊ အမေရိကရော သွားခဲ့ပြီးပြီ။ ဒါကြောင့် ကြားထဲမှာ ပရိသတ်နဲ့ အဆက်ပြတ်သလိုဖြစ်သွားတာ။ ဒီနှစ် ၂၀၁၄ ထဲမှာတော့ ပြည်ပခရီးသွားဖို့ အစီအစဉ်မရှိဘူး။

**ပရိသတ်ကို ဘာပြောချင်လဲ။**

ဒီအခွေကို အကောင်းဆုံးကြိုးစားထားပါတယ်။ ပရိသတ်ကြီးလည်းကြိုက်မယ်ထင်ပါတယ်။ အေသင်ရဲ့ အခွေအော်ရီဂျင်နယ်လေးကိုအားပေးကြပါ။ ပိုက်ဆံတွေ အများကြီး အကုန်ခံထားတယ်။ ပိုက်ဆံတွေ ပြန်ရချင်လို့ မဟုတ်ပေမယ့် အခွေအစစ်လေးကို အားပေးရင် အေသင်ပျော်တယ်။ တစ်ပတ်မှာ ဘယ်လောက်ကုန်သွားတယ်ဆိုတဲ့ ခံစားမှုလေး လိုချင်တာပေါ့။ ပိုက်ဆံရတာ၊ မရတာတွေ ဂရုမစိုက်ဘူး။ ဒါပေမဲ့ ပရိသတ်ရဲ့ အားပေးမှုကြောင့် တစ်သောင်းကုန်သွားတယ်ဆိုရင် အေသင့်ပရိသတ်တစ်သောင်းရှိတယ်လို့ စိတ်ထဲမှာ ခံစားရတယ်။

**ကျေးဇူးတင်ပါတယ်။**

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|
| ၁။ The Fault In Our Stars | 20th Century Fox | 48,002,500 | 1 |
| ၂။ Maleficent | Walt Disney Pictures | 128,175,000 | 2 |
| ၃။ Edge Of Tomorrow | Warner Bros.Pictures | 28,760,200 | 1 |
| ၄။ X–Men:Days of Future Past | 20th Century Fox | 189,556,000 | 3 |
| ၅။ A Million Ways to Die in the West | Universal Pictures | 30,338,500 | 2 |
| ၆။ Godzilla | Warner Bros.Pictures | 185,214,000 | 4 |
| ၇။ Neighbors | Universal Pictures | 137,926,000 | 5 |
| ၈။ Blended | Warner Bros.Pictures | 36,581,300 | 3 |
| ၉။ Chef | Open Road Films | 10,383,500 | 5 |
| ၁၀။ Million Dollar Arm | Walt Disney Studio Pictures | 31,551,000 | 4 |


# ဝန်ထမ်းအလိုရှိသည်

Mottama Trading Company Limited ၏ဆောက်လုပ်ရေးပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

**Sale & Marketing** (20)Posts

- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- Computer အသုံးပြုနိုင်သူဖြစ်ရမည်။
- Sale & Marketing ပိုင်းအားစိတ်ပါဝင်စားသူဖြစ်ရမည်။

Sale & Marketing လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

- အင်္ဂလိပ်(သို့)တရုတ်စကားပြောဆိုနိုင်သူ ဦးစားပေးမည်။
- နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများအရ ထိုက်တန်ကောင်းမွန်သောလစာကို ချီးမြှင့်မည်။ ရုံးဖယ်ရီရှိသည်။**

လျှောက်ထားလိုသူများသည် (၂၄.၆.၂၀၁၄)ရက်နေ့ နောက်ဆုံးထား၍ ကိုယ်တိုင်ရေးလျှောက်လွှာ၊ (၃)လအတွင်းရိုက်ကူးထားသောဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ၊သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မူရင်း၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်းတို့နှင့် အတူ Mottama Trading Company Limited အမှတ်(၁၀၆)၊ ပန်းပဲခေါင်းမောင်ခက်လမ်း၊ စက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ (သို့) hhn.mottamaholdings@gmail.com သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၁-၆၁၈၇၉၇(လိုင်းခွဲ-၃၁၆)၊ ၀၉-၇၃၂၀၅၉၈



# ဝန်ထမ်းအလိုရှိသည်

အပတ်စဉ်ထုတ် ဂျာနယ်များနှင့် နေ့စဉ်ထုတ်သတင်းစာထုတ်ဝေလျက်ရှိသောInformation Matrix ကုမ္ပဏီ၏ 7Day Daily သတင်းစာတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။

❖ Sales Executive ကျား/မ (၄) ဦး

- ဘွဲ့ရဖြစ်ရမည်။
- အသက်(၂၀ - ၂၈) နှစ်အတွင်း ဖြစ်ရမည်။
- သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ် ရှိရမည်။
- Computer & Internet အသုံးပြုတတ်ရမည်။
- ရုပ်ရည် သန့်ပြန့်ပြီး ဆက်ဆံရေး ပြေပြစ်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ တို့နှင့်အတူ (၃၀.၆.၁၄) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

ဒိုင်းမွန်းကွန်ဒို (E)၊ ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၂၈၈၇

Sports
7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# စပိန်ကိုနိုင်လိုက်၍ ပရိသတ်များကြား နယ်သာလန်ရေပန်းစား

## ပွဲစဉ်အများစု အခမဲ့ရုပ်သံမှ မကြည့်ရ၍ ကမ္ဘာ့ဖလားပြည်တွင်းပရိသတ်များ အခက်တွေ့



**ဗိုလ်ဗိုလ်ဝင်း**

ကမ္ဘာ့ထိပ်သီးနိုင်ငံ့လက်ရွေးစင်ဘောလုံးအသင်း ၃၂ သင်း ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ပြီးခဲ့သည့် ဇွန်လ ၁၂ ရက်က စတင်နေပြီဖြစ်သည်။ ပြိုင်ပွဲမစမီက ယခုနှစ်ကမ္ဘာ့ဖလားတွင် အိမ်ရှင်ဘရာဇီးအသင်းက ဖိုလ်စွဲရန် ရေပန်းအစားဆုံး ဖြစ်ခဲ့သည်။

ဘရာဇီးအသင်းအနေဖြင့် ၂၀၁၃ ကွန်ဖက်ဒရေးရှင်းဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ဖိုလ်လုပွဲတွင် ၂၀၁၀ ကမ္ဘာ့ဖလားချန်ပီယံစပိန်အသင်းကို သုံးဂိုးပြတ်အနိုင်ယူခဲ့သည်။ ထို့ကြောင့် အိမ်ရှင်ပြုလုပ်သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဖိုလ်စွဲရန် ရေပန်းအစားဆုံး ဖြစ်နေသည်။

ဘရာဇီးအသင်းအနေဖြင့် အုပ်စု(က)အဖွဲ့ ပွဲစဉ်တွင် ခရိုအေးရှားအသင်းကို ၃–၁ ဂိုးဖြင့် အနိုင်ယူကာ အဖွင့်လှခဲ့သော်လည်း အုပ်စု(ခ)အဖွင့်ပွဲစဉ်တွင် နယ်သာလန်အသင်းက စပိန်အသင်းကို ၅–၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူလိုက်သောအခါ နယ်သာလန်အသင်း ရေပန်းစားမှုက ပြည်တွင်းဘောလုံးပရိသတ်ကြား၌ မြင့်တက်လာခဲ့သည်။

နယ်သာလန်အသင်းအနေဖြင့် ကမ္ဘာ့ဖလားလက်ရှိ ချန်ပီယံစပိန်အသင်းကို ဂိုးပြတ်အနိုင်ယူကာ ၂၀၁၀ ဖိုလ်လုပွဲရှုံးကြွေးဆပ်ခဲ့ခြင်းလည်း ဖြစ်သည်။ နယ်သာလန်အသင်းအနိုင်ရရှိခြင်းက မထူးဆန်းသော်လည်း ၅–၁ ဂိုးရလဒ်ကိုမူ အားလုံးအံ့သြခဲ့ကြသည်။

စပိန်အသင်းကို ဦးဆောင်ဂိုးပေးလိုက်ရသော်လည်း အသင်းခေါင်းဆောင်ဗန်ပါစီ၏ အလှဆုံးဂိုးစာရင်းဝင်သည့် အဖိုးတန်ချေပဂိုးနှင့်အတူ ဒုတိယပိုင်းတွင် အနိုင်ဂိုးများ ဆက်တိုက်သွင်းယူကာ လက်ရှိကမ္ဘာ့ချန်ပီယံကို ချေမှုန်းခဲ့ခြင်းဖြစ်သည်။ စပိန်အသင်းသည် စကော့တလန်ကို ၂–၆ ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီးနောက် နှစ်ပေါင်း ၄၁ နှစ်အတွင်း အဆိုးရွားဆုံးဂိုးပြတ်ရှုံးနိမ့်မှု ဖြစ်ခဲ့သည်။

ကမ္ဘာ့အဆင့် သတ်မှတ်ချက်အဆင့်(၁)နေရာတွင် လပေါင်းများစွာရပ်တည်ထားသည့် စပိန်အသင်းကို ဂိုးပြတ်အနိုင်ယူထားသည့်နယ်သာလန်အသင်း ခြေစွမ်းအနေအထားက ကြောက်စရာကောင်းနေပြီဖြစ်ကြောင်း မြန်မာလိဂ်ချန်ပီယံ ရန်ကုန်အသင်းနည်းပြချုပ်အဲရစ်ဝီလျံက ပြောသည်။

"အုပ်စုပွဲစဉ် အားလုံးမပြီးသေးပေမယ့် စပိန်ကို ဂိုးပြတ်သွင်းထားတဲ့ နယ်သာလန်အသင်းခြေစွမ်းကတော့ ကြောက်စရာကောင်းပါတယ်" ဟု အဲရစ်ဝီလျံက ပြောသည်။ ထို့ပြင် ရောဝတီယူနိုက်တက်နည်းပြချုပ် ဦးဆန်းဝင်းကလည်း ဇွန်လ ၁၅ ရက်အထိ ယှဉ် ပြိုင်ကစားပြီးသည့် အုပ်စုပွဲများအပြီးတွင် နယ်သာလန်အသင်းခြေစွမ်းက အကောင်းဆုံးဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

ဇွန်လ ၁၅ ရက်အထိ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ ယှဉ်ပြိုင်အပြီးတွင် နယ်သာလန်အသင်းက စပိန်အသင်းကိုလည်းကောင်း၊ ကော်စတာရီကာအသင်းက ဉရုဂွေးအသင်းကိုလည်းကောင်း၊ ကိုလံဘီယာအသင်းက ဂရိအသင်းကိုလည်းကောင်း ဂိုးပြတ်အနိုင်ရရှိမှုက ဘောလုံးဝါသနာရှင်များအား မထင်မှတ်သည့် ရလဒ်များပေးခဲ့သည်။

"ဒီနှစ်ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်အချို့မှာ မထင်မှတ်ထားတဲ့ ရလဒ်တွေလည်း ဖြစ်ပေါ်တာတွေ့နိုင်ပါတယ်။ နယ်သာလန်အသင်းခြေစွမ်းကတော့ ကောင်းပါတယ်။ ဒါပေမဲ့ တစ်ပွဲတည်းခြေစွမ်းကို ကြည့်ပြီးပြောလို့တော့ မရသေးပါဘူး။ နောက်ပွဲတွေရဲ့ ခြေစွမ်းကိုလည်း စောင့်ကြည့်ရဦးမှာပါ" ဟု နေပြည်တော်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက သုံးသပ်သည်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား မတိုင်မီ နာရီပိုင်းအလိုအထိ ဆန္ဒပြမှုများနှင့် ကြုံတွေ့ခဲ့ရသည့် ဘရာဇီးနိုင်ငံတွင် အခက်အခဲများကြားမှ ကမ္ဘာ့ဖလားပွဲစဉ်များကို ကျင်းပနေပြီး အခမဲ့ရုပ်သံလိုင်းမှ မပြသည့် ပွဲစဉ်အများစုကို မြန်မာဘောလုံးဝါသနာရှင်များအနေဖြင့်လည်း ကြည့်ရှုအားပေးရန် အခက်ကြုံနေရပြီ ဖြစ်သည်။

"အခမဲ့က မပြတော့ ဒုက္ခရောက်ကုန်တာပေါ့။ ညဉ့်နက်ကြီး မိုးထဲရေထဲလည်း ဒီကဘောလုံးချစ်သူတွေကသွားအားပေးကြနေရတယ်" ဟု အားကစားကလောင်ရှင်အိုကိုချာကပြောသည်။

လေးနှစ်တစ်ကြိမ် ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်အများစုကို ပြည်တွင်း အခပေးရုပ်သံလိုင်းဖြစ်သော Sky Net မှသာ ထုတ်လွှင့်ပေးခြင်းကြောင့် ညဉ့်နက်ပိုင်းပွဲစဉ်များ ကြည့်ရှုရာတွင် အခက်အခဲများ ဖြစ်ပေါ်ရကြောင်း ဘောလုံးဝါသနာရှင်ပရိသတ်များက ပြောသည်။

"ကမ္ဘာ့ဖလားပွဲစဉ်တွေကို အခမဲ့ ရုပ်သံလိုင်းက ထုတ်လွှင့်ပေးမယ်ဆိုရင်တော့ ဘယ်သူမဆိုကြည့်လို့ရမှာပေါ့။ အခပေးလိုင်းက လွှင့်ရင်တော့ လူတိုင်းဘယ်ကြည့်နိုင်ပါ့မလဲ။ အခမဲ့ရုပ်သံလိုင်းက ပြသပေးမယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်မှာပါ" ဟု မြန်မာ့လက်ရွေးစင်နှင့် ရန်ကုန်အသင်းတိုက်စစ်မှူးကျော်ကိုကိုက ပြောသည်။

လက်ရှိခြေစွမ်းများအရ နယ်သာလန်အသင်း၏ခြေစွမ်းကို ပရိသတ်အများစုနှစ်သက်နေကြသော်လည်း အခက်အခဲကြားမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ဘရာဇီးအသင်းကို ချန်ပီယံဆု ဆွတ်ခူးစေချင်ကြောင်း ကမ္ဘောဇအသင်းတိုက်စစ်မှူး စိုးမင်းဦးက ဆိုသည်။

ပြည်တွင်းပရိသတ်များကြားတွင်လည်းနယ်သာလန်အသင်းရေပန်းစားမှု မြင့်တက်လာသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲက အုပ်စုအားလုံးတွင် တစ်ပွဲစီသာကစားရသေးသည်။ ဘောလုံးပွဲများ၏ ထုံးစံအတိုင်း မထင်မှတ်သည့် အဖြစ်အပျက်များကလည်း ဘောလုံးဝါသနာရှင်များကို မည်သို့ဆက်လက်ဖမ်းစားနိုင်ဦးမည်ဆိုသည်ကိုမူ ဆက်လက်စောင့်ကြည့်ရမည်သာ ဖြစ်သည်။



# အောင်လအန်ဆိုင်းက အီဂျစ်နိုင်ငံသား မာမွတ်ဆလာမာကို ပထမအချီမှာပင် အလဲထိုးအနိုင်ယူ

**ဂျကာတာ** –အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ မာတာအယ်လန်းနိုင်ငံတကာအားကစားကွင်းတွင် ကျင်းပခဲ့သော အာရှတိုက်၏ အကြီးကျယ်ဆုံး ဘက်စုံသိုင်းအဖွဲ့အစည်း (MMA) ၏ ONE FC ချန်ပီယံရှစ်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ပထမဆုံးယှဉ်ပြိုင်သူ အောင်လအန်ဆိုင်းက အီဂျစ်နိုင်ငံမှ မာမွတ်ဆလာမာကို ပထမအချီ တစ်မိနစ်နှင့် ခြောက်စက္ကန့်အကြာမှာပင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

ကချင်အမျိုးသား အောင်လအန်ဆိုင်းကဆလာမာကိုလုံးထွေးသတ်ပုတ်ကာ လှဲချနိုင်ခဲ့သော်လည်း ဆလာမာက ချက်ချင်းတုံ့ပြန်ခဲ့ပြီး အပေါ်သို့ရောက်ရှိသွားခဲ့သည်။ ဆလာမာအပေါ်တွင်ရှိနေစဉ် အောင်လက လိမ့်ထွက်ကာ အပေါ်သို့ရောက်ရှိသွားပြီး ၎င်း၏ အပေါ်စီးမှ ပြင်းထန်သော ထိုးသတ်ချက်များကြောင့် ပထမအချီ တစ်မိနစ်နှင့် ခြောက်စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အောင်လအနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အောင်လမှာ ONE FC ချန်ပီယံရှစ်ပြိုင်ပွဲကို ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခုကဲ့သို့ အစကောင်းခဲ့ခြင်းဖြစ်သည်။

အောင်လကို ဘက်စုံသိုင်းပညာ ပြိုင်ပွဲများတွင် အများက မြန်မာ့စပါးအုံးမြွေ (Burmese Python) ဟု ခေါ်ဝေါ်လေ့ ရှိသည်။


ဓာတ်ပုံ – အောင်လအန်ဆိုင်းဖေ့စ်ဘွတ်ခ်

# ကမ္ဘာ့ဖလားတွင် ပထမဆုံးအနီကတ်ပြခံရသည့် ဥရုဂွေးညာနောက်ခံလူ မက်ဆီပီရီးရား


PAOLO AGUILAR/EPA

**ရီယိုဒီဂျနေးရိုး**–ယခင်က ကမ္ဘာ့ဖလားဘောလုံးပွဲများတွင် ခြောက်ပွဲနီးပါး ကစားပြီးမှသာ အနီကတ်ပြသမှုများရှိခဲ့သော်လည်း ကော်စတာရီကာ က ဥရုဂွေးကို (၃–၁) ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲအပြီးတွင် ဥရုဂွေးမှ ညာနောက်ခံကစားသမားမက်ဆီပီရီးရားမှာ ၂၀၁၄ကမ္ဘာ့ဖလား၏ ပထမဆုံးအနီကတ်ပြသခံရသော ကစားသမားဖြစ်လာသည်။

ယင်းပွဲစဉ်၏ နာကျင်အချိန်ပို စတုတ္ထမိနစ်တွင် မက်ဆီပီရီးရားက ကော်စတာရီကာအသင်းအတွက် ဂိုးသွင်းယူထားသူ ဂျိုးလ်ကမ်ဘဲလ်ကို ကန်ကျောက်၍ လဲကျစေခဲ့သဖြင့် အနီကတ်ပြသခံခဲ့ရသည်။

ဥရုဂွေးအသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၈၄ မိနစ်တွင် ကော်စတာရီကာက တတိယဂိုး မသွင်းယူမီ ဒုတိယပိုင်း၌ သုံးမိနစ်အတွင်း နှစ်ဂိုးသွင်းယူခဲ့သည်။ ယင်းအနီကတ်မှာ ကမ္ဘာ့ဖလားရာဇဝင်တွင် အကြိမ် ၁၆၀ မြောက် အနီကတ်ပြသခြင်းဖြစ်ပြီး ယခုအခါ ဥရုဂွေးအသင်းမှာ (၉)ကြိမ်မြောက် အနီကတ်ထိခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းက အနီကတ် ၁၁ ကြိမ်ထိထားပြီး အာဂျင်တီးနားအသင်းက အနီကတ် ၁၀ ကြိမ် ပြသခံထားရသည်။

*—Ref: Goal*





The Coca-Cola Promotion
For The FIFA World Cup™ မှ
အထူးပြုလုပ်ထားသော
ဆုမဲများ ရယူလိုက်ပါ
COCA-COLA and The Red Disk are registered trademarks of The Coca-Cola Company. © 2014 The Coca-Cola Company.
BRASIL
FIFA WORLD CUP
Brasil
1. အစုသောက်
Coca-Cola Sprite Max+ plus
500mL, 425mL and 330mL
2. အဖုံးထဲကိုကြည့်
BOL
UMB
3. ဆုရဖို့ အခွင့်အရေးရှိသည်
code | UMB | CUP | BOL | FRE
prize | Umbrella | Contour Glass | Coca-Cola Ball | Free Coca-Cola
2014 FIFA WORLD CUP™ နှင့်တရားဝင်ပူးပေါင်းဆောင်ရွက်သည် Coca-Cola
၂၀၁၄ စက်တင်ဘာ ၃၀ အထိသာ။ အသေးစိတ်အချက်အလက်များကို
https://www.facebook.com/CocaColaMyanmar တွင်ကြည့်ရှုနိုင်ပါသည်။
*အထူးသတ်မှတ်ထားသော သံဘူးများနှင့် အဖုံးအဝါများတွင်သာ။

7 DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014

# ကုလငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ မာလီနိုင်ငံမြောက်ပိုင်းသို့ ဖြန့်ကြက်ချထားရန်လိုဟု ဘန်ကီမွန်းပြော

**ကုလသမဂ္ဂ၊ ဇွန်-၁၄**

နိုင်ငံတကာနှင့် မာလီအစိုးရ တပ်သားများကို စစ်သွေးကြွများ တိုက်ခိုက်ကာ အရပ်သားများအပေါ် အန္တရာယ်ဖြစ်စေနိုင်သည်ဆိုသော စိုးရိမ်မှုများ ထွက်ပေါ်နေစဉ် ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များအနေဖြင့် မြို့ပေါ်တွင်သာမက မငြိမ်သက်မှုဖြစ်နေသော မာလီနိုင်ငံမြောက်ပိုင်းသို့ အင်အား ဖြန့်ကြက်ထားသင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောသည်။

MINUSMA ငြိမ်းချမ်းမှုထိန်းသိမ်းရေး အစီအစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြသော အစီရင်ခံစာတစ်ရပ်တွင် ဘန်ကီမွန်းက ယင်းစစ်ဆင်ရေး၏ အင်အားပမာဏနှင့် ရည်မှန်းချက်အတွင်း တပ်သားများ မာလီနိုင်ငံမြောက်ပိုင်းတွင် ရှိနေသင့်ကြောင်း မဟာဗျူဟာသုံးသပ်မှုတစ်ခုက ဖော်ပြနေသည်ဟု တင်ပြသည်။


DAVID MERCADO/REUTERS

သို့သော် တစ်နှစ်သက်တမ်းရှိကုလသမဂ္ဂစစ်ဆင်ရေးမှာ မာလီနိုင်ငံတွင် ချထားရန် သဘောတူထားသည့် တပ်သား ၁၁,၂၀၀ နှင့် ရဲတပ်ဖွဲ့ဝင် ၁,၄၄၀ ပါဝင်သော အင်အား၏ လေးပုံသုံးပုံခန့်သာရှိနေပြီး မာလီနိုင်ငံ၏ အဓိကလူနေထိုင်ရာ နေရာများကို ကျော်လွန်၍ ယင်းတပ်ဖွဲ့ဝင်များကို ချထားရန် လှုပ်ရှားနိုင်ခြင်းမရှိဘဲ လေကြောင်းမှ အကာအကွယ်ပေးရန် လိုအပ်နေသည်ဟု ဘန်ကီမွန်းက ပြောသည်။

မာလီနိုင်ငံ မြို့တော်ဘမ်မာကိုတွင် စစ်တပ်အာဏာသိမ်းမှုအပေါ် အယ်လ်ကိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် အစ္စလာမ်မစ် တိုက်ခိုက်ရေးသမားများက အခွင့်ကောင်းယူကာ နိုင်ငံမြောက်ပိုင်းအား သိမ်းပိုက်ပြီး တူအာရက်ခွဲထွက်ရေးသူပုန်များ၏ တော်လှန်မှုကို အပိုင်စီးလိုက်ချိန် မာလီနိုင်ငံတွင် ၂၀၁၂ ခုနှစ်အတွင်း ဝရုန်းသုန်းကားအခြေအနေများဖြစ်ပေါ်ခဲ့သည်။

ပြီးခဲ့သည့်နှစ်က မာလီနိုင်ငံမြောက်ပိုင်းတွင် ပြင်သစ်ဦးဆောင်သော စစ်ဘက်ဆိုင်ရာ ကြားဝင်ဖြေရှင်းမှုတစ်ခုကြောင့် အစ္စလာမ်မစ်စစ်သွေးကြွများ အင်အားပြန့်ကျဲသွားပြီး တူအာရက်သူပုန်များအား ၎င်းတို့၏ မြောက်ပိုင်းအမာခံနယ်မြေများကို ပြန်လည်ထိန်းချုပ်ခွင့်ရရှိစေခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးမှုများမှာလည်း ရပ်ဆိုင်းသွားခဲ့သည်။

တူအာရက်သူပုန်များ ထိန်းချုပ်ထားသည့် ဒေသများအတွင်း ခိုလှုံနေကြသော အစ္စလာမ်မစ် တိုက်ခိုက်ရေးသမားများ၏ အန္တရာယ်ကို နိုင်ငံတကာအသိုင်းအဝိုင်းက လျှော့တွက်သည်ဟု မာလီဝန်ကြီးချုပ် မိုဆာမာရာက ရိုက်တာသတင်းဌာနနှင့် ယခုသီတင်းပတ်အတွင်း ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ပြောကြားသည်။

*—Ref: Reuters*

# အစားအစာအခြေခံ ဇီဝလောင်စာအသုံးပြုမှု ကန့်သတ်လျှော့ချရန် အီးယူသဘောတူ

**လူဇင်ဘတ်၊ ဇွန်-၁၄**

စိုက်ပျိုးရေးထုတ်ကုန်များမှ တိုက်ရိုက်ထုတ်လုပ်ထားသော ဇီဝလောင်စာ အသုံးပြုမှုမှာ အစားအသောက် ဈေးမြင့်တက်စေပြီး လေထုညစ်ညမ်းမှုဖြစ်စေသည်ဟု ဝေဖန်ခံရပြီးနောက် အီးယူက ၎င်းတို့၏ ဇီဝလောင်စာ အသုံးပြုမှုကို ကန့်သတ်ရန် ဇွန်လ ၁၃ ရက်တွင် သဘောတူညီလိုက်သည်။

ပြောင်းဖူး၊ မုန်လာဥနီ (သို့မဟုတ်) မုန်ညင်းစေ့တို့ကဲ့သို့ ကောက်ပဲသီးနှံများဖြင့် ပြုလုပ်ထားသည့် ဇီဝလောင်စာ ပထမမျိုးဆက်များ အသုံးပြုမှုကို လျှော့ချရေး သဘောတူညီရန် တစ်နှစ်ကြာ လိပ်ခဲတည်းလည်း အခြေအနေကို အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်သော အီးယူဝန်ကြီးများက ကျော်လွှားနိုင်ခဲ့ကြသည်။

ယင်းသဘောတူညီချက်အသစ်က အစားအသောက်ထုတ်ကုန်များဖြင့် ပြုလုပ်သော လောင်စာသုံးစွဲမှုကို ၂၀၂၀ ပြည့်နှစ်တွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ စွမ်းအင်အသုံးပြုမှုအတွင်း ၇ ရာခိုင်နှုန်းအထိ ကန့်သတ်ထိန်းချုပ်မည်ဖြစ်သည်။

၂၀၀၉ ခုနှစ်က ယင်းပမာဏကို ၁၀ ရာခိုင်နှုန်းသို့ လျှော့ချရန် ရည်ရွယ်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုများကို လျှော့ချရန် ကြိုးပမ်းမှုတစ်ခုအတွင်း ရေနံကဲ့သို့ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများနေရာတွင် အစားထိုးသုံးရန် ပထမမျိုးဆက် ဇီဝလောင်စာများဟုခေါ်သော ကောက်ပဲသီးနှံများဖြင့် ပြုလုပ်ထားသည့် လောင်စာများ အသုံးပြုရေး တွန်းအားပေးရာတွင် အီးယူက ဦးဆောင်ခဲ့သည်။

သို့သော် ယင်းကဲ့သို့ ဇီဝလောင်စာများ အသုံးပြုရန် သဘောတူခွင့်ပြုလိုက်ခြင်းမှာ တစ်ကမ္ဘာလုံး အစားအသောက်များကို အခြားနေရာတွင် အသုံးပြုလိုက်ခြင်းဖြစ်ပြီး ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံအချို့၌ အစားအသောက်ဈေးများ မြင့်တက်စေသည်ဆိုသော ဝေဖန်မှုများနှင့် အီးယူမှာ ရင်ဆိုင်နေရသည်။

ကမ္ဘာ့လူဦးရေ ပိုများလာစဉ် ပို၍လိုအပ်လာသော အစားအစာများအပေါ် ဇီဝလောင်စာများ၏ ထိခိုက်စေမှုကို ကန့်သတ်ထိန်းချုပ်ရန် ယင်းသဘောတူညီမှုက လုံလောက်စေလိမ့်မည် မဟုတ်ဟု တက်ကြွလှုပ်ရှားသူများက ပြောသည်။

ယင်း အဆိုပြုခြင်းများကို ယခုအခါ ဥရောပလွှတ်တော်သို့ တင်ပြထားပြီး လွှတ်တော်က ဇီဝလောင်စာအသုံးပြုမှုကို ၆ ရာခိုင်နှုန်းအထိ ကန့်သတ်ရန် တွန်းအားပေးနေသည်။

လာမည့်လတွင် အီးယူဥက္ကဋ္ဌရာထူး အလှည့်ကျတာဝန်ယူရမည့် အီတလီနိုင်ငံ၏ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးကလော်ဒီယိုဒီဗီဆင်တီက ယင်းဥပဒေကြမ်းများမှာ အတည်ပြုရန် ခက်ခဲလိမ့်မည်ဟု ဝန်ခံပြောကြားသည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.13, No.15 · JUNE 18 , 2014

# ခိုးယူဖမ်းဆီးသတ်ဖြတ်ခြင်းကြောင့် အာဖရိကဆင်များ မျိုးတုံးမှုကြုံတွေ့နေ

**ဂျီနီဗာ၊ ဇွန်-၁၄**

၂၀၁၃ ခုနှစ်တွင် ဆင်ကောင်ရေ နှစ်သောင်းကျော် သတ်ဖြတ်ခံရသည်ဟူသော ခန့်မှန်းမှုများနှင့်အတူ အာဖရိကဆင်များ ဆက်လက်ရှင်သန်နိုင်ရေးမှာ ခြိမ်းခြောက်ခံနေရကြောင်း အစီရင်ခံစာတစ်ခုက ဖော်ပြသည်။

အန္တရာယ်ဖြစ်စေသော မျိုးစိတ်များ နိုင်ငံတကာကုန်သွယ်မှုညီလာခံ (Cites)ရုံးက ဆင်များကို ခိုးဖမ်းလာသည့် ပမာဏမှာ မွေးဖွားနှုန်းထက် အလွန်များပြားနေခဲ့သည်ဟု ပြောသည်။

ဆင်ခိုးဖမ်းသည့် အရေအတွက်မှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် သိသိသာသာ နည်းသွားခဲ့သည်ဟု Cites အစီရင်ခံစာက ဖော်ပြသည်။

နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုအဖွဲ့များ ဆင်နှင့်ပတ်သက်သော ကုန်သွယ်မှုတွင် ပါဝင်သည်ဟု ယင်းအစီရင်ခံစာက ထပ်လောင်းဖော်ပြသည်။

ဂျီနီဗာမြို့အခြေစိုက် Cites အဖွဲ့သည် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း၃၅,၀၀၀ ကျော်အား စောင့်ရှောက်ရသည့် နိုင်ငံတကာကုန်သွယ်မှုစည်းကမ်း ချမှတ်ထိန်းသိမ်းရေးအဖွဲ့ ဖြစ်သည်။

ဆင်စွယ်ပို့ကုန်ပမာဏများစွာကို အာရှဒေသထက် အာဖရိကတွင် ပထမဆုံးအကြိမ် ပိုမိုဖမ်းဆီးရမိသည်ဟု ယင်းအဖွဲ့က ဖော်ပြသည်။

ဗဟိုအာဖရိက နိုင်ငံကဲ့သို့သော အာဖရိကနိုင်ငံများတွင် ဆင်များသတ်ဖြတ်ခံရမှု မြင့်တက်လျက်ရှိသည်။

အာဖရိကဆင်များသည် ၎င်းတို့၏ အစွယ်အတွက် တိတ်တဆိတ် ဖမ်းဆီးသတ်ဖြတ်ခြင်း ခံနေသောကြောင့် ဆက်လက်အသက်ရှင်နိုင်ရေးအတွက် ခြိမ်းခြောက်ခံနေရသည်ဟု Cites အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဂျွန်အီးစကန်လွန်းက ပြောသည်။

ပြီးခဲ့သည့်နှစ်က ဆင်စွယ်ပို့ကုန် အလေးချိန် ပေါင် ၁,၁၀၀ ကျော် ဖမ်းဆီးရမိသည်ဟု ယင်းအဖွဲ့က ပြောသည်။

—Ref: BBC




# စာသင်ကျောင်းများတွင် ဗြိတိသျှတန်ဖိုးများ သင်ကြားပေးရန် ဝန်ကြီးချုပ်ကင်မရွန်လိုလား

**လန်ဒန်၊ ဇွန်-၁၅**

ဗြိတိန်နိုင်ငံသားများသည် ဗြိတိသျှတန်ဖိုးကို အားပေးမြှင့်တင်ရန် အလွန်ရှက်ရွံ့နေသောကြောင့် အစွန်းရောက်ဝါဒသည် ဗြိတိန်နိုင်ငံ၌ ရှင်သန်နေကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဇွန်လ ၁၅ ရက်တွင် ပြောသည်။

စာသင်ကျောင်းများအနေဖြင့် ဗြိတိသျှတန်ဖိုးကို လေးစားရုံသာမဟုတ်ဘဲ ၎င်းတို့ကို တက်ကြွစွာ အားပေးမြှင့်တင်သင့်သည်ဟု ဝန်ကြီးချုပ်ကင်မရွန်းက ဆောင်းပါးတစ်ပုဒ်တွင် ပြောသည်။

ဘာမင်ဂန်မြို့ရှိ ကွန်ဆာဗေးတစ် မွတ်စလင်များသည် မြို့စာသင်ကျောင်းများတွင် ဘာသာရေးယုံကြည်မှု အခြေခံသော သဘောတရားများ ပြဋ္ဌာန်းရန် စနစ်ကျသော လှုံ့ဆော်စည်းရုံးမှုတစ်ခုကို ပြုလုပ်ခဲ့သည်ဟူသော သတင်းများ ထွက်ရှိခဲ့ပြီးနောက် ဝန်ကြီးချုပ်၏ သတိပေးတိုက်တွန်းချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဗြိတိသျှတန်ဖိုးများ၏သန့်မာသော ကာကွယ်နည်းသစ်အကြောင်း ဆောင်းပါးတွင် ဝန်ကြီးချုပ် ကင်မရွန်းက ၎င်းသည် လွတ်လပ်စွာ ယုံကြည်မှု၊ အချင်းချင်း သည်းခံမှု၊ ကိုယ်ရေးကိုယ်တာနှင့် လူမှုရေးတာဝန်များကို နားလည်မှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့အကြောင်း ပြောနေခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။

"ဒီတိုင်းပြည်မှာ တစ်ခါတလေ ကျွန်တော်တို့ရဲ့ အောင်မြင်မှုတွေနဲ့ပတ်သက်ပြီး အတော်လေး ရှက်ရွံ့နေတာ တွေ့ရပါတယ်။ ဗြိတိသျှတန်ဖိုးကို ရှက်စရာမလိုပါဘူး။ မရှက်သင့်ပါဘူး"ဟု ဝန်ကြီးချုပ်က ရေးသားခဲ့သည်။

ထို့ကြောင့် ဗြိတိသျှတန်ဖိုးများကို အားပေးမြှင့်တင်ရာတွင် ပို၍ စိတ်အားထက်သန်ရန် လိုအပ်သည်ဟု ယုံကြည်ကြောင်းနှင့် ယင်းဗြိတိသျှတန်ဖိုးကို ဗြိတိန်နိုင်ငံတွင်းရှိ ကျောင်းတိုင်းတွင် အားပေးမြှင့်တင်သင့်ပြီး ကလေးငယ်တိုင်းအား ယင်းတန်ဖိုးကို သင်ပေးသင့်သည်ဟု ဝန်ကြီးချုပ်ကင်မရွန်းက အလေးအနက် တိုက်တွန်းခဲ့သည်။

—Ref: AFP

# အယ်လ်ကိုင်ဒါနှင့် ဆက်နွယ်နေသောအဖွဲ့များ အာဖဂန်နစ္စတန်ကို လုံခြုံရေးခြိမ်းခြောက်

**နယူးယောက်၊ ဇွန်-၁၄**

အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်နွယ်နေသော အကြမ်းဖက်အဖွဲ့ ကွန်ရက်များသည် အာဖဂန်နစ္စတန်နိုင်ငံအတွက် ကာလရှည်လုံခြုံရေး ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစီရင်ခံစာတစ်စောင်က ထုတ်ပြန်သည်။

ဇွန်လအတွက် ထုတ်ပြန်ခဲ့ပြီး အေအက်ဖ်ပီသတင်းက ရခဲ့သည့် ယင်းအစီရင်ခံစာတွင် အယ်လ်ကိုင်ဒါနှင့် ချိတ်ဆက်ထားသည့် အကြမ်းဖက်အဖွဲ့များဖြစ်သော တီရက်အီ တာလီဘန်ပါကစ္စတန်အဖွဲ့၊ လက်ရှ်ကာအီတိုင်ဘာအဖွဲ့နှင့် လက်ရှ်ကာအီဂျန်ဗီအဖွဲ့များမှာ နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် ပုံမှန်တိုက်ခိုက်မှုများ လုပ်နေသောအဖွဲ့များဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် မြောက်ပိုင်းတွင် ဥဇဘက်ကစ္စတန်အစ္စလာမ်မစ်လှုပ်ရှားမှုအဖွဲ့မှာလည်း အင်အားစုဆောင်းနေပြီး နိုင်ငံတွင်း အခြားပြည်နယ်များတွင်လည်း ထိုးဖောက်စိမ့်ဝင်မှုများ ရှိနေကြောင်း ဆိုသည်။

သို့သော် အာဖဂန်တွင် လိုဂါနှင့် ကဘူးလ်ပြည်နယ်များမှ ချေချင်းသာ စစ်သွေးကြွများမှာ မကြာမီ နိုင်ငံတွင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း ဆိုသည်။

သို့သော် ထိုအဖွဲ့များအားလုံးမှာ နိုင်ငံအတွက် အန္တရာယ်ဖြစ်ကြောင်းဆိုသည်။

"ဒါကြောင့် သူတို့ဟာ အာဖဂန်ကနေ ဒေသတွင်းနဲ့ အခြားနေရာတွေကိုပါ ပျံ့နှံ့သွားနိုင်တဲ့ အန္တရာယ်တွေရှိပါတယ်။ ကာလရှည် လုံခြုံရေးခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပါတယ်"ဟု အစီရင်ခံစာက ဖော်ပြသည်။

အစီရင်ခံစာတွင် ပြီးခဲ့သည့် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လအတွင်း တာလီဘန်တပ်မှူး ၅၀ ကျော် သတ်ဖြတ်ခံရခြင်းကိုလည်း ထောက်ပြထားပြီး ယင်းမှာ ပြိုင်ဘက် စစ်သွေးကြွများအကြား ပြိုင်ဆိုင်မှုပြင်းထန်လာခြင်းကို ပြနေကြောင်း သတိပေးသည်။

အာဖဂန်တွင် တာလီဘန်များမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှ မေလအတွင်း ဒေါ်လာသန်း ၅၀ ရရှိခဲ့ပြီး နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် မဟူရာစကျင်ကျောက် ထုတ်လုပ်ရောင်းချမှုမှ တာလီဘန်တို့ တစ်နှစ်လျှင် ဝင်ငွေ ဒေါ်လာ ၁၀ သန်းခန့်ရနေကြောင်း ဆိုသည်။ —Ref: AFP

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.15 • JUNE 18 , 2014



# ဥရောပရှိရေဒါများတွင် လေယာဉ်များ ပျောက်ကွယ်သွားခြင်း စစ်ရေးလေ့ကျင့်မှုနှင့်ဆက်စပ်နေ

**ဗီယင်နာ/ပရပ်ဂ်၊ ဇွန်-၁၄**

ယခုသီတင်းပတ်အတွင်း ဩစတြီးယား၊ ဂျာမနီ၊ ချက်သမ္မတနိုင်ငံနှင့် စလိုဗက်ကီးယားနိုင်ငံရှိ လေကြောင်းထိန်းသိမ်းရေး မျှော်စင် ရေဒါများမှ လေယာဉ်ဒါဇင်ပေါင်းများစွာ ခေတ္တပျောက်ကွယ်သွားခဲ့ပြီး ယင်းမှာ အီလက်ထရွန်နစ် စစ်ရေးလေ့ကျင့်မှုများကြောင့်ဟု စလိုဗက်ကီးယားအာဏာပိုင်များက ပြစ်တင်ပြောကြားသည်။

ဇွန်လ ၅ ရက်မှ ၁၀ ရက်အတွင်းဩစတြီးယားနှင့် ဂျာမနီနိုင်ငံ လေကြောင်းထိန်းသိမ်းရေး ရေဒါများပေါ်မှ လေယာဉ်များ၏ တည်နေရာ၊ ဦးတည်ရာအရပ်၊ အမြင့်ပေနှင့် အရှိန်နှုန်းပြအချက်အလက်များ ပျောက်ကွယ်သွားခဲ့သည်။



TOBY MELVILLE/REUTERS

သို့သော် အလွန်မြင့်သော အရပ်တွင် ပျံသန်းနေသော လေယာဉ်များအတွက် အန္တရာယ်မရှိခဲ့ပေ။

ယင်းနေ့များမှာပင် ချက်နှင့် စလိုဗက်ကီးယားနိုင်ငံ လေကြောင်းထိန်းမျှော်စင်များတွင်လည်း အလားတူဖြစ်ရပ်များ ကြုံခဲ့ရသည်။

ရေဒါမျက်နှာပြင်များမှအရာဝတ္ထုများ ပျောက်ကွယ်သွားခြင်းမှာ ဇွန်လ ၅ ရက်မှ ၁၀ ရက်အတွင်း ပြုလုပ်ရန် ကြိုတင်စီစဉ်ထားခဲ့သော စစ်ရေးလေ့ကျင့်မှုနှင့် ဆက်စပ်နေပြီး ယင်းစစ်ရေးလေ့ကျင့်မှု၏ ရည်မှန်းချက်မှာ ရေဒီယိုဆက်သွယ်ရေးလိုင်းများကို ပြတ်တောက်အောင် လုပ်ခြင်းဟု စလိုဗက်ကီးယားနိုင်ငံပိုင် လေကြောင်းဝန်ဆောင်မှုဌာနက ထုတ်ပြန်သည်။

ယင်းပြဿနာကို ဖော်ထုတ်ပြီးနောက် စစ်ရေးလေ့ကျင့်မှု စည်းရုံးခဲ့သောဘက်သို့ အကြောင်းကြားပြီး လေ့ကျင့်မှု ရပ်တန့်သွားသည်ဟု စလိုဗက်ကီးယားအစီရင်ခံစာတွင် ဖော်ပြသည်။

ယင်းအစီရင်ခံစာတွင် နေတိုးအဖွဲ့၏ လေ့ကျင့်မှုဟု မဖော်ပြထားသလို နေတိုးအဖွဲ့ကလည်း လတ်တလော မည်သည့်မှတ်ချက်မျှ မပေးပေ။ —*Ref: Reuters*

# ပါတီတွင်း မင်းမဲ့စရိုက်အပြုအမူကို လက်ခံမည်မဟုတ်ဟု အီတလီဝန်ကြီးချုပ်ပြောကြား

**မီလန်၊ ဇွန်-၁၄**

နိုင်ငံရေးစနစ်ကို အလုံးစုံပြုပြင်ပြောင်းလဲမှုကိစ္စအပေါ် ၎င်း၏ ပါတီမှ အထက်လွှတ်တော်အမတ် ၁၃ ဦးက ထောက်ခံမှု ရုပ်သိမ်းလိုက်ပြီးနောက် ယင်းအမတ်များမှာ ၁၅ မိနစ်တာ ကျော်ကြားမှုရရှိရေး လုပ်ဆောင်နေသည်ဟု အီတလီဝန်ကြီးချုပ် မက်တီယိုရန်ဇီက စွပ်စွဲပြောကြားပြီး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်သွားမည်ဟု ကတိပြုလိုက်သည်။

အာရှဒေသသို့ နိုင်ငံတော်အလည်အပတ်ခရီးအဖြစ် ရန်ဇီသွားရောက်နေစဉ် ဗုဒ္ဓဟူးနေ့က အီတလီအထက်လွှတ်တော်အား မြို့တော်ဝန်များ၊ ဒေသကောင်စီဝင်များ၊ သမ္မတခန့်အပ်သူများဖြင့် ဖွဲ့စည်း၍ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ဖြစ်လာရေး ဝန်ကြီးချုပ်၏ အစီအစဉ်ကို ဒီမိုကရက်တစ်ပါတီ(PD) အထက်လွှတ်တော်အမတ်များက ဆန့်ကျင်ခဲ့ကြသည်။

ဖေဖော်ဝါရီတွင် ဝန်ကြီးချုပ်ဖြစ်လာချိန်မှစ၍ အထက်လွှတ်တော်မှာ ဥပဒေပြုရေးလုပ်ငန်းစဉ်ကို နှေးကွေးစေပြီး ဘဏ္ဍာရေးယိုပေါက်တစ်ခုဟု ရန်ဇီက ပြောသည်။

အထက် လွှတ်တော်၏ အာဏာပါဝါများကိုထိန်းချုပ်သွားမည်ဟုလည်း ရန်ဇီက ပြောသည်။

အထက်လွှတ်တော်အမတ်သုံးဦးက ရန်ဇီ၏ အာဏာရှင်ဆန်သော လုပ်နည်းလုပ်ဟန်များမှာ အခြေခံဥပဒေနှင့်မညီဟု စွပ်စွဲပြောကြားပြီး ပါတီမှ ဆိုင်းငံ့သွားမည်ဟု ပြောကြားခဲ့ကြသည်။

ရန်ဇီကမူ ယင်းမှာ အာဏာရှင် အုပ်ချုပ်မှုမဟုတ်ဘဲ ပြတ်ပြတ်သားသားနှင့် အလုပ်ဖြစ်အောင်လုပ်လို၍ ဖြစ်သည်ဟု သောကြာနေ့ အစိုးရအဖွဲ့ အစည်းအဝေးအပြီး သတင်းထောက်များအား ပြောကြားသည်။

ဒီမိုကရက်တစ်ပါတီမှာ မင်းမဲ့စရိုက်ဆန်လာ၍ မဖြစ်ကြောင်းနှင့် ယင်းအမတ်များမှာ ၁၅ မိနစ်ကျော်ကြားမှုရအောင် လုပ်ဆောင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

—*Ref: Reuters*



7DAY NEWS JOURNAL

# International

Vol.13, No.15 • JUNE 18 , 2014

## တရားမဝင် အခြေချနေထိုင်သူများအား အပြီးတိုင်ရှင်းလင်းရေးမူဝါဒမရှိဟု ထိုင်းစစ်တပ်ပြောကြား

**ဘန်ကောက်၊ ဇွန်-၁၆**

ထိုင်းနိုင်ငံတွင် စစ်တပ်အာဏာသိမ်းလိုက်ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံသားများစွာ ထွက်ခွာသွားကြသော်လည်း တရားမဝင်နိုင်ငံခြား အလုပ်သမားများအား နိုင်ငံတွင်းမှ နှင်ထုတ်မည့် အပြီးတိုင်ရှင်းလင်းရေးမူဝါဒကျင့်သုံးနေသည်ဆိုခြင်းကို စစ်အစိုးရက ငြင်းပယ်လိုက်သည်။

မေလ ၂၂ ရက်တွင် စစ်တပ်က အာဏာသိမ်းလိုက်ပြီးနောက် တရားမဝင်အလုပ်သမားများအား နှိမ်နင်းမည်ကို စိုးရိမ်သော တရားမဝင် ကမ္ဘောဒီးယားနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးငယ် ၁၀၀,၀၀၀ ကျော်ခန့်မှာ ထိုင်းနိုင်ငံမှ ထွက်ပြေးသွားကြကြောင်း နိုင်ငံတကာရွှေ့ပြောင်းနေထိုင်မှုအဖွဲ့ (IOM)က ခန့်မှန်းဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံသားများသည် ၎င်းတို့ သဘောဆန္ဒအရ ထွက်ခွာသွားခြင်းဖြစ်ပြီး ဇွန်လ ၁၄ ရက်အထိ လူပေါင်း ၆၀,၀၀၀ ထိုင်းနယ်စပ်ကို ဖြတ်ကျော်ထွက်ခွာသွားကြောင်း ထိုင်းစစ်တပ်၏ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အမျိုးသားကောင်စီ (NCPO) က အခိုင်အမာပြောကြားသည်။

ထိုင်းနိုင်ငံတွင် တရားမဝင်နေထိုင်သူ ကမ္ဘောဒီးယားနိုင်ငံသား ၉၀,၀၀၀ ရှိသည်ဟု NCPO က ခန့်မှန်းဖော်ပြသည်။



နယ်စပ်ကိုဖြတ်၍ ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သားများ နေရပ်ပြန်ရန်စောင့်ဆိုင်းနေသည်ကို ဇွန်လ ၁၅ ရက်က တွေ့ရစဉ် REUTERS

တရားမဝင်အလုပ်သမားများကို အပြီးတိုင်ရှင်းလင်းရေးမူဝါဒ NCPO တွင် မရှိသော်လည်း ပြီးခဲ့သည့် ၁၀ နှစ်အတွင်း ဖြစ်ပွားခဲ့သော ပြဿနာများကို စာရင်းပြုစုနေစဉ် နိုင်ငံခြားလုပ်သားအင်အားကို စနစ်တကျ စီမံခန့်ခွဲရန် တရားမဝင် အလုပ်သမားများ နေထိုင်ရာ ဒေသများသို့ အာဏာပိုင်အဖွဲ့များ သွားရောက်ရမည်ဟု NCPO ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် ဝင်သိုင်ဆူဘာရီက ရိုက်တာသတင်းဌာနအား ပြောသည်။

ထိုင်းနိုင်ငံမှ ထွက်ခွာလာသူများကို ကောင်းမွန်စွာ ပြုမူဆက်ဆံရန် ထိုင်းနိုင်ငံအား တောင်းဆိုသွားမည်ဟု ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

များစွာသော မြန်မာ ရွှေ့ပြောင်းလုပ်သားများ ထိုင်းနိုင်ငံမှ ထွက်ခွာသွားသည်ကို ၎င်းတို့ သတိမပြုမိဟု လူ့အခွင့်အရေးအဖွဲ့များက ရိုက်တာသတင်းဌာနအား ပြောသည်။

ကာယအားဖြင့်လုပ်ရသော အလုပ်များနှင့် အိမ်စေအလုပ်တို့ အပါအဝင် ထိုင်းနိုင်ငံသားအများစု မလုပ်လိုကြသော အလုပ်များကို လုပ်ခိုင်းရန် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အလုပ်သမားများ အများစုပါဝင်သည့် နိုင်ငံခြားအလုပ်သမားများကို များစွာမှီခိုနေရသော ထိုင်းနိုင်ငံစီးပွားရေးအတွက် ယခုကဲ့သို့ အလုပ်သမား အများအပြားထွက်ခွာသွားခြင်းက ဆိုးကျိုးတစ်ခုဖြစ်လာနိုင်ကြောင်း ရိုက်တာသတင်းကဖော်ပြသည်။ —*Ref: Reuters*

## F-35 တိုက်လေယာဉ်များ အသုံးပြုခြင်း ပင်တဂွန်စစ်ဌာနချုပ် ယာယီရပ်ဆိုင်း

**ဝါရှင်တန်၊ ဇွန်-၁၆**

အင်ဂျင်မှ ဆီယိုစိမ့်မှုဖြစ်ပွားပြီးနောက် F35 ပူးပေါင်းတိုက်ခိုက်ရေး လေယာဉ်များအားလုံး အသုံးပြုခြင်းကို အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က ယာယီရပ်ဆိုင်းထားလိုက်သည်။

ယင်းလုပ်ရပ်မှာ အမြော်အမြင်ရှိသော လုပ်ရပ်ဖြစ်သည်ဟု ပူးပေါင်းတိုက်ခိုက်ရေး အစီအစဉ်အရာရှိများက ပြောသည်။

ဇွန်လ ၁၀ ရက်က F35 လေယာဉ်ကို မောင်းနှင်နေသည့် လေယာဉ်မှူးတစ်ဦးက အင်ဂျင်ဆီပြဿနာဖြစ်နေကြောင်းအသိပေးချက်ကို တွေ့မြင်ခဲ့ရသဖြင့် အရီဇိုးနားပြည်နယ်ရှိ မရိန်းတပ်ဖွဲ့ လေယာဉ်ကွင်းသို့ အန္တရာယ်ကင်းစွာ ဆင်းသက်ခဲ့ပြီးနောက် ယင်းလေယာဉ်များ အသုံးပြုခြင်းကို ပင်တဂွန်က ယာယီရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

F35 လေယာဉ်အားလုံးအနက် ၉၇ စီးကို လတ်တလော အသုံးပြုနိုင်ပြီဖြစ်ကာ အားလုံးစစ်ဆေးပြီးစီး၍ပြဿနာမရှိကြောင်း အာဏာပိုင်များက ပြောကြားပြီး သုံးစီးမှာ စမ်းသပ်မှုအရ ပြန်သုံးရန် ခွင့်ပြုချက်မရသေးပေ။

ယင်းလေယာဉ်သုံးစီးကို ပြင်ဆင်ပြီးချိန်အထိ အသုံးပြုခွင့်ပိတ်ပင်ထားမည်ဖြစ်သည်။

F35 လေယာဉ်အင်ဂျင်တစ်လုံးကို စုံစမ်းစစ်ဆေးရန် အချိန်မိနစ် ၉၀ စီ ကြာမြင့်ခဲ့ပြီး အားလုံးနီးပါး စုံစမ်းစစ်ဆေးပြီးဖြစ်ကာ ဇွန်လ ၁၄ ရက် ညနေတွင် ပြန်လည်အသုံးပြုနိုင်ရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း ယင်းအင်ဂျင်များ ထုတ်လုပ်သည့် Pratt & Whitney ကုမ္ပဏီကပြောသည်။

F35လေယာဉ်များကိုမောင်းနှင်ချိန် ၁၆,၀၀၀ နာရီ ပျံသန်းမှုအပါအဝင် မြေပြင်နှင့် ဝေဟင်စစ်ဆေးရေး နာရီပေါင်း ၃၂,၀၀၀ နီးပါး အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်ဟု Pratt & Whitney ကုမ္ပဏီ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောသည်။

F35 လေယာဉ်များမှာ ရေဒါဖြင့် စုံစမ်းသိရှိမှုကို ရှောင်ရှားနိုင်သည့် ကိုယ်ပျောက်တိုက်ခိုက်ရေးလေယာဉ်များအဖြစ် လူသိများသည်။ လေယာဉ်တစ်စီး ကုန်ကျစရိတ် ကန်ဒေါ်လာ သန်း ၁၆၀ ရှိသည့် F35 လေယာဉ်အစီးရေ ၂,၄၄၃ စီးအတွက် ကန်ဒေါ်လာ ၃၉၁ ဒသမ ၂ ဘီလီယံ အကုန်အကျခံ၍ ထုတ်လုပ်သွားမည်ဟု ပင်တဂွန်က ပြောသည်။

သို့သော် ထပ်မံကြန့်ကြာနိုင်မှုကြောင့် ကုန်ကျစရိတ် ယင်းထက်ပိုလာနိုင်သည်ဟု အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။ —*Ref: AFP*

## ဗီတာမင်ဖြည့်တင်းထားသော ငှက်ပျောသီးကို လူများတွင် စမ်းသပ်မည်

**ဆစ်ဒနီ၊ ဇွန်-၁၆**

လူ့ခန္ဓာကိုယ်တွင် ဗီတာမင်အေ ပမာဏများ တိုးပွားစေရန်နှင့် အာဖရိကရှိ လူသန်းပေါင်းများစွာတို့၏ဘဝ တိုးတက်စေရန် မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားသည့် ငှက်ပျောသီးကို ဩစတြေးလျ သုတေသနပညာရှင်များက စမ်းသပ်စိုက်ပျိုးခဲ့သည်။

ဗီတာမင်များဖြည့်တင်းထားသော ငှက်ပျောသီးကို လူသားများတွင် ပထမဆုံးအကြိမ် စမ်းသပ်မှုပြု၍ ဗီတာမင်အေပမာဏများ အကျိုးသက်ရောက်မှုကို စမ်းသပ်သွားမည်ဟု ဩစတြေးလျ သုတေသနပညာရှင်များက ဇွန်လ ၁၆ ရက်တွင် ပြောသည်။

ယူဂန်ဒါနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများမှ ကလေးငယ်များတွင် ဗီတာမင်အေ ချို့တဲ့မှုကြောင့် မျက်စိကွယ်ခြင်းနှင့် သေအံ့ဆဲဆဲဖြစ်ခြင်းကို တားဆီးရန် အဓိကရည်ရွယ်သည်ဟု အေအေပီ သတင်းက ဖော်ပြသည်။

ဩစတြေးလျနိုင်ငံ ကွင်းစ်လန်းနည်းပညာတက္ကသိုလ် (QUT) မှ သုတေသနပညာရှင်များသည် ကွင်းစ်လန်းပြည်နယ် မြောက်ဖျားပိုင်းတွင် ပေါက်သော ငှက်ပျောသီးများကို အယ်လ်ဖာကာရိုတင်းနှင့် ဘီတာကာရိုတင်းများ ကြွယ်ဝစေရန် မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲခဲ့သည်။

ယင်းငှက်ပျောသီးများကို လူသားများဖြင့် စစ်ဆေးမှုများ ပြုလုပ်ရန် အမေရိကန်အိုင်အိုဝါပြည်နယ်တက္ကသိုလ်သို့ ပို့ထားသည်။ ကိုးနှစ်ကြာ အဆိုပါစီမံကိန်းကို ဘီလ်နှင့် မလင်ဒါဂိတ်စ်ဖောင်ဒေးရှင်းက ကန်ဒေါ်လာ ၁၀ သန်း ထောက်ပံ့ပေးသည်။

၂၀၂၀ ပြည့်နှစ်အရောက်တွင် ဗီတာမင်အေကြွယ်ဝသော ငှက်ပျောသီးမျိုးများကို ယူဂန်ဒါနိုင်ငံတွင် စိုက်ပျိုးမည်ဖြစ်သည်။ —*Ref: AAP*



# ဂျင်းရှီမော်တော်ဆိုင်ကယ်၏

## အထူး PROMOTION ဈေးနှုန်းအစီအစဉ်



765,000 ကျပ်



## ဖြင့် လက်ငင်း ဝယ်ယူနိုင်ပြီ။

MARKETED BY AstroNova INTERNATIONAL CO.,LTD.

No.(70), Corner of U Tun Nyo St and U Chain St, Industrial Zone(2), Hlaing Thar Yar Tsp, Yangon, Myanmar.951-687 933, 09-250369039
email: astronova.myanmar@gmail.com

# STRONG SOURCE Construction Co., Ltd.



## ဆောက်လုပ်ပြီးအသင့်နေ ကွန် ဒိုတိုက်ခန်းများ(ရေစနစ်ပြည့်စုံ (BCC) ကျပြီး)

- (25′ x 80′) အကျယ်အဝန်း (2000 Sqft)
  (ရုံးခန်းဖွင့်လိုသူများအတွက်အထူးသင့်လျော်သည်)
- နှစ်ခန်းတွဲ (၈)ထပ်တိုက်
- ဓာတ်လှေကား(၁)စင်း (Generator သီးသန့်)
- ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ

**ငွေပေးချေမှုစနစ်**

(၁) လက်ငင်းငွေပေးချေမှု
(၂) (၆)လမှ (၂၄)လအထိ အရစ်ကျငွေပေးချေမှု

- မြေကွက်ပိုင်ရှင်များအကျိုးတူပူးပေါင်းဆောင်ရွက်လိုပါကဆက်သွယ်နိုင်ပါသည်
- ကွန်ဒိုမီနီယမ်ဆောက်လုပ်ရန်သင့်လျော်ကျယ်ဝန်းသောမြေကွက်များအားဝယ်ယူလိုပါသည်

**ဆက်သွယ်ရန်** အမှတ်(၃၈)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၇၁၉၆၅၊ ၀၁-၅၆၂၆၅၄၊ ၀၉-၄၂၀၁၁၂၂၃၃၊ ၀၉-၄၂၁၀၂၂၀၅၁

7 DAY NEWS JOURNAL
Vol.13, No.15 ▪ JUNE 18 , 2014

စာမျက်နှာ ၃ မှ

## တာဝန်ယူမှုမဲ့နေသည့် လမ်းမပေါ်မှ အန္တရာယ်

အတွင်း ပြုတ်ကျ၍ သေဆုံးသွားခဲ့သည်။

ရန်ကုန်မြို့ကို မိုးရေထဲမှ ကယ်တင်ရန် ငွေကျပ် ၁၂ ဘီလီယံ သုံးမည်ဟု ဆိုထားသည်။ သို့သော် မိုးစရုံပင်ရှိသေးသည် ရေကပတ်လည်ဝိုင်းနေပြီဖြစ်သည်။

ဝေဖန်ထောက်ပြသူများက လမ်းဘေးရေမြောင်းထဲသို့ လူပြုတ်ကျပြီး သေဆုံးပါက တာဝန်ရှိသူသည် အစိုးရသာမက ပြည်သူများအပေါ်တွင်လည်း ရှိကြောင်း ပြောဆိုကြသည်။

"လမ်းဘေးက ရေမြောင်းထဲကို ပြုတ်ကျပြီးသေရင် အစိုးရတင် မဟုတ်ဘူး။ ပြုတ်ကျတဲ့ ရပ်ကွက်နေပြည်သူတွေရော တာဝန်ရှိတယ်။ တာဝန်ရှိတဲ့သူကတော့ နှစ်ဖက်လုံးပဲ။ အစိုးရကလည်း တာဝန်ယူမှုရှိရမယ်။ ပြည်သူတွေကလည်း ပွင့်လင်းမြင်သာတဲ့ ခေတ်မှာ ပြောဆိုထောက်ပြရမယ်" ဟု နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

ရန်ကုန်မြို့တွင်း မိုးတွင်းကာလ ခြေလျင်သွားလာနေရသူ ၁၀ ဦးကိုမေးလျှင် အနည်းဆုံး ၇ ဦးကတော့ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုမရှိဘဲ သွားလာနေရကြောင်း ပြောဆိုသည်။

"ကျောင်းတက် ကျောင်းဆင်းချိန် မိုးရွာရင် ကလေးမိဘတွေ ကျောင်းကြိုပို့လုပ်စေချင်တယ်။ ကလေးတွေ လမ်းလျှောက်တဲ့ပုံစံက မလွယ်ဘူး။ အချိန်မရွေး ပြုတ်ကျသွားနိုင်တယ်"ဟု ရန်ကုန်မြို့တွင်းရှိ ရေမြောင်းများအတွင်း ကလေးများပြုတ်ကျသေဆုံးမှုများနှင့် ပတ်သက်ပြီး မရမ်းကုန်း(သမိုင်း)မြို့နယ်တွင် နေထိုင်သော လေးတန်းကျောင်းသား၏မိခင် ဒေါ်မြင့်ခင်က ကလေးမိဘများအား သတိပေးသည်။

ရေမြောင်းအတွင်း ပြုတ်ကျသေဆုံးမှုများတွင် သက်ဆိုင်ရာ တာဝန်ရှိသူများကို အမှုဖွင့်အရေးယူမှု တစ်စုံတစ်ရာ ပြုလုပ်ခြင်း မရှိကြဘဲ သေမှုသေခင်းဖွင့်သာ အမှုဖွင့် ပြီးဆုံးသွားကြသည်။ ရေမြောင်းအတွင်းပြုတ်ကျ၍သေဆုံးမှုဖြစ်ပွားပါက သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေး၏ တာဝန်ရှိမှုအပိုင်းကို မေးခွန်းထုတ်ခြင်း မရှိ။ တာဝန်ယူခိုင်းသည့် အလေ့အထလည်း မရှိသေးပေ။

ထို့အတူ မြို့တော်စည်ပင်ကလည်း မြို့သူမြို့သားတို့ ထိခိုက်သေဆုံးမှုများအတွက် တာဝန်ရှိကြောင်း ပြောဆိုတောင်းပန်ရန်ဝေးလို့ အားနည်းချက်ကိုဝန်ခံ၍ပင် နှုတ်ဆိတ်နေခဲ့သည်။ ယခုဆောင်းပါးအတွက် သက်ဆိုင်ရာ မြို့တော်စည်ပင်လမ်းတံတားဌာနသို့ဆက်သွယ်မေးမြန်းသော်လည်း ပြန်လည်တုံ့ပြန်ဖြေကြားခြင်း မရှိပေ။

"ရေမြောင်းအတွင်း ပြုတ်ကျသေဆုံးရင် စည်ပင်ကို အရေးယူလို့ရတယ်။ သူတို့ တာဝန်ပျက်ကွက်လို့၊ ဝတ္တရားပျက်ကွက်လို့၊ ခိုင်ခံ့စွာ မလုပ်ပေးလို့ ဖြစ်ရတာပါ" ဟု ရေမြောင်းအတွင်း ပြုတ်ကျသေဆုံးမှုများ ဖြစ်ပွားပါက သက်ဆိုင်ရာ စည်ပင်သာယာကို အရေးယူဆောင်ရွက်နိုင်မှုနှင့် ပတ်သက်ပြီး ရှေ့နေဦးခင်ဇော် (မရမ်းကုန်း)က ပြောသည်။

မိုးရွာသွန်းမှုကြောင့် ရေမြုပ်၍ ပလက်ဖောင်းရေမြောင်းအတွင်းပြုတ်ကျမှုမှာ ရန်ကုန်မြို့တွင်သာမက နယ်မြို့များတွင်လည်း ဖြစ်ပွားကြသည်။ ယခုလ ပထမပတ်အတွင်း တာချီလိတ်မြို့ လမ်းဆုံရှိ ရေမြောင်းဖုံးအပေါက်မှ အဘွားအိုတစ်ဦး ပြုတ်ကျမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ရန်ကုန်မြို့တွင် မိုးရွာသွန်းမှုကြောင့် ရေမြောင်းအတွင်း ပြုတ်ကျသေဆုံးနိုင်သော နေရာများမှာ ရေဝပ်များသော နေရာများဖြစ်သည့် တာမွေ၊ မရမ်းကုန်း၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ကျောက်မြောင်း၊ လှိုင်သာယာမြို့နယ်တို့ဖြစ်သည်။ မိုးရွာသွန်းချိန်၌ ထိုမြို့နယ်များရှိ လမ်းများပေါ်တွင် သေချာစူးစိုက်သွားလာရမည်ဖြစ်သည်။

"ပြည်သူတွေအန္တရာယ်မဖြစ်အောင် အစိုးရကလည်း လုပ်ပေးရမယ်။ ပြည်သူတွေမှာလည်း တာဝန်ရှိတာပဲ။ ပြည်သူတွေက အပြစ်ပြောတာမဟုတ်ဘဲ အပြုသဘောမျိုးနဲ့ အစိုးရကို အကြံပြုပေးရင် ကောင်းမယ်။ မိုးတွင်းကာလမှာ ရေကြီးရေလျှံတယ်ဆိုရင်သက်ဆိုင်ရာ စည်ပင်က တာဝန်ယူပြီး ပြည်သူတွေ အန္တရာယ်မဖြစ်အောင် လုပ်ပေးရမှာပဲ" ဟု စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက ပြောသည်။

ယခုနှစ် မိုးရာသီအစတွင် ရန်ကုန်မြို့၌ ရေမြောင်းအတွင်း ပြုတ်ကျသေဆုံးမှု ဖြစ်စဉ်မရှိသေးပေ။ သို့သော် ရေမြောင်းဖုံးများကိုသက်ဆိုင်ရာဌာနက လာရောက်ပြုလုပ်ပေးခြင်း မရှိသေးပေ။ ကျောင်းဆင်းချိန် မိုးရွာပါက ကျောင်းသားမိဘများက ကျောင်းရှေ့သို့အပြေးသွားပြီး ကြိုစောင့်နေကြပါပြီ။ ခရီးသွားပြည်သူများကလည်း မိုးရွာလျှင် စမ်းတဝါးဝါးဖြင့်သာ သွားမြဲသွားနေရဆဲဖြစ်သည်။ ။









# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## ရွေးကောက်ပွဲများတွင် ပီအာရ်စနစ် ပြောင်းလဲကျင့်သုံးမည်

လာမည့် ရွေးကောက်ပွဲများတွင် အမျိုးသားလွှတ်တော်၌ အချိုးကျ ကိုယ်စားပြုရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန် ဇွန်လ ၁၁ ရက်တွင် ကျင်းပခဲ့သော အမျိုးသားလွှတ်တော်က အတည်ပြုဆုံးဖြတ်လိုက်သည်။ လာမည့် ရွေးကောက်ပွဲများတွင် မည်သည့်ပါတီမဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြုစနစ်ကျင့်သုံးရန် လွှတ်တော်မှ အဆုံးအဖြတ်ပေးပါရန် ရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်းအဆိုကို အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က တင်သွင်းခဲ့သည်။ ယင်းအဆိုကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်ခဲ့ကြသော်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်အများစု၏ ထောက်ခံမဲကြောင့် အဆိုမှာ အမျိုးသားလွှတ်တော်တွင် ထောက်ခံသူ ၁၁၇ ဦး ကန့်ကွက်မဲ ၈၅ ဦးဖြင့် အတည်ပြုလိုက်သည်။ အချိုးကျကိုယ်စားပြုစနစ်ကို အမျိုးသားလွှတ်တော်တွင် ကျင့်သုံးနိုင်ရန်အတွက် ကော်မရှင်တစ်ရပ်ကို အဖွဲ့ဝင် ၄၀ ဦးဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဖွဲ့စည်းလိုက်ပြီး ယင်းကော်မရှင်တွင် ပါဝင်နေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ပါတီ၏ မူဝါဒနှင့် မကိုက်ညီသည့်အတွက် နုတ်ထွက်မှုများ ပြုလုပ်ခဲ့ကြသည်။

## လေ့ကျင့်ရေး တိုက်လေယာဉ်တစ်စီး ပျက်ကျ

မကွေးလေတပ်ဌာနချုပ်မှ လေ့ကျင့်ရေး တိုက်လေယာဉ် MIG29UB မှာ လေ့ကျင့်ရေး ပြုလုပ်နေစဉ် မြို့သစ်မြို့ ယောင်းမကျေးရွာအနီး ယာခင်းအတွင်းသို့ ဇွန်လ ၁၁ ရက် နံနက်က ပျက်ကျသွားခဲ့သည်။ လေယာဉ်တစ်စီးလုံး မီးလောင်ပျက်စီးသွားသော်လည်း လေယာဉ်ပေါ် ပါရှိသော တပ်မတော် အရာရှိနှစ်ဦးမှာ လေထီးဖြင့်ခုန်ချ၍ လွတ်မြောက်ခဲ့သည်။

## တွင်းတောင်တွင် စိမ်းပြာရေညှိ မထွက်တော့

စိမ်းပြာရေညှိ (စပီရူလိုင်းနား)များ သဘာဝအတိုင်း ထွက်ရှိသည့် တွင်းတောင်တွင် ရေချိုဝင်ရောက်မှုများကြောင့် PH Level ကျဆင်းကာ အထွက်နှုန်းလျော့နည်း၍ လက်ရှိတွင် လုံးဝမထွက်တော့ကြောင်း သတင်းရရှိသည်။ ၂၀၀၆ ခုနှစ်က စတင်ခဲ့သည့် မြစ်ရေတင်စီမံကိန်းကြောင့် ရေချိုဝင်ရောက်ပြီး စိမ်းပြာရေညှိမှာ လုံးဝမထွက်ရှိတော့ခြင်းဖြစ်သည်။ တွင်းတောင်တွင် စိမ်းပြာရေညှိများ ပွားများလာခြင်း မရှိတော့သည့်အပြင် ငါးများသည်လည်း စိမ်းပြာရေညှိများ စားသုံးသည့်အတွက် လျော့နည်းရာမှ လုံးဝမထွက်ရှိတော့သည့်အခြေအနေသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ စိမ်းပြာရေညှိ မူလအတိုင်း အထွက်နှုန်းတိုးစေရန် မြစ်ရေတင်စီမံကိန်းဖြင့် စပါးစိုက်ပျိုးမှုကို ရပ်ဆိုင်းခြင်းနှင့် စပါးစိုက်ပျိုးရန် ဖောက်လုပ်ထားသည့် မြောင်းကို ကွန်ကရစ်မြောင်းအဖြစ် ပြောင်းလဲလုပ်ဆောင်သင့်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက အကြံပြုထားသည်။

## ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေ ရခိုင်ပြည်နယ်တွင် စတင်အကောင်အထည်ဖော်

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ဇွန်လ ၁၅ ရက်မှစတင်၍ ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ မြေပုံမြို့နယ်ကို Pilot ဧရိယာအဖြစ် သတ်မှတ်၍ ၁၉၈၂ ခုနှစ် ဥပဒေဖြင့် နိုင်ငံသားစိစစ်ခြင်း လုပ်ငန်းများကို စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရလဒ်အပေါ် မူတည်၍ ရခိုင်ပြည်နယ်ရှိ ကျန်မြို့နယ်များတွင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

## မဟာသန္တိသုခ ကျောင်းတိုက်ကို ချိပ်ပိတ်

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိမဟာသန္တိသုခ ကျောင်းတိုက်ကို တိုင်းသံဃနာယက ဆရာတော်များ ဦးဆောင်သည့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များက အင်အားသုံးကာ ဇွန်လ ၁၀ ရက် ည ၁၁ နာရီတွင် ဝင်ရောက်စီးနင်းပြီး ကျောင်းတိုက်ရှိ သံဃာတော်များအားဖယ်ရှား၍ ကျောင်းတိုက်ကို ချိပ်ပိတ်လိုက်သည်။ ထိုကျောင်းတိုက်တွင် သီတင်းသုံးနေသော အင်္ဂလန်ဆရာတော် ဦးပညာဝံသ အပါအဝင် သံဃာကိုးပါးနှင့် လူ ၂၃ ဦးကို အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။ ဇွန်လ ၁၃ ရက်က အင်္ဂလန် ဆရာတော် ဦးပညာဝံသနှင့်သံဃာတော်လေးပါးကိုလူဝတ်လဲကာ တရားရုံးချိန်းထုတ်၍ အင်းစိန်ထောင်သို့ ပို့ဆောင်ခဲ့သည်။

## ကောက်ရသော ကျပ်သိန်းကိုးဆယ် ပြန်အပ်သည့် ဆိုက်ကားဆရာ စာရိတ္တဂုဏ်ရည်ဆု ချီးမြှင့်ခံရ

မြန်မာ့ စီးပွားရေးဘဏ်မှ ထုတ်ယူပြီး မေ့ကျန်ခဲ့သော ကျပ်သိန်းကိုးဆယ်ကျော်ပါရှိသည့် ငွေထုပ်ကို တွေ့ရှိပြီး ပြန်လည်ပေးအပ်ခဲ့သူ အနေးယာဉ်လုပ်သား ဦးစန်းဝင်းအား ပြည်မြို့ဒေသခံများစုပေါင်း၍ စာရိတ္တဂုဏ်ရည်ဆု ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ အဆိုပါ ကျပ်သိန်းကိုးဆယ်ရှိ ငွေထုပ်ကောက်ရသည့် နေ့တွင် ငွေထုပ်တွင်ပါရှိသည့် လိပ်စာအတိုင်း လိုက်ရှာပေးသော်လည်း မတွေ့သဖြင့် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာထံ ပြန်လည်အပ်နှံခဲ့သည်။ မေ့ကျန်ခဲ့သူမှာ RTC မှ ဝန်ထမ်းတစ်ဦးက လစာငွေများ ထုတ်လာခြင်းဖြစ်ပြီး ၎င်း၏ တစ်လလစာငွေအား ကျေးဇူးဆပ်သည့်အနေဖြင့် ကန်တော့သော်လည်း ကိုယ်ချင်းစာပြီး လက်မခံခဲ့ပေ။ ပြည်မြို့ရှိ စေတနာရှင် ဒေသခံ ၇၀ ကျော် စုပေါင်းချီးမြှင့်သည့် ငွေကျပ် ခုနစ်သိန်းငါးထောင်ကို ရိုးသားသည့်ဂုဏ်ကို ချီးမြှင့်ခြင်းဖြစ်သဖြင့် ဝမ်းသာစွာလက်ခံပြီး ဘဏ်၌သာ အပ်နှံထားကြောင်း ဦးစန်းဝင်းကပြောသည်။

## ဦးအုံ့မောင် သမ္မတအကြံပေး မဟုတ်

မဟာသန္တိသုခကျောင်းတိုက်ကို သာသနာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်း သံဃနာယက ဆရာတော်များ ဦးဆောင်၍ ချိပ်ပိတ်အရေးယူခဲ့သည့် ဖြစ်စဉ်တွင် အဓိကနေရာမှ ပါဝင်ခဲ့သူ ဦးအုံ့မောင်သည် သမ္မတရုံးအကြံပေးအဖြစ် ဇွန်လ ၁၁ ရက်တွင် သတင်းစာရှင်းလင်းပွဲ လုပ်ခဲ့သည်။ ဇွန်လ ၁၄ ရက်တွင် နိုင်ငံတော်သမ္မတရုံးက ဦးအုံ့မောင်မှာ သမ္မတရုံးအကြံပေးပုဂ္ဂိုလ်မဟုတ်ဘဲ သတင်းစာရှင်းလင်းပွဲသည်လည်း သမ္မတရုံးကို ကိုယ်စားမပြုကြောင်း ဖြေရှင်းချက်ထုတ်ခဲ့သည်။ ဦးအုံ့မောင်သည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၎င်းနှင့်ပတ်သက်၍ သာသနာရေးဝန်ကြီးဌာနက ရှင်းလင်းပြောဆိုရန် အစီအစဉ်မရှိဟု ဆိုသည်။

## မြန်မာအိမ်အကူ အမျိုးသမီးကို ညှဉ်းပန်းနှိပ်စက်သည့် စင်ကာပူမှ နိုင်ငံခြားသား လင်မယားနှစ်ဦး တရားစွဲခံရ

စင်ကာပူနိုင်ငံရောက် မြန်မာအိမ်အကူအမျိုးသမီးကို ညှဉ်းပန်းနှိပ်စက်ခဲ့သော စင်ကာပူနိုင်ငံမှ အိမ်ရှင် နိုင်ငံခြားသားလင်မယားနှစ်ဦးကို စင်ကာပူအစိုးရက နာကျင်စေမှုပုဒ်မဖြင့် စတင်တရားစွဲပြီဖြစ်သည်။ အဆိုပါ လင်မယားနှစ်ဦးသည် မြန်မာအိမ်အကူအမျိုးသမီးကို ရိုက်နှက်ခြင်း၊ အန်ဖတ်များစားခိုင်းခြင်း၊ ဆံပင်ဆွဲ၍ ဝမ်းဗိုက်ပေါ် တက်နင်းခြင်းတို့ ပြုလုပ်ခဲ့သည့်အပြင် ဓာတ်ပုံရိုက်ရန် အဝတ်အစားများ ချွတ်ခိုင်းခြင်း စသည့် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့၍ မြန်မာအိမ်အကူအမျိုးသမီးက ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်ကတည်းက ရဲထံ တိုင်ကြားခဲ့သည်။ သို့သော် ရဲမှ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ်များ ကြန့်ကြာ၍ ယခုမှ တရားရုံးသို့ ရောက်ရှိပြီး တရားရင်ဆိုင်သွားရန် စီစဉ်နေသည်။

## ဇုန်ထုတ်ကားများကို ယခုနှစ်အတွင်း အပ်နှံခွင့်ပြုမည်

စက်မှုဇုန်များမှ ထုတ်လုပ်သော ဇုန်ကားများကို ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်ဖြင့် ယခုနှစ်အတွင်း အပ်နှံခွင့်ပြုတော့မည်ဖြစ်သည်။ စက်မှုဇုန်များမှ ထုတ်လုပ်ခဲ့သည့် အရည်အသွေးနိမ့် ဇုန်ကားများကို ပိုင်ရှင်ဆန္ဒအရ ယာဉ်အိုယာဉ် ဟောင်းဖျက်သိမ်းရေးတွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဟု ဇွန်လ ၁၀ ရက် တွင် ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဒုဝန်ကြီးဦးချန်မောင်က ပြောသည်။ လက်ရှိတွင် ယာဉ်အိုယာဉ်ဟောင်း စနစ်အရ ၂၀၁၁ ခုနှစ်မှစတင်ပြီး သက်တမ်းလွန်ယာဉ်အိုယာဉ်ဟောင်းများကို လက်ခံခဲ့ရာ ၂၀၁၄ခုနှစ်ဇွန်လအထိ ၁၃၀,၅၁၈စီးဖျက်သိမ်းဆောင်ရွက်ပြီးဖြစ်သည်။

## သိပ္ပံနှင့် နည်းပညာကျောင်းသားများ နိုင်ငံရေးဆူပူလှုပ်ရှားလျှင် ကျောင်းထုတ်ခံရမည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများတွင် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံရေးဆူပူလှုပ်ရှားမှုများ၌ ပါဝင်ပါက ကျောင်းထုတ်ခံရမည်ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနက ဇွန်လ ၉ ရက်ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ထားသည်။ ပြီးခဲ့သည့် မေလ ၂၈ ရက်က ကျင်းပသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသဘောတူဆုံးဖြတ်ချက်အရ နိုင်ငံရေးဆူပူမှုဆိုင်ရာ ပြစ်မှုများ၊ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုများနှင့် ကျောင်းစည်းကမ်းဆိုင်ရာ ပြစ်မှုများ ကျူးလွန်ပါက အရေးယူခံရမည့် ပြစ်ဒဏ်များကို အသိပေးကြေညာခြင်းဖြစ်သည်။ ပြစ်ဒဏ်ဆိုင်ရာအသိပေးချက်ကိုဇွန်လ၁၀ ရက်က ရမည်းသင်းနည်းပညာ တက္ကသိုလ်တွင် ကျောင်းအုပ်ကြီးလက်မှတ်ရေးထိုး၍ ကြော်ငြာသင်ပုန်းတွင် ကပ်ထားသော်လည်း အခြားနည်းပညာ တက္ကသိုလ်များတွင်ကြေညာမှု မရှိသေးပေ။

## ပညာရေးဝန်ကြီးဌာနနှင့် ဒေါက်တာကျင်ငွေးအမှု ဝန်ကြီးဌာနရှုံး

ပညာရေးဝန်ကြီးဌာနနှင့် ဖြစ်ပွားနေသော အမှုအတွက် ရန်ကုန်အဝေးသင် တက္ကသိုလ်၊ စီးပွားရေးဌာန၊ ဌာနမှူး ဒေါက်တာကျင်ငွေးကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က အနိုင်ပေးသော အမိန့်ချမှတ်လိုက်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပထမဆုံးအကြိမ်အဖြစ် အစိုးရအာဏာပိုင် အဖွဲ့အစည်းဖြစ်သော ဝန်ကြီးဌာနနှင့် ဌာနဝန်ထမ်းတို့ ထိပ်တိုက်အမှုရင်ဆိုင်ခဲ့ခြင်းဖြစ်ပြီး ဌာနဝန်ထမ်းက အနိုင်ရလိုက်ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ပင်စင်မယူမနေရ ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ပေးရန် စာချွန်တော် တင်သွင်းပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စစ်ဆေးကာ ဇွန်လ ၉ ရက်တွင် ဒေါက်တာကျင်ငွေးအား မယူမနေရ ပင်စင်ပေးသော အမိန့်ကို ပယ်ဖျက်ပေးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

## ရန်ကုန်တွင် ရေကြီးရေလျှံ

ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ကျပ် ၁၂ ဘီလီယံကျော် အကုန်အကျခံဆောင်ရွက်နေသည်ဟု အစိုးရက ကြေညာထားသော်လည်း ဇွန်လ ၁၂ ရက် နံနက်က ရွာသွန်းခဲ့သည့် မိုးကြောင့် ရန်ကုန်မြို့အနှံ့ ရေနစ်မြုပ်ခဲ့သည်။ ရေကြီးရေနစ်မြုပ်မှုကြောင့် လမ်းများပိတ်ဆို့ခြင်း၊ လူနေရပ်ကွက်အချို့တွင် ရေများလွှမ်းသွားခြင်း၊ စာသင်ကျောင်းအချို့ ပိတ်ခဲ့ရခြင်း၊ ဘတ်စ်ကား၊ မီးရထားကဲ့သို့သော သယ်ယူပို့ဆောင်ရေးစနစ်များ နှောင့်နှေးရပ်တန့်သွားခြင်း စသည်တို့ဖြစ်ပွားခဲ့သည်။ ဇွန်လ ၁၂ ရက်က ပြည်လမ်း အေဒီမီးပွိုင့်တွင် ကားများပိတ်ဆို့နေစဉ် ကားတစ်စီးခေါင်မိုးပေါ်သို့တက်ကာ အမျိုးသမီးတစ်ဦး ဆန္ဒထုတ်ဖော်ခဲ့ပြီး ယင်းအမျိုးသမီးသည် စိတ်ပိုင်းဆိုင်ရာ ဝေဒနာ ခံစားနေရသူဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.15 ▪ JUNE 18 , 2014

# ပီအာရ်က ပြည်ခိုင်ဖြိုးရဲ့ တစ်ခုတည်းသော ထွက်ပေါက်လား




**ရန်မျိုးနိုင်၊ အိမြှူလွင်**

၂၀၁၅ အထွေထွေရွေးကောက်ပွဲ မတိုင်မီ တစ်နှစ်ကျော်ကျော်သာ လိုသည့်အချိန်တွင် လွတ်လပ်ရေး ရပြီးကတည်းက မြန်မာနိုင်ငံ၌ အစဉ်အဆက် ကျင့်သုံးလာသည့် ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲကျင့်သုံးရမည့် အကြောင်းအရာတစ်ရပ် ပေါ်လာသည်။

မြန်မာနိုင်ငံတွင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဟူ၍ လွှတ်တော်များရှိရာ အမျိုးသားလွှတ်တော်၌ လက်ရှိကျင့်သုံးနေသည့် နိုင်သူအကုန်ယူ ရွေးကောက်ပွဲစနစ်မှ အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲကျင့်သုံးသွားတော့မည်ဖြစ်သည်။

လာမည့် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်ကို အမျိုးသားလွှတ်တော်တွင် ပြောင်းလဲကျင့်သုံးရန် ဇွန်လ ၁၁ ရက်က ကျင်းပသော အမျိုးသားလွှတ်တော်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်အများစု၏ ထောက်ခံမှုဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

လက်ရှိ ရွေးကောက်ပွဲစနစ်ဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) သည် အပြတ်အသတ်အနိုင်ရမည်မှာ သေချာနေသောကြောင့် ၂၀၁၅ မတိုင်မီ ရွေးကောက်ပွဲစနစ် ပြောင်းလဲခြင်းသည် ပြည်ခိုင်ဖြိုးပြင်ဆင်ထားသည့် နိုင်ငံရေးအရ ညစ်လုံးတစ်ခု ဖြစ်နိုင်သည်။

"အင်န်အယ်လ်ဒီကို တစ်နိုင်ငံလုံးက ထောက်ခံနေကြတယ်။ အဲဒီတော့ ရွေးကောက်ပွဲမှာ အင်န်အယ်လ်ဒီကို သူတို့ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) က မနိုင်နိုင်ဘူး။ ဒီစနစ်ကို လုပ်လိုက်တာဟာ နိုင်ငံရေးအရ လုပ်ကြံတာပဲ" ဟု ရခိုင်အမျိုးသားပါတီ ဗဟိုကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်က ပြောသည်။

လွှတ်တော်တွင် ပါတီကြီးတစ်ခုတည်းကသာ နေရာယူထားခြင်းမဟုတ်ဘဲ အင်အားနည်းပါတီများပါ ဝင်ရောက်ပါဝင်နိုင်ရေး ရည်ရွယ်ပြီး ပီအာရ်ကို ပြောင်းလဲကျင့်သုံးမည်ဆိုသည်မှာ ရုပ်ပြအဖြစ်သာရှိပြီး အဓိကရည်ရွယ်ချက်မှာ ၂၀၁၅ တွင် အင်န်အယ်လ်ဒီ နိုင်ငံလုံးအတိုင်းအတာဖြင့် အနိုင်မရရှိစေရန် လုပ်ဆောင်ခြင်းပင်ဖြစ်သည်ဟု ဦးအုန်းတင်က ၎င်း၏ အမြင်ကို ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

ပီအာရ်ရွေးကောက်ပွဲစနစ်သည် လက်ရှိ ရွေးကောက်ပွဲစနစ်ကဲ့သို့ မဲအများဆုံးရရှိသူက အနိုင်ရရှိသည့် ရိုးရှင်းလွယ်ကူသည့် စနစ်မဟုတ်ဘဲ သတ်မှတ်ထားသော မဲရာခိုင်နှုန်းရရှိသည့် ပါတီတိုင်းသည် သတ်မှတ်ထားသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ကိုအသီးသီးရရှိကြမည့်စနစ်ပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ပီအာရ်စနစ်ကို ကျင့်သုံးသည့် နိုင်ငံပေါင်း ၈၀ ကျော်ရှိနေသော်လည်း ယင်းနိုင်ငံများတွင် ကျင့်သုံးနေကြသည့် ပီအာရ်စနစ်များသည် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းသလို တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီမှုမရှိသည်ကို လေ့လာတွေ့ရှိရသည်။

ပီအာရ်ရွေးကောက်ပွဲစနစ်ကြောင့် အဓိကအတိုက်အခံနိုင်ငံရေးပါတီဖြစ်သော အင်န်အယ်လ်ဒီပါတီသည် ပြည်ထောင်စုလွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ရာနှုန်းပြည့်နီးပါး အနိုင်ရရှိရန် ခက်ခဲသွားစေသည်။

ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်အများစု မရရှိပါက လွှတ်တော်တွင်း အင်အားချည့်နဲ့နိုင်ပြီး အစိုးရတစ်ရပ်ကို မိမိတို့ပါတီဖြင့် ဖွဲ့စည်းရန်လည်း အင်န်အယ်လ်ဒီပါတီအတွက် အကျပ်အတည်းဖြစ်စေနိုင်သည်ဟု နိုင်ငံရေးအသိုင်းအဝိုင်းက သုံးသပ်ကြသည်။

"ဒီစနစ် (ပီအာရ်)က အင်န်အယ်လ်ဒီကို ရွေးကောက်ပွဲမှာ အနိုင်ရရင်တောင် တစ်ပါတီတည်း အစိုးရဖွဲ့လို့ မရနိုင်အောင် လုပ်တာ။ အခုအာဏာရပါတီက ၂၀၁၅ မှာ သူတို့အင်နဲ့အားနဲ့ မနိုင်တောင် ဒုတိယအင်အားကြီးအဖြစ်နဲ့ နေချင်တဲ့ပုံပဲ" ဟု ချင်းတိုးတက်ရေးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်က ပြောသည်။

သို့သော် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန် တညီတညွတ်တည်း ထောက်ခံခဲ့ကြသော်လည်း ၂၀၁၅ ရွေးကောက်ပွဲတွင် အင်န်အယ်လ်ဒီပါတီ အနိုင်မရရှိစေရန် ရည်ရွယ်လုပ်ဆောင်ခြင်း မဟုတ်ကြောင်း 7Day News Journal မှ မေးမြန်းခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်များက အခိုင်အမာ ကာကွယ်ပြောဆိုကြသည်။

"တစ်ဦးချင်းအနေနဲ့ ပြောမယ်ဆိုရင် ပီအာရ်မှာ ကောင်းကွက်တွေလည်း ရှိတယ်။ ဆိုးကွက်တွေလည်း ရှိတယ်။ ပြည်သူတွေ နားမလည်မှာလည်း စိုးရတယ်။ ဒါပေမဲ့ ဒါကို သုံးလို့ တိုင်းပြည်အတွက် အကျိုးရှိရင်တော့ သုံးရမှာပေါ့" ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးစောလှထွန်းက ၎င်း၏အမြင်ကို ပြောသည်။

လက်ရှိ ရွေးကောက်ပွဲစနစ်နေရာတွင် ပီအာရ်စနစ်ကို ပြောင်းလဲကျင့်သုံးရန် ယခုလ ၁၁ ရက်တွင် အမျိုးသားလွှတ်တော်၌ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး မဲခွဲဆုံးဖြတ်ရာ၌ မြန်မာနိုင်ငံတွင် ကျင့်သုံးရန် သင့်လျော်မှု မရှိသေးသည့်အတွက် ဒီချုပ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများမှကိုယ်စားလှယ်များက ကန့်ကွက်ခဲ့ကြသည်။

သို့သော် အမျိုးသားလွှတ်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ အင်နှင့်အားနှင့်တညီတညွတ်တည်းထောက်ခံခဲ့မှုကြောင့် ထောက်ခံသူ ၁၁၇ ဦး၊ ကန့်ကွက်သူ ၈၅ ဦးဖြင့် ပီအာရ်စနစ်ကိုအမျိုးသားလွှတ်တော်တွင် ကျင့်သုံးရန် အတည်ပြုခြင်းခံလိုက်ရသည်။

"အင်န်အယ်လ်ဒီကို မနိုင်အောင် ညစ်တာလားဆိုရင် အနှစ်သာရကတော့ ဒီအတိုင်းပဲရှိတယ်။ ၉၀ တုန်းက အင်န်အယ်လ်ဒီ နိုင်တယ်။ ဘာသံမှ မကြားရဘူး။ ၂၀၁၀ မှာ ကြံ့ခိုင်ရေးနိုင်တယ်။ ဘာမှမကြားရသေးဘူး။ ၂၀၁၂ မှာ အင်န်အယ်လ်ဒီနိုင်ပြီးမှ ဒီစနစ်ကို ဘာကြောင့်ပြောင်းတာလဲဆိုတာ ကြည့်ရင် သိနိုင်ပါတယ်" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်က ပြောသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ တစ်ခဲနက် ထောက်ခံမှုကြောင့် အတည်ဖြစ်သွားသည့် ပီအာရ်စနစ်ကို အကောင်အထည်ဖော်နိုင်ရန် အဖွဲ့ဝင် ၄၀ ဦးဖြင့် ဖွဲ့စည်းထားသော ကော်မရှင်မှလည်း အင်န်အယ်လ်ဒီ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နုတ်ထွက်ခဲ့မှုများကို ရက်ပိုင်းအတွင်းက ပြုလုပ်ခဲ့ကြသည်။

ယင်းကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး ပီအာရ်၏ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ကာ နိုင်ငံနှင့် သင့်လျော်မှုရှိသည့် ပီအာရ်စနစ်တစ်ရပ်အတွက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြရမည်ဖြစ်သည်။

ရွေးကောက်ပွဲစနစ် ပြောင်းလဲခြင်းနှင့်ပတ်သက်ပြီး ၂၀၁၃ အတွင်း၌သာ စနစ်ပြောင်းလဲခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၂၀၁၃ နှစ်ကုန်မှ ရွေးကောက်ပွဲစနစ် ပြောင်းရန် တိုက်တွန်းလာပါက လာမည့် အထွေထွေရွေးကောက်ပွဲကြီး နီးကပ်လာသည့်အတွက် ဆောင်ရွက်ပေးနိုင်မည် မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားထားသည်။

ပီအာရ်စနစ်သည် မဲပေးရသည့် ပုံစံရှုပ်ထွေးသည့်အတွက် မဲဆန္ဒရှင် ပညာပေးရေးလုပ်ငန်းများကို ၂ နှစ်နီးပါးအချိန်ယူဆောင်ရွက်ရန်လိုအပ်ပြီး မဲပေးသည့်ပုံစံကို တိုင်းရင်းသားပြည်သူများ အလွယ်တကူ သဘောပေါက်နားလည်ခြင်းသည် ရွေးကောက်ပွဲတစ်ခုအတွက် အလွန်ပင်အရေးကြီးသည်ကို သတိပြုသင့်သည်ဟု ရွေးကောက်ပွဲဆိုင်ရာ သုတေသနများ ပြုလုပ်ခဲ့ဖူးသူ မြန်မာငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာနမှ အကြံပေးအရာရှိ ဒေါက်တာမင်းဇော်ဦးက ဆိုသည်။

သို့သော် တိုင်းပြည်အတွက် အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုနိုင်ရေးအတွက် တစ်နိုင်ငံလုံးနီးပါး ကြုံတွေ့ခဲ့ရသည့် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး ရက်ပိုင်းအတွင်းမှာပင် လူထုဆန္ဒသဘောထားခံယူမှုများကို ပြုလုပ်ခဲ့သည့် သာဓကများရှိနေသည့်အတွက် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်းသည်လည်း ၂၀၁၅ အမီ လုပ်ဆောင်နိုင်ကြောင်း နိုင်ငံရေးသမားအချို့က သုံးသပ်ကြသည်။

"လူတစ်ဦးတစ်ယောက်၊ ပါတီတစ်ခုအတွက်နဲ့တော့ နိုင်ငံရေး ရွေးကောက်ပွဲစနစ်တစ်ခုကိုပြောင်းတာကတော့ မဖြစ်သင့်ဘူး" ဟု ပြည်သူ့လွှတ်တော် တရားဥပဒေနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဝင် ဥပဒေပညာရှင် ဦးသန်းမောင် (စစ်တွေ)က ပြောသည်။ ။

# Vision accomplished.

The New S-Class. Leaving you in control of your success.

When you are on the road to success, you need complete control of the road. The New Mercedes-Benz S-Class smoothens the bumps with it's proprietary MAGIC BODY CONTROL. A technology so advanced that it anticipates bumps and holes ahead of time, ensuring complete stability and perfect comfort.






www.mercedes-benz.com.mm
www.facebook.com/MercedesBenzMyanmar

Mercedes-Benz

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Showroom: 51 Pyay Road, Mayangone Township, Yangon. Opening hours : 9:00am - 9:00pm. Hotline: 01 666712, 09 5057045




# THE WORLD'S NUMBER ON
# LUXURY CAR BRAND HAS A

The All New BMW X5 xDrive with (3 years Warranty, 3 years Maintenance Service & 1 year Comprehensive Motor Insurance).

The wait is now over. Visit our dealership today to experience Sheer Driving Pleasure.

## PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW

Prestige Automobiles Co., Ltd : No. 42~47, Corner of Yangon-Pathein Road & YTU Street, Mya Sein Yaung Industrial Zone, Hlaing T




IE
ARRIVED.

V DEALER.

BMW Efficient Dynamics
Less emissions. More driving pleasure.

haryar Township, Yangon, Myanmar.

Contact : 09 8633 209, info@pac-bmw.com

# PYI HTUN AUNG TRADING CO.,LTD

## BRIDGESTONE တာယာမိုးရာသီအကြိုအထူးဈေးရောင်းပွဲတော်

Bridgestone Truck & Bus Tire တစ်လုံးဝယ်ယူပြီး . . .



ဆီဖြည့်ကဒ် နှင့် T-Shirt တစ်ထည် ထုတ်ယူပါ။



ပြည်ထွန်းအောင်ကုမ္ပဏီ၏ UNIVERSAL အရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ် ဆိုင်များတွင် ကုန်ကားနှင့် ဘက်(စ်)ကားတာယာများဝယ်ယူပြီး T-Shirt တစ်ထည်နှင့်ကျပ် (15000) တန် ဆီထည့်ခွင့်ကူပွန်များ ရယူပါ။

PROMOTION ကာလ (10.5.2014-30.6.2014) အထိ တာယာအလုံးရေ ကန့်သတ်ထားပါ၍ BRIDGESTONE ၏ မိတ်ဟောင်းမိတ်သစ်များကို အခွင့်အရေးကောင်းလက်မလွှတ်စေရန် သတင်းကောင်းပါးအပ်ပါသည်။

ဆီထည့်ခွင့်ကူပွန်အား ငွေသားဖြင့်လဲလှယ်ပေးမည်မဟုတ်ပါ။ PROMOTION ကာလအတွင်းအပြောင်းအလဲမှုတစ်စုံတစ်ရာဖြစ်ပါကပြည်ထွန်းအောင်ကုမ္ပဏီ၏ဆုံးဖြတ်ချက်သာအတည်ဖြစ်သည်။

အရောင်းကိုယ်စားလှယ်များဆက်သွယ်ရန် ဖုန်း ၀၉ ၄၂၁၁၀ ၃၀၈၈

**အရောင်းကိုယ်စားလှယ်ဆိုင်များ**

**ရွှေမြို့တော်တာယာဆိုင်** -၀၉ ၂၅၉၀၀၈၀၀၆၊ ၀၉ ၂၅၉၀၀၈၀၀၇၊ **ဘုရင့်နောင် တာယာဆိုင်** -၀၈၁-၂၁၂၁၂၄၂၊ **ပါလီတာယာရောင်းဝယ်ရေး** -၀၇၄-၂၂၁၁၀၊ ၀၇၄-၂၂၁၂၁၊ ဖက်စ်-၀၇၄-၂၁၉၅၅
**ဦးလှရွှေ(ကံတော်လေးတာယာဆိုင်)** -၀၉ ၅၃၁၂၄၈၀၊ ၀၆၉-၂၀၀၄၉၆၊ **ကွန်မျူတာ(တာယာဆိုင်)** -၀၁-၆၈၀၄၈၀၊ ၀၁-၅၂၈၅၅၂၊ ၀၉ ၄၂၀၂၁၈၇၅၀
**ငွေစင်(တာယာရောင်းဝယ်ရေး)** -၀၉ ၅၃၀၀၇၆၁၊ ၀၉ ၅၃၀၀၈၆၄၊ **မြနန်းဆီ(တာယာရောင်းဝယ်ရေး)** -၀၆၆-၂၂၆၇၆၊ ၀၉ ၄၀၂၆၁၁၃၀၄
**ကံတော်လေး(တာယာနှင့်အင်ဂျင်ဝိုင်)** -၀၆၉-၂၀၀၄၉၆၊ ၀၉ ၅၃၁၂၄၃၀ ၊ **မဟာမိတ်(ကားပစ္စည်းဆိုင်)** -၀၆၂-၂၂၇၃၀၊ ၀၆၂-၂၃၅၃၀
**အုန်းတီဝင်း** -၀၁-၆၈၃၁၄၄၊ ၀၁-၆၈၆၁၈၂၊ ၀၉ ၅၁၀၇၉၄၅ **ဇေဒီပါ(တာယာဆိုင်)** -၀၁-၆၈၂၆၅၄၊ ၀၁-၆၈၀၆၁၆၊ **အောင်(တောင်ကြီး)** -၀၁-၆၈၆၀၈၇၊ ၀၁-၆၈၂၉၅၀

**Promotion တွင်ပါဝင်သော Tire များ**



| SULP | G - 611 | M - 840 | R - 150 | L - 317 | G - 580 II | L - 301 |
|---|---|---|---|---|---|---|
| 8.25-20 / 9.00-20<br>10.00-20 / 11.00-20 | 11.00 R20<br>295/80 R22.5 | 10.00 R20 | 12 R22.5<br>295 / 80 R22.5 | 10.00 R20<br>11.00 R20 | 12.00 R20 | 10.00 R20<br>11.00 R20 |

**Universal တာယာအရောင်းဆိုင်များ**

UNIVERSAL (မြေနီကုန်း)၊ အမှတ် (260) ဗားဂရာလမ်း၊ မြေနီကုန်း စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-01 2304116

UNIVERSAL (အောင်မင်္ဂလာအဝေးပြေးဝန်း)၊ အခန်း (ယ-13)၊ ပခုက္ကူလမ်း၊ ယ-ဝန်းအသစ်၊ အောင်မင်္ဂလာအဝေးပြေး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-09 73143283

Universal (မြရတနာမြို့သစ်)၊ အမှတ်(1)၊ အမှတ် 3 လမ်းမကြီးနှင့် 12 လမ်းထောင့်၊ သယံဇာတကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-09 73142042

စာမျက်နှာ(၁၃) မှ

# အင်းစိန်ထောင် တော်လှန်ရေး

တန်းစီးတော့ ရှိတယ်။ဗျာရာလည်းရှိတယ်”ဟု မှူးယစ်ရမ်းကားမှုဖြင့် ထောင်ကျပြီး ဇွန်လ ၁၃ ရက် နံနက်က ပြန်လည်လွတ်မြောက်လာသည့် ကိုအေးမင်း(အမည်လွှဲ)ကပြောသည်။

ထောင်ဝင်စာလာတွေ့သူများ၏ အထုပ်ထဲမှ ရှာဖွေရေးအကြောင်းပြလုယက်ယူငင်မှုများကတော့ မရှိသလောက်ဖြစ်သော်လည်း မိမိ၏ အကျဉ်းသားနာမည်တပ်၍ အထုပ်ကို ကာယကံရှင်လက်ထဲအရောက်ပို့နိုင်လျှင် စိတ်အချရဆုံးဟု ဇွန်လ ၁၃ ရက်က ကိုအေးမင်းနှင့် အမှုတွဲဖြစ်ပြီး အတူလွတ်မြောက်လာသူ ကိုသက်ထွေး(အမည်လွှဲ)ကပြောသည်။

“အရင်လိုတော့ အထုပ်တွေဖြေပြီး လုယူတာ ဘာညာမရှိဘူး။ ဒါပေမဲ့ ဂိတ်ဝန်ထမ်းကို ပေးရင်တော့ဗျာ ကော်ဖီမစ်အထုပ်ကြီးသုံးထုပ်ဆိုရင် ကိုယ့်လူက တစ်ထုပ်တစ်ဝက်လောက်ပဲရမယ်။ ဒါတော့ သေချာတယ်။ ပိုက်ဆံဆိုလည်း တစ်သောင်းပေးရင် တစ်ဆယ်တိုးဖြတ်ယူတယ်။ ပိုက်ဆံကျတော့ အကျဉ်းသားကိုင်ခွင့်မရတော့ ဝန်ထမ်းကတစ်ဆင့်ပဲ သွင်းရတာလေ။ ပိုက်ဆံသွင်းရင်တော့ပေးရတယ်။ ထောင်ဝင်စာမလာတဲ့ အကျဉ်းသားကျတော့ မျက်နှာအရမ်းငယ်ရတာပေါ့ဗျာ’’ဟု ၎င်းကပြောသည်။

ထောင်ပိုင်ကြီးက ငွေပေး၍ မရဆိုသော်လည်း ထောင်၏အဆောင်တွင်း မဟုတ်ဘဲ ပြင်ပအလုပ်(ဘုတ်)များဖြစ်သည့် ထောင်တွင်း စိုက်ခင်း၊ ပျိုးခင်း၊ လက်ဖက်ရည်ဆိုင်၊ ရေသန့်စက်ရုံစသည့်အပြင်ဘုတ်များတွင် လွတ်လပ်စွာ နေထိုင်ခွင့်၊ သက်သောင့်သက်သာအလုပ်လုပ်ခွင့်ရရန် သူ့ဈေးနှင့်သူရှိသည်။ ယုတ်စွအဆုံး ထောင်တွင်း အဘိဓမ္မာသင်တန်းဆယ်ရက်စခန်းဝင်ချင်လျှင်ပင် သူ့လိုင်းနှင့် သူရှိသည်။

“အပြင်ဘုတ်လုပ်ချင်ရင် ထောင်တာဝန်ရှိသူကို အပ်ရတယ်။ အပ်ထည်ပေါ့။ တစ်သိန်းခွဲပေးရတယ်။ သက်ဆိုင်ရာအလုပ်ဘုတ်ကို ရောက်ရင် တာဝန်ခံကို ခုနစ်သောင်းထပ်ပေးရတယ်။ နှစ် သိန်းလောက်ရှိရင်ဖြစ်တယ်။ အပြင်ဘုတ်ကျတော့ ထောင်ဝင်စာလည်း အိမ်နဲ့ အေးအေးဆေးဆေးတွေ့လို့ရတာပေါ့’’ဟု ထောင်တွင်းအပြင်ဘုတ်ကျ အကျဉ်းသားတစ်ဦးကပြောသည်။ ထောင်တာဝန်ရှိသူ ဘယ်သူဆိုတာကိုတော့ ၎င်းကထုတ်ဖော်မပြောကြားလိုပေ။

ဧကပေါင်း ၁၅၂ ဧကကျယ်ဝန်းပြီး အကျဉ်းသား ၇၀၀၀ ရှိသော အင်းစိန်ထောင်တွင် ဝန်ထမ်းအင်အားမှာ ၅၆၈ ဦးသာရှိသည်။ ထောင်ဝန်ထမ်းနှင့် ထောင်သားအင်အားမမျှတမှုကြောင့် နေ့စဉ်ရှာဖွေရေးကတော့ မဖြစ်နေလုပ်ကို လုပ်ရမည်ဖြစ်ကြောင်း ဦးကျော်ဌေးကပြောသည်။ ရှာဖွေရေးအကြောင်းပြပြီး အကျဉ်းသားပစ္စည်းသိမ်းဆည်းယူငင်မှုများကို အကျဉ်းသားများက မကျေနပ်ကြပေ။ “ရှာဖွေရေးက ထောင်ရဲ့အသက်ပဲ။ ရှာဖွေရေးလုပ်မှ သူတို့ထွက်မပြေးမှာ။ ဝန်ထမ်းတွေကို အန္တရာယ်မပြုမှာပေါ့။ တချို့က အရှာမခံချင်ဘူး။ အတ္တကို ရှေ့တန်းတင်တယ်။ တချို့ဝန်ထမ်းတွေကျတော့လည်း ကြက်သားကြော်တွေ့ရင်တောင် ယူချင်တာ။ တဟဲ့ဟဲ့လုပ်ရတယ်။ မယူဘူး မပြောပါဘူး။ ဒါမျိုးရှိကြတယ်။ ခေါင်းဆောင်ညံ့ရင် ဖြစ်မှာပဲ။ ကျွန်တော်က ဒါမျိုးအဖြစ်မခံဘူး” ဟု ဦးကျော်ဌေးကပြောသည်။

ထောင်တွင်း ခုနစ်သိန်းပေးလျှင် ဟန်းဖုန်းတစ်လုံးရသည်ဆိုတာကိုတော့ ဦးကျော်ဌေးက ခါးခါးသီးသီးငြင်းဆန်သည်။ သန်းခေါင်စာရင်းမှာ ပါမှ ထောင်ဝင်စာပေးတွေ့သည့်စနစ်ကလည်း လိုအပ်နေဆဲဟုဆိုသည်။

ထောင်ထဲတွင် စာမေးပွဲအောင်သည့် ကျောင်းသားများရှိလာခြင်းကို ထောင်နှင့် ထောင်အာဏာပိုင်များ အားလုံးဂုဏ်ယူသော်လည်း ဒါတစ်ခုတည်းနှင့်တော့ ထောင်စနစ်ကို သာဓုမခေါ်နိုင်သေးကြောင်း နိုင်ငံရေးလှုပ်ရှားမှုကြောင့် အင်းစိန်ထောင်တွင် နှစ်ရှည်ကျခံခဲ့ဖူးသူ ရှေ့နေ ဦးရောဘတ်စန်းအောင်ကပြောသည်။ “ထောင်မှာစာမေးပွဲဖြေခွင့်ပေးတာ နိုင်ငံတကာအဆင့်မီတယ်။ တခြားနိုင်ငံတွေမှာ အသက်မွေးဝမ်းကျောင်းအတတ်ပညာပေါင်းစုံသင်ပေးတယ်။ အခု အင်းစိန်မှာက စားပင်သီးပင် စိုက်တာလောက်၊ ထမင်းဟင်းချက်ဒီလောက်ပဲရှိတယ်။ ပြီးတော့ ထောင်အဆောက်အအုံတွေက နှစ်တစ်ရာကျော်နေလို့ အကျဉ်းသားတွေအတွက် အန္တရာယ်ရှိတယ်”၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် အင်းစိန်ထောင်မှာ အကြီးဆုံးဖြစ်ပြီး နိုင်ငံတကာကြက်ခြေနီကော်မတီအဖွဲ့(ICRC)၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကိုယ်စားလှယ်၊ JICA စသည့် နိုင်ငံတကာအဖွဲ့အစည်းများလာတိုင်း စံပြနမူနာအဖြစ် စစ်ဆေးခွင့်ပေးသည့် ထောင်လည်းဖြစ်သည်။ အစိုးရသစ်လက်ထက်တွင် အင်းစိန်ထောင်ကြီးသို့ နိုင်ငံတကာအဖွဲ့များအားလုံးလာရောက်လေ့လာခွင့်ပေးထားသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်ကို အစိုးရသစ်လက်ထက်တွင် Correctional Department ဟု အမည်ပြောင်းလဲပြီး ဆိုးညစ်သော ထောင်သမိုင်းကို ပြောင်းလဲဖို့ကြိုးစားနေသည်။ ကိုလိုနီခေတ်က ပြဋ္ဌာန်းထားသော အကျဉ်းထောင်လက်စွဲဥပဒေတွင် ပြုပြင်ပြောင်းလဲရမည့် အချက်အချို့ရှိသလို အချက်အလက်တော်တော်များများမှာထောင်အာဏာပိုင်တို့၏ မေ့လျော့မှုများခံနေရသည်။ ထောင်ဥပဒေကို ပြောင်းဖို့ လွှတ်တော်က လုပ်ဆောင်နေသကဲ့သို့ထောင်သမိုင်းကိုပြောင်းဖို့ ထောင်အာဏာပိုင်တို့မှာ တာဝန်ရှိပါသည်။ သို့သော်အောက်ခြေက ပြုပြင်ပြောင်းလဲလိုမှုကို ဗဟိုအစိုးရအဆင့်ဆင့်ကလည်း လက်ခံနားလည်မြှင့်တင်ပေးရန်လိုအပ်သည်။ နေရာတိုင်းကြိုးနီစနစ်ဖြင့် ခွင့်ပြုချက်ရမှ လုပ်ရန် ကန့်သတ်ခံထားရခြင်းမှာ ပြုပြင်ပြောင်းလဲလိုသော ထောင်ဝန်ထမ်းများအတွက် အကန့်အသတ်တစ်ခုဖြစ်နေသည်။

ဆိုးညစ်သော အင်းစိန်ထောင်သမိုင်းကို သမိုင်းသစ်ရေးထိုးနိုင်မလား ဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ ။

စာမျက်နှာ(၂၀) မှ

# ဦးရဲထွန်းနှင့် တွေ့ဆုံခြင်း

မရှုပ်ထွေးနိုင်ပါဘူး။ ပိုပြီးစိတ်ဝင်စားဖို့ ကောင်းလာမှာပေါ့လေ။ လွှတ်တော်ထဲမှာ ပြည်ခိုင်ဖြိုးပါတီကလည်း အသင့်အတင့်၊ NLD ကအများအပြားနိုင်မယ်။ တိုင်းရင်းသားပါတီတွေက မျှတတဲ့အချိုးဆိုတော့ တိုင်းရင်းသားပါတီတွေရဲ့ မဲပေးမှု၊ မဲရဲ့ပါဝါနဲ့ တပ်မတော်သား ၂၅ ရာခိုင်နှုန်းမဲတွေက လွှတ်တော်ထဲမှာ ပိုအားကောင်းလာမယ့် သဘောရှိတာပေါ့။ သမ္မတရွေးဖို့ဆိုရင် အဲဒီထောက်ခံမှုရမှ NLD က ဦးဆောင်ပြီးတော့ သမ္မတတစ်ယောက်တင်မယ်ဆိုရင် သူတို့ကို တပ်မတော်သားတွေက ထောက်ခံမလား၊ တိုင်းရင်းသားအုပ်စုတွေက ထောက်ခံမလား ပိုပြီး အချက်အချာကျလာတယ်။ လွှတ်တော်ထဲမှာ အဆိုတွေ ဘာတွေတင်မယ်၊ ဆွေးနွေးကြမယ်ဆိုရင် အဆိုတွေနဲ့ ပတ်သက်လို့ ပြောနိုင်ဆိုနိုင်၊ ပြောတာဆိုတာတွေက အကျိုးအကြောင်းရှိရှိ ပြောနိုင်ဆိုနိုင်တဲ့ဟာတွေက ပိုပြီးတော့ စိတ်ဝင်စားဖို့ကောင်းလာလိမ့်မယ်။ အခုကတော့ ပါတီကြီးတစ်ခုကပဲ လွှမ်းမိုးထားတဲ့ အတွက်ကြောင့်မို့ အခုမြင်နေရတာက ပါတီဥက္ကဋ္ဌ တာဝန်ယူထားတဲ့ ပုဂ္ဂိုလ်၊ လွှတ်တော်ဥက္ကဋ္ဌတာဝန်ယူထားတဲ့ ပုဂ္ဂိုလ်က နည်းနည်းလေးယိမ်းပြလိုက်တာနဲ့ အဲဒီအချိုးရဲ့ရလဒ်က ဘာဖြစ်မလဲဆိုတာ ကျွန်တော်တို့က သိတယ်။ မဲပေးတာကိုတောင် စိတ်မဝင်စားကြဘူး။ တချို့အဆိုတွေကို သိပ်နားမထောင်ကြတော့ဘူး။ ရှေ့က ခေါင်းဆောင်မတ်တတ်လား၊ ထိုင်လားကြည့်တဲ့ သဘောဖြစ်တယ်။ အဆိုတွေ မဲခွဲတဲ့နေရာမှာလည်း လျှို့ဝှက်မဲပေးစနစ်နဲ့ မဲခွဲလည်း ဥပဒေကြမ်းကော်မတီက တင်တဲ့အပေါ် မျက်စိမှိတ်ပြီး ထောက်ခံလိုက်တာပဲ ဖြစ်နေတယ်။ အဲဒီတော့ လွှတ်တော်ကလည်း ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေတာပေါ့။ ကိုယ့်ဦးနှောက်ကို သုံးပြီး လွှတ်တော်ကိုယ်စားလှယ်က ဆုံးဖြတ်တာမျိုး အခုလို စနစ်မျိုးမှာ သိပ်မတွေ့ရဘူး။

**ဒီတစ်ပတ်ထဲမှာ ပြည်သူ့လွှတ်တော်မှာ PR စနစ်နဲ့ ပတ်သက်ပြီး ဆွေးနွေးမယ်လို့ကြားတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ အန်ကယ်အပါအဝင် တိုင်းရင်းသားပါတီက လွှတ်တော် အမတ်တွေက ဘယ်လိုဆုံးဖြတ်ကြမှာလဲ။**

တိုင်းရင်းသားပါတီတွေကတော့ ပြောထားပြီးပြီ။ လက်မခံဘူး NLD ကလည်း လက်မခံဘူး ပြောထားပြီးပြီ။

**ပြီးခဲ့တဲ့အမျိုးသားလွှတ်တော်မှာ PR စနစ်နဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာ အချို့သော ပြည်ခိုင်ဖြိုးပါတီက လွှတ်တော်အမတ်တွေက ကန့်ကွက်ချင်ပေမယ့် မဲပေးတဲ့စနစ်က လျှို့ဝှက်မဲပေးတဲ့စနစ်ကိုမကျင့်သုံးဘဲမတ်တတ်ရပ်တဲ့ စနစ်ကို ကျင့်သုံးတဲ့အတွက် ထောက်ခံလိုက်ရတယ်လို့ ပြောကြတာတွေရှိပါတယ်။ ဒါကြောင့်ပြည်သူ့လွှတ်တော်မှာ မဲခွဲတဲ့အခါမှာ ကောဘယ်လိုစနစ်နဲ့မဲခွဲစေချင်ပါလဲ။**

ဒီကိစ္စမဲခွဲတဲ့ နေရာမှာတော့ သိပ်မထူးဘူးလို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ခိုင်ဖြိုးပါတီက ဒီစနစ်ကို ကျင့်သုံးချင်နေတာကိုး။ ကျင့်သုံးချင်နေတဲ့ အခါကျတော့ ပြည်ခိုင်ဖြိုးပါတီ အမတ်အများစုက ထောက်ခံမှာဖြစ်တဲ့အတွက် ထိုင်ခိုင်းသည်ဖြစ်စေ၊ ထခိုင်းသည်ဖြစ်စေ၊ လျှို့ဝှက်မဲဖြစ်စေ၊ ပြည်ခိုင်ဖြိုးပါတီက အများစုဖြစ်နေတဲ့အတွက် နိုင်သွားမှာပါပဲ။ လျှို့ဝှက်မဲပေးစနစ်မှာ နှစ်မျိုးရှိတယ်။ တစ်မျိုးက မဲပေးတဲ့လူက ဘာကို မဲပေးလိုက်တယ်ဆိုတာ မသိအောင် မော်နီတာမှာ မပေါ်တဲ့စနစ်၊ နောက်တစ်နည်းက မော်နီတာကနေ ဘယ်သူဘာကို ပေးလိုက်တယ်ဆိုတာ ကြည့်လို့ရတဲ့စနစ်။ အဓိကကတော့ ဒီကိစ္စမဲခွဲတဲ့နေရာမှာ လွှတ်တော်ဥက္ကဋ္ဌ အနေနဲ့ ဘယ်စနစ်ကို ကျင့်သုံးမလဲဆိုတာကြေညာသင့်တယ်။

**တိုင်းရင်းသားပါတီက လွှတ်တော်အမတ်လည်းဖြစ်တော့ အန်ကယ်တစ်ဦးတည်း သဘောအရ ဆိုရင် ဒီ PR စနစ်ကို လက်ခံနိုင်လား။**

PR စနစ်က အခုအနေအထားအရ ကျွန်တော့်အနေနဲ့ မဖြစ်မနေ ကျင့်သုံးမယ်ဆိုရင် မျှတဆုံးနဲ့ ရှုပ်ထွေးမှု အနည်းဆုံး ဖြစ်ပြီးတော့ လွယ်လင့်တကူဖြစ်မယ့်နည်းကို စဉ်းစားနေတာပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သိပ်လုပ်ချင်နေပြီဆိုတဲ့ အခါကျတော့ ဒါက ဖြစ်လာနိုင်တယ်။ ကျွန်တော်တို့ကလည်း ဆိုးဆိုးရွားရွား ဖြစ်မသွားအောင် ဥပမာဆိုကြပါစို့။ မဲတွေကို ပါတီအလိုက်ခွဲတဲ့အခါမှာတစ်ပြည်လုံးခြုံပြီး ခွဲလိုက်ရင်တော့ ကျွန်တော်တို့ တိုင်းရင်းသားတွေက နစ်နာတယ်။ ပြည်နယ်လိုက် ခြုံပြီး တွက်ရင်တော့ နည်းနည်းသက်သာတယ်။ အဲဒီလို ကျွန်တော်တို့ နစ်နာတာ နည်းတဲ့စနစ် ဖြစ်လာဖို့ စဉ်းစားနေရတာပေါ့။ စဉ်းစားပြီးတော့ တတ်နိုင်သလောက် အကြံပြုရတာပေါ့။

**PR စနစ်ကို ဘယ်လိုနိုင်ငံမျိုးတွေမှာ ကျင့်သုံးတာတွေ့ရလဲ။**

PR စနစ်ကတော့ နာမည်ကြီးတာတော့ ဂျာမနီမှာလည်း ကျင့်သုံးတယ်။အိန္ဒိယမှာလည်းအထက်လွှတ်တော်မှာ ကျင့်သုံးတယ်။ထိုင်းမှာလည်း ကျင့်သုံးတယ်။ သူကတော့ နိုင်ငံ ရေးပေါ်လစီ တည်ငြိမ်အောင် တတ်နိုင်သမျှတည်ငြိမ်စေချင်တဲ့သဘောနဲ့ ကျင့်သုံးတာပေါ့။ဥပမာကျွန်တော်တို့ ဥပဒေပြုတဲ့အခါမှာ ပြည်ခိုင်ဖြိုးပါတီက လုပ်ချင်တယ်ဆိုရင် တခြားပါတီက ဘယ်လိုပဲလုပ်လုပ်၊ ကန့်ကွက်ပဲ ကန့်ကွက်၊ အကျိုးယုတ်နိုင်တယ်ပဲပြောပြော သူတို့အတွက် အကျိုးရှိမယ်ဆိုရင် အများစု မဲဆန္ဒနဲ့ ပြုလိုက်မှာပဲ။ အဲဒီတော့ နောက်တစ်ကြိမ် ရွေးကောက်ပွဲမှာ တခြားပါတီက နိုင်သွားရင် အဲဒီပါတီကြီးက အပြောင်းအလဲလုပ်ပြီး အဲဒီ ဥပဒေကို ဖျက်လိုက်ဖို့က မခဲယဉ်းဘူး။ အဲဒီတော့ အခု စနစ်နဲ့သွားရင် တိုင်းပြည်က မကြာခဏ ပေါ်လစီပြောင်း၊ ဒါမှမဟုတ် ဥပဒေတွေပြောင်းပြီးတော့ မတည်မငြိမ် ဖြစ်ဖို့ ပိုများတာပေါ့။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုရင်လည်း မကြာခဏ အပြောင်းအလဲတွေ ဖြစ်နိုင်တာပေါ့။

**အခု ပြည်ခိုင်ဖြိုးက အတည်ဖြစ်ဖို့ လုပ်နေတဲ့ PR စနစ်ကကော ဘယ်လိုစနစ်မျိုးလဲ။**

အသေးစိတ်တော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော် မေးမြန်းကြည့်သလောက်တော့ အသေးစိတ်ကြီး ဘယ်လိုလုပ်မယ်ဆိုတာကို မပြောသေးဘူး။ ဒီ PR စနစ်နဲ့ ကျင့်သုံးတဲ့ တိုင်းပြည်တွေမှာ နိုင်ငံရေး တည်ငြိမ်မှု ရှိတယ်။ ကိုယ်စားပြုမှု ပိုပြီး တရားမျှတတယ်။ အဲဒါကို ထောက်ပြပြီး ဒါလုပ်သင့်တယ်လို့ ပြောတာပဲ ရှိသေးတယ်။ အသေးစိတ် ဘယ်လိုပုံစံကျင့်သုံးမယ်ဆိုတာတော့ လက်ရှိ တိုင်းပြည်ရဲ့ ပုံစံနဲ့ သွားရမှာဆိုတော့ စနစ်တွေကလည်း အများကြီးရှိတယ်။

**ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် မကုန်ခင်တုန်းက ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြောထားတာရှိပါတယ်။ ၂၀၁၃ ခုနှစ် မကုန်ခင် PR စနစ် ကို ကျင့်သုံးမယ်၊ မကျင့်သုံးဘူး ဆိုတဲ့ အဖြေ သူ့ကိုပေးမှ ၂၀၁၅ မှာ လုပ်လို့ရမယ်လို့ ပြောထားတာ ရှိပါတယ်။ ဒါကို လွှတ်တော်ကအခုမှ ဆွေးနွေးတယ်ဆိုတော့ ၂၀၁၅ရွေးကောက်ပွဲမှာ PR စနစ် ကျင့်သုံးဖို့ ဖြစ်နိုင်ပါ့မလား။**

ခုနက ကျွန်တော်ပြောတဲ့ ပုံစံမျိုးသုံးရင်တော့ ဘာမှ ထူးထူးခြားခြား အလုပ်ရှုပ်စရာ အကြောင်းမရှိဘူး။ နဂို ၂၀၁၀ ရွေးကောက်ပွဲပုံစံလိုပဲ ရွေးကောက်ပွဲကို လုပ်မယ်။ စာရွက်စာတမ်းတွေ မဲပေးရမယ့်၊ ခြစ်ရမယ့် ကတ်ပြားတွေ အရင်အတိုင်းပဲ လုပ်ရမယ်။ ဒါပေမဲ့ ရွေးကောက်ပွဲမှာ မဲရေတွက်တဲ့စနစ်၊ ဘယ်ဆန္ဒနယ်မှာ အောင်သလဲဆိုတဲ့ မဲရေတွက်တဲ့စနစ်ကိုပြင်လိုက်တာနဲ့မဲရေတွက်တဲ့စနစ်မှာပဲ ပြဋ္ဌာန်းလိုက်ရင်ရတယ်။ အဲဒါက အလွယ်ဆုံးဖြစ်တဲ့ အပြင် နည်းနည်းပိုပြီး ဒီမိုကရေစီကျတယ်ထင်တယ်။ ပြည်သူလူထုက မဲလာပေးတဲ့လူရဲ့ ၅၀ ရာခိုင်နှုန်းကျော်က ထောက်ခံတယ်ဆိုရင်၊ လွှတ်တော်အမတ်ဖြစ်မယ်ဆိုရင် ဒါက ပိုပြီး မျှတတာပေါ့။ ဒါကတော့ အကြမ်းဖျင်း စဉ်းစားချက်ဖြစ်ပါတယ်။

**အန်ကယ့်အနေနဲ့ ဘာများ ဖြည့်စွက်ပြောကြားချင်ပါသေးလဲ။**

ကျွန်တော့်ဘက်ကတော့သိပ်ထွေထွေထူးထူး ပြောစရာ မရှိပါဘူး။ PR စနစ်ပဲဖြစ်ဖြစ်၊ ပေါင်းစပ် PR စနစ်ကိုပဲဖြစ်ဖြစ် ပြည်နယ်တွေမှာ မကျင့်သုံးသင့်ဘူး။ အခုစနစ်က လူနည်းစုတွေကို ပိုပါဝင်ခွင့်ရတယ်။ အခုစနစ်အတိုင်းဆိုပအိုဝ်းကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်လာတာ PR စနစ်ကို ပြည်နယ်တွေမှာ သွားသုံးရင် လူနည်းစုကိုယ်စားလှယ်တွေ လွှတ်တော်ထဲကို ရောက်လာမှာမဟုတ်ဘူး။ လူမျိုးစုံကို ကိုယ်စားပြုတဲ့ လွှတ်တော်အမတ်များ လွှတ်တော်ထဲ ရောက်ရှိရေးဆိုတဲ့ PR စနစ်ရဲ့ ရည်ရွယ်ချက်နဲ့ ဆန့်ကျင်ဘက်ဖြစ်သွားလိမ့်မယ်။ အဲဒီတော့ လက်ရှိ ကျင့်သုံးနေတဲ့ စနစ်မှာရော PR စနစ်မှာရော ချို့ယွင်းချက်၊ အားနည်းချက်တွေနဲ့ အားကောင်းချက်တွေ ရှိကြတော့ ဘယ်ဟာလုပ်သင့်တယ်ဆိုတာတော့ လွှတ်တော်က ဒီမိုကရေစီနည်းကျ ဆုံးဖြတ်တာကို နာခံပြီးတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားဖို့ပဲ ရှိပါတယ်။

# Novel

7 DAY NEWS JOURNAL
Vol.13, No.15 ▪ JUNE 18 , 2014

**စာမျက်နှာ(၂၄) မှ**

## မင်းဒင်ရဲ့ သက်ခိုင် (၂)

ကြုံကြုံဖန်ဖန် ကျွန်တော်ဟာ ဆင်ဦးစီးတောင်လုပ်ခဲ့ဖူးတယ်။ ဖူးခက်မှာ ဆင်ရုံတွေရှိတယ်ဆရာရဲ့။ တောလမ်းခရီးကိုဆင်တွေနဲ့သွားတာတို့၊ ဆင်လိမ္မာပြကွက်တို့ဆို အဖြူကောင်တွေ သိပ်သဘောကျကြတာ။ ဆင်ဦးစီးဆယ်ယောက်မှာ ကိုးယောက်က မွန်ဗမာတွေပဲဆရာ။ အံ့သြစရာကောင်းတာက ဖူးခက်ကဆင်တွေဟာ ဗမာဆင်ဦးစီးတွေနဲ့ ပိုပြီး အဆင်ပြေတယ်ထင်မိတယ်။ ကေန္တ အဲဒီဆင်တွေဟာ ဗမာပြည်ထဲကနေ ခိုးသွင်းလာတဲ့ဆင်တွေများဖြစ်နေမလားပဲ။ ဆင်ဦးစီးအလုပ်က ငွေရလွယ်တာတော့ မှန်ပါရဲ့။ အန္တရာယ်တော့ အရမ်းများတယ်”

“ဒါဆို မင်း ဒီထက်ပိုပြီး ဘဝစုံသွားအောင် ကျားရုံမှာ လုပ်ဖို့ ကျန်သေးတာပေါ့။ ဒီလောက် ဘဝစုံတာတောင် မင်းမှာ ဘာမှ စုမိဆောင်းမိတာ ရှိပုံမရပါလား မောင်မောင်ရာ”

“ကျွန်တော်ညံ့တယ်လို့ ပြောချင်လည်း ပြောပေတော့ ဆရာ။ တကယ်တော့ ဖူးလက်ဟာ သေချာတွေးကြည့်ရင် အန္တရာယ်တော ကြီးဆရာရဲ့”

“အမလေး ဘယ်လိုကြောင့် အန္တရာယ်တောကြီးလို့ ဆိုရသတုန်း။ ရှင်းပါဦးမောင်ရာ”

“ဖူးခက်မှာတော့ လျှင်သူစားစတမ်းလို့ ပြောရမယ်ဆရာ။ ဟိုတုန်းကဆို မွန်နဲ့ဗမာလည်း တကျက်ကျက်၊ ခဏခဏရန်ပွဲတွေ ဖြစ်တယ်။ ဖြစ်ရပုံက မွန်တွေက ဗမာစကားကို နားမလည်၊ ဗမာတွေက မွန်စကားမတတ်တော့ ဘာမှမဟုတ်တဲ့ ကိစ္စလေးတွေကနေ သတ်ပွဲဖြတ်ပွဲတွေအထိ ဖြစ်ကြတယ်။ အချင်းချင်းဖြစ်ကြလို့ သေပြီဆိုရင် ကော်ဆန်း (ဆောက်လုပ်ရေး) ဆိုက်တွေမှာသုံးတဲ့ မက်ခို (မြေတူးစက်) တွေနဲ့ မြေမြှုပ်ပစ်ကြတာ များပါတယ်။ မွန်နဲ့ဗမာ ရော်ဘာခြံတွေမှာ နေရာလုကြတယ်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ နေရာလုကြတာလည်း ရှိသေးတယ်။ တကယ့်လက်ရဲဇက်ရဲလုပ်ခဲ့ကြတာဆရာ။ ဘတ် (အလုပ်သမားကတ်) နဲ့ ပတ်စ်ပို့တွေ ထုတ်မပေးခင်ကဆို ရော်ဘာခြံတွေမှာ လုပ်တဲ့မွန်ဗမာတချို့လက်ထဲမှာ သေနတ်တွေ ဆောင်ထားကြတယ်။ ပစ္စတိုနဲ့ ကိုးလုံးကျည်သေနတ်တွေကို ခြံပိုင်ရှင် ထိုင်းသူဌေးတွေ ကိုယ်တိုင်ထုတ်ပေးထားကြတာ။ မဆောင်ထားလို့လည်း မရဘူး။ တစ်ခါတုန်းက ရော်ဘာခြံထဲက မွန်ဗမာမိသားစုတစ်စုလုံးကို ထိုင်းဓားပြတွေ ရက်ရက်စက်စက်လုပ်ခဲ့ဖူးတယ်။ သမီးကို မုဒိမ်းကျင့်၊ အဖေအမေနဲ့ အရွယ်မရောက်သေးတဲ့ ကလေးနှစ်ယောက်ကိုပါ သတ်ပစ်ခဲ့ကြတာဆရာ။ ဒီကြားထဲမှာ အဆိုးဆုံးက မွန်ဗမာတွေထဲမှာ ထိုင်းရဲနဲ့ပေါင်းပြီး မတော်မတရားလုပ်တတ်ကြတဲ့ လူတွေလည်း ရှိသေးတယ်။ ထိုင်းဂျပိုးဖြစ်နေတဲ့ မွန်ဗမာတွေပေါ့။ ထိုင်းစကားကို မွှတ်နေအောင် ပြောနိုင်ကြတော့ ဘယ်မွန်ဗမာမှာ ဘယ်လောက်ငွေစုမိနေပြီ။ ဘယ်လိုအကွက်ကောင်းဆိုက်နေပြီဆိုတာမျိုးတွေကို ထိုင်းရဲနဲ့ပင်း၊ သတင်းပေးပြီး ဝေစားမျှစားလုပ်ကြတာပေါ့။ ဒါပေမဲ့ အဲဒီလို သူလျှိုလုပ်စားတဲ့ အသားထဲက လောက်တွေဟာ တာရှည်မခံကြပါဘူး။ ထိုင်းရဲဆိုတဲ့ ကောင်တွေကလည်း ငွေရရင် ဘာမဆိုလုပ်တဲ့ကောင်တွေမို့ အဲဒီမွန်ဗမာသစ္စာဖောက်တွေနဲ့ တစ်ချိန်မဟုတ်တစ်ချိန် ပြဿနာတက်တာပါပဲ။ ဒီလူတွေကို မွန်ဗမာတွေကလည်း ဝေးဝေးက ရှောင်ကြတယ်။ အဲဒီလိုလုပ်စားတဲ့ ကောင်တွေထဲမှာ မော်လမြိုင်သား အရိုးဆိုတဲ့ကောင်က နာမည်ကြီးပေါ့။ သူ့လက်ချက်နဲ့ မွန်ဗမာမလေးတွေ ဘဝပျက်ခဲ့ရတာ မနည်းဘူးဆရာ။ သူက ထိုင်းရဲတွေနဲ့ပေါင်းပြီး လူပွဲစားလည်း လုပ်တာဆိုတော့ ထိုင်းဘက်ကို မအူမလည်နဲ့ အောက်လမ်းကနေ ရောက်လာကြတဲ့ မွန်ဗမာမလေးတွေ ရေတိမ်နစ်ခဲ့ကြတာပေါ့။ သတ်ပွဲဖြတ်ပွဲတွေကလည်း အများကြီးပါပဲ။ ဝထစ်နားမှာ အညာသားတွေ အရက်မူးပြီး ဓားထိုးမှုဖြစ်လို့ နေရာမှာတင် ပွဲချင်းပြီးသေတာ။ ထိုင်းနန်းကွက်သစ်ထဲမှာ ခြင်းလုံးခတ်နေရင်း စကားများရာက လုံနဲ့ထိုးလို့ သေသွားတဲ့ မော်လမြိုင်ကျောက်တန်းက ဇော်ကြီးတို့ကိစ္စတွေဖြစ်တော့ ဆရာဖူးခက်ကို ရောက်နေပြီမဟုတ်လား။ သူတို့ဗမာပြည်ထဲကိုအေးအေးဆေးဆေးဝင်သွားကြတာပါပဲ။ ဘယ်ထိုင်းရဲမှ အလုပ်ရှုပ်ခံပြီးလိုက်မဖမ်းပါဘူး။ လျှော့တော့မတွက်နဲ့ဆရာ။ မွန်ဗမာတွေထဲကလည်းထိုင်းရဲကိုအပြတ်ရှင်းခဲ့ဖူးသူရှိတယ်။ ရှားတော့ ရှားပါတယ်”

ကိုသက်ခိုင် မည်သို့ခံစားရလေသည်မသိ။ ဘေးမှငြိမ်သက်စွာ နားထောင်နေမိသော ကျွန်တော့်မှာ စိတ်ပျက်လက်ပျက်ဖြစ်လာသည်။ ချွတ်ခြုံကျနေသော တိုင်းပြည်တစ်ခု၏ လူမသိ သူမသိ နောက်ဆက်တွဲ ပြဿနာကိစ္စရပ်များကား မြားမြောင်လှသည်။ ထိုစဉ်အချိန်က ဖူးခက်ရောက် မွန်ဗမာတို့မှာ တရားဥပဒေ၏ ပြင်ပတွင် တစ်သီးတစ်ခြား ကင်းလွတ်နေသူများဟု ဆိုနိုင်မည်ထင်သည်။ ဖူးခက်တွင်နေထိုင်စဉ် ကာလများအတွင်း ကျွန်တော်သတိထားမိသော မွန်ဗမာများ၏ ထူးဆန်းသော စရိုက်တစ်ခု ရှိသေးသည်။ ဖူးခက်တွင် အနေကြာသော မွန်ဗမာတစ်ဦးဦးကို တွေ့မိသည်ဆိုပါစို့။ အလုပ်အကိုင်အကြောင်းနှင့်စပ်လျဉ်း၍ အခြေအနေကို မေးမြန်းကြည့်မိသည့်အခါတိုင်းတွင် တူညီနေသော အဖြေမှာ သူတို့ “ဘာမှ ပင်ပင်ပန်းပန်း မလုပ်ရ။ ငွေတွေအများကြီးရသည်။ ထိုင်းသူဌေးက အရမ်းသဘောကောင်းသည်။ ထိုင်းသူဌေးကို သူတို့ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်နိုင်သည်။ ထိုင်းသူဌေးသည် ဘာမှမတတ်” ဟူ၏။ ကျွန်မက တစ်နေကုန်တံမြက်စည်းလေးလေး၊ ငါးချက်လှည်းပြီးရင် အလုပ်ပြီးပြီ။ နေ့တွက်ခက ဘတ်လေးရာပဲ။ ကျွန်တော်က သူဌေးခိုင်းတာလေး ဟိုလုပ်ဒီလုပ်ပါပဲ။ နေ့တွက်ဘတ်ငါးရာ။ ဘာမှလုပ်စရာ မလိုဘူး ဟူ၍သာ ဖြေဆိုတတ်ကြသည်။

စင်စစ်၎င်းတို့အဖြေမှာ လက်တွေ့ဘဝနှင့် များစွာခြားနားကြောင်း ကျွန်တော်ကောင်းကောင်းကြီးသိသည်။ ဗစ်စီ (Big C) ၊တက်စကို လိုအပ် (Testco Lotus) နှင့် စင်ထရယ် (Central Festival) ကုန်တိုက်တို့၏ သန့်စင်ခန်း (အိမ်သာ)တို့တွင် တာဝန်ကျနေသူများမှာ မွန်ဗမာများသာ ဖြစ်ကြ၏။ နေ့စဉ်လာသမျှသော သောင်းဂဏန်းချီသည့် ဈေးဝယ်တို့၏ ခြေရာမျှပင်မထင်အောင် လက်တွန်းကြမ်းသုတ်ကိရိယာတို့ဖြင့် ကြမ်းပြင်ကို တစ်နေကုန်တိုက်နေသူတို့သည် အဘယ်မှာလျှင် သက်သာသည် ဆိုနိုင်ပါအံ့နည်း။ အလုပ်ဟူသမျှ ဂုဏ်ရှိစွဟူသော ဆောင်ပုဒ်ကို ကျွန်တော်မငြင်းပါ။ သို့သော် ထိုအလုပ်တို့ကို ထိုင်းလူမျိုးအများစု မလုပ်လိုကြသည်မှာ သေချာသော အချက်ဖြစ်၏။ ထို့ပြင် ဖူးခက်တစ်မြို့လုံးအနှံ့ မှိုလိပေါက်နေသော စားသောက်ဆိုင်ကြီးငယ်အသွယ်သွယ်တို့တွင် တစ်နေ့ ဆယ့်နှစ်နာရီမျှ ပန်းကန်ဆေး၊ စားပွဲထိုး လုပ်နေကြသူများ၊ မက်ခရို (Markro) လက်ကားကုန်တိုက်ကြီးတွင် လာလာသမျှသော ဈေးဝယ်တို့၏ ဝယ်ခြမ်းလာသမျှ ပစ္စည်းကြီးငယ်ကို ဝယ်သူ၏ ကားပေါ်သို့ တင်ခြင်း၊ ဈေးခြင်းထော်လီများကို လိုက်လံသိမ်းဆည်းခြင်းတို့ကို တစ်နေကုန် ချွေးသံတရွှဲရွှဲ မနားတမ်းလုပ်နေရသည်မှာလည်းကျွန်တော့်မျက်မြင်ပင် ဖြစ်၏။ ပန်းရန်လုပ်ငန်းခွင်များတွင်ကား အဆိုးဆုံး။ ထိုင်းသူဌေးဖွင့်ထားသည့် လက်ဆောင်ပစ္စည်းဆိုင်များတွင် အကူဈေးရောင်းအဖြစ် လုပ်ကိုင်နေသူများပင် ခါးချည့်နေအောင် တစ်နေကုန်ထိုင်ကြရသည်ဖြစ်၍မ သက်သာလှ။

သူတို့လုပ်ကိုင်နေသော အလုပ်အကိုင်နှင့်ပတ်သက်၍ အခြေအနေမှန်ကို ဖုံးကွယ်ကာ သာသာထိုးထိုး ပြောကြသည်လည်း ရှိသေးသည်။ အဆောက်အအုံများတွင် လျှပ်စစ်သွယ်တန်းခြင်း လုပ်ငန်းတွင် တောက်တိုမည်ရ လုပ်နေရသူများက လျှပ်စစ်အင်ဂျင်နီယာဟု ဖြေမည်။ ပင်လယ်ထဲရှိ ကျွန်းများဆီသို့ နိုင်ငံတကာခရီးသွားများကို ပို့ဆောင်ပေးသည့် စပိဘုတ်ပေါ်တွင် အောက်ခြေသိမ်းအလုပ်လုပ်ရသူက သင်္ဘောဆလင်ပေါ့ဗျာဟု ဖြေသည်။

လွန်ခဲ့သော ရက်ပိုင်းက ကျွန်တော့်ဆိုင်ရှေ့တွင် ဥပမိရုပ်ခပ်ညံ့ညံ့၊ စုတ်တီးစုတ်ချာ ထိုင်းတစ်ယောက် ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသဖြင့် ဆိုင်တွင်းမှာ ဗီဒီယိုကူးခွေရွေးနေသော မွန်ဗမာအလုပ်သမားအား “ဒီလူ မင်းနဲ့ပါလာတာလား။ သူက ဘယ်သူတုံး” ဟု ကျွန်တော်မေးသည့်အခါ“အဲဒါ ကျွန်တော်တို့ သူဌေးလေ”ဟု ဖြေသဖြင့် “နေပါဦး မင်းတို့သူဌေးမှာ အလုပ်သမား ဘယ်နှယောက်ရှိတုံး” ဟု ဆက်မေးမိသည့်အခါ “ကျွန်တော်ရယ်၊ ကျွန်တော့်ညီရယ်။ သူရယ် စုစုပေါင်း သုံးယောက်” ဟူ၏။ ထိုင်းလူမျိုးကန်ထရိုက်တို့ထံမှ လုပ်ငန်းပုတ်ပြတ်သဘော လုပ်ကိုင်နေသူတို့ကလည်း “ကျွန်တော်က အလုပ်သမားမဟုတ်ဘူး၊ သူဌေးဗျ။ ကျွန် တော့်မှာ အလုပ်သမား ငါးယောက်ရှိတယ်” ဟူ၏။ ကိုယ်တိုင်သဲတောင်းထမ်းနေရသော သဲထမ်းလုပ်သားခေါင်းဆောင်ကလည်း သူ့ကိုယ်သူ သူဌေးဟုပင် ဆိုသည်။ “ကျွန်တော့်သူဌေးက ဝက်သားကောက်ညှင်းထုပ်ရောင်းတာ။ ကျွန်တော့်သူဌေးက ကွတ်တီယိုဆိုင်ပိုင်ရှင်” ဆိုသူတို့လည်းမရှား။

ကျွန်တော်သူတို့နှင့်ဆက်ဆံရသည့်အခါတိုင်း စိတ်ထဲမှာ သနားသလိုလို၊ အချဉ်ပေါက်သလိုလို ခံစားရသည်။ စင်စစ်နုံချာလှသော သူတို့ဘဝကို စကားလုံးကြီးကြီးကျယ်ကျယ်တို့ဖြင့် တန်ဆာဆင်ကာ မဲတင်းနေရခြင်းသာ ဖြစ်နိုင်လေသည်။ သူတို့သည် တခြားကမ္ဘာတစ်ခုခုကို ရောက်နေသလိုဖြစ်ကာ တွေးတောပုံ၊ ယူဆပုံ ဘဝအမြင်တို့မှာ လူသာမန်တို့နှင့် မတူကြတော့။ ဖူးခက်ရောက် မွန်ဗမာတို့မှာ ဗမာပြည်တွင်းမှာကဲ့သို့ နွေးထွေးသော ဆက်ဆံရေး နည်းပါးကုန်ကြသည်။ တစ်စတစ်စ ကွယ်ပျောက်နေခဲ့ပြီ။ ဦးသန်းရွှေ၊ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည်ပင်ဖူးခက်ရောက် မွန်ဗမာတို့၏စိတ်ဝယ်ပုံပြင်ထဲက ဇာတ်ကောင်များသဖွယ်သာဖြစ်နေလေသည်။ သူတို့တွင် နိုင်ငံချစ်စိတ်၊ လူသားတစ်ဦး၏ဂုဏ်သိက္ခာနှင့် အခွင့်အရေးတစ်ရွေးသားမျှမရှိတော့ဘဲ ဖူးခက်အခန့်ရှည်တည်တံ့သရွေ့ လုပ်နိုင်ကိုင်နိုင် လှုပ်ရှားနေနိုင်သရွေ့ ပန်းတိုင်မရှိသောခရီးရှည်ကြီးကိုလျှောက်လှမ်းနေကြမည့်သူများပေတကား။

“ကိုသက်ခိုင်ရာ ဘယ်တော့များမှ ကျွန်တော်တို့တစ်တွေ ဗမာပါလို့ ရဲရဲဝံ့ဝံ့ ပြောနိုင်ကြပါမတုံးဗျာ”

ကျွန်တော့်အတွေးရှည်ကြီးကို ကိုသက်ခိုင်အား အတိုချုပ်ပြန်ပြောရင်း ကျွန်တော်ညည်းတွားမိသည့်အခါ ကိုသက်ခိုင်က ကျွန်တော့်စာကြည့်စားပွဲပေါ်ရှိ လီယိုတော်လ်စတွိုင်း၏ စစ်နှင့်ငြိမ်းချမ်းရေး ပထမတွဲစာအုပ်ထူကြီးကို တစ်ရွက်ချင်းလှန်နေရင်း လေးလေးနက်နက်တုံ့ပြန်သည်။

“အဆိုးဘက်ကချည်းလည်း သိပ်မတွေးပါလေနဲ့ ကိုမင်းဒင်။ ဒီနေ့ တိုးတက်လှပါချည်ရဲ့ တိုင်းကြီးပြည်ကြီးတွေလည်း ခေတ်ဆိုးခေတ်ကျပ်တွေကို ဖြတ်ကျော်ခဲ့ရတာပါပဲ။ တကယ်တော့ ခါးသီးဆိုးရွားလှတဲ့ အတွေ့အကြုံတွေဟာ တန်ဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာတွေကို ပေးတတ်ပါတယ်။ ဗမာလူထုဟာ တုံးလွန်း ညံ့လွန်းတယ်လို့လည်း ခင်ဗျား မယူဆပါနဲ့။ ရိုးသားတဲ့ပြည်သူလူထုကို အမှန်တရားဘက်ရောက်အောင် ဆွဲခေါ်တဲ့အခါ လွယ်ကူတတ်ပါတယ်။ ကျွန်တော်တို့ ခင်ဗျားတို့ အထူးသတိထားရမယ့် လူတန်းစားက ခေတ်အဆက်ဆက်မတော်မတရားတဲ့ နည်းလမ်းမျိုးစုံနဲ့ ကိုယ်ကျိုးရှာ၊ တိုင်းပြည်ကို သူတစ်ပါးလက် ဝကွက်အပ်ပြီး အခုအချိန်အထိ အမြင်မှန်မရနိုင်သေးတဲ့ ဗမာ့စစ်ဗိုလ်ချုပ်တွေ၊ သူတို့နဲ့ ပတ်သက်ဆက်နွှယ်ပြီး ကြီးပွားချမ်းသာနေကြတဲ့ လူတွေဗျ။ အဆိုးဆုံးကတော့ အခုထက်ထိ သူတို့လုပ်တာ မှန်ပါတယ်ဆိုပြီး ဖင်ပိတ်ငြင်း၊ လူအများကောင်းစားရေးစနစ်ဆီ သွားရာလမ်းမှာ ခလုတ်ကန်သင်းအဖြစ် ရှိနေသေးတဲ့ လူစားတွေပါပဲ”

ကိုသက်ခိုင်၏ စကားအဆုံးတွင် အလီမောင်မောင့်မျက်နှာကို ကျွန်တော်လှမ်း၍ အကဲခတ်လိုက်ရာ သူသည်ခေါင်းကို ခပ်လေးလေးညိတ်ရင်း ကိုသက်ခိုင်ကိုငေးကြည့်နေလေသည်။ ထိုစဉ်တောင် အရပ်ဆီမှ တိုက်ခတ်လာသော လေပြင်းသယ်ဆောင်လာသည့်မိုးပေါက်ခပ်ကျဲကျဲကြောင့်အိမ်ခေါင်မိုးသည် တဖြောင်းဖြောင်းမြည်နေလေသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## JOKE

### ဘောလုံးပရိသတ်

ဘောလုံးပရိသတ်သုံးဦး ၎င်းတို့၏ မြို့ခံအသင်းအခြေအနေ မကောင်းဖြစ်နေပုံကို ညည်းတွားနေကြသည်။

ပထမပရိသတ်တစ်ဦးက “ငါကတော့ မန်နေဂျာကို အပြစ်တင်တယ်ကွာ။ သူသာဘောလုံးသမားကောင်းတွေ ခေါ်ယူနိုင်ခဲ့ရင် ငါတို့အသင်း ရှယ်ဖြစ်နေပြီ”ဟုဆိုသည်။

ဒုတိယပရိသတ်က “ငါကတော့ ကစားသမားတွေကို အပြစ်တင်ချင်တယ်။ သူတို့ကောင်းကောင်းမကစားလို့ ငါတို့အသင်းဂိုးမရတာ”ဟုဆိုသည်။ တတိယပရိသတ်တစ်ဦးကမူ “ငါကတော့ ငါ့မိဘတွေကို အပြစ်တယ်။ သူတို့က ငါ့ကို တခြားမြို့တစ်မြို့မှာ မွေးခဲ့ရင် ဒီထက်ကောင်းတဲ့ အသင်းကို အားပေးရမှာပဲ”ဟုပြောလိုက်သည်။

### သက်သေပြရမည်

ကမ္ဘာ့ဖလားပွဲမတိုင်မီ ဘောလုံးပရိသတ်တစ်ဦးက ဒေသခံသတင်းစာတွင် အောက်ပါကြော်ငြာကိုထည့်သွင်းလိုက်သည်။ “ကမ္ဘာ့ဖလားလက်မှတ်များ လက်ဝယ်ရှိသော မည်သည့် အမျိုးသမီးကိုမဆို လက်ထပ်ယူမည်ဖြစ်ကြောင်း ဤမြို့မှာပင် နေထိုင်သော အမျိုးသားက ကမ်းလှမ်းလိုက်သည်။ စိတ်ဝင်စားသူများ အနေဖြင့် ကမ္ဘာ့ဖလားလက်မှတ်များကို ဓာတ်ပုံရိုက်၍ ပို့ပေးရမည်”ဟူ၍။



HIGH TECH
CONCRETE CO., LTD.
BUILD WITH HTC
Your Trustable Partner in Myanmar
HOLLOW BLOCK
3 HOLLOW
GRASS PAVER
I SHAPE PAVER
S PAVER
RECTANGLE PAVER
MULTI SHAPE PAVER
SQUARE PAVER
OCTAGON PAVER
PENTAGON PAVER
MADE WITH GERMAN MACHINE
SALE CENTRE
01 553344, 551100, 547033
FACTORY
09 732 45217, 09 732 45218
Email : info@hightechconcrete.com, Website : www.hightechconcrete.com




Curved UHDTV
၂၀၁၄ခုနှစ် ဇွန်လ (၇) ရက်မှ
ဇူလိုင်လ (၁၃) ရက်အထိ
Samsung TV
MATCH
OF THE YEAR
ရင်ခုန်ဖွယ် ကံထူးရှင်ရွေးချယ်ပွဲနှင့်
ပျော်ရွှင်ဖွယ် အထူးလက်ဆောင်များက
SAMSUNG TV နှင့်အတူ သင့်ကို စောင့်ကြိုနေပါပြီ
SAMSUNG တီဗီတစ်လုံး ဝယ်ယူပြီး ကူပွန်တစ်စောင် ရယူကံစမ်းလိုက်ပါ။
ကံထူးရှင်များကို ဩဂုတ်လ(၁၀)ရက်နေ့ထုတ် 7 Day Daily သတင်းစာတွင်
ထည့်သွင်းကြေညာပေးသွားပါမည်။
ကံစမ်းမဲအစီအစဉ်၏ စည်းကမ်းသတ်မှတ်ချက်များကို ကံစမ်းမဲကူပွန်၏ နောက်ဘက်တွင် အသေးစိတ်ဖော်ပြထားပါသည်။
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shop များနှင့် ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ကံစမ်းမဲအစီအစဉ်နှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို Samsung Customer Contact Centre 01-2399 888 သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။
SAMSUNG
1st PRIZE (၁ဆု)
- Curved TV 65"
- Home Theatre
- Galaxy S5
- Home Sync
2nd PRIZE (၁ဆု)
Samsung Smart TV 65"
3rd PRIZE (၁ဆု)
Samsung Smart TV 55"
နှစ်သိမ့်ဆုများ (တစ်မျိုးလျှင် ၅ဆု)
Galaxy Note3
Galaxy Tab4 10.1
LED TV 40"
၃၂လက်မနှင့်အထက် H Series တီဗီ
ဝယ်ယူတိုင်း ထီးတစ်ချောင်း လက်ဆောင်
တီဗီအမျိုးအစားဝယ်ယူမှုအလိုက် အထူးမေတ္တာလက်ဆောင်များ
BUY | BUNDLE GIFT
65" HU9000 | Home Theatre HT-H5550WK/XT
55" HU9000 | Bluray Player BD-F7500/XT
65" H8000 | 32" LED TV H5100
55"/48" H8000 | Home Theatre HT-H4530HK/XT
48"/32" H6400 | Bluray Player BD-F5100/XT
48"/40" H5500 | Bluray Player BD-F5100/XT
(လက်ဆောင်ပစ္စည်း အရေအတွက် ကန့်သတ်ထားပါသည်)


ရွှေဖူရီ
ရွှေဖူရီထီးများသည် အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းချိုသာပါသည်။ ခိုင်ခန့်လှပ ထပ်ရပ်သော ရွှေဖူရီထီးများကို သုံးစွဲပါ။
ထီးအော်ဒါအမျိုးမျိုးကို အချိန်တိကျ မှန်ကန်စွာ စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေပါသည်။
ရွှေဖူရီထီးအမျိုးမျိုးတွင် လူကြီးမင်းတို့၏ ထုတ်ကုန်အမှတ်တံဆိပ် (Logo) များကို ဒီဇိုင်းစုံပြီး အရောင်အမျိုးအစားစုံလင်စွာ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါပြီ။
ဝေါက်ရိုက် ထီးအမျိုးမျိုးနှင့် ရတနာသံယာထီးများ လက်လီ/လက်ကားရရှိပါသည်။
ရွှေဖူရီထီးစက်ရုံ အမှတ် ၅၅၊ ၅၆၊ ၅၇ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၈၅၇၉၄၊ ၀၁-၆၈၇၈၆၄
ဝပ်ရင်းဖြန့်ချိရေးဆိုင် တိုက်(၁၈)၊ အခန်း (၇)၊ စံပယ်လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၀၅၀၀၈၊ ၀၉၈၆၄၀၁၈၃၊ ၀၉၅၀၀၇၄၅၃
ဖူရီရွှေဝင်းစင်တာ အမှတ်(၁၈၉/၁၉၅)၊ ပန်းဆိုးတန်းလမ်း(လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၃၈၁၁၃၀၊ ၀၁ - ၃၈၁၁၃၁
K&K စတိုး အမှတ်(၄၅/၉)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။ ဖုန်း ၀၈၁ - ၂၁၂၁၅၀၉
ဖူရီရွှေဝင်းစင်တာ ဝင်ရင်း အမှတ်(၄၉၂/၄၉၄)၊ လမ်း(၈၀) နှင့် လမ်း(၃၀) ထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၃၆၈၀၊ ၀၂ - ၇၇၇၈၀
ဖူရီရွှေဝင်းစင်တာ ဆိုင်ခွဲ (၁) အမှတ်(၀-၆/၃၀)၊ ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် နိုင်ငံခြားဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၈၁၉၁၅၊ ၀၉ - ၉၁၀၂၉၉၆၆
ဖူရီရွှေဝင်းစင်တာ ဆိုင်ခွဲ (၂) အကွက်(၈၅၄)၊ စစ်ကိုင်းလမ်းခွဲ၊ ဦးပွား၊ ပုံကျော်တံတားအရှေ့ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၆၇၄၃၊ ၀၂ - ၇၆၇၄၂
ဖူရီရွှေဝင်းစင်တာ ဆိုင်ခွဲ (၃) အမှတ်(၁၀/၁-၂)၊ ၇၈-လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၄၅၅၉၊ ၀၂ - ၆၈၇၂၇


Show Opens Today!
FOOD & HOTEL 2014
Myanmar
18-20 JUNE 2014
MYANMAR CONVENTION CENTRE (MCC), YANGON
Visit
Myanmar's largest international trade exhibition for food & drink, hotel, restaurant, bakery, foodservice.
Including:
250 Exhibitors
6 International Pavilions
1,000 Products
Industry Events
Visitor pre-registration at
www.foodandhotelmyanmar.com
Organisers:
Supported by:
ALLWORLD EXHIBITIONS
FoSTA
Information Hotline: Tel: +95-1 513 515 - 519, Email: marketing@informationmatrix.com, Contact: U Htet Wai Zaw